www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# လုံမ

## အချစ်သင့်သူ



BURMESE CLASSIC

www.burmeseclassic.com

အချစ်
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

ကွန်ပျူတာစာစီ - ခင်ပြုံးဝင်း(ဖုန်း-၀၉၉၄၉၈၃၇၇)

ထုတ်ဝေသူ - ဦးဖြိုးကျော်သူ (၀၀၇၇၇)
ရွှေပြည်သိမ်းစာပေ
အမှတ်-၂၂၁ (၄) လွှာ၊
ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

ဖြန့်ချေး - ၁၅၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

အချစ်သင့်သူ
လုံမ
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၃၀၈-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) အချစ်သင့်သူ


BURMESE CLASSIC

# လုံမ

# အချစ်သင့်သူ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ကြမ်းခင်းဈေး သိန်းတစ်သောင်း သတ်မှတ်လိုက်ပါတယ်"

"ဟာ"

"ဟင်"

"ဟယ်"

အာမေဋိတ်သံတွေ အသီးသီး ထွက်သွားကြ၏။ လေလံတင်ရောင်းချမည့် မြေနေရာအတွက် အစက သတ်မှတ်တာက ကြမ်းခင်းဈေး သိန်းရှစ်ထောင်။ ဒေါ်လာဈေး မတည်ငြိမ်မှုကြောင့် ဒီလို ဖြစ်သွားခြင်းလား။

တစ်ဦးတစ်ယောက် ရည်ရွယ်ပြီးသားမို့ ကြမ်းခင်းဈေးက စပြီးတင်လိုက်ခြင်းလား။ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေ အများကြီး





တက်ရောက်သော ဒီပွဲအတွင်းမှာ ရှေ့ဆုံးတန်းက ထိုင်နေသော ဦးမိုးကောင်းမှလွဲ၍ ကျန်သည့်လူတွေ တီးတိုးဝေဖန်မှုများဖြင့် မျက်စိမျက်နှာမကောင်း ဖြစ်သွားကြ၏။

"ထပ်တိုးပေးမယ့်သူ ရှိပါသလား"

"သိန်းတစ်သောင်းနှစ်ရာပါ"

"သိန်းတစ်သောင်းငါးရာ"

"သိန်းတစ်သောင်းတစ်ထောင်"

အခြားလူတွေ ပေးနိုင်သလောက် ထပ်တိုးကြည့်ကာ ထိုမြေကွက်ကို ရလိုရငြား အကဲစမ်းကာ ဈေးပေးနေကြပေမယ့် ဦးမိုးကောင်းက တည်ငြိမ်စွာနှင့် တုတ်တုတ်မျှ မလှုပ်သေးပေ။

ဦးမိုးကောင်းကို နောက်ခုံနှစ်တန်းကျော်လောက်မှာ ထိုင်နေသော ဦးဥက္ကာဇော်က အကဲခတ်ကာ ကြည့်ရင်း ဘာကြောင့်မလှုပ်သေးတာလဲဟု စိတ်ဝင်စားနေမိ၏။ ဒါပေမယ့် ဦးမိုးကောင်းရဲ့တည်ငြိမ်မှုဟာ ကြောက်စရာကောင်းမှန်းတော့ သိနေခဲ့သည်။

"စိန်ခေါ်မှုတွေတော့ ဖြစ်လာပါပြီနော်။ ထပ်တိုးပေးမယ့်သူ ရှိပါသေးလား။ ထပ်တိုးပေးမယ့်သူ ရှိပါသေးလား...မရှိရင်"

"သိန်းတစ်သောင်းနှစ်ထောင်"

"သိန်းတစ်သောင်းနှစ်ထောင့်ငါးရာ"

ဦးဥက္ကာဇော် အရဲစွန့်ကာ ကဒ်လေးကိုထောင်ကာ အော်လိုက်၏။ ခဏမျှ အခန်းထဲမှာ ငြိမ်ကျသွားသည်။ အလုံပိတ် အဲယားကွန်း အမှောင်ခန်းထဲမှာ အကာယ်ဒမီပေးပွဲကြီးတစ်ခုလို မီးဆလိုက်များက



www.burmeseclassic.com

www.burmeseclassic.com



လလံအောင်သွားမည့်သူကို အသည်းယားစဖွယ် ရှာဖွေနေ၏။

ဦးဥက္ကာဇော် ရင်တထိတ်ထိတ်ပါ။ တကယ်ဆို ဒီမြေနေရာ အနေအထားအရ ရှစ်ထပ်အမြင့်ထက် ဆောက်လုပ်၍မရ။ အကျယ် အဝန်းအရ ကားပါကင်ဈေးဝယ်စင်တာ အဆင်ပြေဖို့အတွက် အဆောက်အဦး ထပ်တိုးမြှင့်လို့ရလျှင်လည်း တော်သေး၏။

အားလုံးရဲ့ဆုံးဖြတ်ချက်အရ သိန်းတစ်သောင်းနှစ်ထောင်ထက် မတန်သောနေရာပါ။ ကိုယ်က ငါးရာတိုးပေးလိုက်သည်ဆိုတာက ဦးမိုးကောင်းကို အနိုင်ရချင်သည့်စိတ်ကြောင့်ပင်။

ဒီလို လေလံနှင့်ပြိုင်ဆိုင်ရသောပွဲဆိုလျှင် ဘယ်သောအခါမှ အနိုင်မရခဲ့ဖူးဘူး မဟုတ်လား။ ကိုယ့်ထက် ဂုဏ်ဒြပ်အသိုက်အဝန်း တောင်းသော ဦးမိုးကောင်းက အေးဆေးတည်ငြိမ်စွာနှင့် အမြဲတမ်း အောင်ပွဲခံသွားတတ်သည်။ ဒါကြောင့်လည်း ဆောက်လုပ်ရေးလုပ်ငန်း ရှင်လောကမှာ ဦးမိုးကောင်းကို ဘယ်သူမှ မယှဉ်ပြိုင်နိုင်ခဲ့ကြပါ။

ဦးမိုးကောင်းက အဆောက်အဦး ဒီဇိုင်းကအစ နိုင်ငံခြားပညာရှင် တွေချည်း သုံးထားသည့်အတွက် နာမည်ကောင်းနှင့် ထိပ်ဆုံးက ရပ်တည်နေနိုင်ခြင်း ဖြစ်သည်။

"သိန်းတစ်သောင်းခုနစ်ထောင်"

"ဟင်"

"ဟယ်"

"ဟာ"

အာမေဍိတ်သံများ ဆူညံပွက်လောရိုက်သွားကြ၏။ အားလုံးရဲ့





အကြည့်များနှင့် မီးဆလိုက်များက အသံရှင်ဆီ စုပြုံရောက်သွားကြ သည်။

"ဦးမိုးကောင်း"

ဦးဥက္ကာဇော်နှုတ်က အသံပင်ထွက်သွားမိ၏။ အတွေးများသွား တာကြောင့် ကြားထဲမှာ ဘယ်သူတွေက ဘယ်လောက်တိုးပေးသွားမှန်း ပင် မသိလိုက်ပါ။ သိန်းတစ်သောင်းခုနစ်ထောင်။ ဘယ်သူမှ မျှော်လင့် မထားသည့်၊ မပေးနိုင်သည့်ဈေးနှုန်း။ ဘယ်လိုအဆောက်အဦးမျိုး ဆောက်မှာမို့ ဦးမိုးကောင်း ဒီလောက်တောင် ပေးလိုက်တာလဲ။

အားလုံးက အံ့သြတကြီးဖြစ်နေသော်လည်း ဦးမိုးကောင်းက အေးဆေးတည်ငြိမ်စွာပြုံးလျက် သူဆောက်လုပ်မည့်အဆောက်အဦးပုံစံ ဒီဇိုင်းများ ရေးဆွဲထားသော စာရွက်စာတမ်းဖိုင်များကို တင်ပြလျက် ပေးသွင်းရမည့် ချလန်များကိုလည်း ပေးသွင်းနေသည်။

"ကဲ…ဦးမိုးကောင်းကို အားပေးလိုက်ပါဦး။ ထပ်တိုးပေးမယ့် သူလည်း မရှိတော့တဲ့အတွက် ဒီမြေကွက်ကို ဦးမိုးကောင်း ပိုင်ဆိုင် သွားပါပြီ၊ လုပ်ပိုင်ခွင့်အားလုံး ဦးမိုးကောင်း ရသွားပါပြီ၊ ဦးမိုးကောင်း ဒီထက်မကအောင် အောင်မြင်တိုးတက်ပါစေ"

"ဖြောင်း…ဖြောင်း…ဖြောင်း"

ဦးဥက္ကာဇော် လက်သီးကို တင်းတင်းကျစ်ကျစ် ဆုပ်ထားမိ သည့်အတွက် သူများတွေလို အားပေးဂုဏ်ပြုသည့် လက်ခုပ်သြဘာ မတီးလိုက်မိပေ။ ဒါပေမယ့် နှုတ်ခမ်းပေါ်မှာ ဟန်ဆောင်အပြုံးတင် လျက် ဦးမိုးကောင်းဆီသွားကာ လက်သီးဆုပ်ဖြေ၍ လက်ဆွဲနှုတ်ဆက်

www.burmeseclassic.com



လိုက်သည်။

"ဂုဏ်ယူပါတယ် ဦးမိုးကောင်း၊ အရမ်းကို ဂုဏ်ယူပါတယ်ဗျာ။ ဒီပွဲမှာလည်း ဦးမိုးကောင်းပဲ ရလိမ့်မယ်လို့ မျှော်လင့်ပြီးသားပါ။ ဒီလောက်ငွေအဓောက်ပေးပြီး ဝယ်နိုင်တယ်ဆိုတာလည်း ဦးမိုးကောင်းဆီမှာ ဘယ်လိုအိုင်ဒီယာအသစ်တွေရှိနေလို့ဆိုတာ ကျွန်တော် သိပါတယ်။ ဦးမိုးကောင်း ဦးနှောက်ကိုတော့ ကျွန်တော်တို့ ဘယ်လိုမှ လိုက်မမီပါဘူး"

"အဲဒီလိုမပြောပါနဲ့ဗျာ…ခင်ဗျားတို့လည်း အောင်မြင်နေပါတယ်။ ပင်လယ်သမုဒ္ဒရာရေဆိုတာ တစ်ယောက်တည်းသောက်လို့ ကုန်တာမျိုးမဟုတ်ပါဘူး။ အများသောက်လို့လည်း ခန်းခြောက်သွားမှာမဟုတ်တော့ ဆောက်လုပ်ရေးလောကကြီးကောင်းဖို့ အားလုံးကြိုးစားကြတာပေါ့ဗျာ"

ဦးမိုးကောင်းက ပညာရှိပီသစွာ အလိမ္မာသုံး၍ အားလုံးကို အမုန်းမဖက်အောင် စည်းရုံးနိုင်သည်။ ဦးဥက္ကာဇော်က မှာလိုစိတ်မရှိအောင် ဟန်ဆောင်လျက် မိတ်ဆွေကောင်း ပီသ,သလိုနှင့် ဦးမိုးကောင်းရဲ့လက်ကိုမလွှတ်ဘဲ ဆုပ်ကိုင်ထားပြီး-

"ဂုဏ်ပြုပွဲလေးတော့ လုပ်သင့်တာပေါ့ဗျာ…ခင်ဗျားဆီက ဒီနေ့စားရသောက်ရမှ ခင်ဗျားကို ဂုဏ်ပြုရာရောက်မှာပေါ့။ မဟုတ်ဘူးလား ဦးမိုးကောင်း"

"ဟိုတယ်တွေမှာ လိုက်ကျွေးခံရင် အပျင်းပြေရုံလောက်ရှိမှာ။ အိမ်မှာ ကျွန်တော့်ဇနီးကို အားလုံး စီစဉ်ခိုင်းလိုက်ပါ့မယ်။ ကျွန်တော့်





အိမ်မှာဆိုတော့ ပိုပြီး မကောင်းဘူးလား"

"ဟာ…ကောင်းတာပေါ့ဗျာ။ မသက်ထားနဲ့ရော သမီးနဲ့ရော မဆုံတာကြာနေပြီ။ လုပ်ငန်းကိစ္စတွေနဲ့ မအားလပ်တော့ လူမှုရေးကိစ္စတွေလည်း ပျက်ပါတယ်ဗျာ။ ဒီနေ့ပွဲအစီအစဉ် ကျွန်တော် ကြိုက်တယ်ဗျို့။ ကိုအေးသောင်းတို့ရော ကြိုက်ရဲ့လား"

"အိုကေပေါ့ဗျာ…လုပ်ငန်းတွေနဲ့ မွန်းကျပ်နေတဲ့အချိန်မှာ ဒီလိုအပေါင်းအသင်းတွေနဲ့ဆုံပြီး ပျော်ရမယ်ဆိုရင် အသက်တွေတောင် ပိုပြီးနုပျိုသွားမလားဘဲ…သိုင်းကျူး ကိုမိုးကောင်း"

"ကျွန်တော်တို့လည်း အိုကေဗျို့"

သုံးလေးယောက်က ဦးမိုးကောင်းနှင့်လိုက်ဖို့ ပြင်ဆင်ကြသည်။ ဦးမိုးကောင်းက သူ့မိန်းမဆီကို ဖုန်းကြိုဆက်နေ၏။ ဦးဥက္ကာဇော်ရဲ့ မျက်ဝန်းထဲမှာတော့ အဓိပ္ပာယ်တွေ အများကြီးပါဝင်နေသည်။

ဘာအတွက်လဲ၊ ဘာလုပ်ရမှာလဲ။ အစီအစဉ်တွေကို စဉ်းစားနေ၏။ ကိုယ့်အတွက် အဆင်ပြေဖို့ အပေးအယူတစ်ခုတော့ ရှိမှဖြစ်မည်။

ထိုအပေးအယူဟာ ဘာလဲဆိုလျှင်…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

"ချီးယားစ်ဗျာ ကိုမိုးကောင်း… ခင်ဗျား ဒီထက်မက လုပ်ငန်းတွေ တိုးတက်ကြီးပွားအောင်မြင်ပါစေ"

"ဦးမိုးကောင်း အဆင်ပြေပါစေ၊ ဒီမိသားစုနဲ့ တစ်သက်လုံးအိုအောင်မင်းအောင် ပေါင်းသင်းနေထိုင်ပြီး လုပ်ငန်းတွေ အောင်မြင်ပါစေ"

"ကျွန်တော်တို့ကို ချန်မထားခဲ့ဘဲ လက်တွဲခေါ်နိုင်ပါစေ၊ လုပ်ငန်းတွေ အောင်မြင်သလောက် အိမ်ထောင်ရေးလည်း ခိုင်မြဲပါစေဗျာ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဗျာ… ချီးယားစ်၊ အားလုံးလည်း အောင်မြင်ပါစေ၊ အဆင်ပြေပါစေ… ဒီထက်တိုးတက်ကြပါစေ"

ဒီလောကလုပ်ငန်းရှင်အချင်းချင်း ချီးမြှောက်စကားတွေက ဦးမိုးကောင်းအတွက် ပီတိဖြစ်စေသည်။ အားလုံးထဲမှာ ကိုယ်က အအောင်မြင်ဆုံး ဖြစ်နေခဲ့သည်မဟုတ်လား။





ဒါပေမဲ့ စီးပွားရေးလောကဆိုတာ ငွေရေးကြေးရေးတစ်ခုတည်းရင်းနှီးမြှုပ်နှံနိုင်ရုံနှင့် မဖြစ်။ အမြော်အမြင်နှင့် အဆက်အသွယ်ကောင်းမှရသလို ထောင်မြင်ရင်လည်း ရာစွန့်ရဲရသည်။

နှမြောတွန့်တိုကာ ဘယ်လောက်တော့ ဆုံးရှုံးသွားနိုင်သည်ဆိုတာ ချင့်ချိန်တွက်ဆနေလို့မဖြစ်။ သူတို့နှင့်ကိုယ် ကွာဟနေရသည်ဆိုတာ အဲဒါတွေကြောင့်ပါပဲ။

"မသက်ထားရော ကိုမိုးကောင်း"

"ခင်ဗျားတို့အတွက် အမြည်းတွေ ပြင်ဆင်ထားတာက မပြီးသေးဘူးလေဗျာ…အဲဒါ စီမံနေလို့ ထွက်မလာသေးတာပါ"

"သြော်…ဒီလောက်များနေတာ တော်ပြီပေါ့ဗျာ။ ဧည့်ဝတ်ကျေလွန်းတော့လည်း အားနာရတာပေါ့"

"ဦးမိုးကောင်းမိန်းမကတော့ တကယ့်ကို ဇနီးကောင်း ပီသပါပေတယ်။ အိမ်အကူတွေနဲ့ လွှဲမထားဘဲ သေချာဂရုစိုက်တာပဲ"

"ကျွန်တော်လည်း အဲဒါတွေကြောင့် ကျွန်တော့်ဇနီးမယားကိုတန်ဖိုးထားရတာပေါ့ဗျာ။ သမီးအပေါ်၊ လင်အပေါ် တကယ့်ကိုတာဝန်ဝတ္တရားကျေတဲ့သူ၊ မေတ္တာတရားပေးနိုင်တဲ့သူလေ။ ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းတွေဆိုလည်း ဘယ်တော့မှ မျက်နှာပျက်စရာဖြစ်ရတယ်ဆိုတာ မရှိဘူး။ အရမ်းကို အလိုက်သိပြီး နားလည်တယ်။ သူ့ရဲ့ အဲဒီလို သိတတ်နားလည်မှုတွေကြောင့်လည်း ကျွန်တော် စီးပွားရေးလုပ်ရကိုင်ရတာ ပိုပြီး အဆင်ပြေတာပေါ့ဗျာ"

"နည်းလမ်းလေးရှိရင်လည်း ဝေမျှပါဦးဗျာ။ ကျွန်တော်တို့တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှကို ခင်ဗျားကို လိုက်မမီတော့ဘူး။ အိမ်ထောင်ရေးကလည်း သာယာ၊ စီးပွားရေးကလည်း သာသာယာယာနဲ့ ဘယ်လောက်များ ချမ်းသာသုခတွေရှိလိုက်သလဲ''

''ဟုတ်ပါ့ဗျာ…အားကျဖို့ကောင်းလိုက်တာ''

သူများတွေနှင့် ရောယောင်ကာ လိုက်ပြောနေရပေမယ့် ဒေါ်သက်ထားခင်ကို မြင်လိုက်ရချိန်မှာတော့ ဦးဥတ္တမာဇော်ရဲ့ရင်ထဲမှာ နာကျင်အောင့်မျက်သွားရလေသည်။ ဒဏ်ရာအနာတရကို အချိန်ကာလ တွေက ကုစားပေးလိုက်လို့ ပျောက်ကင်းသွားလောက်ပြီဆိုသော်လည်း အမာရွတ်ဆိုတာတော့ ကျန်နိုင်သေးတာပဲမဟုတ်လား။

တကယ်ဆို ဒေါ်သက်ထားခင်က ကိုယ့်ရဲ့အချစ်ဦး ဖြစ်ခဲ့သူပါ။ ဒေါ်သက်ထားခင်ရဲ့ ရိုးယဉ်သောအလှ၊ ပြည့်စုံချမ်းသာကြွယ်ဝမှုတွေကြောင့် လူငယ်သဘာဝ မက်မောစိတ်တွေနှင့် ချဉ်းကပ်ခဲ့သည်။

ဆယ်ကျော်သက်အရွယ်မှာ ရင်ခုန်စိတ်လှုပ်ရှားတတ်တာမို့ ကိုယ့်ရဲ့ကြိုးစားမှုတွေမှာ အသိအမှတ်ပြုခံရပြီး သက်ထားခင် ချစ်အဖြေပြန်ပေးခဲ့သည်။ ဒါပေမဲ့လည်း ဂုဏ်ဒြပ်တူ၊ အဆင့်အတန်းတူသော မိုးကောင်းဆိုသောကောင်နှင့် လူကြီးချင်း သဘောတူပေးစားလို့ လက်ထပ်ရမည်ဆိုသောအခါ ကိုယ့်ကို အားမနာတမ်း ထားခဲ့ရက်သည်။

''ရှင်နဲ့ဆိုရင် မိဘတွေက သဘောတူမှာမဟုတ်ဘူး။ ကျွန်မက လည်း မိဘတွေ သဘောဆန္ဒကို မဆန့်ကျင်ရဲဘူး။ ကျွန်မတို့ချင်း ဘယ်လောက်ချစ်ချစ် လက်ထပ်လို့ မဖြစ်မယ့်အတူတူ စောစောစီးစီး





လမ်းခွဲလိုက်ကြတယ်လို့ပဲ အောက်မေ့ပေးပါ။ ကျွန်မကို စိတ်နာချင်လည်းနာပါ၊ မုန်းချင်လည်းမုန်းလိုက်ပါ၊ ကျွန်မဘက်က ဒီထက်ပိုပြီး ပြောစရာမရှိတော့ပါဘူး''

ပြတ်သားလိုက်သည့်စကားများဖြင့် အဆက်ဖြတ်သွားလိုက်တာ ကိုယ့်ဘက်က အချစ်အကြောင်း ဆွေးနွေးခွင့်မရ။ ဖြားယောင်း သွေးဆောင်ခွင့်မရ။ အယူခံဝင်ခွင့်မရ။

မပြည့်စုံလို့ ထားရစ်ခဲ့တာ ခံသာပေမယ့် လေးနက်သော အချစ်မရှိခဲ့တာကိုတော့ ရင်မှာ နာနာကျင်ကျင် ခံစားခဲ့ရသည်။ အခုတော့လည်း မိဘသဘောတူပေးစားပါသည်ဆိုသော မိုးကောင်းကို ချစ်တတ်နေလိုက်တာများ စီးပွားရေးကိစ္စတွေတောင် ပံ့ပိုးပေးနိုင်ခဲ့သည်တဲ့။

ကိုယ်နှင့် လက်ထပ်ဖြစ်ခဲ့လျှင်ရော ဒီလို အိမ်ထောင်ရှင်မကောင်း ပီသခဲ့ပါ့မလား။

''ကိုဥတ္တမာတို့အားလုံး သုံးဆောင်ကြပါ၊ လိုအပ်တာရှိလည်း ပြောပါနော်…အားမနာပါနဲ့''

''ဟာ…အားလုံး ပြည့်စုံပြီ၊ အဆင်ပြေနေပါပြီဗျာ… လက်ရာကလည်း အရမ်းကို ကောင်းပါတယ်။ နောက်ဆို ဟိုတယ်မှာ ဧည့်ခံမနိုင်းဘဲ အိမ်ကိုပဲ လာရတော့မယ်ထင်တယ်''

''အချိန်မရွေးပါရှင်…ဧည့်သည်လာရင် အိမ်ရှင်က ဧည့်ဝတ်ကျေရမှာပေါ့။ အဆင်မပြေဖြစ်မှာကိုပဲ စိုးရိမ်တာပါ''

အခုတော့လည်း မိတ်ဆွေရင်းချာတွေလိုပဲ ဆက်ဆံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင် အတိတ်ဘဝကလည်း လွမ်းလောက်စရာ အမှတ်တရတွေ အများကြီးတော့ မရှိခဲ့ပါ။ ဒါပေမယ့် အခုချိန်မှာတော့ ဦးမိုးကောင်းကို ဘယ်လိုမှ မယှဉ်ပြိုင်နိုင်သည့်အတွက် အကြံအစည်တွေတော့ ရှိနေခဲ့၏။

"ဒါနဲ့ သမီးလေးကိုလည်း မမြင်ပါလားဗျ"

"သမီးက ဒီဇိုင်းပညာရပ်တွေ နိုင်ငံခြားကနေသင်ပြီး ပြန်လာပြီလေ... ဒီနေ့မှ ပြန်ရောက်တာဆိုတော့သမီးကို အနားယူခိုင်းထားလို့ပါ"

"ကိုမိုးကောင်းတို့က သား,မရှိပေမယ့်လည်း သမီးကို ဒီလုပ်ငန်းထဲသွင်းလို့ရအောင် လုပ်ချလိုက်ပြန်ပြီပေါ့။ အခုခေတ်ကလေးတွေက ပိုပြီးထက်မြက်တော့ ကျွန်တော်တို့ သားသမီးမရှိတဲ့သူတွေက ပိုပြီး နောက်ကျကျန်ခဲ့ပြီပေါ့ဗျာ"

"ခင်ဗျားကတော့ ထားပါ၊ ကိုဥက္ကာကတော့ သားတစ်ယောက်ရှိတယ်မဟုတ်လား။ အင်ဂျင်နီယာဒီပလိုမာဘွဲ့တောင် ရပြီးပြီဆို"

"ဟုတ်ကဲ့... ကျွန်တော့်လုပ်ငန်းခွင်ထဲ စသွင်းနေပါပြီ။ လုပ်ရည်ကိုင်ရည် မဆိုးဘူး။ အဖေ့ခြေရာနင်းမှာထက် သူတို့က ကျွန်တော်တို့ထက် ပိုပြီး ပညာတွေ သင်ခွင့်၊ လေ့လာခွင့်ရတော့ အစွမ်းအစတွေကတော့ မပြောနဲ့တော့ ဦးမိုးကောင်းရေ"

"အဲဒါ ကောင်းတာပေါ့ဗျာ။ ခင်ဗျားက သားရှိတော့ ပိုပြီး အားကိုးလို့ရတာပေါ့။ ဘယ်နေရာချလိုက်ချလိုက် ရေပေါ်ပေါ်ပြီးသားပဲ။ ကျွန်တော့်မှာတော့ သမီးလေးဖြစ်နေတော့ ဒီဇိုင်းဘက်မှာ ထည့်





ထားရတယ်။ အမြဲတမ်း နိုင်ငံခြားပညာရှင်တွေချည်း အားကိုးနေလို့ မရဘူးလေ။ သူတို့ဆီက ပညာတွေသင်ယူလို့ရအောင်ပဲ အဲဒီမှာ ကျောင်းတက်ပြီး အောင်လက်မှတ်ယူလိုက်တယ်။ သမီးက တော်ပါတယ်။ အဲဒီကျောင်းက ဆရာတောင် ပြန်ခန့်တယ်"

"ဟာ...တော်လှချည်လားဗျာ။ ဒါဆိုရင်တော့ ချွေးမတော်မှ ဖြစ်တော့မယ်နော်။ ကျွန်တော့်သားကလည်း အရမ်းတော်တာဗျ"

ဦးဥက္ကာဇော်ပြောလိုက်သောစကားကို ဦးမိုးကောင်းက အပြုံးမပျက်၊ ဣန္ဒြေမပျက်သော်လည်း ဒေါ်သက်ထားခင်ကတော့ ဦးဥက္ကာဇော်ကို မျက်လုံးတစ်ချက် လှန်ကြည့်လျက် ခပ်တည်တည်လေး ဖြစ်သွားခဲ့သည်။

ဦးမိုးကောင်းက ဖန်ခွက်ကို ကိုင်မြှောက်လျက်-

"ချီးယားစ် ဦးဥက္ကာ"

"ချီးယားစ်ပါဗျာ"

"ကျွန်တော်က ဝဲလ်ကမ်းချင်ပေမယ့် အိမ်ထောင်ရေးနဲ့ ပတ်သက်ရင်တော့ သမီးကို သူ့ဆန္ဒအတိုင်းပဲ ခွင့်ပြုထားတယ်ဗျ။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော် ချုပ်ကိုင်ထားတာ မရှိဘူး။ စည်းကမ်းတင်းကျပ်ထားတာမျိုး မရှိဘူး။ ကျွန်တော်တို့က မိဘတွေ သဘောတူပေးစားလို့ ယူခဲ့ကြတာလေ။ သူစိမ်းနှစ်ယောက် ပေါင်းဖက်ရတာဖြစ်တဲ့အတွက် အစပိုင်းတွေမှာ အရမ်းအခက်အခဲလေးတွေ ရှိခဲ့တယ်။ အိမ်ပြန်ရမှာ ကြောက်နေသလို၊ မျက်နှာချင်းဆိုင်ရမှာ ရှက်နေသလို၊ သူ့အကြိုက် ကိုယ့်အကြိုက် အလိုက်မသိတာမျိုးလေးတွေ သူ့ ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ချော့ရမှာလား၊ ကိုယ်ကျေနပ်အောင် စည်းရုံးရမှာလား၊ ဘုရားသွားကျောင်းတက် လက်ချင်းတွဲဖို့ကအစ အိုးတိုးအမ်းတမ်း ရှက်ကိုးရှက်ကန်းတွေနဲ့ အတော်အနေခက်ခဲ့တာ"

"ဪ…ဒီလိုတွေ ရှိခဲ့တာလား"

"ဟုတ်တယ်၊ အဲဒါကြောင့် သမီးကိုတော့ အဲဒီလိုတွေမဖြစ်စေချင်ဘူး။ ချစ်သူဘဝကနေ လက်ထပ်ရင်တော့ အဲဒါတွေက ကြည်နူးမှုတွေ၊ ရင်ခုန်မှုတွေနဲ့ အရမ်းကို ပျော်စရာကောင်းတဲ့အချိန်တွေ ဖြစ်ခဲ့မှာဗျ။ သမီးကို သူချစ်တဲ့သူနဲ့ပဲ လက်ထပ်စေချင်တယ်။ ဒါပေမယ့် အခုချိန်ထိတော့ ချစ်သူရည်းစား မရသေးဘူးပြောတာပဲ။ သမီးက ပညာရေးကိုပဲ အာရုံစိုက်နေခဲ့တာလေ။ ဖအေက မျှော်လင့်ထားတာသိတော့ သူကြိုးစားပြတာပေါ့။ ကျွန်တော့်အတွက်တော့ သမီးလိမ္မာလေးပါပဲ"

ဦးမိုးကောင်းရဲ့ အလိမ္မာသုံးရှောင်ရှားမှုကို ဒေါ်သက်ထားခင် ကျေနပ်သွားကာ ခပ်ယဲ့ယဲ့လေး ပြုံးလိုက်သည်။ သမီးအတွက် မိမိလည်း ထိုအတိုင်းပဲ ဖြစ်စေချင်ခဲ့တာမဟုတ်ပါလား။

ဦးဥက္ကာဇော်သားနှင့် လက်ထပ်မပေးချင်တာမျိုး မဟုတ်ပေ မယ့် သမီးကို သမီးချစ်တဲ့သူနဲ့သာ လက်ထပ်စေချင်သည်။ ဦးဥက္ကာဇော်နှင့် မိမိက ဆယ်ကျော်သက်အရွယ်မှာ ပတ်သက်ခဲ့ကြဖူးပေမယ့် ရန်သူတွေမှ မဟုတ်ခဲ့တာ။ မိမိလက်ထပ်သွားစဉ်မှာ လူငယ်စိတ်နှင့် ခံပြင်းပြီး အနှောင့်အယှက်မပေးခဲ့တာ လေးစားသင့်သည့်စိတ်ဓာတ်ပဲပေါ့။ ဒါကြောင့်မို့…





"ကျွန်မလည်း အဲဒီဆန္ဒမျိုးပါပဲ၊ သမီးကို သူချစ်တဲ့၊ မြတ်နိုးတဲ့သူနဲ့ ရစေချင်တယ်။ မိဘတွေ သဘောဆန္ဒအရဆိုတဲ့ ခေတ်တွေလည်း ကုန်လောက်ပြီလို့ ထင်ပါတယ်။ လူငယ်တွေက ထက်မြက်လာပြီ၊ သိတတ်လာပြီ။ သူတို့ဆန္ဒကို မလိုက်လျောရင် ဖွတ်တရွှတ် ဆန္ဒပြချင်လာပြီး သမီးလေးကို သမီးမိုက်မဖြစ်အောင် သူ ဘယ်လိုလူမျိုးနဲ့ ချစ်သူဖြစ်ဖြစ် လက်ထပ်ဖို့ ခွင့်ပြုမယ်လို့ စဉ်းစားထားတာကြောင့် ကိုဥက္ကာဇော်သားကိစ္စ ခေါင်းမညိတ်နိုင်တာ နားလည်ပေးပါနော်"

"နားလည်ပေးပါတယ်၊ မိဘတွေမှာ အဲဒီလိုဆန္ဒရှိတာ သားသမီးတွေအတွက် ကောင်းတာပေါ့ဗျာ။ ကျွန်တော်လည်း ကျွန်တော့်သားကို အဲဒီလို ဖြစ်စေချင်တာပါ။ ချစ်တဲ့သူနဲ့လက်ထပ်ရမှ တစ်သက်လုံး စိတ်ချမ်းသာရမှာလေ။ မဟုတ်ရင် သားသမီးတွေရဲ့ စိတ်ကို သတ်လိုက်သလို ဖြစ်သွားရမှာမဟုတ်လား"

ကိုယ့်စကားတွေက အထေ့အငေါ့တွေ ပါသွားသလား မသိပေ။ အနှာတရ မကြီးမားခဲ့ပေမယ့် မခံချင်စိတ်များကတော့ ပြင်းပြနေဆဲပါ။ ထိုအချိန်တွေက ကိုယ့်ရဲ့မပြည့်စုံမှုများကြောင့် ပြတ်သားစွာ ချန်ထားခံခဲ့ရတာ မဟုတ်ပါလား။

ဒါကြောင့် ချမ်းသာကြွယ်ဝချင်စိတ်များဖြင့် ချမ်းသာပြည့်စုံသော မိန်းမကို လက်ထပ်ယူခဲ့ပါသော်လည်း…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

"တောက်"

"ဖေဖေ"

"ကိုဥက္ကာ"

ဆိုဖာခုံလက်တန်းကို လက်သီးနှင့်ပစ်ထိုးပြီးမှ ဝင်ထိုင်လိုက်သော ဦးဥက္ကာကို ဒေါ်ဥမ္မာခိုင်နှင့် နုညားဇော် အံ့ဩသွားရသည်။ ဖေဖေ့မျက်နှာပေါ်မှာ အမြဲတမ်း ဒေါသရိပ်မကင်းလှပေ။

စိတ်တိုင်းမကျမှုများကြောင့် အမြဲလို မျက်နှာက တင်းမာခက်ထန်နေတတ်သည်။ အခုလည်း လေလံပွဲတစ်ခုကို သွားရမည်ဆိုပြီး ညမိုးချုပ်မှ ပြန်ရောက်ကာ ဘယ်သူနှင့် ပြဿနာတက်လာခဲ့သည်မသိပေ။





"ဘာဖြစ်လာတာလဲ ဖေဖေ၊ လေလံပွဲမှာ အဆင်မပြေခဲ့လို့လား"

"ထုံးစံအတိုင်း မိုးကောင်းဆိုတဲ့ကောင်ပဲ ရသွားတယ်။ ဘာကိုပဲ လေလံဆွဲဆွဲ ဒီကောင်ပဲ အောင်သွားတာက ပွဲလုပ်တဲ့လူကြီးတွေကို ဒီကောင် ချဉ်းကပ်နိုင်လို့ပေါ့။ အခုခေတ်က အကပ်ကောင်းရင် ဘာလုပ်ငန်းလုပ်လုပ် အောင်မြင်တယ်"

"သူ့အထာတွေနဲ့သူ ရှိပြီးသားမို့ပေါ့ ဖေဖေရယ်၊ ကိုယ်က ရိုးရိုးသားသား ကြိုးစားနေသလိုဖြစ်တော့ သူ့လောက်တော့ မအောင်မြင်ဘူးပေါ့"

"ဟုတ်တယ်၊ အဲဒါကို မကျေနပ်တာ။ အစကတည်းက ယောက္ခမတွေက ငါ့ကို ယုံယုံကြည်ကြည်နဲ့ ရင်းနှီးမြှုပ်နှံနိုင်ဖို့ ငွေအလုံးအရင်းနဲ့ ထုတ်ပေးခဲ့မယ်၊ အထက်ပိုင်းလူကြီးတွေနဲ့ မိတ်ဆက်ပေးခဲ့မယ်ဆိုရင် ဒီကောင်လောက်ကို ကျော်တက်နိုင်တယ်"

"ဖေဖေတို့က ပါလာရပြန်ပြီ ကိုဥက္ကာရယ်"

"ဟ…ပါရမှာပေါ့၊ သူတို့မှာ လုပ်ပိုင်ခွင့်မရှိ၊ ငွေမရှိရင် ငါလည်း မမျှော်လင့်ပါဘူး။ အခုက ငါ့ကို မယုံကြည်လို့၊ အထင်သေးလို့ မင်းကို ပေးရမယ့်အမွေလောက်ပဲ သေရင်တောင် လာမတောင်းတော့နဲ့ဆိုတဲ့ပုံစံမျိုးနဲ့ ခွဲဝေပေးလိုက်တာလေ။ သူတို့ကတော့ ဘာမှလုပ်စရာမလိုဘဲ ရတဲ့လာဘ်လာဘ ရသမျှနဲ့ စည်းစိမ်ရစ်နေကြတာ။ သမက်ကို လုပ်ကိုင်ခွင့်ပေးလိုက်ရင် လာဘ်လာဘမျှော်ကိုးဖို့ မသင့်တော်တော့ ဘယ်ပေးပါ့မလဲ။ သူစိမ်းကိုပေးတော့ သူတို့ကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တွေတင်ပြီး ငွေလည်းရမယ်လေ။ မင်းမိဘက ငါ့ကို အထင်သေးပြီး သမီးနဲ့မြေးကိုတောင် ပစ်ပယ်သလိုလုပ်ထားတာ မဟုတ်ဘူးလား"

ကိုဥက္ကာပြောတာလည်း မမှားပေ။ မိဘတွေက ကိုဥက္ကာကို အထင်မကြီး၊ လူရာမသွင်းကြတာလည်း အမှန်ပါ။ မိဘအသိုက်အဝန်းက ဂုဏ်ဒြပ်ကြီး၊ အခြေကြီးအနေကြီးကြသူတွေမို့ သာမန်လူတန်းစား ကိုဥက္ကာကို ရွှေငွေပစ္စည်းဥစ္စာမက်မောလို့ သမီးကို ချူးကပ်လက်ထပ် သည်ဟုထင်ကာ အစကတည်းက သဘောမတူခဲ့ကြပေ။ မိတ်ဆွေ တစ်ယောက်ကတစ်ဆင့် သိကျွမ်းရင်းနှီးကာ ချစ်သူဖြစ်ခဲ့သော ကိုဥက္ကာကို မိမိဘက်က ချစ်မြတ်နိုးမိတာကြောင့် နိုးရာလိုက်ပြေးမှ ဖေဖေတို့ ပိုပြီးအရှက်ကွဲရလိမ့်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့တာကြောင့် လက်ထပ်ဖို့ ခွင့်ပြုခဲ့ကြခြင်း ဖြစ်သည်။

ကိုဥက္ကာက လူတော်လူကောင်းတစ်ယောက်ပါ။ အလုပ်ကို တကယ်ကို ကြိုးစားလုပ်ကိုင်ချင်ခဲ့သည်။ ချမ်းသာကြွယ်ဝ အဆင့် အတန်းမြင့်မြင့် ချမ်းသာချင်ခဲ့သည်။ ဒါကလည်း သူ့ရဲ့အချစ်ဦး သက်ထားခင်က သူ့ကို မပြည့်စုံလို့ ထားပစ်ခဲ့တာကြောင့်ဆိုတာ သူငယ်ချင်းကတစ်ဆင့် နောက်မှသိခဲ့ရသည်။

ဒါပေမယ့် စိတ်မနာနိုင်ခဲ့။ မိမိအပေါ် မဖောက်မပြန် အိမ်ထောင် ရေးကို ထိန်းသိမ်းပြီး အပင်ပန်းခံ လုပ်ကိုင်ကျွေးနေတာပဲ ကျေးဇူးတင် ရမှာပါ။ အချစ်ဦး၊ ရည်းစားဦးဆိုတာ လူတိုင်းမှာ ရှိနိုင်တာပဲ။ မိမိ အတွက်လည်း ကိုဥက္ကာက အချစ်ဦးမဟုတ်ခဲ့ပေ။

တက္ကသိုလ်တက်စဉ်က ရည်းစားနှစ်ယောက်လောက်တောင်





ထားခဲ့ဖူးသေးတာပဲ မဟုတ်ပါလား။

"နိုင်...မင်းက မင်းမိဘတွေအကြောင်း ပြောလိုက်တာနဲ့ တစ်ခါတည်းကို မျက်နှာပျက်သွားတာပါပဲလား။ ငါက မင်းကို လက်ထပ်တဲ့အချိန်မှာ ဘာမှပါမလာခဲ့ပေမယ့် ရိုးရိုးသားသား ရှာဖွေ ကျွေးခဲ့ပါတယ်။ အခု မင်းမိဘတွေ အမွေသဘောမျိုးပေးလိုက်တဲ့ ငွေတွေကိုလည်း ငါ အလကား သုံးဖြုန်းပစ်လိုက်တာ မဟုတ်ဘူး နိုင်"

"ကျွန်မ သိပါတယ် ကိုဥက္ကာရယ်... ကျွန်မကရော ဘာပြော နေလို့လဲ။ ကျွန်မမှာ မိဘတွေက ဒီလိုလုပ်ပါတယ်ဆိုပြီး အပြစ်တင် လို့လည်း မရဘူးလေ။ ကျွန်မက သူတို့သဘောမတူပါဘူးပြောတဲ့၊ တားတဲ့ကြားက ရှင့်ကို ဖွတ်အတင်း လက်ထပ်ခဲ့တာ၊ သမီးအဖြစ်က စွန့်လွှတ်ရင်တောင် ခံရမယ့်သူပါ"

"ဟုတ်တယ်၊ စွန့်လွှတ်ခိုင်းလိုက်...သူတို့အကူအညီ ဘာမှ မယူတော့ဘဲနဲ့ ငါ့ဘာသာ ချမ်းသာအောင်လုပ်မယ်။ သူတို့ အထင် သေးနေတဲ့ကောင်က ဘယ်လောက်ထိ ချမ်းသာသွားတယ်ဆိုတာ အထင်ကြီးအံ့သြသွားစေရမယ်"

"ကိုဥက္ကာ"

ဖေဖေက အဲဒီလို မာနရှိသူပါ။ မခံချင်စိတ်ဖြင့် ကြိုးစားခဲ့လို့ လည်း ဒီအခြေအနေထိ ရောက်လာတာဟု ထင်မိသည်။ ဒါပေမယ့် အမေ့မိဘတွေတင် မခံချင်စိတ်ပြင်းထန်နေတာ မဖြစ်နိုင်။ ဦးမိုးကောင်း ဆိုသည့်နာမည်ကို ခဏခဏ ရေရွတ်ပြီး ဒေါသထွက်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီမခံချင်သည့်စိတ်ကြောင့်ပဲ ဖြစ်သည်။

ဖေဖေ့ရဲ့မျက်နှာက သူ့ဘက်လှည့်လာလျက်-

"သား…မင်း မိုးကောင်းရဲ့သမီးနဲ့ လက်ထပ်ရမယ်"

"ဗျာ…ဗျာ…ဖေဖေ"

"ဟုတ်တယ်…မိုးကောင်းကို ဘယ်လိုမှ ယှဉ်ဖို့မဖြစ်နိုင်တော့ဘူး။ ဒီကောင်က မျိုးရိုးစဉ်ဆက် ချမ်းသာလာခဲ့ရုံတင်မက အသိုက်အဝန်းကလည်းကောင်းတော့ စီးပွားရေးလောကမှာ ဘယ်သူမှ မယှဉ်နိုင်ဘူး။ အဲဒီလိုလူမျိုးကို တိုက်ခိုက်ဖြိုချလည်း ကိုယ်က နေရာရမလာနိုင်ဘူး။ ခမည်းခမက်တော်မှ သူ့လိုမျိုး ကိုယ်လည်း ဖြစ်လာလိမ့်မယ်"

"ဟို…သား…သားမှာ ချစ်သူရှိတယ် ဖေဖေ၊ သူနဲ့လက်ထပ်ဖို့လည်း ရည်ရွယ်ပြီးသားပါ။ သား တက္ကသိုလ်စတက်ကတည်းက ချစ်သူတွေ ဖြစ်လာကြတာ"

"အဲဒါ ငါ သိတယ်"

"ဗျာ"

"မင်းက ငါ့သား၊ မင်းအကြောင်း ငါ မသိဘဲနေပါ့မလား။ ဒါပေမဲ့ အဲဒီကောင်မလေးကို မင်း လက်ထပ်လို့ မရဘူး။ သူ့ကို ယူလို့ မင်းဘဝ ကြီးပွားတိုးတက်လာမှာ မဟုတ်ဘူး သား"

"သူလည်း သားလို ဘွဲ့ရပြီးသားပါ၊ ဒီဇိုင်းပညာတွေလည်း သူတတ်ပါတယ်။ လုပ်ငန်းခွင်လည်း ဝင်နေပါပြီ ဖေဖေ၊ သားတို့ လုပ်ငန်းမှာ သူ တတ်ထားတဲ့ပညာတွေက အသုံးဝင်ပါတယ်"





"ချို့တဲ့တဲ့ သူ့မိသားစုတွေကို မင်းက တစ်သက်လုံး လုပ်ကျွေးမလို့လား။ ငါ မင်းကို အဲဒီလိုမျှော်လင့်ပြီး မြေတောင်မြှောက်ပေးခဲ့တာ မဟုတ်ဘူး။ မပြည့်စုံရင်၊ ချို့တဲ့ရင် ဘယ်လောက်ထိ မျက်နှာငယ်ရတယ်၊ အထင်သေးခံရတယ်ဆိုတာ ဒီအဖေကို မြင်ရုံနဲ့ မင်း မသိဘူးလား ခန့်ညားဇော်၊ မင်းကို ငါ့လို အဖြစ်မခံနိုင်ဘူး။ မင်း ငါ့ထက် ချမ်းသာရမယ်၊ ပြည့်စုံရမယ်၊ တော်ရမယ်၊ တတ်ရမယ်။ အဲဒီအတွက် မင်း မိုးကောင်းရဲ့သမီး စံထိပ်ထားကို လက်ထပ်ကိုထပ်ရမယ်"

"မဟုတ်ဘူး…မဖြစ်ဘူး…ဖေဖေ"

"ခန့်ညားဇော်"

"သားကို ဘာလို့ အတင်းအကျပ်လုပ်နေရတာလဲ ကိုဥက္ကာ၊ ဘာလဲ…သက်ထားခင်ကို မရခဲ့လို့ သက်ထားခင်သမီးနဲ့ ပေးစားချင်နေတာလား"

"ဥက္ကာခိုင်"

ဖေဖေ ဒေါသဖြစ်သွားလိုက်တာ မျက်နှာကြီးပါ နီရဲလာသည်။ ထိုင်နေသည့် ဆိုဖာခုံကို လက်သီးနှင့် ခေါင့်ထိုးလိုက်ပြီး-

"ငါက ရည်းစားဟောင်းကို တမ်းတပြီး အိမ်ထောင်ရေး ဖောက်ပြန်နေလို့လား ခိုင်…မင်းမိဘတွေ ငါ့ကို ဘယ်လိုနှိမ့်ချဆက်ဆံခဲ့သလဲဆိုတာ မင်း အသိဆုံး။ အခု စံထိပ်ထားကို သား လက်ထပ်လိုက်ရင် စံထိပ်ထားမှာ ပညာတွေ၊ မိုးကောင်းတို့ ပေးလိုက်မယ့် ပိုင်ဆိုင်မှုတွေ ပါလာမယ်။ သားမှာရှိတဲ့ ပညာတွေ၊ ငါ့မှာရှိတဲ့ ပိုင်ဆိုင်မှုတွေ အဲဒီအင်အားတွေအားလုံး ပေါင်းလိုက်ရင် မိုးကောင်းတို့ထက်



www.burmeseclassic.com

www.burmeseclassic.com



မကတောင် ချမ်းသာသွားနိုင်တယ်"

"ကိုမိုးကောင်းကို ရှင် ဘာလို့ ဒီလောက်တောင် ပြိုင်ဆိုင်ချင်နေရတာလဲ ကိုဥက္ကာ၊ သက်ထားခင်ကို ကိုမိုးကောင်းက ငွေကြေး ချမ်းသာမှုတွေနဲ့ သိမ်းပိုက်သွားတယ် ထင်လို့လား။ မပြည့်စုံတဲ့ ရှင့်ကို သက်ထားခင် ထားခဲ့တယ်ဆိုတာလည်း ကိုမိုးကောင်းရဲ့ ချမ်းသာ ကြွယ်ဝမှုတွေကို မက်မောရုံသက်သက် မဟုတ်ဘူး။ သူတို့နှစ်ဦး နှစ်ဖက်လုံးက မျိုးရိုးစဉ်ဆက် ချမ်းသာကြပြီး မိဘတွေသဘောဆန္ဒ အတိုင်း လက်ထပ်ခဲ့ကြတာ။ အဲဒီလိုအသိုက်အဝန်းကောင်း အစဉ်အဆက်ချမ်းသာလာတဲ့သူတွေကို ရှင် ဘယ်လိုလုပ် ပြိုင်ဆိုင်နိုင်မှာလဲ ကိုဥက္ကာ"

"အဲဒါကြောင့် သားကို သူ့သမီးနဲ့ လက်ထပ်ပေးစားမှာလေ။ ငါ အခု အဲဒီအကြောင်း မိုးကောင်းတို့ကို ပြောခဲ့လိုက်ပြီ။ သူတို့ မငြင်းဘူး။ သဘောမတူဘူးလည်း မပြောဘူး။ ဒါပေမယ့် သမီးကို သူချစ်တဲ့ သူနဲ့ပဲ လက်ထပ်ပေးစားချင်တာတဲ့။ သူတို့တုန်းက မိဘတွေ သဘောတူပေးစားတာကို ယူခဲ့ရလို့ သမီးကိုတော့ အဲဒီလို မဖြစ်စေချင်ဘူးတဲ့။ အဲဒါကြောင့် စံထိပ်ထားရဲ့အချစ်ကို မင်း အရင်ရအောင်လုပ်ပါ ခွန်ညားဇော်··းစံထိပ်ထားအချစ်ကို ရအောင်လုပ်ပြီးရင် မင်း စံထိပ်ထားကို လက်ထပ်ရမယ်၊ ဒါပဲ"

ခွန်ညားဇော် ကျွတ်ခနဲ အသံထွက်မိမတတ် စိတ်ပျက်သွားမိသည်။ ချစ်သူရှိပါလျက်နှင့် တခြားမိန်းကလေးကို ချစ်သူဖြစ်အောင် ကြိုးစားရဦးမည်ဆိုတာ မလွယ်ပါ။





ဖေဖေက ဆေးဒါကတာက်ခွင့်လည်း ပေးတော့မည်မထင်ပါ။ ဆယ်တန်းအောင်သည့်နှစ်မှာလည်း သူဝါသနာပါသည့် ဗိုလ်လောင်း သင်တန်းကို တက်ခွင့်မရဘဲ အင်ဂျင်နီယာတစ်ယောက်ဖြစ်အောင် အမိန့် ပေးစေနိုင်းခဲ့သူ မဟုတ်ပါလား။ ဒါဖြစ်ရမည်လို့ ဆုံးဖြတ်ပြီး လျှင် မျက်ရည်ခံထိုး အယူခံဝင်လည်း အလဟဿပဲ ဖြစ်တော့မည် ထင်သည်။

ဒါပေမဲ့ မြသားချိုကို လက်ထပ်ပါမည်ဟု ကတိတွေ ပေးထားပြီးပြီ။ သူ ဘယ်လိုလုပ်ရမလဲ။ ချစ်သူသက်တမ်း လေးငါးနှစ်အတွင်း မှာ သူရော မြသားရော မဖောက်မပြန် သစ္စာတွေ ရှိခဲ့ကြသည်။ ချစ်သူဘဝ နယ်မကျှံအောင်လည်း စောင့်ထိန်းခဲ့ကြ၏။ ရိုးသားစွာ ချစ်ခဲ့ကြရင်း ပညာရေးမှာပဲ အာရုံစိုက်ခဲ့ကြသည်။ မြသားချိုအတွက် လည်း စာမေးပွဲတစ်နှစ်ကျလို့ မဖြစ်ပါ။ သမီးကို ပညာတတ်ကြီး ဖြစ်ပြီး သူတို့ကို အထောက်အပံ့ပြုစေချင်သော မိဘများက လယ်တွေ၊ ယာတွေ တချို့တစ်ဝက်ကိုရောင်း၊ ကျန်တစ်ဝက်ကို နွားနှင့်အပြိုင် ဖက်ပြိုင်ရုန်းပြီး သူမကို ရန်ကုန်မြို့ကြီးမှာ ပညာတွေ သင်စေခဲ့တာ မဟုတ်ပါလား။ အခုဆို ကုမ္ပဏီကြီးတစ်ခုမှာ အဆောက်အဦးပုံဆွဲတဲ့ ဒီဇိုင်းပညာရှင်အဖြစ် လခစားဝင်လုပ်ပြီး မိဘတွေကို ထောက်ပံ့နေရ သည်။ အခြေပြေလောက်သည့်အချိန်မှ လက်ထပ်ဖို့ ရည်ရွယ်ထား ကြတာ။

"ဟိတ်ကောင်··မင်း ငါပြောတာမကြားလို့ ငြိမ်နေတာလား"

"မဟုတ်ပါဘူး ဖေဖေ··· သား ကြားပါတယ်၊ ဟို···



www.burmeseclassic.com

www.burmeseclassic.com



သားချစ်သူနဲ့လည်း လက်ထပ်မယ်ဆိုတဲ့အကြောင်း သစ္စာကတိတွေ ပေးထားပြီးပါပြီ၊ သူနဲ့က အခုမြင် အခုကြိုက်လည်း မဟုတ်တော့ ခွဲရဖို့ဆိုတာ မလွယ်ပါဘူး။ သားတို့ လေးငါးနှစ်မကာ ချစ်သူ သက်တမ်းမှာ သူ့ဘက်မှာ ဘာမှလည်း အပြစ်ပြောစရာမရှိခဲ့တော့"

"အဲဒါဘာဖြစ်လဲ… ငါ့ကို သက်ထားခင် ထားခဲ့တော့လည်း ငါ့မှာ ဘာအပြစ်မှမရှိတာ၊ မပြည့်စုံရခြင်းကသာ လမ်းခွဲရခြင်းရဲ့ အကြောင်းအရင်း ဖြစ်သွားခဲ့တာပဲ"

"မြသားချိုက သူ့မှာ ပစ္စည်းဉစ္စာ မပြည့်ဝပေမယ့် သားတို့ အတွက်-အသုံးဝင်မယ့် ပညာတွေ ပါလာပါတယ် မေမေ၊ အခု ဒီဂိုရီး ပညာရှင်အနေနဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေပါပြီ"

"ငါ့ကို စောဒကတက်မနေနဲ့ ခုံညားဇော်၊ ငါက သားရွှေအိုး ထမ်းလာတာပဲ မြင်ချင်တဲ့ကောင်။ ငါ ဘာဖြစ်ချင်တယ်ဆိုတာ မင်းကို ပြောထားပြီးပြီ။ မင်း လိုက်လျောနိုင်၊ မလိုက်လျောနိုင်လို့ ချစ်သူနဲ့ လက်ထပ်ဖို့အတွက် အိမ်ပေါ်က ဆင်းသွားမယ်ဆိုလည်း ဆင်းသွား နိုင်တယ် ခုံညားဇော်… ခြေစုံကန်ထွက်သွားမယ့်သားကို တားလိမ့် မယ်တော့ မထင်နဲ့"

"ကိုဥက္ကာ"

မေမေက အလန့်တကြား ဝင်ဟန့်တား၏။ ဖေဖေရဲ့ပြတ်သား သောစိတ်ကို သူသိပြီးသားပါ။ ရည်မှန်းထားသလို ဖြစ်မလာလျှင် သူ့ကို စွန့်လွှတ်ဖို့လည်း ဝန်လေးမှာမဟုတ်ပေ။

သူ့မှာတော့ ဖေဖေ စွန့်လွှတ်တာမခံချင်လျှင် ချစ်သူကို စွန့်လွှတ်





ရုံသာ ရှိတော့သည်ထင်သည်။ ဖေဖေက သူ့ဆီက စကားပြန်မစောင့် ဘဲ ပြောချင်တာပြောပြီး အပေါ်ထပ် တက်သွားသည်။ မေမေက သူ့အတွက် စိတ်မကောင်းဖြစ်ကာ ပါးလေးကို လာပွတ်၏။

"ဘယ်လိုလုပ်မှာလဲ သား… သား ဘယ်လိုလုပ်မလဲ"

"သား ဘာလုပ်ရမလဲ မေမေ၊ သား ဘာလုပ်ရမယ်ဆိုတာ မေမေ ပြောကြည့်ပါဦး"

"သားရယ် မေမေ ဘယ်လိုပြောရမလဲ၊ သားအဖေစိတ်ကို သား သိတယ်မဟုတ်လား။ နာကြည်းမှုတွေနဲ့ချည်းပဲ ကြိုးစားခဲ့ရတာ ဆိုတော့ ဖြစ်ချင်စိတ်က ပြင်းထန်လွန်းတယ်။ သားကိုလည်း အဲဒီ မျှော်လင့်ချက်နဲ့ ငယ်ငယ်ကတည်းက သူ့ပုံစံခွက်ထဲမှာ ထည့်ထားခဲ့ တာမဟုတ်လား။ မေမေကတော့ ဘာမှမပြောချင်ပါဘူး သား၊ ဒါပေမယ့် သား ဘာလုပ်ပါလို့လည်း မေမေ တိုက်တွန်းလို့မဖြစ်ဘူး။ မှားသွားခဲ့ရင် သားအဖေနဲ့ မေမေ မြသယ်နာတက်ရမှာ"

"သား နားလည်ပါတယ် မေမေ၊ မြသားကို သား ဘယ်လို ပြောရမလဲ စဉ်းစားနေတာပါ။ ပြောထွက်ဖို့ သား တော်တော်ကြိုးစား ရမယ်။ မြသားမှာ ဘာအပြစ်မှ မရှိဘူးလေ"

"မေမေ မမြင်ဖူးပေမယ့် သား ရွေးချယ်ထားတဲ့ မိန်းကလေးကို မေမေ ယုံကြည်ပါတယ်။ ဒါပေမယ့် သားအဖေ လက်မခံရင် မေမေ လည်း ဘာမှမတတ်နိုင်ပါဘူး သား။ မေမေ့ဘက်က အသိုက်အဝန်း က အခုချိန်ထိ သူ့ကို လက်မခံဘဲ အထင်သေးနေတာဟာ မေမေ့ရဲ့ အားနည်းချက်တစ်ခုလို ဖြစ်နေခဲ့တယ်။ မေမေနဲ့သားကမှ အားမပေး



www.burmeseclassic.com

www.burmeseclassic.com



ရင် သားအဖေ ဘယ်လိုဖြစ်သွားမလဲ သား"

သူ့ကို ဖေဖေ့ဆန္ဒတွေ လိုက်လျောစေချင်တာကြောင့် မေမေ ချုပ်လိုက်သည်ဟုတော့ မထင်ရက်ပါ။ တကယ်တမ်းတော့ မေမေလည်း ပညာနည်းကာ မပြည့်စုံသော ဖေဖေကို လက်ထပ်ခဲ့မိသည့်အတွက် မိဘဆွေမျိုးအသိုက်အဝန်းရဲ့ ပစ်ပယ်ခြင်းခံထားရတာမို့ ဖေဖေ့ကိုပဲ အားကိုးနေခဲ့ရသည်မဟုတ်လား။

မေမေပြောသလို ဖေဖေက မေမေအသိုက်အဝန်းရဲ့ အထင်သေးခံတစ်ယောက်ပါ။ သူတို့သားအမိကသာ အားမပေးခဲ့လျှင် ဖေဖေက ပိုပြီး နာကြည်းစရာတွေ များသွားလိမ့်မည်။

ဒါဆို သူ ဘာလုပ်ရမှာလဲ။ မြသားကို ခွဲထားချန်ထားခဲ့ရတော့မှာလား။ မြသားကို ဘယ်လိုပြောရမလဲ။

ကိုယ် မင်းကို မချစ်လို့မဟုတ်ဘူးဆိုတာကိုတော့…





# အခန်း (၄)

"ကို့မျက်နှာက ဒီနေ့ ဘာဖြစ်နေတာလဲ၊ မလန်းပါလား ကို၊ ကို့ဖေဖေက အလုပ်တွေ ဖိခိုင်းနေလို့ ပင်ပန်းနေတာလား၊ အဲဒါဆို မြသားကို လာမကြိုနိုင်ရင် ဖုန်းလေးဆက်လိုက်တာမဟုတ်ဘူး ကိုရယ်၊ မြသား နားလည်ပါတယ်"

သူ့မျက်နှာအရိပ်အကဲကို ကြည့်ကာ ပြောနေသောချစ်သူကို သူ ဘယ်လိုနှလုံးသားနှင့်များ နှစ်သိမ့်ကာ ထားရစ်ခဲ့ရမလဲ။ သူ တခြားအလုပ်ကိစ္စတွေမရှိဘဲ မြသားချို ရုံးဆင်းချိန်နှင့်တိုက်ဆိုင်လျှင် ဒီလိုပဲ သူ လာကြိုနေကျပါ။

အပြန်လမ်းမှာ စားသောက်ဆိုင်မှာ မြသား ကြိုက်သောတတ်တာလေးတွေ ဝယ်ကျွေးပြီး နှစ်ယောက် ယှဉ်တွဲထိုင်ကာ စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်ကြသည်။ ချစ်သူသက်တမ်း (၅)နှစ်နီးပါးမှာ ပြဿနာအကြီးအကျယ်တက်သည်ဆိုတာ မရှိဖူးခဲ့။ ကျောင်းတက်စဉ်ကလည်း ကင်န်တင်းအတူထိုင်ကာ စာအတူကျက်တာ၊ လှေလှော်တာတွေကလွဲလျှင် ပန်းခြံသွားထိုင်တာ၊ ရုပ်ရှင်သွားကြည့်တာမျိုးဖြင့်လည်း အချိန်တွေ မဖြုန်းခဲ့ကြပေ။ နှစ်ယောက်လုံးက ပညာရေးကိုသာ ဦးစားပေးခဲ့ကြပြီး နှလုံးသားရေးမှာ မည်းညစ်စွန်းထင်းမှုမရှိအောင် ထိန်းသိမ်းခဲ့ကြသည်။

ထိုသို့ နှစ်ယောက်သား သစ္စာရှိခဲ့ကြပါလျက် စီးပွားရေးနှင့် လူမှုရေးတွေ တည်ငြိမ်သွားလျှင် လက်ထပ်ဖို့လည်း တိုင်ပင်ထားခဲ့ကြပါလျက် အခုမှ ခွဲခွာရဖို့ဆိုလျှင် မြသား ခံနိုင်ရည်ရှိမှ ရှိပါ့မလား။

"ကို…ဘာတွေ တွေးနေတာလဲ၊ မြသား ဒီနေ့ ကို့ကိုကြည့်ရတာ အားမရှိလိုက်တာ၊ ဘာလို့အားမရှိသလို သက်ပြင်းတွေချပြီး မှိုင်နေရတာလဲဟင်…ကို့မှာ ဘာအခက်အခဲတွေရှိနေလို့လဲ၊ မြသားကို ပြောပြပါလား"

"မြသားရယ်…ကို ဘယ်လိုတွေ ပြောရမယ်မှန်း မသိသေးပါဘူး။ ဟို…မြသား ဘာစားမှာလဲ၊ တစ်ခုခု မှာဦးလေ၊ ရေချည်းပဲ သောက်နေလို့ ဘယ်ဖြစ်မလဲ"

"ကို့ကိုကြည့်ပြီး မြသား စားချင်စိတ်တောင် မရှိတော့ဘူး။ ကို့မျက်နှာညှိုးနွမ်းနေတာ မြသားတောင် အားမရှိတော့သလိုဖြစ်လာပြီ"

"ဘာမှမဖြစ်ပါဘူး မြသားရယ်…စားပါ…တစ်ခုခုမှာ၊ ကို့အတွက်ပါ နှစ်ယောက်စာ မှာလိုက်၊ ကိုယ်လည်း စားမယ်"





"အင်း…ကို စားမယ်ဆို မှာလိုက်မယ်လေ"

မြသားချိုက အစားအသောက်တွေကို မီနူးကြည့်ကာ မှာလိုက်လေသည်။ အရင်ခါတွေကဆို ဘယ်သောအခါမှ ခုံညားဖော် ညနေစာ အပြင်မှာ မစားပါ။ အဆောင်မှာ အခန်းငှားနေပြီး အိမ်အပြန်ချက်ပြုတ်စားရသည့် မြသားချို အဆင်ပြေစေရန် တစ်ခါတည်းပြီးအောင် ဝယ်ကျွေးတတ်ပေမယ့် သူကတော့ အအေးလောက်၊ ကော်ဖီလောက်သာ သောက်တတ်သည်။ ညနေဘက်ဆို ဖေဖေက မိသားစုစုံညီစွာ ညနေစာ စားတတ်သည့်အကျင့်ရှိလို့ပါ။

အခုတော့ မြသားချိုအတွက် နှစ်သိမ့်ပေးဖို့ ကြည်နူးစရာအချိန်လေးတွေပေးဖို့ လိုအပ်သည်ဟု ထင်မိသည်။

"ကို…စားလေ၊ မြသားကတော့ နေ့လယ်ကတည်းက ဗိုက်ဆာနေတာ၊ ညဘက်အလုပ်လုပ်တာများပြီး ညဥ့်နက်မှ အိပ်ဖြစ်တယ်၊ အဲဒါ မနက်ကျ ထမင်းထချက်ဖို့ မထနိုင်တော့ဘူး။ နေ့လယ်စာစား အလုပ်ချိန်နားတော့လည်း အလုပ်က မပြတ်ဘူးလေ။ အဲဒါနဲ့ ထမင်းလည်း ဆင်းမစားဖြစ်တော့တာ"

"အဲဒီလောက်ကြီးတော့ မစားမသောက်ဘဲ အလုပ်တွေ မကြိုးစားပါနဲ့ မြသားရယ်…ကုမ္ပဏီမှာဆိုတော့ ဘယ်လောက်လုပ်လုပ် လစာက ဒီလောက်ပဲရတာ မဟုတ်လား။ မြသား ကျန်းမာရေး ထိခိုက်နေမှာပေါ့"

"အဲဒီလိုဆိုပေမယ့် မြသား ကြိုးစားမှဖြစ်မယ် ကို…မြသားမှာ အဆက်အသွယ်ကမရှိ၊ ရင်းနှီးစိုက်ထုတ်စရာလည်း မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လမ်းကြောင်းနဲ့ကိုယ် ထိုးဖောက်ပြီး လျှောက်ဖို့ဆိုတာ မလွယ်ဘူး။ ကုမ္ပဏီမှာ ကြိုးစားပြလို့ ကိုယ့်ရဲ့ဒီဇိုင်းတွေက ဈေးကွက်တစ်ခုကို အောင်မြင်သွားမှ အပြင်က ကမ်းလှမ်းမှုတွေလည်း ရှိလာမှာ။ ဒါမှလည်း မြသား ဒီဘဝကနေ လွတ်မြောက်မှာပေါ့ ကို"

"မြသား ပြည့်စုံချမ်းသာချင်တာ ကို နားလည်ပါတယ်။ မပြည့်စုံတဲ့ဘဝမှာ ကြီးပြင်းခဲ့ရပြီး မိဘတွေရဲ့ ချို့တဲ့တဲ့ ထောက်ပံ့မှုလေးနဲ့ ပညာရေးကိုပဲ အာရုံစိုက်ခဲ့ရတယ်။ ကျောင်းပြီးတော့လည်း နိုင်ငံခြားမှာ ပညာဆက်မသင်နိုင်၊ သင်တန်းတွေလည်း ဆက်မတက်နိုင်ဘဲ လုပ်ငန်းခွင်တန်းခနဲဝင်ပြီး မိဘတွေကို ထောက်ပံ့နေရတယ်။ ဘဝမှာ အပျော်ဆိုတာလည်း မခံစားရ၊ စည်းစိမ်ဆိုတာလည်း မခံစားရနဲ့ မြသားကို ကို…အရမ်းကို သနားမိတယ်"

"ကိုနဲ့လက်ထပ်ပြီးရင်တော့ မြသား အေးအေးချမ်းချမ်းနေလို့ရမယ်မဟုတ်လား ကို"

"ဟင်"

"ကို့ကိုချည်း မှီခိုမယ်လို့ မြသား မပြောပါဘူး။ ကို့မိဘတွေရဲ့ ချမ်းသာကြွယ်ဝမှုတွေကိုလည်း မြသား မမက်မောပါဘူး။ မိဘတွေ ကျန်တဲ့ လယ်ယာအိမ်တွေ ပေါင်ထားတာရွေးပြီးရင် လုပ်ငန်းအသေး တကျလေးနဲ့ သူတို့ကိုယ်တိုင်မဟုတ်တဲ့ စာရင်းငှားလေးနဲ့ ထားနိုင်ပြီ ဆိုရင် မြသား ကိုနဲ့လက်ထပ်ချင်တယ်။ လက်ထပ်ပြီးရင်လည်း မြသား တတ်ထားတဲ့ပညာနဲ့ ဝင်ငွေရအောင် မြသား အလုပ်လုပ်မှာပါ။ မြသား ရှာလို့ရတဲ့ဝင်ငွေထဲကပဲ မြသားမိဘတွေကို ထောက်ပံ့





မှာပါ။ ကို ရှာလို့ရတဲ့ငွေထဲက မြသားမိဘတွေအတွက် တစ်ပြားမှ မတောင်းဆိုပါဘူး"

"မြသားရယ်"

"ကို့ဆီက မြသား အများကြီး မတောင်းဆိုပါဘူး ကို၊ မြသား ဘဝတစ်လျှောက်လုံး ပင်ပန်းသမျှ မြသား အနားယူလို့ရမယ့်၊ အပန်း ဖြေလို့ရမယ့် ရင်ခွင်တစ်ခုကို မငြိုမငြင်ပေးမယ်ဆိုရင်ပဲ မြသား ကျေနပ်ပါပြီ"

ဘာမျှော်လင့်ချက်မှမထားဘဲ အချစ်တစ်ခုတည်းဖြင့်သာ သူ့ကို ယုံကြည်အားကိုးချစ်နေရှာသော မြသားချို့ကို ဘယ်လိုလုပ် ခွဲခွာရမည့်စကားတွေ ပြောထွက်ပါတော့မလဲ။

"မြသား စားလေ၊ ဟင်းတွေ အေးကုန်တော့မယ်"

"ကို ဘာလို့ မြသား မေးတာကို မဖြေတာလဲ"

"မြသား ဗိုက်ဆာတယ်ဆို၊ မစားဘဲနဲ့ စကားတွေပြောနေတာ၊ တော်ကြာ အစာအိမ်အောင့်လာဦးမယ်၊ နဂိုကတည်းက မြသားက အစာအသောက် သိပ်မှန်တာမဟုတ်ဘူး"

"မြသားကို အဲဒီလိုဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးပါပဲ ကို၊ မိဘေးဖဘေး တစ်နယ်တကျေးကနေ ပညာလာသင်ရတာ၊ ကိုနဲ့သာ ချစ်သူဖြစ်ခွင့်မရရင် မြသားတော့ အရမ်းကို အထီးကျန်မှာပဲ။ မြသား ပညာကောင်းကောင်းသင်ပြီး အခု ရပ်တည်နိုင်တာ ကို့ကြောင့်ပါ"

"အဟင်း…မြသား ပါးစပ်ဟ…ကို ခွံ့ကျွေးမယ်"

"ကိုကလည်း ပြောခါမှ အကြင်နာတွေ ပိုပြနေပြန်ပြီ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကိုကို ချစ်ရတာ"

လှပဝိုင်းစက်သော ပါးစပ်လေးကို ဟပေးရင်း ပြောလိုက်သော မြသားချို၏စကားများကြောင့် ရင်မှာ ကျင်ခနဲနေအောင် ခံစားလိုက်ရသည်။ ဒီအကြင်နာတွေဟာ မကြာခင် အဆုံးသတ်တော့မည်ဆိုတာ မြသားချို မသိသေးပေ။ သိခဲ့လျှင် ဘယ်လောက်တောင် ခံစားသွားရမည်လဲ။ စားသောက်ပြီး မြသားချိုကို ကားလေးပေါ်တင်ခေါ်လာ၍ ကန်ဘောင်ဘက်ရောက်ကာ နှစ်ယောက်အတူ လက်ချင်းတွဲကာ လမ်းလျှောက်ဖြစ်ကြသည်။

"ကို ဒီနေ့ အရမ်းကို ထူးဆန်းနေသလိုပဲ။ အရင်နေ့တွေလောက် စကားများများမပြောပေမယ့် မြသားကို ပိုပြီး ဂရုစိုက်နေသလိုထင်ရတယ်။ မြသားကို ဘာအတွက် သနားနေတာလဲဟင်"

"ဟင်…သြော်…ချစ်တာပါ မြသားရယ်၊ မြသားကို ကို…ချစ်လို့ပါ"

မြသားပခုံးလေးကို ခပ်ကြာကြာ ထွေးဖက်ထားမိ၏။ အချစ်ဆိုသည့်အရာမှာ အပြစ်အနာအဆာမရှိအောင် တစ်ချက်မှတောင် မနမ်းရှိုက်ဖူးပေ။ ပညာရေးတစ်ခုကို အာရုံစိုက်နေရသည့် ချစ်သူကို အတွေးအထိတွေနှင့် ညစ်နွမ်းနစ်မွန်းမခံရက်လောက်အောင် တန်ဖိုးထားမိလို့ပင်။

ဒီလောက်တောင် ချစ်ခဲ့ပြီးကာမှ မြသားရယ်။

ဘယ်လိုခွဲထားခဲ့ရမလဲ…





# အခန်း (၅)

"မင်း ပြတ်ပြတ်သားသားဖြစ်ပြီလား ခွဲညားဖော်"

"ဗျာ"

"မင်း အခုထိ စိတ်မဆုံးဖြတ်ရသေးတာလား၊ ငါပြောတဲ့ကိစ္စကို မလိုက်လျောနိုင်ဘူးလို့ တွေးထားတာလား"

"မ…မဟုတ်ပါဘူး ဖေဖေ"

"ဘာကိုမဟုတ်တာလဲ၊ မင်းကောင်မလေးနဲ့ မပြတ်တော့တာလား၊ ပြတ်ဖို့အတွက် ခက်ခဲနေတာလား"

"ဟုတ်ပါတယ်၊ ချစ်သူတစ်ယောက်ကို အပြစ်အနာအဆာမရှိဘဲ ဒီအတိုင်း အစိမ်းလတ်လတ် ဖြတ်တောက်ဖို့ဆိုတာ သစ္စာရှိတဲ့သူအတွက် အရမ်းကို ခက်ခဲပါတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာ… မင်း သစ္စာတရားလို့ ပြောလိုက်တာလား။ အရမ်းကို သစ္စာရှိကြတဲ့ ချစ်သူတွေ အကြောင်းအမျိုးမျိုးကြောင့် ကွဲကွာကြတာ မင်း မတွေ့ဖူးဘူးလား။ အဲဒီသစ္စာတရားတွေနဲ့ ချစ်ဦးသူတိုင်းရော ပေါင်းသင်းကြရလို့လား"

"သားတို့ချစ်သူသက်တမ်းက ငါးနှစ်နီးပါးတောင် ရှိပါပြီ ဖေဖေ"

"မင်းက ရှေးခေတ်ကလို ဆယ်မိုးဆယ်နွေ ဆယ်ကမ္ဘာလောက်တောင် စောင့်ဦးမလို့လား။ မင်း ငါ့သား မဟုတ်ဘူးလား ခုံညားဖော်၊ ငါ့ကို သက်ထားခင် ထားခဲ့တဲ့အချိန်မှာ အသည်းကွဲရောဂါနဲ့ ငါ့ကိုယ် ငါ ကြာကြာနှစ်မြောမခံဘူး။ မိန်းမတစ်ယောက်အတွက် အဲဒီလောက်ထိ မှေးမှေးမှုံမှုံ ခံစားမနေဘူး။ ကိုယ့်ဘဝအတွက် ဘယ်လိုထူမတ်အောင် ကြိုးစားရမလဲ၊ ဘာဖြစ်အောင် လုပ်ရမလဲဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အားတင်းခဲ့တယ်"

"အဲဒါကြောင့် ချမ်းသာတဲ့မေမေကို ရအောင်ယူခဲ့တာလား ဖေဖေ"

"ဘာ"

မေးခွန်းက အသည်းအချက်ကို တည့်တည့်ထိသွား၏။ ဒီ ရည်ရွယ်ချက်နှင့် ရအောင်ယူခဲ့သည်ဆိုတာတော့ ငြင်းစရာမရှိပေ။ ဒါပေမယ့်လည်း ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ရသည့်အတွက် သားတို့အမေကို တန်ဖိုးထားခဲ့မိတာတော့ အမှန်ပါ။

"အဲဒီစိတ် တစ်ခုတည်းကြောင့်ဆိုရင်တော့ ဖေဖေက





အောက်တန်းကျတဲ့လူတစ်ယောက် ဖြစ်သွားမှာပေါ့ကွာ။ ဒါပေမဲ့ မိဘဆွေမျိုးအသိုက်အဝိုင်းရဲ့ စွန့်ပယ်မှုကိုခံပြီး ကိုယ့်အပေါ် ချစ်မြတ်နိုးနိုင်တဲ့ မိန်းမတစ်ယောက်ကို ဖေဖေ တန်ဖိုးထားလေးစားမိတယ်"

"ဒါဆို အသိုက်အဝန်းရဲ့စွန့်ပယ်မှုအပေါ် မေမေ့ကို အပြစ်ပုံချပြီး အားနည်းချက်တစ်ခုလို ခံစားရအောင် လုပ်နေတာလည်း ဖေဖေ၊ မေမေ ဘယ်လောက်သနားစရာကောင်းလဲ"

"အဲဒီလိုဖြစ်အောင်တော့ ရည်ရွယ်တာမဟုတ်ပါဘူး။ ဒါပေမဲ့ ဖေဖေ့မှာ ပြိုင်ဆိုင်မှုတွေ ရှုံးနိမ့်လာတိုင်း မခံချင်စိတ်ဆိုတာမျိုးနဲ့ ပေါက်ကွဲမိလာတယ်။ တကယ်တမ်းဆိုရင် သားအမေရဲ့မိဘတွေက ဘာမဆိုဖြစ်အောင် လုပ်ပေးနိုင်တဲ့ အသိုက်အဝန်းကြီးကို ပိုင်ပါရဲ့နဲ့ ဖေဖေ့ကို လူရာမသွင်းချင်တာနဲ့ ဆက်ဆံမှုတောင် မလုပ်ခိုင်းခဲ့ဘူး။ မိုးကောင်းက အဲဒီအဆက်အသွယ်ကြောင့် ဒီလောက်ထိ အောင်မြင်လာခဲ့တာ။ သူ့မှာ တခြားလုပ်ငန်းတွေလည်း အများကြီးပဲ သား"

"ဖေဖေက ဘာလို့ ဦးမိုးကောင်းကို ပြိုင်နေတာလဲ ဖေဖေ။ ဒေါ်သက်ထားခင်ကို လုယူသွားလို့လား။ အဲဒီစိတ်ကြောင့် ဖေဖေ့မှာ မခံချင်စိတ်တွေ ပြင်းပြနေခဲ့တာလား"

ဒီတစ်ခါလည်း အချက်ထိစေသောစကားပါပဲ။ သားအမေနှင့် ပဋိပက္ခဖြစ်တိုင်း ဒီအကြောင်းက ပါလာတတ်တာမို့ သားလည်း သိသင့်သလောက် သိနေခဲ့တာပဲ ဖြစ်သည်။ ကိုယ့်မှာလည်း ဖြေရှင်းစရာက အဆင်သင့်ပါ။

"ချန်ထားခံခဲ့ရတဲ့ ယောကျ်ားတစ်ယောက်မှာ မာနကို ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့အတွက် မခံချင်စိတ်ဆိုတာမျိုးတော့ ရှိတာပေါ့ သား။ သားလည်း *ယောကျ်ားတစ်ယောက်ဖြစ်တဲ့အတွက် ကိုယ်ချင်းစာပေးတတ်လိမ့်မယ်* လို့ မေမေ ထင်ပါတယ်။ ဒါပေမယ့် အချစ်တွေကြောင့် သက်ထားခင်အပေါ် အချစ်တွေ ကျန်နေသေးလို့ မေမေ ဒီလိုဖြစ်နေတာ မဟုတ်ဘူးဆိုတာတော့ သား ယုံကြည်ပေးပါ။ ယောကျ်ားဆိုတာ မခံချင်စိတ်နဲ့ မာနဆိုတာတော့ ရှိကြတာပဲ သား။ ကိုယ့်ကိုထားခဲ့တဲ့အကြောင်းအရင်းအတွက် လက်တုံ့ပြန်ချင်ကြတာပဲ။ ဒါပေမယ့် အားမတန်လို့ မာန်လျှော့နေရတဲ့အခြေအနေက ပိုပြီး ခံပြင်းမှုဖြစ်စေတယ်။ ဒါကြောင့် သားကို သက်ထားခင်သမီးနဲ့ လက်ထပ်စေချင်တာ။ အခုချိန်မှာ မေမေ့စိတ်ထဲမှာ အဲဒီဆန္ဒပဲ ပြင်းပြနေတယ် သား"

အမိန့်သံမပါသော် လိုက်လျောပေးစေချင်တာက သိသာနေသည်။ မေမေ့စိတ်ကို ကိုယ်ချင်းစာကာ ငြင်းရမှာလည်း အားမရှိတော့သလို ဖြစ်နေသည်။ ချစ်သူနှင့်အမေ သူ ဘယ်သူ့ကို ဦးစားပေးရမလဲ။

ချစ်သူကို ထားခဲ့ရမှာ ဝန်လေးနေသလို မေမေ့ဆန္ဒတွေလည်း ပြည့်မြောက်စေချင်သည်။ ဖြစ်နိုင်လျှင် သူ့ကိုယ်သူ နှစ်ကိုယ်သာ ခွဲလိုက်ချင်၏။

"သား ဘာတွေစဉ်းစားနေတာလဲ။ သားကိုလည်း ချစ်သူနဲ့ ခွဲရမှာ မေမေ ကိုယ်ချင်းမစာလို့ မဟုတ်ပါဘူး။ ဒါပေမယ့် လူ့လောကမှာ နေထိုင်လာရင်းနဲ့ အချစ်က အဓိကမကျဘူးဆိုတာ သားလည်း သဘောပေါက်လာပါလိမ့်မယ်။ ငွေဆိုတာ အဆင်ပြေရုံလောက်ရှိရုံနဲ့ လူ့အသိုက်အဝန်းမှာ အသိအမှတ်ပြုမခံရဘူး သား။ လုပ်ငန်းလုပ်တယ်





ဆိုတိုင်းလည်း စားဝတ်နေရေး အဆင်ပြေရုံလောက်နဲ့ မဖြစ်ဘူး။ စီးပွားရေးလောကမှာ သူများထက် အောင်မြင်အောင် ကြိုးစားနိုင်ဖို့ လိုတယ်။ သားက အခုမှ စီးပွားရေးလောကထဲဝင်လို့ ဘာမှနားမလည်သေးဘဲ လောကကြီးရဲ့မှန်းလည်း မသိသေးတာ။ တကယ်လုပ်ပြီဟေ့ဆိုတာနဲ့ သူများထက် အောင်မြင်ချင်တဲ့စိတ်တွေ ပြင်းပြလာမှာပဲ"

"ဟုတ်တော့ဟုတ်ပါလိမ့်မယ် မေမေ၊ ဒါပေမဲ့ လူဆိုတာ ကိုယ့်အတိုင်းအတာလောက်ပဲ မျှော်လင့်တာကောင်းလိမ့်မယ် ထင်ပါတယ်။ အောင်မြင်မှုဆိုတာလည်း လောကကြီးတိုင်း ရနိုင်တဲ့အရာမျိုးမှ မဟုတ်တာ"

"မှန်တယ်၊ ဒါပေမယ့် အဲဒီအောင်မြင်မှုကိုရဖို့ လူကပဲ လုပ်ယူရတာ။ မကြိုးစားလို့ ကျန်ခဲ့တဲ့သူတွေကို မေမေ အထင်မကြီးဘူး။ ကြိုးစားပါရဲ့နဲ့ ကျန်ခဲ့တယ်ဆိုတဲ့ ဆင်ခြေပေးတဲ့သူမျိုးကိုလည်း မေမေ မုန်းတယ်။ ပန်းတိုင်ရှိတဲ့နေရာကို ဒီလမ်းကသွားလို့ မရောက်နိုင်ရင် နောက်တစ်လမ်းက ကွေ့သွားတတ်ရတယ်။ အချိန်တန်ရင် ရောက်မှာပဲလို့ ပျော့ညံ့တဲ့စိတ်နဲ့ လျှောက်နေလို့ကတော့ မင်း သူများနောက်မှ ရောက်မှာပဲ။ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချပါ သား။ သား ဘာလုပ်မှာလဲ"

"သားကို စဉ်းစားဖို့ အချိန်လေးပေးပါ မေမေ"

"မပေးနိုင်တော့ဘူး"

"ဗျာ"

"ဒီနေ့ည မိတ်ဆွေတစ်ယောက်ရဲ့ဒင်နာမှာ မိုးကြေးဝင်းတို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနဲ့ဆုံဖို့ ရှိတယ်။ အဲဒီပွဲမှာ သားနဲ့ မိတ်ဆက်ပေးဖို့ စဉ်းစားထား တာ။ စံထိပ်ထားကို အရင်ဆုံး စီးပွားရေးနဲ့ပတ်သက်တဲ့ ဒီဇိုင်းတွေနဲ့ ပတ်သက်တဲ့ကိစ္စတွေပြောပြီး စည်းရုံးစေချင်တယ်"

"ဖေဖေ အဲဒီလောက်မြန်မြန်"

"ဘာကိုအချိန်ဆွဲချင်တာလဲ သား၊ မင်း ဟိုဘက်ကိုလည်း ပြတ်ပြတ်သားသား လုပ်သင့်နေပြီ၊ ဒီဘက်မှာလည်း ဒီလိုတိုက်ဆိုင် ဖို့ဆိုတာ အခွင့်အရေးနှစ်ခါ ထပ်မရနိုင်ဘူး"

"ဟို"

"ဟိုတွေဒီတွေ မလုပ်နဲ့ သား၊ သားကို ဖေဖေ စိတ်တိုင်းမကျ တာ အဲဒါတွေပဲ။ ငယ်ငယ်ကတည်းက မင်းအမေနဲ့တူပြီး ဘယ်အရာမှ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်တယ်ဆိုတာ မရှိဘူး။ အမြဲတမ်း တွေဝေတယ်၊ တွန့်ဆုတ်တယ်။ အဲဒီလိုစိတ်ဓာတ်မျိုးက စီးပွားရေး လောကမှာဆိုရင် နောက်ကျကျန်ခဲ့တတ်တယ်၊ နားလည်လား သား"

သူ ဖေဖေကို ဘာမှပြန်မပြောနိုင်။ သူကလည်း ဖေဖေလို စိတ်ဓာတ် မပြင်းထန်တာ၊ မပြတ်သားတာတော့ အမှန်ပါပဲ။

ဒါပေမယ့် ချစ်သူကို အစိမ်းလတ်လတ် အသည်းခွဲထားခဲ့ပြီး စွန့်လွှတ်ရမှာ ဒီလောက် တွေဝေမိတာ အပြစ်လား။ မြသားမှာ အပြစ် မရှိပါဘဲ။

"သား"

"ဗျာ…ဗျာ…ဖေဖေ"

ဖေဖေ စိတ်မရှည်ဖြစ်ကာ ဆောင့်အော်လိုက်တာမို့ သူ အလန့်





တကြား ဖြစ်သွားရသည်။ ဖေဖေက မျက်ခုံးနှစ်ခုကို တွန့်ကွေးစုကျုံ့ လျက် သူ့ကို မျက်ထောင့်နီဖြင့် ကြည့်နေပြီး–

"မင်း အဲဒီပုံစံ၊ အဲဒီအချိုးကို ပြင်စမ်း ခုညားဖော်…မင်းဆီက ငါ ဘာဆင်ခြေမှလည်း ထပ်မကြားချင်တော့ဘူး။ ငါပြောတာပဲ နားထောင်၊ ငါ့အမိန့်ပဲ နာခံတော့။ ငါပြောတာ ကြားလား ဟိုတ်ကောင်"

"ဟုတ်…ဟုတ်ကဲ့"

"ညနေ ဒင်နာသွားဖို့ အဆင်သင့်ပြင်ထား။ ဟိုကျရင် စံထိပ်ထားတို့မိသားစုကို ငါ စိတ်ကျေနပ်အောင် ဆက်ဆံပေးဖို့ မမေ့နဲ့။ ငါ့ကို မျက်နှာပျက်အောင်လုပ်ရင် မင်းနဲ့ငါနဲ့ သားအဖဇာတ်လမ်း ပြတ်ပြီလို့သာ အောက်မေ့လိုက်"

ပြောချင်ရာပြောပြီး ရှောင်ထွက်သွားတတ်တာ ဖေဖေ့အကျင့် ဖြစ်သည်။ သူ တွေဝေငေးငိုင်ရင်း ဝမ်းနည်းစွာ ကျန်ရစ်ခဲ့၏။ မေမေ က သူ့အနားရောက်လာကာ သူ့ပခုံးလေးကို ဖက်၍နှစ်သိမ့်သည်။

"မေမေ"

"သားအဖေနဲ့ ပြောနေတာတွေ မေမေ အားလုံးကြားပါတယ်။ ကြားမဝင်သာလို့ ဧည့်ခန်းထဲကို မေမေ ဝင်မလာခဲ့တာပါ။ မေမေ လည်း သားအဖေကသာ ဖောက်ပြန်တတ်တဲ့သူဆိုရင် သားဘက်က မေမေ ရပ်တည်ပေးမှာပါ သားရယ်…အခုတော့"

"သား နားလည်ပါတယ် မေမေ၊ ဖေဖေ့ကိုရော မေမေ့ကိုရော သား အပြစ်မပြောပါဘူး။ ဖေဖေ့မှာလည်း ဖေဖေ့ခံစားချက် ရှိနေနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲ။ မေမေက သားကို အမိန့်တွေပေးပြီး ဖြစ်ချင်တဲ့အတိုင်း ပုံစံတွေသွင်းခဲ့ပေမယ့် မကောင်းမတာ ပြည့်စုံအောင်ထားခဲ့တဲ့ ကျေးဇူးတရားတွေ ရှိပါတယ်။ လောဘလို့ ပြောလို့ရပေမယ့် စီးပွားရေးကို သူ့အတိုင်းအတာနဲ့သူ အောင်မြင်အောင် ကြိုးစားနိုင်ခဲ့တာလည်း ဖေဖေ့ရဲ့ ပြင်းထန်တဲ့အစွမ်းအစကြောင့်ပါ။ သားက အမေတူသားဖြစ်နေတော့ ဖေဖေ့စိတ်တိုင်းမကျဖြစ်နေတာ ဖြစ်လိမ့်မယ်"

"အင်း…သားအဖေပြောမယ်ဆိုလည်း ပြောချင်စရာပါပဲ။ မေမေက အမြဲတမ်း တွေဝေချင်တယ်၊ မပြတ်သားဘူး။ မိဘတွေဆီကို ခေါင်းတိုးရှေ့ရင် အဆင်ပြေမလားလို့ တွေးမိပေမယ့် ယောကျ်ားအတွက် အကူအညီလိုချင်လို့လားလို့ ထင်လိုက်မှာစိုးလို့ ခပ်ကင်းကင်းပဲ နေလိုက်မိတယ်။ သားကိုခေါ်ပြီးသွားပြန်ရင် အမွေလိုချင်လို့ ထင်မှာစိုးတာကြောင့် သားနဲ့လည်း မရင်းနှီးစေခဲ့ပြန်ဘူး"

"မြေးအဖြစ် မသတ်မှတ်လည်း သား ဝမ်းမနည်းပါဘူး မေမေ၊ သူတို့သဘောမတူတဲ့သူရဲ့ သွေးသားဖြစ်နေတဲ့အတွက် သူတို့မကြည်ဖြူနိုင်၊ အသိအမှတ်မပြုနိုင်တာ သားတို့ ဘာတတ်နိုင်မှာလဲ"

"အဲဒါ မေမေရဲ့ မပြတ်သားတဲ့စိတ်ကြောင့်ပါ သား။ မိဘနဲ့ သားသမီး အဲဒီလောက် သံယောဇဉ်ဖြတ်စရာ မလိုဘဲနဲ့ အပြစ်ရှိတဲ့သူ တစ်ယောက်လို ခံစားပြီး အနေဝေးပြီးနေခဲ့တယ်။ အောက်ကျို့ခံရမှာ မရှုက်ပေမယ့် သားအဖေကို အထင်သေးစရာ ဖြစ်သွားမလား မေမေ စိုးရိမ်ခဲ့တယ်။ အဲဒါတွေကြောင့်ပဲ သားအဖေအတွက် နာကြည်းစရာတွေ ပိုဖြစ်သွားရတာ။ ယောက္ခမတွေက လူရာမသွင်းတာဟာ မာန





ထိခိုက်တာပေါ့ သား။ သူ ဒါကြောင့်လည်း သူ အရမ်းချမ်းသာချင်ခဲ့တာ။ အဲဒီစိတ်ကြောင့်ပဲ ကြိုးလည်းကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် စီးပွားရေးလောကဆိုတာ ခွန်အားရှိသလောက် ကြိုးစားတိုင်းလည်း အောင်မြင်တာ မဟုတ်ဘူးလေ။ ရင်းနှီးမြှုပ်နှံနိုင်ဖို့ထက် အသိုက်အဝန်းကောင်းဖို့လည်း လိုအပ်တယ်။ ဦးမိုးကောင်းတို့က အဲဒါတွေ သာသွားတာပေါ့ သား"

မေမေပြောတော့လည်း ဖေဖေ့ကို သနားမိသလို ဖြစ်သွားမိလေသည်။ အရာရာတိုင်းကို အားနည်းချက်တွေနှင့်ပဲ ရင်ဆိုင်နေရတာ မဟုတ်ပါလား။ သူ ဘာလုပ်ရတော့မည်ဆိုတာ ဆုံးဖြတ်ချက်ချရတော့မည်ထင်သည်။ ဒီဘဝအတွက်တော့ နှုတ်ဆက်ရတော့မယ် ထင်ပါရဲ့ မြသားရယ်…။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

"နှုတ်ဆက်လိုက်ဦး…ဒါ စီးပွားရေးလောကမှာ အရမ်းကို အောင်မြင်နေတဲ့ ဦးမိုးကောင်း"

"ဟုတ်ကဲ့…တွေ့ရတာ ဝမ်းသာဂုဏ်ယူပါတယ်ခင်ဗျာ"

"ဒါက ဦးမိုးကောင်းရဲ့ဇနီး ဒေါ်သက်ထားခင်"

"ဟုတ်ကဲ့ပါခင်ဗျာ"

"သူလေးကတော့ ဦးမိုးကောင်း၊ ဒေါ်သက်ထားခင်တို့ရဲ့သမီး ချောလေး စံထိပ်ထားတဲ့၊ သား မှတ်ထားဦး"

"ဟုတ်ကဲ့…ကျွန်တော် ခွန်ညားဇော်ပါခင်ဗျ"

"ဟုတ်ကဲ့ရှင့်"





ဖေဖေ စိတ်ကျေနပ်အောင် သူ ဖော်ရွေစွာပင် ဆက်ဆံပေးလိုက်သည်။ ဦးမိုးကောင်းတို့မိသားစုကလည်း အားလုံး စိတ်ထားမြင့်မြတ်ကာ သဘောကောင်းကြသည့်ပုံစံမျိုးပင်။ စံထိပ်ထားကလည်း နာမည်နှင့်လိုက်ဖက်အောင် ဖော်ဝင်မျိုးနွယ်တစ်ပါးလို တင့်တယ်စွာ လှပလွန်းလေသည်။

"ဦးဥက္ကာသားကလည်း လူချန်လူချောပဲဗျ။ အဖေတူသားမို့လို့ ထင်တယ်"

"အဟင်း…သားက ပညာအရာမှာတော့ ကျွန်တော့်ထက်တော်တယ်ဗျ။ စီးပွားရေးအမြင်လည်း လှုငယ်ဆိုတော့ ပိုပြီးထက်မြက်တယ်လို့ ပြောရမယ်။ ဒီပညာရပ်တွေ နိုင်ငံခြားမှာ နှစ်နှစ်လောက် သင်ခဲ့သေးတာဆိုတော့ အတိုင်းထက်အလွန်ပေါ့ဗျာ"

"ချီးကျူးလွန်းလှချည်လားဗျာ…ကျွန်တော့်သမီးကလည်း အဲဒီအတိုင်းပါပဲ။ အဖေထက် သားတစ်လကြီးတွေချည်းပဲဗျ။ ကျွန်တော်တို့ သားသမီးမွေးရကျိုးနပ်တယ် ပြောရမလား၊ ကံတူအကျိုးပေးပဲ ပြောရမလား။ သားသမီးတွေ လိမ္မာတော့ ကျွန်တော်တို့မိဘတွေ စိတ်ချမ်းသာရတာပေါ့ဗျာ။ မဟုတ်ဘူးလား ဦးဥက္ကာ"

"မှန်ပါ…မှန်ပါ"

ဖေဖေနှင့်ဦးမိုးကောင်းက တကယ့်မိတ်ဆွေရင်းချာတွေလို ဖော်ရွေရင်းနှီးစွာ ဆက်ဆံနေကြသည်။ ဘာလို့များ ဒီလိုလူကို ဖေဖေအာ ပြိုင်ဆိုင်ပြီး ရန်သူတစ်ယောက်လို အငြိုးအတေးထားနေရတာပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ထားခင်ကလည်း အေးဆေးတည်ငြိမ်စွာနှင့်…

"ကိုဉက္ကာအမျိုးသမီးကို ဘာလို့ခေါ်မလာတာလဲ ကိုဉက္ကာ"

"သူက ဒီလိုလူအများကြီးနဲ့ပွဲဆို သိပ်မလိုက်တတ်ဘူးဗျ။ ခေါင်းကိုက်တယ်ဆိုပြီး နေခဲ့တော့တာပဲ။ တကယ့်မိတ်ဆွေရင်းချာပွဲတွေဆိုရင်တော့ မဖြစ်မနေတော့ တက်ပါတယ်"

"ကျွန်မလည်း အဲဒီလိုပါပဲရှင်…တော်ရုံတန်ရုံပွဲလောက်ဆိုရင်တော့ သမီးနဲ့သူ့အဖေကိုပဲ လွှတ်လိုက်တော့တာ။ အသက်အရွယ်လေးလည်းရလာပြီဆိုတော့ နေရာတကာ သွားချင်လာချင်စိတ် မရှိတော့ဘူး။ တရားဘာဝနာလေးနဲ့ အိမ်မှုကိစ္စတွေ စီမံရင်းနဲ့ပဲ နေချင်တော့တာ။ သမီးအဖေအတွက်လည်း သမီးက အားကိုးလို့ရပြီဆိုတော့ တော်ရုံတန်ရုံကိုလည်း စိတ်ချရပြီလေ"

"ဒါပေါ့ဗျာ…သမီးလိမ္မာလေး ရထားတော့ မိဘတွေ စိတ်ချမ်းသာရတာပေါ့။ ကျွန်တော့်သားကလည်း မိဘကို ဘယ်တော့မှ စိတ်ဆင်းရဲမှုမပေးဘူး။ လိမ္မာတယ်၊ သိမ်မွေ့တယ်။ သင်ပေးထားတဲ့ ပညာကြောင့် စီးပွားရေးအကြောင်းလည်း နားလည်တယ်။ လူကြီးသူမလည်း ရိုသေလေးစားကိုင်းရှိုင်းတတ်တယ်ဆိုတော့ ကျွန်တော့်အတွက် အားကိုးရတဲ့ သားတစ်ယောက်ပါပဲ"

ဖေဖေက ဦးမိုးကောင်းတို့ရှေ့မှာ သူ့ကို လိုအပ်တာထက် ပိုပြီး အရမ်းဂုဏ်ယူချီးကျူးပြနေတော့ သူ မနေတတ်တော့ပေ။ ဖေဖေ့အနေနှင့် ဦးမိုးကောင်းတို့က သူ့ကို လိုလားလာအောင် တမင်မြှောက်ပင့်ပြောနေတာ သူ မသိဘဲနေပါ့မလား။ လူတစ်ယောက်အခြေအနေကို





သိလိုက်တာနှင့် ဦးမိုးကောင်းတို့လည်း သိနေမှာပါ။

"ကဲ…သုံးဆောင်ပါဦး… ဦးဉက္ကာ၊ သားလည်း စားလေ။ ပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"ဟုတ်ကဲ့ခင်ဗျ…သုံးဆောင်ပါ အန်ကယ်…အန်တီ"

သူ့ဘက်မှာရောက်နေသော ဟင်းခွက်တွေထဲက အရှိအသေနှင့် ဦးချပေးလိုက်သည်။ ဖေဖေ့အတွက်ပါထည့်ပြီး စံထိပ်ထားပန်းကန်ထဲလည်း ဂရုတစိုက်လေး ထည့်ပေးလိုက်၏။ ဒါကတော့ သူဟန်ဆောင်ခြင်း မဟုတ်ပါ။ လူကြီးသူမများကို တလေးတစား ဂရုစိုက်တတ်တာတော့ သူ့အကျင့်ပင်။

စံထိပ်ထားက အားတုံ့အားနာဖြင့် သူ့ပန်းကန်ထဲကို ဟင်းပြန်ထည့်ပေးပြီး–

"ကိုခံ့ညားဖော်လည်း သုံးဆောင်ပါ"

"ဟုတ်ကဲ့ခင်ဗျ…ကျေးဇူးပါ"

စံထိပ်ထားလည်း ချမ်းသာသလောက် ဘဝင်မြင့်ပြီး မာနကြီးသည့်အထဲမှာ မပါပေ။ မျက်နှာလေးက ပြုံးချိုကာ ကျက်သရေရှိလှပြီး နူးညံ့သိမ်မွေ့လွန်းလှသည်။ ဒီမိန်းကလေးကို သူ လက်ထပ်ဖို့အတွက် ကြိုးစားရမည်တဲ့လား။

ဒီအချိန်မှာ မြသားကို သတိရမိသွားခဲ့တာတော့ အမှန်ပင်။ ငွေကြေးမပြည့်စုံမှုကြောင့်သာ အဆင့်အတန်း အခွဲခံလိုက်ရတာမဟုတ်ပါလား။ မြသားမှာ ငွေကြေးချို့တဲ့ပြီး ဆင်းရဲတာကလွဲလျှင် တခြားအပြစ်အနာအဆာဆိုတာ မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



စံထိပ်ထားနှင့် အခြေအနေ၊ အသိုက်အဝန်း ကွာဟမှုကြောင့် ခွဲခြားခံလိုက်ရရှာသော မြသားချိုကို ရင်ထဲက တစိမ့်စိမ့် သနားကရုဏာ ဖြစ်နေမိသည်။

သူ့အဖြစ်ကရော ဘယ်လိုမျိုးလဲ။ ချစ်သူကို စွန့်လွှတ်ပြီး တခြားမိန်းကလေးတစ်ယောက်အချစ်ကို ရအောင်ကြိုးစားရဦးမည်။

ဘယ်လောက်တောင် ရင်မောဖို့ကောင်းလိုက်ပါသလဲ။

စံထိပ်ထားနှင့်မြသားချို…





## အခန်း (၇)

"ဘာပြောတယ် ကို…ဘာပြောလိုက်တယ်"

"ကို တခြားမိန်းကလေးတစ်ယောက်ကို လက်ထပ်ရမယ့် အခြေအနေမျိုး ဖြစ်လာခဲ့မယ်ဆိုရင်"

"ကို"

အားတင်းကာပြောလိုက်၊ နောက်ထပ်စကားတွေအတွက် မြသားအလန့်တကြား အော်လိုက်တာကြောင့် အဆုံးသတ်ထိအောင် မပြောလိုက်ရပေ။ မြသားက သူ့မျက်နှာကို မယုံမရဲ အံ့သြသလိုကြည့်နေပြီး-

"ကို ပြောလိုက်တာက မြသားမဟုတ်တဲ့ တခြားတစ်ယောက်ကို ကို လက်ထပ်မယ်ဟုတ်လား၊ အဲဒီလိုလား ကို"

"ဖေ…ဖေဖေ စီစဉ်နေလို့ ကို ပြောပြ"



www.burmeseclassic.com

www.burmeseclassic.com



"ကို…ကိုက ကလေးလား၊ အရွယ်မရောက်သေးတဲ့ သူငယ်နှပ်စားလား၊ ကိုယ့်ကိုယ်ကို မစဉ်းစားမဆုံးဖြတ်နိုင်သေးတဲ့ လူလားမမြောက်သေးတဲ့သူလား။ ကို့အဖေက အိမ်ထောင်ချပေးဖို့ စီစဉ်နေတယ်ဆိုလည်း ကို့မှာ လက်ထပ်ဖို့ ကတိပေးထားတဲ့ ချစ်သူရှိတယ်လို့ ပြောလိုက်ပါလား ကို"

"ပြော…ပြောပြီးပါပြီ မြသား…ဒါပေမယ့် ဖေဖေက"

"မြသားလို မပြည့်စုံတဲ့သူနဲ့ သဘောမတူနိုင်ဘူး။ အဆင့်အတန်းတူ၊ ဂုဏ်ဒြပ်တူတဲ့သူနဲ့ လက်ထပ်ရမယ်။ အဲဒီလို စည်းရုံးသိမ်းသွင်းတာလား၊ အမိန့်ပေးလိုက်တာလား"

"မြသား"

"ဒီလိုဇာတ်လမ်းမျိုးတွေ ဟိုဘက်ခေတ်မှာ ကျန်ခဲ့ပြီလို့ ထင်နေတာ။ ဒါက ဘယ်လိုဖြစ်ရတာလဲ ကို…မြသားကို ရှင်းပြပါဦး"

မခံမရပ်နိုင် မျက်နှာလေး နီမြန်းစွာ ပေါက်ကွဲနေသော မြသား မျက်နှာလေးကို သူ စိတ်မချမ်းမြေ့စွာ ကြည့်မိရင်းက မကြည့်ရက်သလို မျက်နှာလွှဲလိုက်မိရင်း သက်ပြင်းတွေပါ အလုံးအရင်းချမိလိုက်၏။

"မြသားရယ်…ကို ဘယ်လိုပြောရမလဲ၊ ခေတ်ဟောင်း စနစ်ဟောင်းက ဓလေ့ထုံးစံဆိုပေမယ့်လည်း မိဘနဲ့သားသမီးကြားမှာ မလွန်ဆန်နိုင်ရတဲ့အကြောင်းအရင်းဆိုတာတွေက ရှိသေးတယ်လေ"

"ဒါဆို ကိုက မိဘတွေ စီမံမှုကို မလွန်ဆန်ဘဲ လက်ထပ်မယ်ပေါ့…ဟုတ်လား ကို"





"ကိုက"

"ရှင်းရှင်းပြော…ကို၊ မြသားကို ထားခဲ့မှာလား၊ မြသားကို လက်မထပ်တော့ဘူးလား"

"မြသားရယ်…ကို"

"ဘယ်လိုဖြစ်ရတာလဲ…ဘာလို့ ပြောင်းလဲသွားရတာလဲ။ မြသားကို ချစ်တယ်ဆို…မြသားကို လက်ထပ်မယ်လို့ ကတိပေးထားတယ်လေ"

"ဟုတ်ပါတယ်…မြသားကို…ကို ချစ်ပါတယ်။ လက်လည်း ထပ်ချင်ပါတယ်။ ဒါပေမယ့် ဖေဖေက အားလုံး စီစဉ်ထားတယ်။ ကို လွန်ဆန်လို့မရအောင် ချုပ်ကိုင်ထားတယ်။ မေတ္တာတွေနဲ့ စည်းရုံးသိမ်းသွင်းတယ်။ ကို ဘယ်လိုမှ"

"အကြောင်းအရင်းက မြသားကို ထားခဲ့ဖို့ ဆုံးဖြတ်ပြီးပြီဆိုတဲ့ သဘောပဲမဟုတ်လား။ မြသားအတွက် မြသားဘက်က မြသား ဘယ်လိုခံစားရမယ်ဆိုတာကို မစဉ်းစားပေးတော့ဘူး။ ကိုယ်ချင်းစာမပေးနိုင်တော့ဘူး။ အဲဒီလိုလား ကို…ပြောပါ…ပြောစမ်းပါ"

သူ့ရင်ဘတ်ကို ဆောင့်တွန်းထိုးရင်း ငိုသံစွက်လျက် မြသား မေး၏။

မြသား လက်ကလေးတွေကို သူ အားနှင့်ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"မြသား…ကိုတို့ လူချင်းဝေးသွားပေမယ့် အချစ်ချင်းတော့ အမြဲတမ်း နီးစပ်နေမှာပါ မြသားရယ်။ ကိုတို့အချစ်တွေက ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ပျက်၊ပျက်စီးသွားမှာမှ မဟုတ်ဘဲ”

“မြသားကို နှစ်သိမ့်နေတာလား။ လူချင်းမရတော့ပေမယ့် အချစ်တွေ ရှိပါသေးတယ်ဆိုပြီး စိတ်ကူးယဉ်နိုင်းနေတာလား။ တစ်သက်လုံး အဲဒီအချစ်တွေကို လွမ်းဆွေးတမ်းတပြီး သတိရနိုင်းနေတာလား။ မြသား စိတ်ကူးမယဉ်တတ်ဘူး ကို…မိသားစုအတွက် ထိုက်သင့်သလောက် အဆင်ပြေသွားရင် ကိုနဲ့လက်ထပ်ကြမယ်လို့ ဆုံးဖြတ်ပြီးတဲ့အတိုင်း မြသား ကိုနဲ့ လက်ထပ်ချင်တယ်။ မြသား တစ်သက်လုံး ပင်ပန်းခဲ့သမျှ ကိုပခုံးမှာမှီပြီး အမောအပန်းဖြေချင်တယ်။ အဲဒီအချိန်လေးကို မျှော်လင့်ပြီး မြသား တောင့်ခံထားတာပါ”

“မြသားရယ်”

“ကို ဘာလို့ သစ္စာမဲ့တာလဲ။ ကို ဘာလို့သစ္စာဖောက်တာလဲ။ မြသားကို ချစ်တယ်ဆိုရင် မိဘတွေကို လွန်ဆန်ရဲရမယ်၊ ဆန့်ကျင်ရဲရမယ်၊ စွန့်စားရဲရမှာပေါ့ ကို…အချစ်တွေနဲ့ မြသားတို့နှစ်ယောက်ဘဝကို ထူထောင်လို့ရတာပဲ။ မြ…မြသား ကို့အဖေကို အသနားခံကြည့်ရမလား၊ တောင်းပန်ကြည့်ရမလားဟင်”

“မြသား…မြသားရယ်”

မျက်ရည်တွေနှင့်ပြောနေသော မြသားကို သူ သနားကြင်နာလွန်းစွာ ခပ်တင်းတင်းလေး ထွေးဖက်ထားလိုက်မိသည်။ မြသားက လွန့်ခနဲ ရုန်းဖယ်လိုက်လျက်–

“မြသားကို ဒီလိုပုံစံမျိုးတွေနဲ့ မနှစ်သိမ့်ပါနဲ့၊ မထွေးဖက်ပါနဲ့။ သနားချင်ဟန်မဆောင်ပါနဲ့ ကို…မြသားကို တကယ်ချစ်ရင် မြသားကိုပဲ





လက်ထပ်ပါ။ ဟိုတစ်ယောက်ကို ကို…မချစ်ဘူးမဟုတ်လားဟင်”

“တစ်ခါလောက်ပဲ လူချင်းဆုံဖူးသေးပါတယ်။ ကိုက စံထိပ်ထားကို ချစ်လို့ လက်ထပ်ဖို့ လက်ခံခဲ့တာ မဟုတ်ပါဘူး”

“စံထိပ်ထားတဲ့လား…အရမ်းချမ်းသာတဲ့အသိုက်အဝန်းကမို့ ကို့အဖေ သဘောတူခဲ့တာဖြစ်မှာပေါ့။ ဒါပေမယ့် ကို ဘာလို့မငြင်းတာလဲဟင်…မြသားကို အပျော်တွဲရုံချစ်ခဲ့တာလား”

“မ…မဟုတ်ပါဘူး မြသားရယ်။ မြသားကို ကို တကယ်ချစ်ခဲ့တာပါ။ အရမ်းကို ချစ်ခဲ့တာပါ။ လက်ထပ်ဖို့အထိ တန်ဖိုးထားခဲ့တာလည်း မြသား အသိပါပဲ။ အပျော်မကြံရက်အောင် မြတ်နိုးခဲ့တာတွေ မြသား နားလည်ခဲ့တယ်မဟုတ်လား”

“ဘာပဲဖြစ်ဖြစ် အခုတော့ မြသားကိုထားခဲ့ဖို့ ကို့အဖေဆန္ဒကို မလွန်ဆန်ဖို့ ပြတ်ပြတ်သားသား…. ကို ဆုံးဖြတ်ပြီးပြီမဟုတ်လား ကို”

“ကို့ကို ခွင့်လွှတ်ပါ၊ နားလည်ပေးပါ မြသား”

“ဟင့်အင်း…နားလည်မပေးနိုင်ဘူး…နားလည်မပေးနိုင်ဘူး ကို၊ မြသားကို ချစ်တယ်ဆိုရင် ကို မြသားကို ဘာလို့ထားခဲ့ရမှာလဲ။ မြသားမဟုတ်တဲ့ တခြားမိန်းကလေးကို လက်ထပ်ဖို့ ဆုံးဖြတ်ရမှာလဲ။ မြသား ကို့ကို ချစ်တယ်။ ကို့ကို မခွဲနိုင်ဘူး”

“မြသားရယ်”

“ဟင့်အင်း…မြသားကို ခွဲမထားခဲ့ပါနဲ့…မထားခဲ့ပါနဲ့။ စံထိပ်ထားကို လက်မထပ်ပါနဲ့။ ကို စဉ်းစားပါဦး။ မြသားကို ငဲ့ညှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ စာနာပါဦး… ကို”

သူ့ရင်တွေ မွန်းကျပ်ကာ အသက်ရှူလို့တောင် မဝတော့ချေ။ မြသား ခံစားနေတာကြည့်ပြီး သူ့မျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝိုင်းပြည့်လျှံလာပါသည်။ သူ မြသားကို ဘယ်လိုနှစ်သိမ့်ဖျောင်းဖျရမလဲ။

နေခဲ့လိုက်ပါတော့လို့ ရက်စက်စွာ မပြောရက်။ လိုက်ခဲ့ပါတော့လို့လည်း သတ္တိရှိစွာ မခေါ်ရဲ။ မလူးသာ မလွန့်သာ၊ မတိမ်းသာမရှောင်သာ အခြေအနေတစ်ခုမှ ချစ်သူ့မျက်ရည်တွေကို ဒီအတိုင်းကြည့်နေဖို့သာ တတ်နိုင်တော့သည်လား။

အသိပေးပြီးပြီမို့ မြသား သွေးအေးသွားလျှင် ခံစားရသက်သာသွားပါလိမ့်မည်။ သူ ဒီထက် မြသားမျက်ရည်တွေကို မကြည့်ရက်တော့ပါ။

ပင့်သက်အရှိုက်မှာ မျက်ရည်စက်တွေပါ လွင့်စင်သွားလျက်…





# အခန်း (၈)

“ဟင်…ထိပ်ထား”

“သြော်…ကိုခံ့ညား”

အမှတ်တမဲ့ ပခုံးချင်းတိုက်လုလုရှိမှ နှုတ်ဆက်လိုက်ရသည်။ ခံထိပ်ထားလက်ထဲမှာ လက်ဆွဲအိတ်တွေ တပွေ့တပိုက်နှင့်ပါ။

“ဈေးဝယ်လာတာလား ထိပ်ထား”

“ဟုတ်ကဲ့…ကုမ္ပဏီပိတ်ရက် ဆန်းဒေးဆိုရင်တော့ ထိပ်ထားက လိုအပ်တဲ့အသုံးအဆောင် အဝတ်အစားတွေ လာဝယ်တတ်တယ်။ မေမေနဲ့ဖေဖေအတွက် ဆေးလိုရင်လည်း ထိပ်ထားပဲ ဝယ်ပေးရတာ၊ ကိုခံ့ညားကရော”

“ကျွန်တော်လည်း ဒီလိုပါပဲ၊ ဈေးဝယ်ထွက်လာတာ”

“ကိုခံ့ညားက ယောကျ်ားလေးဖြစ်ပြီး ဈေးဝယ်တတ်တယ်လား”



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…နိုင်ငံခြားမှာ ကျောင်းနှစ်နှစ်တက်ခဲ့တာ၊ လိုအပ်တာ ကိုယ့်ဘာသာဝယ်ရတာပဲလေ။ ဒီမှာလည်း တခြားမောင်နှမသားချင်းမှမရှိတာ။ ကိုယ့်အတွက် ကိုယ့်ဘာသာ ဝယ်ရတာပေါ့"

"မဟုတ်ပါဘူး…တချို့က သူငယ်ချင်းအပေါင်းအသင်းတွေနဲ့သွားတတ်လာတတ်ကြလို့ပါ"

"ထိပ်ထားလည်း တစ်ယောက်တည်းပဲမဟုတ်လား"

သူမမေးခွန်းကို သူ သဘောပေါက်ကာ ပြန်မေးတော့ စံထိပ်ထား ရယ်ပါသည်။ ချစ်သူရည်စား မရှိဘူးလားလို့ သူမ သွယ်ဝိုက်ကာ သိချင်နေတာပဲမဟုတ်လား။ သူက သူမအပြုံးမျက်နှာလေးကို ခဏမျှ စိုက်ကြည့်ပြီးမှ-

"ထိပ်ထား…ဈေးဝယ်လို့ပြီးပြီလား"

"ပြီးပြီပဲပြောပါတော့ ကိုခံ့ညားကရော"

"မေမေ မှာလိုက်တဲ့ အားဆေးဝယ်ရုံပဲ ရှိတော့တယ်ဗျ။ ထိပ်ထား အချိန်ရမယ်ဆိုရင် ထိပ်ထားကို ကျွန်တော် တစ်ခုခု ညှော်ခံပါရစေ။ ဒီကုန်တိုက်အပေါ်ဆုံးထပ်မှာ အစားအသောက်တွေ အရမ်းကောင်းတယ်"

"ထိပ်ထားလည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ။ ဒါပေမယ့် ထိပ်ထားတို့ စားနေကျဆိုင်ရှိတယ်။ အဲဒီကို သွားကြမယ်လေ။ ကားနဲ့ဆိုရင် ဆယ်မိနစ်လောက်ပဲ မောင်းရတာပါ"

"အိုကေလေ ထိပ်ထား…ထိပ်ထားကားနောက်က ကျွန်တော်လိုက်ခဲ့ပါ့မယ်။ ဪ…ကျွန်တော် ကူဆွဲခဲ့မယ်လေ။ ထိပ်ထား





သယ်ရတာ လေးနေပါ့မယ်"

"ရပါတယ်၊ ထိပ်ထား ဆွဲနိုင်တယ်"

"ပေးပါဗျာ…ကျွန်တော် ကူသယ်ပေးချင်လို့ပါ။ ကျွန်တော့်အိမ်ကို သယ်မသွားပါဘူး။ ထိပ်ထားကားပေါ် တင်ပေးမှာပါ"

"အဟင်း…ကိုခံ့ညားက ပြောတော့မယ်"

သူ ရယ်စရာ စနောက်သည့်အခါမှာ သူမမျက်နှာလေးက အပြစ်ကင်းစွာ ပြုံးရွှင်သွားလေသည်။ သူမရဲ့ ကျေနပ်စွာသောအပြုံးက သူ့အတွက် စာမေးပွဲမှာ ဘာသာရပ်တစ်ခုကို ဖြေဆိုလိုက်နိုင်သလိုပဲ မဟုတ်ပါလား။ ကားပါကင်အရောက်မှာ သူမကားလေးပေါ် ပစ္စည်းထုပ်လေးတွေ တင်ပေးလိုက်သည်။ ပြီးမှ သူမ သွားချင်သောနေရာကို သူမကားလေးနောက်က လိုက်လာခဲ့၏။ ခြံဝန်းကျယ်အတွင်းက စားသောက်ဆိုင်တစ်ခုကိုရောက်တော့ သူမကားလေး ရပ်သွားသည့်အတွက် သူ့ကားကိုလည်း ပါကင်ထိုးကာ ရပ်လိုက်ရသည်။

"ကိုခံ့ညား…လာ…ဒီဆိုင်လေးက ဂျပန်စာ၊ တရုတ်၊ မလေးရှား၊ ထိုင်းအစားအစာ အကုန်ရတယ်။ အရမ်းလည်း အေးချမ်းတာပဲ။ ဖေဖေ မေမေတို့နဲ့ လာနေကျလေ။ ကိုခံ့ညား…ဘီယာတွေ၊ ဝီစကီတွေ သောက်တတ်ရင်တော့ ဟိုဘက်စားပွဲတွေမှာ ထိုင်လို့ရတယ်"

"တော်ပါပြီဗျာ… ကျွန်တော် မသောက်တော့ပါဘူး။ မိန်းကလေးတစ်ယောက်ရှေ့မှာ အရက်သောက်ရဲလောက်အောင် ကျွန်တော် မရိုင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသောက်တတ်ဘူးလို့ ငြင်းခဲ့တာတော့ မဟုတ်ဘူးပေါ့လေ"

"ကျွန်တော် မညာတတ်ပါဘူး။ တစ်ခါတလေ ကျောင်းတုန်းက သူငယ်ချင်းတွေ၊ မိတ်ဆွေတွေနဲ့ ဆုံတဲ့အခါကျရင်တော့ နည်းနည်းပါးပါး သောက်ပါတယ်…အပျော်ပေါ့"

"အဟင်း…မလိမ်တတ်တဲ့ စိတ်ကလေးတော့ ကြိုက်သွားပြီ"

သူ တစ်မှတ်ရလိုက်ပြန်ပြီထင်သည်။ သူမကပဲ အမှတ်တွေပေးနေခြင်းလား။ သူကပဲ တမင်တကာ အမှတ်တွေရအောင် ကျူးနေခဲ့ခြင်းလားဆိုတာ သူကိုယ်တိုင်ပဲ သိပါသည်။ မြသားချိုနှင့်ဝေးအောင် ခြေလှမ်းတွေ ရွှေ့နေရခြင်းပဲ မဟုတ်ပါလား။

"ကိုခ့ံညား ဘာစားမလဲ…မီနူးကြည့်လေ"

"ကျွန်တော်က ထိပ်ထားကို ညွှန်ခံချင်တာပါ။ ကျွန်တော်က ဂျစ်တစ်ခွက်ဆို ရပြီ"

"ဩော်…ကျေးဇူးတင်ပါတယ်။ နောက်တစ်ခါတော့ ထိပ်ထား အလှည့်ပေါ့၊ ထိပ်ထား ညွှန်ခံပါ့မယ်"

"အဟင်း…ကျွန်တော်ကလည်း ကျေးဇူးပြန်တင်ရမှာပေါ့။ ထိပ်ထား ကျွေးမယ့်အလှည့်ကျရင် ပိုပြီး အရသာရှိလိမ့်မယ် ထင်တယ်"

"ဟင်း…ဟင်း…ကိုခ့ံညားက အရမ်းကို ရယ်စရာပြောတတ်တာပဲ"

သူမက အမှတ်တွေ ထပ်တင်ပေးလေ သူ စိတ်လှုပ်ရှားရလေပါ။ သူမက သူမ စားချင်တာကို မီနူးကြည့်ကာမှာပြီး အစား





အသောက်တွေ ရောက်လာသည့်အခါမှာ–

"ဒါ အသားပေါင်း၊ ဆော့စ်အချဉ်နဲ့ တို့စားရတယ်။ ဆလပ်ရွက်နဲ့ထုပ်၊ စားလို့လည်းရတယ်…စားကြည့်ပါလား"

"ဒင်းဆမ်းလား"

"မဟုတ်ဘူး…အမဲသား၊ အသားဆိုတာထက် အရိုးနုလေးတွေပါတယ်။ အရမ်းကြီးနူးအောင် လုပ်ထားတာလည်း မဟုတ်ဘူး။ အပေါ်က ဂျုံနဲ့ပေါင်းထားတာဆိုတော့ တထုတ်ထုတ်နဲ့ အရမ်းစားလို့ကောင်းတာ။ ဒီဆိုင်လာတိုင်း ဒါကိုတော့ မိသားစုလိုက် အကြိုက်တူပြီး မှာစားကြတယ်"

"မိသားစုလိုက် ခဏခဏ လာစားဖြစ်ကြလား"

"အင်း…တစ်ပတ်တစ်ခါ…ဒါမှမဟုတ် ဖေဖေကဖြစ်ဖြစ်၊ မေမေကဖြစ်ဖြစ်၊ ထိပ်ထားဖြစ်ဖြစ် အပြင်မှာ စားချင်တယ်ဆိုလည်း မိသားစုလိုက် သွားလိုက်တာပဲ"

"ထိပ်ထားတို့မိသားစုက နွေးထွေးတယ်နော်။ ကျွန်တော်လည်း တစ်ဦးတည်းသောသားဆိုပေမယ့် ကျွန်တော်တို့မိသားစုမှာတော့ အဲဒီလို မရှိဘူး။ ဖေဖေက စီးပွားရေးတစ်ခုပဲ။ မေမေနဲ့ကျွန်တော်ပဲ နည်းနည်းအနေနီးတယ် ပြောရမလားဘဲ"

"ဩော်…အဲဒီလိုတွေလား"

မိသားစုအကြောင်း ရင်ဖွင့်မိသည့်အခါမှာ စံထိပ်ထား စိတ်မကောင်းဖြစ်သွားဟန်တူသည်။ သူ့ရှေ့ကို အသားပေါင်းပန်းကန်ရွှေ့တိုးပေး၍ တူနှစ်ချောင်းကိုပါ လက်ကမ်းပေးကာ–



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေး…စားကြည့်ပါ၊ ကြိုက်ရင် နောက်ကျတော့ ဗိုလ်ထားနဲ့ အတူလာစားတာပေါ့"

"ဟုတ်ကဲ့"

သူ စားရောတူရောကိုင်ကာ သူမ စားစေချင်သော အသား ပေါင်းကို ယူစားလိုက်သည်။ တကယ့်ကို နူးတာအိတာလည်း မဟုတ်။ ကတာလည်း မဟုတ်ဘဲ ဂျုံအရသာ၊ အသားအရသာ နှစ်မျိုးလုံး ါတာ ဆော့စ်နှင့်စားတာရော၊ ဆလပ်ရွက်စားတာရော အရမ်းအရသာ ှိလှသည်။

"ဟာ…စားလို့ကောင်းလိုက်တာ၊ အိမ်မှာ အမဲသားပေါင်း၊ ဝက်သားပေါင်းစားရသလိုလည်း မဟုတ်ဘူး။ ဂျုံအရသာကိုက ကောင်းတယ်ပြောရမလား။ အမဲသားကို အရသာရှိအောင် လုပ်တတ် ဘာလို့ပဲ ပြောရမလား မသိဘူးနော်။ အရမ်းစားလို့ကောင်းတယ်"

"အဲဒါပြောတာပေါ့…ဆိုင်တစ်ဆိုင်မှာ ဟင်းလျာတစ်မျိုး၊ နှစ်မျိုးလောက် နာမည်ရသွားရင် အောင်မြင်ပြီ။ ဒီဆိုင်မှာက အသား ပေါင်းကိုတော့ တော်တော်နဲ့မြည်းကြတာ။ ဖေဖေဆို အဲဒီလိုစားတာ"

"ထိပ်ထားဖေဖေက သောက်တတ်တယ်ပေါ့"

"နည်းနည်းပါးပါးပဲ…ဘာပွဲပဲရှိရှိ ဖေဖေ ဘယ်တော့မှ အရက်မူးအောင် သောက်တယ်ဆိုတာ မရှိဘူး။ မိသားစုကိုလည်း စိတ် ဆင်းရဲမှုမပေးဘူး။ ဖေဖေက စီးပွားရေးလုပ်ရင်လည်း မေမေ့ကို တိုင်ပင်တယ်၊ အသိပေးတယ်။ အခုဆိုရင်တော့ ထိပ်ထားနဲ့ပေါ့။ ပရောဂျက်အကြီးကြီးတွေကအစ ထိပ်ထားကို တာဝန်ပေးတယ်။





ဒါပေမဲ့ ထိပ်ထားက သဘာဝရင့်ဆရာအဆင့်မဟုတ်သေးတော့ ပညာ ရှင်တွေနဲ့ ပူးပေါင်းလုပ်တုန်းပါ"

"အားကျလိုက်တာဗျာ…ထိပ်ထားတို့မိသားစုလေးက အရမ်း နွေးထွေးတာပဲနော်။ သမီးကို တန်ဖိုးထားရမှန်းလည်းသိတယ်"

"ရှင်"

သူ့ကို ဖေဖေ တန်ဖိုးမထားတာ သိစေချင်၍တော့ မဟုတ်။ စံထိပ်ထားရဲ့အိမ်ထောင်ဘက်ကို ချစ်သူဖြစ်မှ လက်ခံပေးမည်ဆိုတာ ကြောင့် ဘယ်လောက်တောင် စံထိပ်ထားမိဘတွေ တန်ဖိုးထားသည် ဆိုတာ သိရတာကြောင့်ပင်။ သူ့ကိုတော့ ဖေဖေက ချစ်သူနှင့်ခွဲခိုင်းပြီး ဖြစ်စေချင်သည့်ပုံစံကို အမိန့်တွေပေးခဲ့သည်မဟုတ်လား။

စံထိပ်ထားက သူ့ကို စိတ်မကောင်းသလိုကြည့်လျက်…

"ဟို…ကိုခုံညား အရမ်းတော်တယ်ဆိုတာတော့ ကိုခုံညား အဖေက အရမ်းချီးကျူးပြီး ဂုဏ်ယူနေတာနော်။ အဲဒါ…ကိုခုံညားကို တန်ဖိုးထားတာပဲပေါ့"

"ဖြစ်ချင်တာကို ပုံစံသွင်းတိုင်း အဲဒါတန်ဖိုးထားတာမှ မဟုတ် ဘဲဗျာ…သားသမီးရဲ့ဆန္ဒကို လိုက်လျောတာကမှ တန်ဖိုးထားရာ ရောက်မှာပေါ့။ လူဆိုတာ မဖြစ်ချင်တာ၊ မလုပ်ချင်တာမျိုးလည်း ရှိတယ်လေ။ မိဘဆိုတဲ့အရှိန်အဝါနဲ့ ဖြစ်ရမယ်လို့ အမိန့်ပေးတတ်တာ မျိုးဟာ သူများတွေပြောသလိုဆိုရင် ဘယ်လိုပြောမလဲ…အာဏာကြီး တယ်ပဲ ပြောရမလား"

စံထိပ်ထားက မျက်လုံးလေးပြူးလည်းကား စိတ်ဝင်တစား



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေမိ၏။ သူ ဘာကြောင့် ဒီအကြောင်းတွေ စံထိပ်ထားကို ရင်ဖွင့်နေမိတာလဲ။ ဘာကြောင့် သူမကို ချဉ်းကပ်နေရသည်ဆိုတာ အထိ ဝန်ခံဖို့တော့ သတ္တိမရှိပါ။

မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့သိက္ခာကို စော်ကားမိသလို ဖြစ်မှာတော့ စိုးရိမ်မိသည်။ တကယ်ဆို ဒါဟာလည်း အမှတ်ရနိုင်သည့် အောင်စာရင်းတစ်ခုလည်း ဖြစ်နိုင်သည်မဟုတ်လား။

“ကိုခံ့ညားအနေနဲ့ မွန်းကျပ်ရတဲ့အချိန်မျိုးတွေလည်းရှိမှာပေါ့နော်”

“ဟုတ်ကဲ့… တစ်ခါတလေတော့လည်း ရှိတာပေါ့ဗျာ။ ကျွန်တော် ဝါသနာပါတာက တခြားလေ။ ဒီအလုပ် ဒီပညာက ဖေဖေ လုပ်စေချင်လို့ လုပ်နေရတာ”

“ဟင်…ကိုခံ့ညားက ဘာကို ဝါသနာပါတာလဲ”

“ဆရာဝန်…ဒါတောင် ဒီလိုမြို့ပေါ်က လူနာတွေကို ဆေးကုတဲ့ဆရာဝန် ဖြစ်ချင်တာမဟုတ်ဘူး။ ရှေ့တန်းတိုက်ပွဲတွေ တိုက်ခိုက်ရင်း ဒဏ်ရာရတဲ့ စစ်သားတွေကို ဆေးကုရတဲ့ တိုက်ပွဲကြားမှာ စွန့်စွန့်စားစား လိုက်ကုပေးရတဲ့ စစ်ဆရာဝန် ဖြစ်ချင်တာ”

“ဟယ်…တော်လိုက်တာ။ အဲဒီလိုစိတ်မျိုး လူတိုင်းမှာ မရှိနိုင်ဘူး။ သက်သောင့်သက်သာ ဂုဏ်ပကာသနတွေပဲ ပိုင်ဆိုင်ချင်ကြတာ။ ပြောရရင် လူတိုင်းက ချမ်းသာကြွယ်ဝနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေပဲ သူ့ထက်ငါ အပြိုင်အဆိုင် လုပ်ချင်ကြတာလေ။ ကိုခံ့ညားက ဘာလို့ အဲဒါကို ဝါသနာပါတာလဲဟင်”

“သူတို့က ကျွန်တော်တို့တွေ ဒီလိုမျိုး အေးအေးချမ်းချမ်း





စီးပွားရှာစားနိုင်အောင် ပြည်တွင်းရန်၊ ပြည်ပရန်တွေကို သူတို့ရဲ့အသက်နဲ့လဲပြီး ကာကွယ်နေကြတာလေ။ သူတို့မှာ လုံလောက်ပြည့်ဝအာဟာရ ရှိတဲ့ အစားအသောက်တွေ မစားရဘူး။ ဒဏ်ရာအနာတရ ရလို့လည်း သက်သာလုံလောက်စေတဲ့ ဆေးကုသမှု မခံရဘူး။ ပင်ပန်းဆင်းရဲချို့တဲ့ ပြီးတော့ နေကြရတာ။ ဒါပေမယ့် ကျွန်တော်ငယ်ငယ်က ဆရာဝန် ဖြစ်ချင်စိတ်နဲ့ စိတ်ကူးယဉ်ခဲ့ဖူးတာ ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ကိုယ့်လူမျိုးမှ၊ ကိုယ့်စစ်သားတွေမှ ဆေးကုပေးချင်တာမျိုးမဟုတ်ဘူး”

“ရှင်”

“သူပုန်လို့ သတ်မှတ်ခံထားရတဲ့ ဟိုဘက်က စစ်သားတွေ ဒဏ်ရာရရင်လည်း ဆေးကုပေးချင်တာပဲ။ သူတို့လည်း သူတို့ဘက် အတွက် ကာကွယ်ကြရတာပဲလေ။ ကိုယ့်ဘက်ကလည်း ကိုယ့်ဘက် ကို ကာကွယ်နေကြရတဲ့ စစ်သားတွေပဲ။ ဒါပေမယ့် လူကတော့ လူတွေပဲမဟုတ်လား။ အဲဒါကြောင့် ဘာကြောင့်ပဲဖြစ်ဖြစ် ဒဏ်ရာ အနာတရဖြစ်တဲ့သူတွေကို ကျွန်တော်က ဆေးကုပေးချင်တာ”

“ရှင့်စိတ်က မြင့်မြတ်လိုက်တာ ကိုခံ့ညားရယ်…ရှင့်ကို ထိပ်ထား အရမ်းကို လေးစားသွားပါပြီ။ ရှင့်လိုစိတ်မျိုး လူတိုင်းမှာ မရှိဘူး။ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်မိသားစု၊ ကိုယ့်ကိုယ်ကိုယ် အတွက်ပဲ အတ္တတွေ ရှိကြတာ။ သူ့အတွက် တွေးပေးတာ၊ သူ့အတွက် ကိုယ်ချင်းစာပေးတာ အဲဒါမျိုးတွေက မရှိသလောက် ရှားသွားပြီ။ မိသားစုအတွင်းမှာတောင် ရန်သူတွေ ဖြစ်နေကြတာ တစ်ပုံကြီးလေ။ ဒီလို မခွဲခြားဘဲ ကိုယ်ကျိုးစွန့်တဲ့စိတ်မျိုးရှိတာ ရှင့်ကို ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို လေးစားပါတယ်''

သူ့မျက်နှာကို သေချာကြည့်ပြီးပြောသော စကားတွေက အပေါ်ယံချီးကျူးရုံ မဟုတ်ဘူးဆိုတာ သူ သိလိုက်သည်။ သူနှင့် ပတ်သက်ပြီး သူမ နက်နက်ရှိုင်းရှိုင်း ခံစားသွားစေချင်၍ တမင်တကာ ဒီစကားတွေ ရွေးချယ်ပြောနေမိခြင်းတော့ မဟုတ်ပေ။ မြသားကိုတောင် ဒီလိုစကားတွေ များများမပြောဘူးပါ။

ကျောင်းတက်တုန်းက ကျောင်းစာ၊ လုပ်ငန်းခွင်ဝင်တော့ လုပ်ငန်းကိစ္စအကြောင်းအရာတွေနှင့် ချစ်တင်းနှီးနှောဖို့တောင် အချိန်ကြာကြာ ရခဲ့ကြတာမဟုတ်။ သူ နိုင်ငံခြားမှာ ပညာသွားသင်နေစဉ် နှစ်နှစ်လောက်မှာလည်း တစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ ဖုန်းအဆက်အသွယ်သာ လုပ်ခဲ့ရသည်။ ငွေကြေးမတတ်နိုင်သည့်အခြေအနေမို့ ပြည်တွင်းမှာပဲ အားသွန်ခွန်စိုက် သူမ ကြိုးစားနေရတာမို့ သူမှာ စာနာစိတ်နှင့် လွမ်းဆွေးရသည့်အကြောင်းတွေတောင် မပြောဖြစ်ခဲ့ပေ။

''ကိုခံ့ညား''

''ဟင်…ဗျာ''

''အမယ်လေး…ဘာတွေများ စဉ်းစားနေတာလဲ။ ငုတ်တုတ်ကြီးများ မေ့သွားသလားလို့''

''အဟင်း…ကျွန်တော်က ထိပ်ထား ချီးကျူးတာနဲ့ လွတ်သွားတာ။ ပြောလေ…ထိပ်ထား ဘာပြောမလို့လဲ''

''သြော်…ကိုခံ့ညားနဲ့ စကားပြောရတာ ကောင်းတယ်။ အချိန်ရတဲ့အခါတိုင်း ထိပ်ထားတို့ တွေ့လို့ရပါတယ်နော်''





''ရပါတယ်ဗျာ…ထိပ်ထား အဲဒီအခွင့်အရေးလေးပေးရင် ကျွန်တော်က ကျေနပ်ရမယ့်သူပါ။ ထိပ်ထားမျက်နှာလေးက အရမ်းဖြူစင်ပြီး ခင်စရာကောင်းတယ်လေ''

''အမယ်…ပြောတော့မယ်''

သူမမျက်နှာလေး ချိုချိုမြမြ ပြုံးယောင်သမ်းသွားပါသည်။ ချစ်သူရှိပါလျက်နှင့် သူ ဘာကြောင့် မိန်းကလေးတစ်ယောက်ကို ချူနေကျူနေ အီနေရတာပါလဲ။ စိတ်ထဲမှာ မလုံမလဲဖြင့် စံထိပ်ထားကိုလည်း အားနာမိသလို ဖြစ်မိသည်။ သူ ဒီလိုမျိုး တစ်ခါမှ မခံစားဘူးပါ။ မေမေ ဘာကြောင့် သူ့ကို ဒီလိုဖြစ်အောင် လုပ်ရတာပါလဲ။

စံထိပ်ထားမိဘတွေကတော့ သူတို့သမီးလေးကို တန်ဖိုးထားလိုက်တာ။ သူတို့သမီး ချစ်တဲ့သူနှင့်မှ လက်ထပ်ပေးမည်တဲ့။ ဒါကြောင့် မေမေ လက်ထပ်စေချင်သော စံထိပ်ထားရဲ့အချစ်ကိုရဖို့ သူ ကြိုးစားနေရတာ။ ယောကျ်ားတစ်ယောက်အတွက် ဘယ်လောက်တောင် သိက္ခာမဲ့လိုက်ပါသလဲ။ ရင်ထဲမှာ နာနာကျင်ကျင် ရှုးရှူးနစ်နစ်ပါ။

အချစ်အပေါ် သစ္စာရှိချင်သည့် သူ့ရဲ့စိတ်ကူးယဉ်အိပ်မက်တွေဟာ မာနတွေနဲ့အတူ ပြိုလဲပျက်စီးသွားရတာ ဘာကြောင့်ပါလဲ။ သူ အချစ်ကို သစ္စာမမဲ့ချင်ပေ။ ဒါပေမဲ့ တွေးပွေ့ခွင့်မရတော့သည့် ထံကြမ္မာအတွက် သူ ဘာကိုတောင့်တရတော့မှာလဲ။

စစ်မှန်သော ချစ်ခြင်းတရားကို ပိုင်ဆိုင်ခွင့်ရပါရစေဘုရား…။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

"ဘာ… မင်း စံထိပ်ထားနဲ့ တွေ့ခဲ့တယ်။ မင်းတို့ ဘာတွေ ပြောခဲ့ကြလဲ။ အခြေအနေရေကောင်းရဲ့လား…သူ့ဘက်က ဆက်ဆံရေးက မင်း ရှေ့ဆက်တိုးဖို့ အဆင်ပြေလောက်သလား…သူ့သဘောထားက"

"ရှင်ကလည်း ရှင် သိချင်တာ ဖွတ်မေးနေတော့တာပဲ။ သား ပြောတာပဲ အရင်နားထောင်ကြည့်ပါဦး"

မေမေ ပြောလိုက်မှ ဖေဖေ ဣန္ဒြေရစွာ ဆိုဖာခုံမှာ ပြန်ထိုင်၏။ သူ ဘာပြောမလဲဆိုတာတော့ သူ့မျက်နှာကိုကြည့်ကာ နားစွင့်နေသည်။

"ကုန်တိုက်မှာတွေ့တာပါ ဖေဖေ…တကယ်တော့ မီးပွိုင့်မှာ သူ့ကားကိုတွေ့လို့ သား လိုက်သွားခဲ့တာပါ။ အမှတ်တမဲ့ တွေ့တဲ့ပုံစံမျိုးဖြစ်အောင် ကုန်တိုက်မှာ ဆုံလိုက်ပြီးတော့မှ"





"အဲဒီတော့"

"စားသောက်ဆိုင်တစ်ခုမှာ စကားတွေ အများကြီးပြောဖြစ်ကြတယ်။ ရင်းနှီးမှုလည်း ရှိခဲ့ပါတယ်"

ဦးဥက္ကာဖော် ကျေနပ်သလို ပြုံးလိုက်ကာ-

"မင်း မဆိုးပါဘူး။ ဒါပေမယ့် ဒီထက် ပိုကြိုးစားရဦးမှာ… မင်း မမေ့နဲ့။ မိုးကောင်းမှာ နောက်ထပ် ပရောဂျက်တစ်ခု ကိုင်ထားတယ်ဆိုတာ ငါ သတင်းရတယ်။ ဒီကောင်က လျှင်လျှင်မြန်မြန်ကို တိုးတက်အောင်မြင်နေတာ။ အကြီးကြီးတွေ ကိုင်မိထားတော့ လုပ်သမျှ အောင်မြင်နေတော့တာပေါ့။ ငါတို့မှာပဲ"

"ကိုဥက္ကာရယ်…သူတို့ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ မုဒိတာပဲ ပွားစမ်းပါရှင်…လူဆိုတာ ကံအကြောင်းတရားကလည်း ရှိသေးတယ်"

"အဲဒီကံအကြောင်းတရားက မင်းမိဘတွေ ဖန်တီးပေးလို့ရတယ်ဆိုတာ မင်း သိပါတယ် နိုင်…ဒါပေမဲ့ ငါ သူတို့ဆီက ဘာမှ မမျှော်လင့်တော့ပါဘူး။ စံထိပ်ထားကို သား လက်ထပ်လိုက်ရင် ငါ မျှော်မှန်းထားသမျှတွေ အားလုံးဖြစ်ပြီ။ ငါ လုပ်ချင်တာတွေ လုပ်ခွင့်ရပြီ။ ဘယ်သူ့မှ အားကိုးစရာ မလိုတော့ဘူး"

"သားဘက်ကိုလည်း ရှင် တွေးကြည့်ဦးမှပေါ့ ကိုဥက္ကာရယ်။ သားမှာ ချစ်သူကိုခွဲပြီး မချစ်တဲ့သူကို ချစ်သူလို ဟန်ဆောင်ပြီး လက်ထပ်ဖို့ ကြိုးစားနေရတယ်"

"မင်း ငါ့ကို မတရားဘူး၊ မိဘ မပီသဘူးလို့ ပြောချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လား ခိုင်…ဒါက ငါတစ်ယောက်တည်း ချမ်းသာချင်လို့မဟုတ်ဘူး။ သားအနာဂတ်ကို သေချာအောင် စီစဉ်နေတာ။ သားရဲ့မျိုးဆက်မှာ ငါတို့လို မဖြစ်ရအောင် လုပ်ဖို့ သားမှာရော၊ ငါ့မှာရော တာဝန်ရှိတယ်။ မင်းမိဘတွေလို တာဝန်မဲ့တဲ့သူတွေ မဖြစ်ရဘူး။ မင်း နားလည်လား ခိုင်''

''မေမေ့ကို အဲဒီလိုတွေ မပြောပါနဲ့တော့ ဖေဖေ…အဘိုးတို့ တာဝန်မဲ့တယ်ဆိုလည်း မေမေ့မှာမှ အပြစ်မရှိဘဲ ဖေဖေ့အပေါ် သစ္စာရှိပြီး အိမ်ထောင်ရှင်မကောင်း ပီသပေးနေတာပဲ ဖေဖေ ကျေနပ်လိုက်ပါ''

''အဲဒီလိုမဖြစ်ချင်ရင် သားနဲ့ပတ်သက်တဲ့ကိစ္စ ဖေဖေ စီမံနေတာ သူ မဝေဖန်နဲ့လေ။ ဘာအတွက် လုပ်နေတယ်ဆိုတာ သူ သိနေတာပဲ။ သိရင် သားကို ဖျောင်းဖျဖို့ပဲ သူ စဉ်းစားရမယ်''

ဖေဖေက တစ်မိနစ်၊ တစ်အာဏာနှင့်မေမေ့ကို ဝေဖန်မှုမရှိ ကန့်သတ်ချက်တွေပေးနေသည်။ ဖေဖေက သူဖြစ်ချင်တာပဲ သူသိ၏။ မေမေ့မိဘတွေဘက်က အခွင့်အရေးမရတာ၊ ဖေဖေ ဒီလောက်ထိ မေမေ့အပေါ် အပြစ်မပြောသင့်ပါ။

မေမေ့မျက်နှာငယ်လေးဖြစ်သွားသည့်အချိန်မှာ သူ မေမေ့အတွက် အရမ်းကို စိတ်မကောင်းဖြစ်သွားခဲ့ရသည်။ မေမေလည်း သူ့အတွက် နည်းနည်းဖြစ်ဖြစ် ရပ်တည်ပေးချင်သည့်စေတနာနှင့်ဆိုတာ သူ သိနေလို့ပါ။

ဖေဖေက မကျေမချမ်းပင် ဖြစ်နေသေးလျက်–





''မင်းကောင်မလေးနဲ့ရော ပြတ်ပြတ်သားသား ဖြစ်ပြီလား ခိုင်သားဇော်''

''ဟုတ်ကဲ့…သား အသိတော့ပေးထားပါတယ်''

''အသိပေးထားတယ်ဆိုတာက ဘာကိုလဲ၊ ဘယ်လောက်အထိ လဲ''

''ဖေဖေ စီစဉ်ပေးတဲ့ မိန်းကလေးနဲ့ လက်ထပ်ရမယ်ဆိုပြီး တော့ပါ''

''အေးအေးချမ်းချမ်း ပြီးပြတ်ရဲ့လား''

''ဟို…အဲဒါက''

''မင်း မပြတ်မသားတော့ မလုပ်နဲ့နော်။ အဲဒီကောင်မလေးက ငါတို့ဘက်က ပြည့်စုံမှုကို မက်မောပြီး မင်းနဲ့ မခွဲရအောင် တွယ်ကပ်ဖို့က ကြိုးစားနေမှာပဲ။ အဲဒီအတွက် မင်းဘက်က ပြတ်သားဖို့ လိုတယ်။ တွဲခဲ့တဲ့အချိန်တွေအတွက် နောက်ဆံမတင်းနဲ့။ စံထိပ်ထား ဘက်က သတိထားမိသွားရင် ပွဲက အားလုံးပျက်စီးသွားပြီ။ ငါ ပြောတာ မင်း နားလည်လား''

''ဟုတ်…ဟုတ်ကဲ့''

သူတို့ စကားပြောနေကြစဉ်အချိန်အတွင်းမှာပဲ သူ့အိတ်ကပ်ထဲက ဖုန်းလေးက မြည်လာသည်။ ဖုန်းကိုကြည့်လိုက်စဉ်မှာ မြသားဖုန်း ဖြစ်နေသဖြင့် ဖေဖေ့ရှေ့မှာ သူ မလုံမလဲဖြစ်ကာ ဖုန်းကို ပိတ်ချလိုက်သည်။ မြသားချိုက ချက်ချင်းလိုပင် နောက်တစ်ခါ ပြန်ခေါ်၏။

ထပ်ပိတ်လိုက်ပြန်တော့လည်း နောက်တစ်ခါ ထပ်ခေါ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ရိပ်မိသွားခဲ့ပြီး-

"မင်း ပြောပြီးပြီဆို၊ ဒါက ဘာသဘောလဲ"

"သူ တ…တခြားအကြောင်းရှိလို့ ဆက်တာဖြစ်မှာပါ ဖေဖေ"

"တခြားအကြောင်း မင်းတို့မှာ တခြားအကြောင်း ဘာရှိသေးလို့ မင်း တခြားမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်တော့မယ်လို့ ပြောပြီး ပြီဆိုရင် သူ ဘာမှပတ်သက်ဆက်ဆံစရာ မလိုတော့ဘူးလေ။ မင်း မပြတ်သားခဲ့လို့ ဒီလိုမျိုး"

"သူ့ဘက်ကလည်း တန်းခနဲ ဖြတ်တောက်ပစ်ဖို့ ခက်ခဲမှာပါ ဖေဖေ။ သားနဲ့သူရဲ့ ချစ်သူသက်တမ်းက"

"အဲဒီသက်တမ်းဆိုတာကို လာမပြောနဲ့။ နှစ်လေးငါးဆယ် ပေါင်းသင်းလာတဲ့ လင်မယားတွေတောင် သားသမီးသံယောဇဉ်တွေ ရှိနေရဲ့နဲ့ ကွဲကြကွာကြသေးတာပဲ။ ဒီနေ့ မနက်ဖြန် တစ်ရက် တစ်လ တွေ့ပြီး တစ်သက်လုံး မခွဲနိုင် မခွာနိုင် ပေါင်းသင်းနေကြတဲ့သူတွေ လည်း ရှိတယ်။ အဲဒီအတွက် ကံအကြောင်းတရား မတိုက်ဆိုင်လို့ လမ်းခွဲရတာကို မင်း စိတ်ထဲမှာ ထည့်မထားနဲ့။ စုံထိပ်ထားနဲ့ အမြန်ဆုံး အဆင်ပြေဖို့သာ ကြိုးစား"

"ဟား"

ဖေဖေ ပြောနေဆဲမှာပင် မြသားချိုဆီမှ ဖုန်းထပ်ဝင်လာပြန်၏။ သူ့ဘက်မှာ အခြေအနေမပေးလို့ ဖုန်းမကိုင်နိုင်တာကို ဘာလို့ မြသား နားလည်မပေးနိုင်ဘဲ ဖုန်းထပ်ထပ်ခေါ်နေရတာလဲ။

ဖေဖေ့ကို ရင်မဆိုင်ရဲစွာ စက်ကို ပိတ်ပစ်လိုက်ရသည်။ မြသား





သူ့ကို နားမလည်ချင်လည်း နေပါစေတော့။ ဖေဖေ့ရှေ့မှာ အသက်ရှူ ကျပ်နေရတာ မခံစားနိုင်။ မျက်ထောင့်နီဖြင့် ကြည့်နေသော ဖေဖေ့ မျက်လုံးများက စူးရဲတောက်ပလွန်း၏။

သူ့မှာ အပြစ်မကင်းသူတစ်ယောက်လို နေရခက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"မြသားချို…သူဌေး အခန်းမှာ နင့်ကို တွေ့ချင်တဲ့ဧည့်သည် ရောက်နေတယ်…သွားတွေ့လိုက်ဦး"

"ရှင်…ဟုတ်ကဲ့"

မန်နေဂျာမဦး လာပြောတာကို အံ့သြနေမိသည်။ သူဌေးရုံးခန်းမှာ စောင့်နေသည်ဆိုတာ ဘယ်လိုဧည့်သည်မျိုးလဲ။

ကုမ္ပဏီနှင့်ပတ်သက်သောလူဆိုလျှင် ဧည့်သည်လို့ ပြောစရာ အကြောင်းမရှိပါ။ သူမအရည်အချင်းကြောင့် တခြားကုမ္ပဏီပိုင်ရှင်တွေက သူဌေးကတစ်ဆင့် သူမကို ကမ်းလှမ်းချင်လို့များလား။

ဒါလည်း မဖြစ်နိုင်ပါ။ သူဌေးက သူမရဲ့ကြိုးစားမှုတွေကို အသိအမှတ်ပြုသည့်အနေဖြင့် လစာတိုး၊ ရာထူးတိုးပေးဖို့တောင်





အစည်းအဝေးထိုင်ပြီးပြီမို့ သူမ ပျော်နေခဲ့တာပါ။ ထိုရာထူးနှင့်လစာ သာရခဲ့လျှင် အိမ်မိသားစုကို လုံလုံလောက်လောက် ထောက်ပံ့နိုင်ပြီ။ သူမ ပညာဆက်သင်နိုင်၊ စားဝတ်နေရေးအားလုံးပါ အဆင်ပြေသွားနိုင်သည်။

ဒီလိုအခြေအနေမျိုးမှာ ကိုနှင့်လက်ထပ်ဖို့လည်း စွန့်စားရဲလိမ့်မည်ဟု ထင်၏။ ကို့ကို သတ္တိတွေရှိလာအောင် သူမဘက်ပဲ ယိမ်းယိုင်လာအောင် သိမ်းသွင်းနိုင်လျှင် ပြီးပြီပေါ့။

"ဟင်"

သူဌေးရဲ့ရုံးခန်းတံခါးကို တံခါးဖွဖွခေါက်ကာ တွန်းဖွင့်ပြီး ဝင်လာခဲ့သော်လည်း သူဌေးကို မတွေ့ရပေ။ သူမ မသိသောလူကြီး တစ်ယောက်သာ ဆိုဖာခုံမှာ ထိုင်လျက် သူမ ဝင်လာတာကို မျက်လုံးလှမ်းကြည့်ပြီး–

"မြသားချိုဆိုတာ မင်းလား"

"ရှင်…ဟုတ်…ဟုတ်ပါတယ်"

သူမ မသိသောလူကြီးက သူမနာမည်ကို သိနေခဲ့သည်။ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ။ သူဌေးရုံးခန်းထဲမှာ သူဌေးမရှိဘဲ ဝင်နေနိုင်သည်ဆိုတော့ သိကျွမ်းရုံမိတ်ဆွေပတ်သက်မှုမျိုးလောက် မဖြစ်နိုင်။ ဒီလိုပုဂ္ဂိုလ်မျိုးက သူမကို ဘာကြောင့် တွေ့ချင်ရတာလဲ။

"ထိုင်ပါ"

သူ့ရှေ့က ဆိုဖာခုံကို မေးငေါ့ပြ၍ သူမ ခပ်ရိုရိုလေး ဝင်ထိုင်လိုက်ရသည်။ ပြီးမှ မဝံ့မရဲနှင့်ပင်–



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို တွေ့ချင်တယ်ဆိုတာ"

"ငါ ခုံညားဇော်အဖေ ဦးကျော်ဇော်"

"ရှင်"

"မင်း တွေ့ချင်တဲ့လူမဟုတ်တော့ အံ့သြသွားတယ်ထင်တယ် ဟုတ်လား"

"ဟုတ်…ဟို…မဟုတ်ပါဘူး"

"မင်း တွေ့ချင်နေတာ ခုံညားဇော်မဟုတ်လား။ သူ တခြား မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်တော့မှာကို ဘာလို့တွေ့ချင်နေ တာလဲ"

"ရှင်…ကျ…ကျွန်မ"

"မင်း ဖုန်းဆက်တာ သူ ဖုန်းမကိုင်ရဲတာ ငါ ရှိနေလို့ပဲ။ သူ လက်ထပ်ရတော့မယ်ဆိုတာ မင်းကို ပြောပြီးပြီဆို"

မျက်မှောင်ကုတ်ကာ သေချာကြည့်ပြီး မေးနေပုံက သူမကို လိမ်ညာလှည့်ပတ်ခွင့် မပေးဘူးဆိုတာ သက်သေပြနေ၏။ ကိုက သူမနှင့် အပြီးအပိုင် ပြတ်သွားပါပြီလို့တောင် ပြောထားပြီးပြီ ထင်သည်။

သားအပေါ် မညှာမတာ အမိန့်တွေ၊ အာဏာတွေသုံးပြီး အတွေ့ ကြီးပြတတ်သော ကိုအဖေကို သူမကတော့ အချစ်ဆိပ်တွေ မွှန်လျက် မကြောက်နိုင်တော့ပါ။

"သူပြောတယ်ဆိုတာ အန်ကယ့်ကို ကြောက်လို့ဖြစ်မှာပါ။ ကျွန်မကို မချစ်လို့တော့ မဟုတ်ပါဘူး။ သူ့စိတ်က ကျွန်မကို မုန်းလို့





ဒီလိုဆုံးဖြတ်လိုက်တာမှ မဟုတ်တာ။ အဲဒီကိစ္စ ကျွန်မ လက်မခံဘူး"

"မင်း လက်ခံအောင် ငါ ပြောနိုင်းလိုက်တာ မဟုတ်ဘူး။ ငါ စီမံအုပ်ချုပ်ပြီး ငါ မွေးမြူထားတဲ့ ငါ့သားက ငါ့စကားပဲ နားထောင်ရမယ်။ ငါက မင်းကို ဖြတ်ဆိုဖြတ်ရမယ်။ စံထိပ်ထားနဲ့ လက်ထပ်ဖို့ ကြိုးစားဆိုရင် ကြိုးစားရမယ်"

"အန်ကယ် မတရားဘူး။ မိဘ မပီသဘူး"

"ဘာ"

"ငါ မိဘပဲဆိုပြီး အာဏာတွေသုံးနေတာ၊ အမိန့်တွေပေးနေ တာ သားရင်ထဲမှာ ဘာတွေဖြစ်နေလဲ၊ ဘာတွေခံစားနေရလဲ၊ သူ မလုပ်ချင်တာကို လုပ်ခိုင်းပြီး သူဖြစ်ချင်တဲ့ဆန္ဒတွေကျတော့ ဖျက်ဆီး ပစ်တယ်"

"အဟား…မင်း ဒီလိုပြောရဲတာ အတော်သတ္တိကောင်းတာပဲ။ ငါ့သားတောင် ငါ့ကို အဲဒီလိုမပြောရဲဘူး"

"အဲဒါ အန်ကယ် ခြိမ်းခြောက်ထားလို့နေမှာပေါ့"

"မှန်တယ်…ငါ့သားကို အမွေပြတ်စွန့်လွှတ်မယ်၊ သားသမီး အဖြစ်က စွန့်လွှတ်မယ်လို့ ခြိမ်းခြောက်ထားတယ်။ ငါ ကျွေးတာကို စား၊ ငါ သင်ပေးထားတဲ့ပညာတွေတတ်ပြီး ငါ့ကို ခြေစုံကန်လို့ မရ ဘူးလေ။ ငါ သူ့ကို မြောင်းထဲတွန်းချ၊ ချောက်ထဲကန်ချနေတာမဟုတ် ဘူး။ ငါ ရောက်နေတဲ့နေရာရဲ့ ဟိုးအမြင့်ဆုံးကြီးကို တင်ပေးနေတာ။ သူ ငါ့ကို ဆန့်ကျင်လွန်ဆန်ရင် မှားသွားမှာပေါ့"

"သူ့ရင်ထဲက အချစ်ကိုရော အန်ကယ် ထည့်မတွေးတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

ရဲတင်းစွာသော မြသားချိုအမေးကို ဦးဥက္ကာဇော် ဆတ်ခနဲ ခေါင်းခါပစ်လိုက်သည်။ နှုတ်ခမ်းကိုလည်း ခပ်တင်းတင်းပင် မဲ့ချပစ်ကာ-

"အဲဒီအချစ်က ဘာလုပ်ဖို့လဲ။ အရည်ကျိုသောက်လို့ ရလို့လား။ မင်းရော ငါ့သားကို ဘာပစ္စည်းဥစ္စာနေမှ ပါမလာဘဲ အချစ်တစ်ခုတည်းနဲ့ တစ်သက်လုံး သည်းခံလိုက်လျှော့ပြီး ပေါင်းသင်းနိုင်မှာလား။ အေး...အခုလို အချစ်မှာတော့ ကျုပ်မအတွက် ခံညားဇော်ရဲ့ အချစ်တစ်ခုပဲ အရေးကြီးပါတယ်၊ ကျုပ်တာတွေ မလိုပါဘူးလို့ မင်း ပြောချင်ပြောချင်လိမ့်မယ်။ ဒါပေမယ့် မင်း ငါ့သားကို နောက်ကျရင် နှားလို့ ခိုင်းစားမှာပဲမဟုတ်လား။ သူများလို ကြီးပွားချမ်းသာအောင် မလုပ်နိုင်ရင် ပြဿနာရှာမယ်၊ မင်းလိုမိန်းကလေးအတွက် ပိုပြီးတော့တောင် ငွေက အရေးကြီးသေးတယ်မဟုတ်လား။"

"ကျုပ်မက အဲဒီလောက် ငွေမက်နေတဲ့မိန်းကလေး မဟုတ်ပါဘူး အန်ကယ်။ ကိုယ့်ဘဝကိုယ် ရောင့်ရဲတတ်တဲ့သူပါ။ အဲဒီလို လောဘဆိုတာမျိုးမရှိလို့ အခုချိန်ထိ ကိုနဲ့ မငြိစွန်း၊ မမှားယွင်း လက်မထပ်ဖြစ်သေးဘဲ နေခဲ့တာပါ"

"သိပ်အထင်ကြီးစရာတော့ မရှိပါဘူး မြသားချို...အခု တခြားမိန်းကလေးနဲ့ လက်ထပ်တော့မယ်လို့ သား ပြောပြီးတာတောင် သားကို မင်း တွယ်ကပ်ချင်နေတာမဟုတ်လား။ ကတိသစ္စာတွေ ထားခဲ့ကြတယ်ဆိုပြီး မင်းကိုပဲ လက်ထပ်စေချင်နေတာမဟုတ်လား"





ဒီကတိသစ္စာစကားတွေအထိ သိနေတာတော့ ကို ပြောထားခဲ့တာကြောင့်ပဲ ဖြစ်သည်။ ကိုလည်း တခြားမိန်းကလေးကို လက်မထပ်ရဖို့အတွက် အတိုက်အခံလုပ်၊ ငြင်းနိုင်သလောက်တော့ ငြင်းခဲ့မှာပါပဲ။

ဒါပေမဲ့ ကို့အဖေက ဘယ်လောက်ထိအောင် ပြင်းထန်စွာ အမိန့်တွေပေး၊ ခြိမ်းခြောက်ခဲ့လို့ ကို လက်ခံလိုက်ရသည်မသိပေ။ သူမကို ကို ချစ်နေဦးမှာပဲဟု ယုံကြည်နေမိသည်။

"ဒါ...မိန်းကလေးတိုင်းရဲ့ဆန္ဒပါ အန်ကယ်။ ဘယ်လို မိန်းကလေးမဆို ကိုယ်ချစ်တဲ့သူနဲ့ပဲ လက်ထပ်ချင်ကြတာချည်းပါပဲ။ ဆင်းရဲချမ်းသာဆိုတာ ကံတရားပါ။ အောင်မြင်ခြင်း-မအောင်မြင်ခြင်းကလည်း ကံတရားပါပဲ။ ကို့ဆီက ကျုပ်မ အများကြီး မမျှော်လင့်ပါဘူး။ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးမျိုးလည်း မတောင့်တပါဘူး။ သမားရိုးကျ လက်ထပ်ပြီး ရောင့်ရဲတင်းတိမ်မှုတွေနဲ့ နေသွားနိုင်ပါတယ်။ မပြည့်စုံပေမယ့် လောဘကြီးရမှာလည်း ရှက်ပါတယ်"

"ဟား...မင်းအပြောကောင်းတယ် မြသားချို။ မင်းက အဲဒီလောက်ကလေး မျှော်မှန်းပေမယ့် ငါက ငါ့သားကို အဲဒီလိုဘဝမျိုးမှာ မထားနိုင်ဘူး။ ငါတို့စီးပွားရေးလောကမှာ ထိပ်ဆုံးရောက်အောင် အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက် ဖြစ်ရမယ်။ အဖေ ထက်သာတဲ့ သားတစ်ယောက် ဖြစ်ရမယ်။ ငါ အခုပေးစားမှာက အဲဒီလို ဖန်တီးပေးနိုင်တဲ့ မိန်းကလေးနဲ့ပဲ။ အဲဒီတော့ မင်း နောက်ဆုတ်ပါ။ ငါ့သားနဲ့ ကင်းကင်းရှင်းရှင်းနေပါ။ ဖုန်းနဲ့ကအစ ဆက်သွယ်စပ်ယှက်တာတွေ မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို အန်ကယ် အမိန့်ပေးလို့မရပါဘူး"

"ဘာ"

"ကျွန်မက အန်ကယ့်သား မဟုတ်ပါဘူး အန်ကယ်။ ကျွန်မကို အန်ကယ် အမိန့်ပေးချင်တိုင်း ပေးလို့မရပါဘူး။ ခြိမ်းခြောက်ခဲ့ရင်လည်း ကြောက်မှာမဟုတ်ပါဘူး"

"ဟုတ်လား"

"ကျွန်မ ကိုကို လက်ထပ်မှာပါ။ ကျွန်မတို့နှစ်ယောက်အတူ အချစ်အတွက် စွန့်စားမယ်"

"ဘယ်သူက လက်ခံမယ်ပြောလို့လဲ။ ငါ ခြိမ်းခြောက်တာကို မကြောက်ပေမယ့် ဒီကုမ္ပဏီကနေ မင်း အလုပ်ပြုတ်သွားမှာတော့ ကြောက်တယ်မဟုတ်လား"

"ရှင်"

"မင်းလုပ်နေတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးက မင်းအတွက် အကြီးကြီးလို့ မင်း ထင်နေမှာပဲ။ မင်းရဲ့ကြိုးစားမှုတွေကြောင့် မင်းကို လစာတွေ အများကြီးတိုးပေးတော့မှာဆိုပြီး မင်း ပျော်နေတယ်မဟုတ်လား"

ဒါတွေကအစ ဘယ်လိုလုပ်သိနေတာလဲ။ သူမ ထိတ်လန့်တုန်လှုပ်သွားမိသလို ရှိသည်။ သူမတို့ရဲ့ကုမ္ပဏီပိုင်ရှင်သူဌေးနှင့် ကိုအဖေ ဘယ်လိုပတ်သက်စပ်ဆက်မှုတွေ ရှိနေတာလဲ။

သူမတို့သူဌေးကလည်း စီးပွားရေးလောကမှာ အရမ်းကို တိုးတက်အောင်မြင်နေတဲ့ လုပ်ငန်းရှင်တစ်ယောက်ပါ။ ဦးဥက္ကာဇော်က





အမြင်ကတ်စရာကောင်းလောက်အောင် လှောင်ပြုံးများဖြင့်–

"မြသားချို…မြသားချို အရွယ်ငယ်ငယ်ပေမယ့် အစွယ်ကတော့ မသေးပါလား။ မင်းမှာ ဘာမာန်တွေများ တက်စရာရှိနေလို့လဲ။ ဥက္ကာဇော်လိုကောင်ကို မင်းက ဘာထင်ပြီး ပမာမခန့် လုပ်နေရတာလဲ။ မင်းရဲ့သူဌေးက အခုချက်ချင်း ငါက မင်းကို အလုပ်ဖြုတ်လိုက်ဆိုရင် ဖြုတ်လိုက်မှာနော်။ ဒီလောက်ပဲလို့လည်း မင်း မထင်နဲ့။ မြန်မာပြည်တစ်ပြည်လုံး မင်း တစ်နေရာမှ အလုပ်လုပ်စားလို့မရအောင် ငါ လုပ်ပစ်နိုင်တယ်…နားလည်လား"

"အန်ကယ်"

"မင်းလို မတောက်တခေါက်ပညာလေးကိုများ လုပ်ငန်းရှင်တိုင်းက အထင်ကြီးနေမယ်ထင်သလား။ မင်းတတ်တဲ့ပညာလောက်ကတော့ မြန်မာပြည်မှာ တတ်တဲ့လူဦးရေက ရိုက်သတ်လို့တောင် မကုန်ဘူး။ ဒီလောက်နဲ့ ငါ့ကို ဘဝင်လေဟပ်ပြီး စိန်ခေါ်မနေနဲ့ မြသားချို။ ငါ့သားနဲ့ပတ်သက်ပြီး မင်း ရှေ့ဆက်တိုးဖို့ စဉ်းစားမယ်ဆိုရင် မင်းနဲ့ မင်းမိသားစု ထမင်းငတ်သေအောင် ငါ လုပ်ပစ်လိုက်မယ်…မင်း သိလား"

"အန်ကယ် စကားပြောတာ အရမ်းလွန်ပါတယ်။ ကျွန်မကို မရှိဆင်းရဲချို့တဲ့လို့ အန်ကယ် နှိမ့်ချပြီး ဆက်ဆံနေတာ"

"မင်းဘဝကို မင်း နားလည်ရင် ပြီးတာပဲလေ။ မင်းက ငါ့သားနဲ့ မတန်မရာဘူး။ ငါ့သားကို မင်းလို မိန်းကလေးနဲ့ ဘယ်တော့မှ မပေးစားဘူး။ မင်း မှတ်ထား။ ငါ့ကို ခြိမ်းခြောက်ရင် ခြိမ်းခြောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ကောင်လို့တော့ မထင်နဲ့။ ဖြစ်ချင်ရာကိုဖြစ်အောင် လုပ်လာတဲ့ကောင်။ ငါ့သားကိုတောင် ငါ အုပ်ချုပ်နိုင်သေးတာ။ မင်းလိုမိန်းကလေးကို ဟိုးအဝေးကြီးကိုတောင် လွှင့်ပစ်လိုက်လို့ရတယ်။ အေး… မင်း မကြောက်တတ်ဘူးဆိုရင်တော့ ရှေ့ဆက်တိုးကြည့်လိုက်ပါ။ မင်းဘဝကို ဖျက်ဆီးပစ်လိုက်ဖို့ ပုရွက်ဆိတ်သတ်သလောက်တောင် မခဲယဉ်းဘူးမှတ်ပါ မြသားချို"

ကျောချမ်းလောက်အောင် ခြိမ်းခြောက်နေသော ဦးဥက္ကာဇော်ကို သူမ မုန်းမျက်ရှုရှာသွားမိသည်။ မပြည့်စုံချို့တဲ့သော သူမကို မတန်မရာပြောပြီး နှိမ့်ချစော်ကားနေတာ မဟုတ်ပါလား။ သားကို ဘယ်လောက်တောင်တန်ဖိုးထားကာ ချစ်သည်ဆိုဦးတော့ သူမကို ဒီလောက်ထိ မပြောသင့်ပေ။ ထံမင်းငတ်အောင် လုပ်ပစ်မည်ဆိုတာ မိသားစုကိုပါ ခြိမ်းခြောက်လိုက်သည့်စကား။ တကယ်မလုပ်ဘူးလို့လည်း မပြောနိုင်။

ပြောသလိုလုပ်တတ်တာသိလို့ ကိုလည်း မလွန်ဆန်နိုင်ဖြစ်နေတာနေမှာပေါ့။ သူမရော ဘာကို ရွေးချယ်ရတော့မည်လဲ။

ဘဝလား…အချစ်လား။

"မင်းကို စဉ်းစားဖို့ အချိန်အများကြီး မပေးနိုင်ဘူး မြသားချို။ အခုတစ်ခါတည်း ဆုံးဖြတ်ပါ။ မင်းသူ့ငွေနဲ့ငါ အခုတစ်ခါတည်း တွေ့သွားမှာမို့လို့ ငါ့သားနဲ့ ဆက်ပြီးပတ်သက်မှာလား၊ ဖြတ်မှာလား"

"ရှင်…ဟို…ဖြတ်…ဖြတ်ပါ့မယ်"

"စကားကို လွယ်လွယ်မပြောနဲ့။ ဥက္ကာဇော်က မပြတ်သား





တာ မကြိုက်ဘူး။ ငါ့သားကို ဖြတ်မယ်ဆိုရင် မင်း ငွေဘယ်လောက်လိုချင်လဲ။ ငါ ပေးနိုင်တယ်"

"ငွေနဲ့တော့ ကျွန်မကို ထပ်မစော်ကားပါနဲ့တော့ အန်ကယ်။ အန်ကယ့်သားနဲ့ ကျွန်မ မပတ်သက်အောင် နေပေးပါ့မယ်"

"ကောင်းပြီ…မင်းစကားအတိုင်း တည်ပါစေ။ ငါက ငါ့သားကို ပစ္စည်းဉစ္စာနေ အရာရာပြည့်စုံတဲ့ မိန်းကလေးနဲ့ လက်ထပ်ပေးစားချင်တဲ့ဆန္ဒဟာ မိဘမေတ္တာဆိုတာ မင်း တစ်နေ့ တခြားယောကျ်ားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သားသမီးရလာတဲ့အခါကျရင် မင်းနားလည်လာပါလိမ့်မယ်။ မိဘဆိုတဲ့သူမျိုးက သားသမီးနဲ့ပတ်သက်လာရင် အတ္တကြီးလာတတ်ကြတာပဲ"

ကိုယ့်အတွက်ကိုယ် ငါ မိဘပဲဆိုပြီး အတ္တကြီးနေတာပါလို့ သူမ တွေဝေငေးမနေချင်တော့။ ဦးဥက္ကာဇော်နှင့် အခြေအနေတင်းမာနေလျှင် သူမ အနေမချောင်တော့ဘူးဆိုတာ သဘောပေါက်လိုက်သည်။ သားသမီးချင်းကိုယ်ချင်းစာစိတ်မရှိဘဲ မပြောရဲတာလည်း မရှိ၊ မလုပ်ရဲတာလည်း မရှိသည့်လူစားမျိုးမို့ သူမ မခံချင်စိတ်များနှင့် တုံ့ပြန်ချင်လှသော်လည်း ဦးချိုးကာနေမှ ဖြစ်မည်။ ဒါပေမယ့် ရင်ထဲမှာတော့ အငြိုးတွေ ထပ်သွား၏။ သူမကို နှိမ့်ချစော်ကားပြီး အထင်သေးကာ ဆက်ဆံထားသည့်အတွက် တစ်နေ့နေ့ သူမ လက်တုံ့ပြန်ဖြစ်အောင် ပြန်မည်ဟု အာဃာတထားလိုက်သည်။

အလှည့်ကျမှ ဘွာခတ်မပြေးနဲ့ ဦးဥက္ကာဇော်။ အားမငယ်နိုင်လို့ မာန်လျှော့လိုက်တာ ကြောက်တတ်တယ်လို့တော့ ထင်မသွားပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com



မြသားချို့ဆိုတာ အဆိပ်ရှိတဲ့မြွေပါ။ ကိုယ့်ကို လာမထိရင် ရန်မပြုတတ်ပေမယ့် အထိခံလိုက်ရပြီဆိုရင်တော့ နောင်တ ရသွားတဲ့ အထိ လက်တုံ့ပြန်သွားမယ် ဦးဥက္ကာဇော်။

ကျွန်မဆီမှာ ရှင် အကြွေးတင်သွားပြီလို့ အောက်မေ့လိုက်ပါ။





# အခန်း (၁၁)

"ဟယ်လို…ဟုတ်ကဲ့…ကိုခိုင်ညား ထိပ်ထား ရုံးခန်းတော့မှာ ပါ"

"ကျွန်တော် ထိပ်ထားတို့ကုမ္ပဏီရှေ့က လမ်းညာဘက်ခြမ်းမှာ ရောက်နေတယ်။ ထိပ်ထားနဲ့ ဟိုဆိုင်မှာ အသားပေါင်းသွားစားချင်လို့ ပါ"

"ရှင်…ဟုတ်လား၊ ဒါဆို ထိပ်ထား ဆင်းလာခဲ့လိုက်တော့ မယ်လေ။ ဒီတစ်ခါတော့ ထိပ်ထား ကျွေးမှာနော်"

"ကျွန်တော်ကလည်း စားချင်လို့ကို ကုမ္ပဏီမှာ အလုပ်များနေရဲ့ နဲ့ စောထွက်လာခဲ့တာပါ"

"အိုကေနော်…ခဏပဲစောင့်"



www.burmeseclassic.com

www.burmeseclassic.com



စံထိပ်ထားကားလေးထွက်လာတာကို သိပ်ကြာကြာ မစောင့်လိုက်ရပါ။ သူစောင့်နေသည်ဆိုတာ သိ၍ သူမ ခပ်မြန်မြန်သုတ်သုတ်ဆင်းလာခဲ့သည်ဆိုတာ သေချာသည်။ သူ့ကားနားလေးရောက်တော့ လက်လေးပြကာ သူမကားလေးက ရှေ့ကနေထွက်သွားသည်။

သူ့ကားလေးကိုလည်း သူမကားနောက်က ထပ်ကြပ်မကွာ မောင်းရန် လိုက်လာခဲ့၏။ သိပ်မကြာခင်မှာပင် သူမတို့ စားနေကျဆိုင်လေးကို ရောက်လာခဲ့သည်။ အရင်တစ်ခေါက်က ထိုင်နေကျခုံဝိုင်းလေးမှာပင် ထိုင်ဖြစ်ကြ၏။

"အသားပေါင်းကို ရှင် စွဲသွားပြီမဟုတ်လား ကိုခံ့ညား"

"ဖေဖေနဲ့မေမေကိုတောင် ပြောဖြစ်တယ်ဗျ။ အရမ်းကောင်းတဲ့အကြောင်း အဲဒါ မေမေက သူ စားကြည့်ချင်တယ်၊ ဝယ်ခဲ့ပေးပါဆိုတာနဲ့ ထိပ်ထားကို တကူးတက လာခေါ်တာပါ။ အဝေးကနေဖုန်းဆက်နေရင် ထိပ်ထား မအားဘူးပြောမှာစိုးတာနဲ့ ကုမ္ပဏီရှေ့ကနေလာစောင့်နေတာ"

"သြော်…ထိပ်ထားက အဲဒီလိုပြောပါ့မလားလို့။ ကိုခံ့ညားအတွက်ဆို အလုပ်တွေ မအားတောင် အားပေးရမှာပေါ့။ မိတ်ဆွေရင်းချာတွေပဲကို"

"ကျွန်တော့်ကို တကယ်ပဲ မိတ်ဆွေရင်းချာလို့ သဘောထားတယ်လား"

"အဲဒီလိုမထားလို့ ဘယ်လိုထားရမှာလဲ။ ခဏတစ်ဖြုတ်သိကျွမ်းရုံအဆင့်ပဲဆိုရင် ပထမအခေါက်ကတည်းက ရှင့်ကို ဒီဆိုင်





ခေါ်မလာဘူး"

"သြော်…ဟုတ်လား"

"ဟုတ်တယ်၊ ဒီဆိုင်ကို တခြားသူစိမ်းကို ခေါ်ဖူးတယ်ဆိုလို့ ကိုမင်းထိုက်တစ်ယောက်ပဲ ရှိတယ်"

"ကိုမင်းထိုက်ဆိုတာ"

"ဖေဖေ့ပါတနာရဲ့သားပါ။ မိတ်ဆွေရင်းတွေဆိုပါတော့။ တစ်ခါတလေ ဖေဖေက သူ့အဖေဆီက အကူအညီယူရတာမျိုးတွေရှိတယ်။ ဒါပေမယ့် သူ့အဖေက ဆုံးသွားပြီလေ။ မိသားစုစီးပွားရေးကို ဦးဆောင်လုပ်နေတာပေါ့"

"ကိုမင်းထိုက်နဲ့က ဘယ်လိုပတ်သက်မှုရှိတာလဲ"

"အစ်ကိုတစ်ယောက်လို ခင်နေတာပါ။ သူကလည်း ညီမလေးတစ်ယောက်လို သံယောဇဉ်ရှိတယ်၊ အလိုလိုက်တယ်။ ဖေဖေ မေမေတို့မပါတဲ့အခါကျရင် ဒီဆိုင်ကို အသားပေါင်းလိုက်ကျွေးတယ်။ တခြားနေရာတွေတော့ နှစ်ယောက်အတူ မသွားဖူးပါဘူး"

"တော်ပါသေးရဲ့"

"ရှင်…ဘာကိုပြောတာလဲ"

"သြော်…ကိုမင်းထိုက်နဲ့ အဲဒီလောက်ရင်းနှီးပြီး တစ်ခုခုပတ်သက်မလားလို့ပါ။ လူငယ်ချင်း စိတ်ဝင်စားတာ၊ လူကြီးချင်းသဘောတူတာမျိုးတွေပေါ့"

"အမယ်လေး…ကိုခံ့ညားရယ်၊ ထိပ်ထားနဲ့ ကိုမင်းထိုက်နဲ့က မောင်နှမလိုပဲ ခင်ကြတာပါ။ လူကြီးချင်းသဘောတူပေးထားတဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မျိုးလည်း ရှိမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဖေဖေ မေမေတို့က ထိပ်ထားကို ချစ်တဲ့သူနဲ့ပဲ လက်ထပ်စေချင်တာ။ သူတို့တုန်းကလို ဖြစ်မှာစိုးလို့တဲ့။ မိဘချင်း သဘောတူပေးစားလို့ယူခဲ့ကြတဲ့ ဖေဖေနဲ့ မေမေက အစပိုင်းမှာ သူစိမ်းတွေလိုပဲ ရှက်ကိုးရှက်ကန်း အိုးတိုးအမ်းတန်းတွေနဲ့ သူကလည်း သူ့အိမ်ပြန်နေချင်၊ ကိုယ်ကလည်း ကိုယ့်အိမ်ပြန်နေချင်နဲ့ ထိပ်ထားကို မွေးပြီးမှပဲ အိမ်ထောင်သည်မိသားစုဘဝလို အဆင်ပြေသွားကြတာတဲ့။ ရယ်ရတယ်နော်"

"အဟင်း"

သူမ ရယ်သလို၊ သူလည်း လိုက်ရယ်လိုက်မိသည်။ စံထိပ်ထားက ရယ်လိုက်တိုင်း အပြစ်ကင်းစင်စွာနှင့် ချစ်စရာသွင်ပြင်လေး ဖြစ်သွားတတ်၏။

ပညာဂုဏ်နှင့် ငွေကြေးပစ္စည်းဥစ္စာခနေ အရာအားလုံး ပိုင်ဆိုင်ထားပါသော်လည်း ဟန်ဆောင်မှုလည်းမရှိ၊ မာန်မာနလည်း မရှိ။

"ကဲ...အသားပေါင်းတွေ ရောက်လာပြီ၊ ဟော့ပေါ့ကို မီးလျှော့လိုက်မယ်နော်။ အရမ်းကြီးပူနေမှာစိုးလို့။ အသားပေါင်းကို စားလိုက်၊ ဟော့ပေါ့သောက်လိုက်လုပ်။ အဲဒါ ပိုအဆင်ပြေတယ်၊ အရမ်းမိုက်တယ်"

"ထိပ်ထားက အမဲသား အရမ်းကြိုက်တာလား"

"အမဲသားကို အိမ်မှာချက်ရင် သိပ်မစားဘူး။ ဒီဆိုင်ကတော့ အမဲသားလုပ်တာ အရမ်းကောင်းတယ်လေ။ အရမ်းအရသာရှိတယ်။ အဲဒါကြောင့် စားဖြစ်တာ။ ကိုခုံညားကရော အမဲသား မကြိုက်ဘူး





လား"

"ကျွန်တော်က အစားမရွေးဘူး၊ ချေးမများပါဘူး။ ငယ်ငယ်တတည်းက ဖေဖေက အကျင့်လုပ်ပေးထားတာလေ။ ဟိုဟာမစားဘူး၊ ဒီဟာမစားဘူး ငိုယိုပြောနေရင် ဖေဖေက ရိုက်တယ်"

"ဟင်...ကိုခုံညားက တစ်ဦးတည်းသောသားကို ကိုခုံညားအဖေက မချစ်ဘူးလား။ ဘာလို့ရိုက်တာလဲ"

"မိဘဆိုတာ သားသမီးကိုချစ်ရင် ရိုက်ရတယ်ဆိုတဲ့စကားလည်း ရှိတာပဲဗျာ။ ရိုက်တာ ချစ်လို့ရိုက်တာပဲရှိမှာပါ"

"မဟုတ်သေးပါဘူး။ မေတ္တာနဲ့ ချိုချိုသာသာ သိမ်းသွင်းတတ်တဲ့ မိဘတွေလည်း အများကြီးပါ။ ကိုခုံညားက ဆိုးမိုက်နေတာမျိုးဆိုသည်း တစ်မျိုးပေါ့"

"အဲဒီလိုဆိုးမိုက်တဲ့သူ မဖြစ်အောင် ပုံစံသွင်းခဲ့တာနေမှာပေါ့။ ကျောင်းမှာ အောင်မှတ်မကောင်းရင် ပထမ,မရရင်လည်း ထိုးတာကြိတ်တာပဲ။ နောက်တော့ ဖေဖေ ထိုးတာကြိတ်တာ ရိုက်တာမခံရဲတာနဲ့ စာကိုပဲ ဂရုစိုက်ကြိုးစားရတယ်။ အပေါင်းအသင်းများများ ပေါင်းတာ မကြိုက်ဘူး။ အိမ်ခေါ်လာတာ မကြိုက်ဘူး။ အချိန်နဲ့စား၊ အချိန်နဲ့အိပ်၊ အချိန်နဲ့အိပ်ရာထရတယ်"

"အမယ်လေး...ပြောတာနဲ့တောင် မွန်းကျပ်လိုက်တာ။ တယ်ပါပဲ...အခုရော ကိုခုံညားအဖေက အဲဒီလိုတွေ စည်းကမ်းင်းကျပ်သေးလား"

"အခုကတော့ အရင်ကလောက် မဟုတ်တော့ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သားလိမ္မာတစ်ယောက်ဆိုတာ လက်ခံလိုက်လို့ထင်တယ်။ ကျွန်တော်လည်း ဖေဖေ အဲဒီလိုတွေ အုပ်ချုပ်ခဲ့လို့ လိမ္မာခဲ့တာလား မသိပါဘူး''

''အမယ်...သူ့ကိုယ်သူ ချီးမွမ်းနေရသေးတယ်''

စံထိပ်ထားက မျက်စောင်းဝေ့ဝေ့ထိုးတာလည်း လှပါသည်။ အသားပေါင်းလေးကို ဆလပ်ရွက်ထဲထည့်၊ အချဉ်ပါထည့်ပြီး သေချာထုတ်ကာ သူ့ပါးစပ်နား လက်လေးကမ်း၍-

''ဆလပ်ရွက်ထုတ်တာ မစားဖူးဘူးမဟုတ်လား။ စားကြည့်...ရှော့''

''ကျွန်တော့်ဘာသာ စားပါ့မယ်''

''ကဲပါ...စားကြည့်ပါဆို...ပါးစပ်ဟ''

သူ့ပါးစပ် ဟပေးလိုက်တော့ သူမမျက်နှာလေး ပြုံးသွား၏။ တကယ်လည်း ဟုတ်ပေမယ်။ သနားအောင် ပြောနေသော သူ့စကားတွေအတွက် သူ့ကို သူမ ငြိနေပြီဆိုတာ သဘောပေါက်လိုက်သည်။

ဒါပေမယ့် ချစ်တယ်ဆိုသည့်စကားကို သူ ပြောမထွက်နိုင်သေးပါ။ မြသားကို သစ္စာမဲ့ရမှာ အားနာနေသည်။ ချစ်သူရှိပါလျက် သိက္ခာမဲ့သောလုပ်ရပ်ကို လုပ်ရမှာ ရှက်ရွံ့နေမိ၏။ ဒါပေမဲ့ စံထိပ်ထားနှင့် ရင်းနှီးမှုမရှိလျှင်လည်း ဖေဖေက အပြစ်တင်ဦးမည်။

သူ အခုထိ ဘယ်လိုဆုံးဖြတ်ချက်ချရမည်ဆိုတာ တွေဝေနေမိဆဲပါ။ မြသားဆီက ဘာအဆက်အသွယ် မလုပ်တော့တာတော့ အံ့သြစရာကောင်းသည်။





အရင်ရက်တွေကတောင် သူ့ဆီကို မြသား ဖုန်းခဏခဏ ဆက်နေသေးတာ။ ဒီအတောအတွင်းမှာ မြသားကို တစ်ခေါက်တော့ သွားတွေ့သင့်သည်ဟု ထင်သည်။ အမုန်းတွေနှင့် လမ်းခွဲကြတာမှ မဟုတ်ဘဲ။

''ကိုခံ့ညား''

''ဟင်...ဗျာ''

''ရှင့်ကိုကြည့်လိုက်ရင် တစ်ချက်တစ်ချက် ငိုင်သွားသလိုပဲနော်။ ဘာတွေ စဉ်းစားနေတာလဲ''

''သြော်...ပရောဂျက်တစ်ခု အသစ်ဖန်တီးချင်တယ်လို့ ဖေဖေ ပြောတာ သတိရလိုက်လို့ပါ''

''ဟုတ်လား...ဖေဖေလည်း ဟိုတလောက ရလိုက်တဲ့ မြေကွက်ပေါ်မှာ စလုပ်ဖို့ အကောင်အထည်ဖော်နေပြီ။ ဒီတစ်ပတ်တည်းမှာပဲ နိုင်ငံခြားက ပညာရှင်တွေ ရောက်လာမယ်။ လက်တွဲလုပ်နေကျ ပြင်သစ်က ဒီဇိုင်းပညာရှင်တွေပေါ့။ သူတို့က ထိပ်ထား တင်ပြထားတဲ့ဒီဇိုင်းကို စိတ်ဝင်စားပြီး ရင်းနှီးမြှုပ်နှံဖို့တောင် ရှယ်ယာတွေ ထည့်ချင်နေတာ''

''ထိပ်ထားက တော်လိုက်တာ၊ ထိပ်ထား ဒီဇိုင်းက ဘယ်လို ဒီဇိုင်းမျိုးမို့လဲ''

''ရထားတဲ့မြေကွက်နေရာက ကွန်ဒိုလို ရှစ်လွှာအထိပဲ ဆောက်ခွင့်ပေးထားတာ။ အဲဒါ ဖေဖေက ဆယ့်နှစ်လွှာအဆင့်ထိ [illegible]ခံပေးဖို့ အထက်ကို စာတင်လိုက်တယ်။ အထက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်မယ့်အနေအထား စနစ်တကျရှိလို့ လုပ်ခွင့်ပေးလိုက်တယ်။ အဲဒီအထပ်မြင့်အဆောက်အအုံခေါင်မိုးအပေါ်ဆုံးထပ်မှာ ဈေးဆိုင်တွေထားမယ်"

"ဗျာ…စီးတီးမတ်၊ မီနီမတ်က အောက်ဆုံးထပ်။ ဒါမှမဟုတ် သီးသန့်တစ်နေရာ အဲဒီလို မဟုတ်ဘူးလား"

"မြေနေရာက အဲဒီလောက်ထိ လုပ်လို့ရတဲ့ အကျယ်အဝန်းမဟုတ်ဘူး။ ဆယ့်နှစ်လွှာလေးလုံး မျက်နှာချင်းဆိုရင် ရှစ်လုံး၊ အဲဒါအခန်းနဲ့လူဦးရေအနေအထားနဲ့ဆိုရင် အခန်းပေါင်း ကိုးဆယ့်ခြောက်ခန်းပဲရမယ်။ ပြောရရင်တော့ အောက်ခန်းမှာ စီးတီးမတ်ကို နေရာမပေးနိုင်တာပဲ။ ဒီလူဦးရေအတွက် ကားပါကင်တွေက လိုသေးတယ်လေ။ ကားပါကင်လည်း အဆင်ပြေအောင် မြေညီထပ်မှာ စီးတီးမတ်မလုပ်တာ။ ပြီးတော့ သူများတွေထက် ထူးဆန်းအောင် လုပ်လိုက်တဲ့သဘောပေါ့။ ခေါင်မိုးထပ်မှာ ဈေးဆိုင်တန်းတွေ ရှိမယ်၊ စားသောက်ဆိုင်တွေ ရှိမယ်၊ ရေကူးကန်ကအစ ထားမယ်။ ဓာတ်လှေကား၊ စက်လှေကားတွေရှိမယ့်အတွက် အားလုံး အဆင်ပြေမှာပါ"

"အဲဒီလိုလုပ်ဖို့ ဘယ်လိုများ စိတ်ကူးပေါ်သွားတာလဲ ထိပ်ထား"

"စီးပွားရေးလောကမှာ သူများထက် အမြင်ရှိမှ သူများထက်အောင်မြင်မှာလေ။ ထိပ်ထားက မေမေ့သွေးပါတော့ အိမ်ပုံစံအဆောက်အဦးပုံစံ ဒီဇိုင်းတွေကို ငယ်ငယ်လေးကတည်းက လေ့လာတယ်။ ကျောင်းမနေရခင်ကတည်းက ပုံတွေဆွဲတယ်။ ကျောင်းနေတော့လည်း





အားလပ်ချိန်တိုင်းမှာ ဒီဇိုင်းတွေက တစ်မျိုးပြီးတစ်မျိုး ဆွဲကြည့်နေတာပဲ"

"ဪ…ထိပ်ထားက တော်တော်ဝါသနာကြီးတာပဲ။ ကျွန်တော်ကကျတော့ ဝါသနာသိပ်မပါလို့ မလေ့လာဖြစ်ခဲ့ဘူး။ ဒီပညာရပ်နဲ့ပတ်သက်ပြီး ကျောင်းတက်နေရလို့သာ နောက်ပိုင်း လေ့လာဖြစ်တာ။ အဲဒါကြောင့် တစ်ခါတလေ မေမေက စိတ်တိုင်းမကျဖြစ်ပြီး ကျွန်တော့ကို ထိုးတဲ့ကြိတ်တဲ့အထိ ပေါက်ကွဲတာလေ"

"ဟင်း…ကိုခံ့ညားရယ်"

စံထိပ်ထား စိတ်မကောင်းဖြစ်မိကာ သက်ပြင်းတွေပါ ချမိလိုက်လေသည်။ ခံ့ညားဇော်ဘဝက မိဘက ဖိအားပေးခံနေရသလို ဖြစ်နေတာ သနားစရာကောင်းလှသည်။ လူငယ်တစ်ယောက်ရဲ့ လွတ်လပ်မှုတွေ ပျောက်နေသလို ခံစားရ၏။

ဘာကြောင့်များ ခံ့ညားဇော်အပေါ် စာနာစိတ်လေးတွေ၊ ကရုဏာစိတ်လေးတွေ ဖြစ်မိနေသလဲမသိပေ။

"ကိုခံ့ညား…ပါဆယ်တွေလည်း ထိပ်ထား ဝယ်ပေးလိုက်မယ်နော်။ နောက်လည်း ကိုခံ့ညား ဆန္ဒရှိရင် ခဏခဏ လာစားကြတာပေါ့"

"ကျေးဇူးပါပဲ ထိပ်ထား…ထိပ်ထားတို့မိသားစုဘဝလေးကိုတော့ ကျွန်တော် အားကျမိပါတယ်။ တကယ်လို့ ထိပ်ထားအတွက် တစ်နေရာရာသွားဖို့ လိုအပ်တယ်ဆိုရင်လည်း ကိုမင်းထိုက်ကိုမခေါ်ဘဲ ကျွန်တော့်ကို ခေါ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ခုံညားဧော်ရဲ့ ဝန်တိုတတ်မှုလေးကြောင့် သူမရင်ထဲ လှပ်ခနဲ ဖြစ်ကာ ကြည်နူးမိသွားလေသည်။ စမတ်ကျခုံညားကာ လုပ်ငန်းခွင် ဝင်နေပြီဖြစ်သော ယောကျ်ားတစ်ယောက်က ကလေးဆန်ဆန်ပြောရင်း ရှက်ရွံ့သလို ဟင်းပန်းကန်ပေါ် ခေါင်းကြီးငုံ့ကျသွားတာ သူမကို ပြုံးစားလိုက်သလိုပါပဲ။ တစ်ခါမှ မချစ်ဖူးသော ဒီရင်ဘတ်က လှုပ်လှုပ် ရှားရှားနှင့် တဆတ်ဆတ် ရင်တွေခုန်နေခဲ့သည်။

ရှင်ထိပ်ထားကို ဘယ်လိုတွေများ သိမ်းသွင်းနေတာလဲ ခုံညား ဧော်ရယ်...။

ဘယ်ယောကျ်ားအပေါ်မှ မတိမ်းညွှတ်ဖူးသော ဒီရင်ထဲမှာ ရှင့်အတွက် အချစ်တွေ သိုလှောင်ထားမိနေပြီဆိုတာ...။





## အခန်း (၁၂)

"ဒါတွေအကုန်လုံး စံထိပ်ထား ဝယ်ပေးလိုက်တာလား"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ဘာတွေ ထူးခြားသေးလဲ"

"ဗျာ...ဘာကို"

"ဟ...အခြေအနေကို ပြောတာ။ သွားသွားလာလာ စားစား သောက်သောက် လုပ်နေရုံနဲ့ ဖြစ်မလား။ အခုထိ အခြေအနေက မတိုးတက်သေးဘူး။ ချစ်တယ်လို့ ဖွင့်ပြောတာတွေ ဘာတွေ မလုပ် သေးဘူး။ ဘာလဲ...မင်းက မြသားချိုကို စိတ်မပြတ်သေးလို့လား"

ဟုတ်တယ်လို့ ဝန်ခံလိုက်လျှင်တော့ ဖေဖေ ဒီနေရာမှာ သူ့ကို ထိုးကြိတ်ပေါက်ကွဲတော့မှာ သေချာသည်။ မေမေက အသားပေါင်း ဒါဆယ်ဘူးတွေယူကာ ရှောင်ထွက်သွား၏။ သူ ဖေဖေ့မျက်နှာကို မော့မကြည့်ဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ…ယောကျ်ားလေးဖြစ်ပြီး ဒီလောက်တောင် အဖြစ်မရှိဘူး။ ငါနဲ့ နေရာချင်းသာ လဲလိုက်ချင်တယ်။ ကိုယ့်အောင်မြင်မှုအတွက် စွန့်သင့်တဲ့မိန်းမကိုစွန့်၊ ယူသင့်တဲ့မိန်းမကို ယူရမှာ။ ဒီလောက်တောင် ဝန်လေးစရာလား"

"သား…မြသားကိုလည်း အားနာတယ်။ ထိပ်ထားကိုလည်း အားနာတယ် ဖေဖေ။ မြသားမှာ ဘာအပြစ်မှမရှိဘဲ စွန့်လွှတ်ရတာ သူ အရမ်းနစ်နာပြီး ခံစားသွားရတယ်။ ထိပ်ထားကိုကျတော့ မချစ်ဘဲနဲ့ စိတ်ဝင်စားချင်ဟန်ဆောင်ပြီး ချဉ်းကပ်နေရတယ်။ သူ ကိုယ့်အပေါ် တိမ်းညွှတ်လာအောင် စကားလုံးတွေနဲ့ ဖြားယောင်းနေရတာ စိတ်မလုံဘူး။ သား ဘယ်လိုယောကျ်ားမျိုး ဖြစ်နေပြီလဲတောင် မသိတော့ပါဘူး"

"ကျွတ်…မင်းက တန်ဖိုးမရှိတဲ့အကြောင်းအရာတွေတွေးပြီး ဝန်ပိခံနေတာပဲ။ ယောကျ်ား၊ မိန်းမ ရာဇဝင်တွေမှာ ချစ်သူရည်းစား မကွဲဖူးတဲ့သူ ရှိသလား။ အိမ်ထောင်မပြိုကွဲဘူးတဲ့သူ ရှိသလား။ မချစ်ဘဲနဲ့ ညားသွားတဲ့ အိမ်ထောင်ရေးရော မရှိတော့ဘူးလား။ မင်းက အသေးအမွှားကိစ္စတွေကို ပုံကြီးချဲ့တွေးနေတယ်။ စီးပွားရေးမှာ မင်း အမြင်ကျယ်ရင် ဒီထက်မက ကြီးပွားဦးမှာ"

ဖေဖေပြောတာ ဟုတ်နေမလားလို့ သူကိုယ်သူ တွေဝေမိသွားလေသည်။ ဒါပေမယ့် သူများတွေအတွက် ဒီလိုကိစ္စတွေက မထူးဆန်းဘူးလား မသိပေမယ့် သူ့အတွက်တော့ သိက္ခာမဲ့သလို ခံစားရတာ အမှန်ပင်။





သူနှင့် အဆက်အသွယ်ပြတ်ပြီး ခုအချိန်မှာ မြသား ဘယ်လောက်တောင် ခံစားနေရမလဲ။ မြသား သူ့ကိုစိတ်နာကာ ပြတ်တောက်သွားခြင်းလား။

သူ့ဘက်က ဆက်သွယ်မှုကို မျှော်လင့်နေမလား။

"ခုညသားဖော်"

"ဗျာ…ဗျာ်…ဖေဖေ"

"စံထိပ်ထားကို ချစ်တယ်လို့ ဖွင့်ပြောလိုက်တော့"

"ဗျာ"

"ဒီထက်ပိုပြီး အချိန်ဆွဲမနေနဲ့။ သူ့အချစ်ကိုရတာနဲ့ မင်းတို့လက်ထပ်ဖို့ စီစဉ်မယ်။ ငါ့လက်ထဲမှာ ပရောဂျက်အကြီးကြီး မိထားတယ်။ ဒါပေမဲ့ အဲဒါက ဦးမိုးကောင်း ထောက်ခံမှ လက်လွှတ်မှ ငါ ရမှာ။ ဒါကြီးအောင်မြင်သွားမယ်ဆိုရင် မိုးကောင်းကိုတောင် ယှဉ်လို့ရပြီ"

"သူများကို ယှဉ်ပြိုင်ပြီး ဘာလို့အောင်မြင်ချင်တာလဲ ဖေဖေ။ သူ့ဆီက အကူအညီယူပြီး သူ့ကို ယှဉ်ပြိုင်တယ်ဆိုတာလည်း မကောင်းပါဘူး"

"ဟ…စီးပွားရေးလောကမှာ ယှဉ်ပြိုင်မှုမရှိဘဲ ဘယ်တော့မှ မတိုးတက်ဘူးကွ။ သူများကို မပြိုင်လည်း ကိုယ့်ကိုယ်ကိုယ်တော့ အမြဲတမ်း ယှဉ်ပြိုင်နေရမှာပဲ။ ငါ ဘယ်အချိန် ဘယ်နှစ်က ဘယ်လောက်ပဲ လုပ်နိုင်တယ်၊ ငါ ဒီနှစ် နောက်နှစ် ဘယ်လိုလုပ်ရမယ်၊ ဘယ်လောက် ထပ်လုပ်ရမယ်၊ သူများတွေက ဘာတွေလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ ငါ ဘာတွေလုပ်ဖို့ ကျန်သေးလဲ၊ အမြဲ ကိုယ့်ကိုယ်ကို လှုံ့ဆော်ရမယ်၊ တွန်းအားပေးနေရမယ်။ ဒါမှ တိုးတက်အောင်မြင်နေမှာ…နားလည်လား''

သူ နားမလည်ပါ။ စီးပွားရေးဆိုတာကို သူမှ စိတ်မဝင်စားခဲ့တာ။ ဝါသနာပါရာကို လုပ်ခွင့်မရလို့ ခိုင်းတဲ့အတိုင်း ဝတ္တရားကျေလုပ်နေခဲ့ရတာ။ တကယ်ဆို ဖေဖေ့သားမို့ ဖေဖေ့ကို အားကျအတုယူသင့်တာ သူ နားလည်သည်။ ဖေဖေ့ရဲ့ကြိုးစားမှုတွေအတွက် ဂုဏ်ယူသင့်တာလည်း သူ သိ၏။

''သား ကြိုးစားကြည့်ပါ့မယ် ဖေဖေ''

''ကြည့်နေရုံနဲ့ မရဘူး။ ကြိုးကို ကြိုးစားရမှာ။ မိုးကောင်းတို့သမီးဖြစ်တဲ့ စံထိပ်ထားကို ဘယ်လောက်တောင် အားကိုးရလဲ။ သူတို့ရှေ့မှာ မင်းကို အမွှမ်းတင်ပြောနေရတယ်။ စံထိပ်ထားခြေဖျားတောင် မင်း မမီဘူး။ အဲဒါကြောင့် စံထိပ်ထားကို ငါ ချွေးမတော်ချင်တာ။ မိန်းကလေးလောက်တောင် အသုံးမကျရင် မင်း ဘာလုပ်မှာလဲ''

''သား ကြိုးစားမှာပါ ဖေဖေ၊ ကတိပေးပါတယ်''

''အေး…အဲဒါဆို စံထိပ်ထားအချစ်ကို အမြန်ဆုံးရအောင်အရင်လုပ်။ ယောကျ်ားဖြစ်ပြီး တွန့်ဆုတ်တွေဝေနေတာမျိုး ငါ မကြိုက်ဘူး။ အာလာပသလ္လာပပြောပြီး အချိန်ဖြုန်းမနေနဲ့။ စီးပွားရေးလောကမှာ သူများထက် နောက်ကျကျန်ရင် အရှုံးရှုံးဖို့ကောင်းတယ်''

ဖေဖေ့စကားတွေ နားထောင်ရတာ စိတ်ဖိစီးမှုတွေများကာမွန်းကျပ်လို့နေမိ၏။ ဖေဖေက စီးပွားရေးတစ်ခုသာ နားလည်ပုံရသည်။





သူ့ရင်ထဲက ဝေဒနာတွေကို မသိပါ။ သူ့ခံစားမှုတွေကို နားမလည်ပါ။ သူ ဖေဖေ့ရှေ့ကနေ ထလာကာ ထမင်းစားခန်းထဲက မေမေ့ဆီကို ထွက်လာခဲ့သည်။ မေမေက အသားပေါင်းတွေကို ပန်းကန်ထဲထည့်ကာ လှပအောင် ပြင်ဆင်နေ၏။

''မြည်းကြည့်ပြီးပြီလား မေမေ…စားကောင်းရဲ့လား''

''အင်း…စံထိပ်ထားက စေတနာကောင်းလို့ ထင်တယ်။ တော်တော်ကောင်းတာပဲကွဲ…သားအဖေလည်း အရမ်းကြိုက်မှာ''

''တစ်ခါတည်းစားရအောင် ဖေဖေ့ကို သွားခေါ်လိုက်ပါလား''

''သားအဖေ စိတ်တိုင်းမကျဖြစ်နေတဲ့အချိန်မှာ ဘာစားစားခေါ်လို့ရလို့လား။ ဒီမှာ ပြင်ပေးထားလိုက်ရင် သူ့ဘာသာ စားချင်တဲ့အချိန် လာစားပါလိမ့်မယ်''

''သားတို့မိသားစုက ဘာလို့ ဒီလိုဖြစ်နေတာလဲ မေမေ။ စံထိပ်ထားတို့မိသားစုဆိုရင် အရမ်းကို နွေးထွေးတာ။ ဖေဖေကတော့ စီးပွားရေးတစ်ခုသာသိပြီး မိသားစုကို ဘယ်လိုမေတ္တာပေးရမလဲဆိုတာ နားမလည်ဘူး''

''မေမေကပဲ စည်းရုံးမှုညံ့တာလား၊ လင်ယောကျ်ားကို မသိမ်းသွင်းတတ်ခဲ့တာလား မသိတော့ပါဘူး သားရယ်…မေမေကတော့ သားအဖေရဲ့ ခံစားမှုတွေ နားလည်ပေးရင်းနဲ့ ဒီလိုပဲ နေတတ်သွားပါပြီ။ တစ်ခုတော့ မေမေ စိုးရိမ်မိတယ် သား…စံထိပ်ထားကို သား လက်ထပ်ရင် အချစ်မပါတဲ့ အိမ်ထောင်ရေးမို့ အေးစက်စက်နဲ့ သာယာမှုမရှိမှာကိုပေါ့။ သားအဖေက မေမေ့ကို နှစ်နှစ်ကာကာ ချစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ဘူး။ စီးပွားတွက်တွက်ပြီး လက်ထပ်ခဲ့တာ။ မေမေက ရှုးရှုးမိုက်မိုက် ချစ်ခဲ့မိလို့ သည်းခံနိုင်ခဲ့ပေမယ့် စံထိပ်ထားက မေမေ့လို သည်းခံမှုမရှိရင် အိမ်ထောင်ရေးခိုင်မြဲမှာ၊ ရေရှည်မှာ မဟုတ်ဘူး"

မေမေပြောတာလည်း ဖြစ်နိုင်သည်။ အချစ်မပါသော အိမ်ထောင်ရေးရဲ့ အေးစက်မှုကို စံထိပ်ထား သည်းခံနိုင်ပါ့မလား။ သူကရော နှစ်သက်မြတ်နိုးစွာ လက်ထပ်ရမည့်မိန်းမ မဟုတ်သည့် အတွက် ဘယ်လိုပေးဆပ်မှုမျိုး လိုက်လျောနိုင်မလဲ။

"သား စံထိပ်ထားကို လက်မထပ်ရင် ဘာတွေဖြစ်သွားနိုင်မလဲ မေမေ"

"သားအဖေ စွန့်လွှတ်မှာပေါ့ သား။ သူက သားကို အရမ်းမျှော်လင့်ပြီး ငယ်ငယ်ကတည်းက ပုံစံသွင်းခဲ့တာ သားလည်း သိနေတာပဲ။ သား ဝါသနာပါရာကို လုပ်ခွင့်ရခဲ့သလား။ ဖြစ်ချင်တာတွေရော ဖြစ်ခွင့်ရခဲ့သလား။ သားဆန္ဒတွေကိုရော သူ ဘယ်နှခါ လိုက်လျော ပေးခဲ့ဖူးလဲ။ မနေသာလို့ သားဘက်က မေမေ ရပ်တည်ပေးတာရော သူ လက်ခံလို့လား။ အဲဒီလိုဖြစ်နေတာတွေကို မေမေလည်း စိတ်မချမ်းသာပါဘူး။ သား ဖြစ်နိုင်ရင် သား ဖြစ်ချင်တာတွေကို မေမေ အားလုံးလုပ်ပေးလိုက်ချင်ပါတယ်"

"မေမေရယ် သားလည်း ဘာမှမစဉ်းစားတတ်တော့အောင်ပါပဲ။ စံထိပ်ထားကို လက်ထပ်လိုက်ရင် သား သိက္ခာမဲ့တဲ့ ယောကျ်ား တစ်ယောက် ဖြစ်သွားမှာတော့ သေချာတယ် မေမေ။ အချစ်အပေါ် သစ္စာမဲ့တဲ့ ယောကျ်ား၊ မချစ်မနှစ်သက်ဘဲ လက်ထပ်ဖို့ သိမ်းသွင်းခံရတဲ့ ယောကျ်ား၊ မိဘစကား မလွန်ဆန်နိုင်လို့ ဒါမျိုးလုပ်လိုက်ရတယ် ဆိုပေမယ့် သားရဲ့ တွေဝေမပြတ်သားမှုတွေကြောင့်ပဲ မဟုတ်လား"





"ဒီလိုတော့ မတွေးပါနဲ့ သား။ မိဘစကား နာခံတဲ့သူက ဘယ်တော့မှ မဆင်းရဲဘူး။ ငရဲမရောက်ပါဘူး။ မိဘကို စိတ်ဆင်းရဲမှု မပေးရင် သား တစ်သက်လုံး စိတ်ချမ်းသာရမှာပါ။ အခိုက်အတန့် ဝေဒနာတွေ ခံစားရလည်း သား တစ်နေ့ ထိပ်ဆုံးရောက်အောင် အောင်မြင်ပါလိမ့်မယ်။ မေမေလည်း ဒါပဲ ပြောတတ်ပါတော့တယ် သားရယ်"

မေမေ စိတ်မချမ်းမသာဖြစ်သွားတော့လည်း သူ စိတ်မကောင်းပေ။ သူ့အတွက်နှင့် မေမေလည်း စိတ်သောကရောက်နေမှာပါ။ လင်ယောကျ်ားအပေါ် တစ်သက်လုံး နားလည်မှုတွေပေးကာ နေခဲ့ရသော မေမေ့ကို သူ သနားမိသည်။ လင်ကိုရော၊ သားကိုရော ချစ်လွန်းရှာသော မေမေ့အတွက် သူ ဘာတွေပြန်ပေးဆပ်သင့်သလဲ။

အနီးအနားမှာရှိသော အချစ်ကို ပိုင်ဆိုင်ခွင့်မရတာက သူ့ရဲ့ ကံကြမ္မာလား။ ဘဝမှာ ဒီလိုအနေကျဉ်းကျပ်မှုမျိုး ရှိလိမ့်မည်ဆိုတာ သူ တစ်ခါမှ မတွေးမိဘူးပေ။

အချစ်အပေါ် သစ္စာရှိချင်သော်လည်း သူ့ကံတရားက ဒီအတိုင်းပဲမို့…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

"ကျွန်တော် ထိပ်ထားကို ချစ်တယ်။ ထိပ်ထားဘက်က ဆန္ဒလေးကို သိပါရစေ"

"ရှင်"

ဆိုင်းမဆင့် ဗုံမဆင့် ခုံညားဇော် ပြောချလိုက်သည့်စကားကြောင့် စံထိပ်ထား မျက်လုံးလေးပြူးလည်ကာ အံ့သြသွားရလေသည်။ တကယ်ဆို ခင်မင်ရင်းနှီးလာခဲ့သည့်သက်တမ်းက တိုတိုလေး ရှိပါသေးသည်။ တစ်ယောက်အကြောင်း တစ်ယောက်တောင် သေချာဂဃနဏ မသိကြသေး။ ဒါပေမယ့် မြင်မြင်ချင်း ချစ်မိကြိုက်မိ၊ တဒင်္ဂအတွင်း ရင်ခုန်သွားကြသည်ဆိုသော သာဓကတွေကတော့ အများကြီးပါ။





"ရှင်က ထိပ်ထားကို ဘယ်လိုပုံစံမျိုးနဲ့ ချစ်တာလဲ"

"ဗျာ"

"ဪ...ရင်းနှီးကြတဲ့အတိုင်းအတာ မကြာသေးဘူး။ ချစ်ခွင့်ပန်တယ်ဆိုတော့ ထိပ်ထားဆီက လွယ်လွယ်အဖြေရမယ်ထင်လို့လား၊ သုံးနှစ်သုံးမိုးစောင့်ဖို့ ဆန္ဒရောရှိရဲ့လား"

"အဲဒါ ထိပ်ထားရဲ့ဆန္ဒအတိုင်းပါပဲ။ ထိပ်ထား စောင့်ခိုင်းသလောက် ကျွန်တော် စောင့်ရမှာပေါ့။ ကျွန်တော် ချစ်တဲ့အကြောင်းကို ကျွန်တော် ထိပ်ထားကို အသိပေးတာပါ။ ထိပ်ထား ပြန်မချစ်ဘူးဆိုရင်လည်း ဘာတတ်နိုင်မှာလဲ။ ထိပ်ထား မပေးချင်တဲ့အချစ်ကို ကျွန်တော် ဖွတ်တရွတ် မတောင်းဆိုရဲပါဘူး"

ခုံညားဇော်ရဲ့စကားများကြောင့် သူမ ပြုံးမိသွားရလေသည်။ တည်တည်ငြိမ်ငြိမ် ပြောနေသည့်အတွက် အလေးအနက် ဖြစ်လိမ့်မည်ဟု သူမ ယုံကြည်မိ၏။

"ရှင် ဘယ်လောက်အထိ ထိပ်ထားကို ချစ်နိုင်မလဲ"

"ဗျာ"

"ဪ...တစ်သက်လုံးအထိလား၊ ခဏတာ အပေါ်ယံကြော အပျော်ကြံတာလား။ တချို့က မိန်းကလေးတစ်ယောက်ကို လွယ်မယ်ထင်လို့ ဖမ်းတာမျိုးလည်း ရှိတယ်လေ"

"ကျွန်တော် ထိပ်ထားကို အဲဒီလိုလုပ်ရက်ပါ့မလားဗျာ... ထိပ်ထားက ဘယ်လောက်ထိ တန်ဖိုးရှိတဲ့ မိန်းကလေးလည်းဆိုတာ ကျွန်တော် သိနေတာပဲ။ တစ်သက်လုံးအတွက် ရည်ရွယ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားသာ လက်ခံမယ်ဆိုရင် ကျွန်တော် အမြန်ဆုံးတောင် လက်ထပ်ချင်တာပါ"

"အံမယ်...အပြောက ကောင်းလိုက်တာ။ အဆင့်တွေက ကျော်နေပြီ"

"ထိပ်ထား ကျွန်တော့်ကို ယုံကြည်စေချင်လို့ပါ"

"ဘယ်လောက်ထိ ယုံကြည်ရမှာမို့လဲ"

"တစ်သက်လုံးအတွက်ပါ ထိပ်ထား...ထိပ်ထား တစ်သက်လုံး ကျွန်တော့်ကို ယုံကြည်လို့ရပါတယ်။ အားကိုးလို့ ရပါတယ်"

"အခုတစ်ခါတည်း အဖြေပေးမယ်ဆိုရင်ရော ရှင် ထိပ်ထားကို အထင်သေးမှာလား"

"ဗျာ"

အာမေဍိတ်သံတွေ တစ်ခွန်းပြီးတစ်ခွန်း ထွက်သွားလောက်အောင် စံထိပ်ထား မေးခွန်းများက ထိရောက်လေသည်။ တန်ဖိုးရှိသော မိန်းကလေးများက သူမတို့အတွက် အကာအကွယ်ယူတတ်ကြသည် မဟုတ်လား။

သူမ သေချာချင်နေသည်က သူ့ရဲ့အတွင်းစိတ်ကို မသိသေးလို့ပါ။ ဒါပေမဲ့ စံထိပ်ထားကို လှည့်ဖြားနေသလို ဖြစ်နေရတာ သူ တကယ်ကို စိတ်မသက်သာလှပေ။

"ပြောလေ...ကိုခွန်ညား၊ ထိပ်ထားမေးတာ ဘာတွေ ဝန်လေးသွားလို့လဲ"

"မဟုတ်ပါဘူး...ထိပ်ထား ကျွန်တော်က ဘာလို့ ထိပ်ထားကို





အထင်သေးရမှာလဲ။ ထိပ်ထားအချစ်ကို လိုချင်လို့ ကျွန်တော် တန်ဖိုးကြီးကြီးနဲ့ တောင်းဆိုနေတာပါ။ ထိပ်ထားသာ အဖြေပေးမယ်ဆိုရင် ဒီကမ္ဘာမှာ ကျွန်တော့်လောက် ပျော်ရွှင်မယ့်သူ ရှိမှာမဟုတ်ပါဘူး။ ကျွန်တော် ထိပ်ထားကို တကယ်ချစ်တာပါ ထိပ်ထား"

"ရှင် ထိပ်ထားကို ပေါ့ပေါ့တန်တန် သဘောထားပြီး မလိမ်ညာဘူးဆိုတာ ထိပ်ထား ယုံကြည်ပါတယ် ကိုခွန်ညား။ ရှင်က အသိုက်အဝန်းကြီးထဲက မိကောင်းဖခင်သားလည်း ဖြစ်တယ်။ ပညာတတ်တယ်။ ရုပ်ချောဥစ္စာပေါ ခန့်ညားတယ်။ ပြီးတော့ အချစ်ဆိုတဲ့ စကားကို လွယ်လွယ်အသုံးချတတ်မယ့်သူ မဟုတ်ဘူးဆိုတာ ထိပ်ထား သိနေပါတယ်"

"ထိပ်ထားရယ်"

မလုံမလဲဖြစ်မိရင်း နီမြန်းလာသော မျက်နှာကို တစ်ဖက်လွှဲလိုက်ရသည်။ စံထိပ်ထားကို မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူနေမိလို့ပါ။

"ရှင် ထိပ်ထားအပေါ် တစ်သက်လုံး သစ္စာရှိနိုင်ပါ့မလား ကိုခွန်ညား"

"ကျွန်တော်"

"လွယ်လွယ်တော့ ကတိမပေးပါနဲ့။ ချစ်သူဘဝမှာ သစ္စာမဲ့တာ ထိပ်ထား နားလည်ပေးနိုင်ပေမယ့် အိမ်ထောင်သည်ဘဝမှာတော့ အသိုက်အဝန်းမျက်နှာကို ပြန်ကြည့်ရမယ်။ နှစ်ဖက်အသိုက်အဝန်းတော အညာတရတွေ မဟုတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပါတယ် ထိပ်ထား။ ကျွန်တော့်ကိုယ်ကျွန်တော် ထိပ်ထား စိတ်တိုင်းကျတဲ့ လူတစ်ယောက်ဖြစ်အောင်နေပါ့မယ်"

ဒီလိုပြောတော့ သူမ စိတ်မကောင်းဖြစ်သွားမိရလေသည်။ ခုညားဖော်က သူ့အဖေလက်အောက်မှာလည်း စိတ်ဖိစီးမွန်းကျပ်မှုတွေနှင့် နေခဲ့ရတာမဟုတ်ပါလား။ သူမနှင့်ပတ်သက်လာလျှင်တော့ ဒီလိုတွေ မဖြစ်စေချင်ပါ။ တစ်ယောက်နှင့်တစ်ယောက် နားလည်ပေးမှုတွေနှင့် စိတ်ချမ်းသာမှုတွေသာ ပေးချင်သည်။

"ကဲပါလေ…ဒါတွေက နောက်မှ ဆွေးနွေးတိုင်ပင်ညှိနှိုင်းရမယ့်ကိစ္စတွေပါ။ အခုက"

"ပြောလေ ထိပ်ထား…ကျွန်တော့်ကို ယုံကြည်တယ်ဆိုရင် အဖြေပေးမှာလား"

"အင်း"

"ဘာလို့ ခေါင်းကြီးငုံ့သွားရတာလဲ။ ကျွန်တော့်မျက်နှာကို ကြည့်ပြီး ပြောပါ"

စံထိပ်ထား မေးဖျားလေးကို လက်ကလေးနှင့်ပင့်မ၍ ပြောလိုက်ချိန်မှာ သူမက ရှက်ရွံ့သော မျက်နှာနီနီလေး ပင့်မော့လာခဲ့ပြီး–

"ထိပ်ထား မောင့်ကို ချစ်ပါတယ် မောင်"

"ဟင်"

သူ့ရင်တွေ ပရမ်းပတာ လှုပ်ခနဲ ခါသွားခဲ့သည်။ မြသားချိုဆိုက အဖြေကြားရစဉ်ကထက် ရင်ခုန်သံတွေက နွေးငြိမ့်နေသလို ခံစား





ရ၏။ သူ့ရင်ထဲ ဘာကြောင့် ဒီလိုဖြစ်သွားရတာလဲ။ ရင်ထဲကအချစ်တွေမရဘဲ ဖြားယောင်းနေရတာကို အားနာမိလို့ပဲလား။

တကယ်ဆို သူမဘက်ကသာ ငြင်းဆန်လိုက်လျှင် ဒီနေရာမှာတင် အရာအားလုံးက ပြီးဆုံးသွားခဲ့မှာပါ။ သူမအချစ်ကိုရတာ သူ ဘာကြောင့် ဝမ်းမသာနိုင်ဖြစ်နေရသည်မသိပေ။

မင်း ကိုယ့်ကို မချစ်ဘဲနေခဲ့ရင် သိပ်ကောင်းမှာပဲ ထိပ်ထားရယ်။
မင်းအချစ်တွေနဲ့ ငါက လုံးဝ မတန်တဲ့ကောင်ပါ။
အပြစ်တွေနဲ့ပဲ ထိုက်တန်တယ်ဆိုတာ…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"ဘာ…ဒါဆို မိုးကောင်းတို့ဆီမှာ သမီးတောင်းပေးဖို့ပဲ ကျန်တော့တာပေါ့။ ဟား…ဟား…တော်လိုက်တဲ့ ငါ့သား။ ဒါမှ အဖေ့တူသား၊ အဖေ အားကိုးရမယ့်သားကွ"

ဖေဖေ သူ့ပခုံးကိုဖက်ကာ ပျော်နေတာကို သူ့ရင်တွေက နာနေသည်။ သူ စိတ်ဆင်းရဲမှုတွေနှင့် ရယူခဲ့ရသောအချစ်အတွက် သူကတော့ မပျော်ရွှင်နိုင်ပါ။ သူ ဖေဖေ့လက်တွေကို ဆွဲဖယ်ချကာ ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သည်။ ဖေဖေက သူ့အနားမှာပဲ ဝင်ထိုင်၏။

မေမေက သူ့မျက်နှာကိုကြည့်ကာ စိတ်မသက်မသာဖြင့် ရှောင်ထွက်သွားသည်။





"လက်ထပ်ဖို့ကိစ္စတော့ မလောပါနဲ့ဦး ဖေဖေ…အခု ချစ်တယ်လို့ ဖွင့်ပြောတာတောင် ရင်းနှီးမှုမကြာသေးဘဲနဲ့လို့ စံထိပ်ထား သံသယဝင်ချင်တယ်။ လက်ထပ်ဖို့ကိစ္စ မြန်မြန်ဖြစ်သွားရင် အထင်လွဲခံရနိုင်လို့ပါ"

"ဘာကို အထင်လွဲရမှာလဲ။ လူငယ်ချင်း မေတ္တာမျှနေပြီဆိုတာ ပြောမယ်။ လက်ထပ်သင့်တဲ့အရွယ်လည်း ရောက်နေလို့ လက်ထပ်ဖို့ကိစ္စ စီစဉ်မယ်။ မိုးကောင်းတို့က သူ့သမီးသာ ဆန္ဒရှိရင် ငြင်းမှာမဟုတ်ဘူး"

"မဟုတ်သေးဘူး ဖေဖေ…အိမ်ထောင်ပြုတယ်၊ လက်ထပ်တယ်ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ တစ်သက်လုံး ပေါင်းသင်းရမှာ။ တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ အချိန်လိုအပ်ပါသေးတယ် ဖေဖေ"

"အေး…အဲဒီလို တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ အချိန်စောင့်ပြီး မင်းအကြောင်းတွေ သိသွားတော့ စံထိပ်ထား လက်ခံပါ့မလား။ ပြီးတော့ စံထိပ်ထားဘက်မှာလည်း အကြောင်းကိစ္စပေါ်လာနိုင်တယ်။ အခု မင်းတို့ချစ်နေကြတဲ့အချိန်၊ အပြစ်မမြင်ကြတဲ့အချိန်လေးမှာ လက်ထပ်လိုက်မှဖြစ်မှာပေါ့။ မင်းက အမြဲတမ်း တွေဝေဖို့ တွန့်ဆုတ်ဖို့ပဲ စဉ်းစားနေတဲ့ကောင်"

ဖေဖေရဲ့စကားတွေက မှန်နေပေမယ့် ဖေဖေရဲ့စိတ်လောကြီးမှုတွေအတွက် စိတ်ပျက်သွားမိတာအမှန်ပင်။ သူ့ဆန္ဒအတိုင်း ဘာမှ ဖြစ်မလာဘဲ ဖေဖေ ဖြစ်ချင်တာပဲ လိုက်လျောနေရတာ သူ့ရင်တွေ



www.burmeseclassic.com

www.burmeseclassic.com



နာလာသည်။ ဒါပေမယ့် လွန်ဆန်ဖို့လည်း မစဉ်းစားမိပါ။ သူနှင့် ဖေဖေ ပဋိပက္ခတွေဖြစ်လျှင် မေမေပဲ စိတ်ဆင်းရဲရမှာ မဟုတ်ပါလား။ ဖေဖေက မေမေ့ကိုပါ ပြဿနာရှာနိုင်သည့်မို့ သူ ရောင့်ရှတ်ပိတ်နေလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မည်။

"ဟိတ်ကောင်…မင်းက ငါ စီမံတာ မကျေနပ်လို့ ငြိမ်နေတာလား"

"မဟုတ်ပါဘူး ဖေဖေ…ဖေဖေ ကြိုက်သလိုသာ စီမံပါ။ သား ဘာမှမပြောချင်တော့ပါဘူး။ ပြောလို့လည်း ရမှမရတာ"

"မင်း ငါ့ကို ရွဲ့တာလား ခွေးသားဖော်…ငါ မင်းအတွက် အနာဂတ်သေချာအောင် စီမံပေးနေတာ။ ငါ့လိုမဖြစ်ရအောင် စောင့်ရှောက်နေတာ။ စီးပွားရေးလုပ်ငန်း လုပ်တယ်ဆိုတာ ငွေကြေးရင်းနှီးမြှုပ်နှံနိုင်ရုံ တစ်ခုတည်းနဲ့ မရဘူး။ မိုးကောင်းတို့က အသိုက်အဝန်း တောင့်တယ်။ အဆက်အသွယ်ကောင်းတယ်။ သူနဲ့ ခမည်းခမက်တော်လိုက်ရင် ငါလည်း လူရာဝင်လူဝင်ဆံ့သွားမယ်။ မင်းအမေရဲ့မိဘတွေကို အားကိုးနေလို့ကတော့ ဒီတစ်သက် လူမွဲလူတောင်ပြောင်မှာမဟုတ်ဘူး…နားလည်လား"

"ဒီစကားတွေ ထပ်ခါထပ်ခါ မပြောပါနဲ့ ဖေဖေ…မေမေလည်း စိတ်ဆင်းရဲရပါတယ်။ အဲဒါကြောင့် ဖေဖေ့စကားကို သား မလွန်ဆန်တာပါ"

"ငါ့စေတနာကို အသိအမှတ်မပြုဘဲ မင်းအမေကြောင့်လို့ ဆိုလိုတာလား"





"အဲဒီလိုလည်း မဟုတ်ပါဘူး ဖေဖေ။ ဖေဖေ့စကားကို သား ဘယ်ချိန်တုန်းက လွန်ဆန်ခဲ့ဖူးလို့လဲ။ ဖေဖေ စိတ်တိုင်းကျ ဖေဖေ စီမံသလိုပဲနေခဲ့တာ။ သား ဖြစ်ချင်တာ၊ သားလုပ်ချင်တာ လုပ်ခဲ့ရဖြစ်ခဲ့ရဖူးလို့လား။ ဒီလိုလုပ်လို့လည်း သား ဖေဖေ့ကို အပြစ်မမြင်ခဲ့ဖူးပါဘူး ဖေဖေ"

"မင်းအပြစ်မြင်ရအောင်ရော ငါက ငါ့အတွက် ငါပဲလုပ်နေတာမို့လို့လား။ မင်းအမေဘက်က မဖြစ်စလောက်ပေးလိုက်တဲ့ငွေလေးနဲ့ ဒီဘဝ ဒီအခြေအနေရောက်အောင် ငါ ဘယ်လောက်ထိ ကြိုးစားရုန်းကန်ခဲ့ရသလဲ။ မင်းတို့ ဒီလိုမျိုးနေနိုင်တာ ငါ အပင်ပန်းခံကြိုးစားရုန်းကန်ခဲ့လို့ကွ။ ငါက ဘဝနာခဲ့တဲ့ကောင်။ မင်းက ပြည့်ပြည့်စုံစုံနဲ့ သက်သောင့်သက်သာနေရလို့ ဘဝဆိုတာ ဘာမှန်းနားမလည်ဘဲ ပေါ့ပေါ့လေးတွေးပြီး တွေဝေနေတာ၊ တွန့်ဆုတ်နေတာ။ ငါ့လို ဘဝနာခဲ့ရရင် မင်းလည်း ငါ့လိုပဲ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ပူလောင်နေမှာပါ ခွေးသားဖော်"

ဒါကိုတော့ ငြင်းလို့ရမှာမဟုတ်ပေ။ တကယ်တော့ ဖေဖေ ရှာဖွေထားသော စည်းစိမ်ဥစ္စာတွေနဲ့ သူ သက်သောင့်သက်သာ နေခဲ့ရတာတော့ အမှန်ပါ။ အဝတ်အစား၊ အသုံးအဆောင်၊ ကားဆိုကား၊ အိုင်တီပစ္စည်းမှန်သမျှလည်း ပေါသမျှ သူ့အခန်းထဲမှာ အပြည့်ပင်။ ဘာမှ လိုလေသေးမရှိ။ တောင်းဆိုစရာမလိုအောင် ဖေဖေက ပြည့်စုံအောင်ထားပေးခဲ့သည်။

ဒါပေမဲ့ ဖေဖေ ဘယ်လောက်ထိ ကြိုးစားရုန်းကန်ခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ သူ သေချာမသိပေ။ မေမေ့ရဲ့ သိမ်ငယ်မှု၊ အားငယ်မှု တွေကိုသာ သနားကရုဏာဖြစ်ရင်း ဖေဖေ့ကိုတော့ အတ္တကြီးသည်ဟု သာ မြင်ခဲ့သည်။

မခံချင်စိတ်နှင့် ကြိုးစားရုန်းကန်ခဲ့ရသော ဖေဖေ့မှာလည်း ဒဏ်ရာအနာတရတော့ ရှိနေမှာပါ။ စံထိပ်ထားနှင့် လက်ထပ်ဖို့ သူ့ ဘက်က ပေးဆပ်မှုတစ်ခုလို့သာ အောက်မေ့ရပေတော့မည်။ သူ သက်ပြင်းတွေ မှုတ်ထုတ်မိကာ-

"သားဘဝကို ဖေဖေ ကြိုက်သလို စီမံပါ ဖေဖေ။ ဖေဖေ ရုန်းကန်ခဲ့ရတာတွေအတွက် သား ပြန်ပြီးပေးဆပ်မှာပါ။ ဘဝကို လွယ်လွယ်လေးလို့ သား တွေးမထားပါဘူး။ စံထိပ်ထားကို လက်ထပ်မှ ဖေဖေ အဆင်ပြေမယ်ဆိုရင် သား လက်ထပ်ပါ့မယ်"

"ဒါ ငါ့တစ်ယောက်တည်းအတွက် လုပ်နေတာမဟုတ်ဘူး ဆိုတာတော့ မင်း နားလည်ရမယ် ခုညားဇော်။ ဒီမိသားစုအတွက် အပင်ပန်းခံကြိုးစားနေတယ်ဆိုတာ ငါ့ရဲ့မေတ္တာတရားပဲ။ ညင်သာ ပျော့ပျောင်းမှုမရှိလို့ ငါ့ရဲ့မေတ္တာကို မင်းတို့ နားလည်ချင်မှ နားလည် လိမ့်မယ်။ ငါဖြစ်ချင်တာပဲ ဖြစ်အောင်လုပ်ခဲ့တဲ့အတွက် အတ္တကြီးတယ် လို့လည်း မင်းတို့သားအမိ ထင်ချင်ထင်လိမ့်မယ်။ ဒါပေမယ့် ငါ ဂရုမစိုက်ဘူး။ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ စိတ်ရှိနေတဲ့အတွက် ကျန်တဲ့ သူတွေ ဘယ်လိုခံစားရမယ်ဆိုတာလည်း ငါ ကိုယ်ချင်းစာပေးမှာ မဟုတ်ဘူး။ ငွေညာတတ်တဲ့သူ၊ စာနာတတ်တဲ့သူမျိုးတွေက ဘယ်တော့ မှ ကြီးပွားမှာမဟုတ်ဘူးဆိုတာ မင်း အမြဲတမ်း မှတ်ထား…





မင်းလည်း စီးပွားရေးလောကထဲ ရောက်နေပြီ။ အဲဒီစိတ်မျိုးမွေးတတ် အောင် လေ့ကျင့်ထား"

ဖေဖေ မမြင်သာအောင် သူ ခေါင်းယမ်းလိုက်သည်။ ဒီကိစ္စ ကတော့ ဖေဖေနှင့်သူ တူမှာမဟုတ်ပေ။ ကိုယ်ချင်းစာစိတ်၊ စာနာ စိတ်ဆိုတာ လူတိုင်းမှာ ရှိသင့်တာပဲမဟုတ်လား။

အခုတောင် မြသား ဘယ်လောက်ခံစားနေရမလဲဆိုတာ သူ စာနာနေမိတာပါ။ အဆက်အသွယ် ပြတ်တောက်သွားပေမယ့် သူ မြသားကို မေ့လို့မရသေးပေ။ သတိရနေသည်ဆိုတာထက် သူမကို နှစ်သိမ့်ဖျောင်းဖျချင်စိတ်တွေက တားဆီးလို့မရပေ။

သူမ ဖြေသာအောင် သူ ဘာတွေလုပ်ပေးသင့်သလဲ၊ ချစ်ထားခဲ့ သူနှင့် ကျိန်ရစ်ခဲ့သူ အပူဘယ်သူက ပိုများမည်ဆိုတာ သူ ကိုယ်ချင်း စာမိပါသည်။ မုန်းလို့မှ မဟုတ်တာ မြသားရယ်။ ဘယ်လိုလုပ် မေ့နိုင်မှာလဲ။

ကိုကို နာကြည်းပြီး မုန်းမေ့ပစ်လိုက်ပါ။ တစ်သက်စာ လွမ်းဆွေး မနေဘဲ နာကျင်ပစ်လိုက်ပါ။ နောင်ဘဝဆိုတာရှိရင် သတ္တိရှိတဲ့လူသား အနေနဲ့ မြသားကို ထွေးပွေ့ယုယပေးပါ့မယ် မြသား။

ဒီဘဝတော့ ဒီလောက်နဲ့ပဲ…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

"ကဲ...ဦးမိုးကောင်းရေ သတင်းကောင်းလို့ပဲ ပြောရမယ်။ ကျွန်တော် ခင်ဗျားဆီမှာ သမီးတောင်းရတော့မယ်ဗျ"

"ဘယ်လိုကြောင့်လဲဗျ။ ခင်ဗျာ ကျွန်တော့်အိမ်အထိရောက်လာတာ ထူးတော့ထူးနေပြီ"

"သားက ချွေးမတောင်းခိုင်းလို့လေ ဦးမိုးကောင်းရဲ့။ သူတို့ချင်း မေတ္တာမျှနေလို့ လက်ထပ်ချင်ပြီတဲ့"

"ဗျာ"

"ရှင်"

ဦးမိုးကောင်းနှင့်ဒေါ်သက်ထားခင် အာမေဋိတ်သံထွက်လောက်အောင် အံ့သြသွားကြသည်။ သမီးက ဒီအကြောင်း ဘာမှပြောပြမထားသေးဘူး မဟုတ်လား။ သမီးနှင့် ခင်မင်ရင်းနှီးတာလည်း အချိန်ကာလ





အားဖြင့် ကြာသေးပုံမပေါ်သေးတာမို့-

"သမီးကတော့ ဘာမှမပြောသေးဘူး ဦးဥက္ကာရဲ့... သမီးမှာ ချစ်သူရည်းစားရှိရင် ပွင့်ပွင့်လင်းလင်း ဖွင့်ပြောတိုင်ပင်ခိုင်းထားတာပါ။"

"သူ ရှက်နေလို့ဖြစ်ပါလိမ့်မယ် ဦးမိုးကောင်းရယ်။ အိမ်က သားကတော့ အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပြီဆိုတော့ သူ ချစ်သူရည်းစားရတာနဲ့ တန်းခနဲ မိန်းမတောင်းခိုင်းတော့တာပဲဗျာ။ ကျွန်တော်လည်း ဦးမိုးကောင်းတို့ဆီကို မျက်နှာပူပူနဲ့ လာခဲ့ရတာပါ။ ကုမ္ပဏီလာပြီး အသိပေးတာတို့၊ ဖုန်းနဲ့ဆက်ပြီး စကားပြောတာတို့ဆိုရင် မလေးစားရာရောက်မှာစိုးလို့လေ။ သေချာအောင် သမီးကို ခေါ်မေးကြည့်ပါဦး။ သမီးလေး အိမ်မှာရှိတယ်မဟုတ်လား"

ဦးမိုးကောင်းတို့လင်မယားနှစ်ယောက် အကြည့်ချင်းဆုံသွားလျက်-

"သမီး ရှိပါတယ်။ မိတူးရေ..သမီးကို ခေါ်ခဲ့ပေးပါကွယ်"

ကော်ဖီခွက် လာချပေးသော အိမ်အကူမိန်းကလေးကို မှာလိုက်ပြီး ဒေါ်သက်ထားခင်မျက်နှာ ဦးဥက္ကာဘက် လှည့်လာသည်။

"သားက တကယ်ပဲ သမီးလေးနဲ့ မေတ္တာမျှနေပြီလို့ ပြောသလား"

"ဩော်...မပြောဘဲနဲ့တော့ ကျွန်တော် ဒီလို ဘယ်လာပြောရဲ့ပါ့မလားဗျာ...ချစ်ကြိုက်ကြတာ မကြာသေးပေမယ့် သားက လက်ထပ်ချင်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုဆိုရင်လည်း သမီးနဲ့ အရင်ညှိနှိုင်းသင့်တာပေါ့။ အဲဒါမှ သမီးက မိဘတွေကို ဖွင့်ပြောရင် လူကြီးချင်း စကားပြောရတာ ပိုကောင်းတယ်။ အခုတော့ ဦးဉက္ကာကိုယ်တိုင် အိမ်လာရတော့ အားနာလိုက်တာရှင်"

"ရပါတယ်ဗျာ…ကျွန်တော်ကတော့ သားကို တခြားမိန်းကလေးနဲ့မဟုတ်ဘဲ ဒေါ်သက်ထားခင်တို့သမီးဖြစ်နေတဲ့အတွက် အရမ်းကို ဝမ်းသာနေတာ။ အခုခေတ်မိန်းကလေးတွေက လွယ်တာမဟုတ်ဘူး, မဟုတ်လား။ ကျွန်တော်က သားကို တန်ဖိုးမဲ့တဲ့ မိန်းကလေးတွေနဲ့ တွေ့မှာစိုးရိမ်နေတာ။ သြော်…သမီး…လာလေ"

"အန်ကယ် ရောက်နေတာလား"

စံထိပ်ထားလည်း ဦးဉက္ကာဖော် ရောက်နေတာကို အံ့အားသင့်နေသည်။ ခံ့ညားဖော်နှင့် ချစ်သူဖြစ်တာ မကြာသေးတာမို့ သားရေးသမီးရေးကိစ္စ လာပြောသည်ဟုလည်း မထင်ပါ။ ဒေါ်သက်ထားခင်က သမီးမျက်နှာလေးကို ကြည့်ပြီး–

"သမီး…ဒီက ဦးဉက္ကာဖော်သား မောင်ခံ့ညားဖော်နဲ့ ချစ်သူရည်းစားတွေ ဖြစ်နေကြတယ်ဆို"

"ရှင်…ဟုတ်…ဟုတ်ပါတယ် မေမေ"

"သြော်…သမီးက မေမေတို့ကို ဘာလို့ဖွင့်မပြောခဲ့တာလဲကွယ်။ အခု ဦးဉက္ကာက သားရေးသမီးရေးကိစ္စ လာပြောတာ။ မောင်ခံ့ညားက သမီးနဲ့ လက်ထပ်ချင်နေပြီတဲ့"

"ရှင်…မောင်ကလည်း သြော်…ခံ့ညားကလည်း သမီးကို





အရင်အသိပေးတာ မဟုတ်ဘူး။ ဘာမှန်းလည်း မသိဘူး…တကယ်ပဲ"

စံထိပ်ထား မျက်နှာမထားတတ်အောင် ရှက်ရွံ့နေသည်။ မိဘတွေကို သူမက အရင်အသိပေးထားရရင် တော်သေးတာပေါ့။ အခုတော့ မောင့်အဖေ လာပြောမှသိရသော မိဘတွေကို မျက်နှာပူမိသလိုပင်။ ဒါပေမဲ့ မောင်က လက်ထပ်ချင်နေပြီဆိုသည့်အတွက်တော့ ရင်မှာ တလှိုက်လှိုက် ကြည်နူးမိလေသည်။

"ကဲပါ…မောင်ခံ့ညားကိုလည်း အပြစ်တင်မနေနဲ့။ သူလည်း သူ့အဖေကို ပြောကြည့်မှာပေါ့။ သမီးဆန္ဒကိုလည်း ပြောပါဦး။ လက်ထပ်ဖို့ကို အချိန်ယူချင်သေးလား၊ လက်ခံလိုက်မလား"

"ရှင်…ဟို…ခံ့…ခံ့ညားနဲ့ တိုင်ပင်ပါဦးမယ်"

"ဟိုက လက်ထပ်ချင်လို့ သူ့အဖေကိုတောင် ပြောခိုင်းလိုက်ပြီဟာကို။ သမီးက ဘာတိုင်ပင်နေဦးမှာလဲ။ အခုပဲ သူ့အဖေကို ပြောလိုက်လို့ရတယ်။ နောက်တစ်နှစ် စောင့်ခိုင်းမလား။ နှစ်နှစ်လား၊ သုံးနှစ်လား။ သမီးဆန္ဒ သမီးသဘောအတိုင်းပဲ။ ဖေဖေတို့က လက်ခံပေးမှာ"

ဦးမိုးကောင်းတို့က တကယ်ကို မိဘပီသပါပေသည်။ ဦးဉက္ကာကို အားနာပြီး လက်ခံမှာမျိုးမဟုတ်ဘဲ သမီးဆန္ဒကသာ အဓိကဖြစ်နေသည်။ စံထိပ်ထား ငြင်းလိုက်မှာကို စိုးရိမ်စိတ်ဖြင့် ဦးဉက္ကာ အသက်ရှူဝင် မှုလျှောနေမိသည်။ ဒီကိုလာမည်ဆိုတာ သားကိုတောင် အသိမပေးခဲ့မိပါ။ သားကလည်း လက်ထပ်ဖို့ဆန္ဒ မရှိသေးဘူးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား။ စံထိပ်ထားကို တကယ်မချစ်တာကတစ်ကြောင်း၊ လက်ထပ်ဖို့ လောလျှင် အထင်လွဲခံရမှာတစ်ကြောင်းဖြင့် အချိန်ကို ဆွဲထားချင်နေတာ။ ကိုယ့်မှာတော့ ရှေ့မှာလုပ်ရမယ့်လုပ်ငန်းစဉ်တွေနှင့် အမြန်ဆုံးပင် လက်ထပ်စေချင်နေမိသည်။

"သမီး ခုညားနဲ့ လက်ထပ်ပါ့မယ် ဖေဖေ"

"ဟင်"

ကြားလိုက်ရသောစကားအတွက် ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာသွားမိသည်။ သမီးက ဒီလိုပြောလိုက်လို့လည်း ဦးမိုးကောင်းတို့လင်မယားက ကန့်ကွက်မည့်သူတွေ မဟုတ်ပါ။

"ကဲ…ဦးဥက္ကာရေ… သမီးပြောတာ ခင်ဗျားကြားတဲ့အတိုင်းပဲ။ ခင်ဗျားသားနဲ့ လက်ထပ်မယ်ဆိုတော့ ကျွန်တော်တို့လည်း သဘောမတူစရာ မရှိပါဘူး။ မတော်တာနဲ့တွေ့ပြီး အမှားအယွင်းမဖြစ်ရင်ဘဲ မိဘဆိုတာ စိတ်ချမ်းသာနေရပါပြီ။ ခင်ဗျားက အရင်ကတည်းက ဆန္ဒရှိနေတော့ ကျေနပ်မှာပေါ့။ ဟုတ်တယ်မဟုတ်လား ဦးဥက္ကာ"

"ဒါပေါ့ဗျာ…ကိုယ့်သားကိုယ်တန်ဖိုးထားရတော့လည်း တန်ဖိုးရှိပြီး အမျိုးမြတ်တဲ့သူနဲ့ပဲ ဖြစ်စေချင်တာပေါ့။ မတော်တရော် သူတွေနဲ့တွေ့ရင် မိဘတွေပဲ စိတ်ဆင်းရဲရမှာမဟုတ်လား။ ဖူးစာပါရင် ရမှာပဲဆိုပေမယ့် ကိုယ့်သားသမီးကို အကောင်းဆုံး မျှော်လင့်ချင်ကြတာ မိဘတွေရဲ့ မေတ္တာပဲလေ။ ကျွန်တော်ကတော့ ဦးမိုးကောင်းတို့ သမီးနဲ့ လက်ထပ်ပေးရမှာ အတိုင်းမသိကို ဝမ်းသာနေပါတယ်။ ကျွန်တော် ပိုင်ဆိုင်သမျှ သားနဲ့သမီးအတွက်ပါပဲ"





"ကျွန်တော်တို့လည်း ဒီလိုပါပဲဗျာ…သမီးလေးက တစ်ဦးတည်းသောသမီးလေးဆိုတော့ ကျွန်တော်တို့ပိုင်ဆိုင်သမျှက သားသမီးမြေးမြစ်တွေအတွက်ပါပဲ။ သူတို့နောင်ရေး စိတ်အေးရဖို့ တစ်ခုပဲ လိုအပ်ပါတယ်"

"တစ်ခုတော့ရှိတယ် ကိုဥက္ကာ…မချစ်ခင်က မုန်းစကားပြောတယ် ပြောရမှာပဲ။ သူတို့ မင်္ဂလာဆောင်ပြီးရင် ကျွန်မကတော့ တစ်အိုးတစ်အိမ် ခွဲမလွှတ်နိုင်ဘူး။ အရွယ်ရောက်ပြီဆိုပေမယ့်လည်း သူတို့ကို ခွဲထားလို့ မဖြစ်သေးဘူး။ ဟိုဘက်မိဘအိမ်နေလိုက်၊ ဒီဘက်မိဘအိမ် တစ်လှည့်နေလိုက်၊ အပူအပင်ကင်းကင်းနဲ့ အဲဒီလိုပဲ ဖြစ်စေချင်တယ်။ မိဘတွေရဲ့မေတ္တာရိပ်မှာပဲ ရှိစေချင်တယ်လေ။ တစ်ဦးတည်းသောသားသမီးတွေဖြစ်လို့ မိသားစုနည်းတဲ့အတွက် သူတို့ကို မလွှတ်လိုက်နိုင်ဘူး"

ဒေါ်သက်ထားခင်ဆန္ဒကို ဦးမိုးကောင်းကလည်း ထောက်ခံသလို ခေါင်းညိတ်၍-

"အဲဒါတော့ ဟုတ်တယ်ဗျ။ ယောင်နောက်ဆံထုံးပါဆိုတဲ့ စကားကိုတော့ ကျွန်တော်တို့ မဆန့်ကျင်ပါဘူး။ သမီးကို ခင်ဗျားတို့အိမ်မှာ ခေါ်ထားချင်လည်း ခေါ်ထားပါ။ ဒါပေမဲ့ ကျွန်တော့်တို့အိမ်မှာ တစ်လှည့်နေဖို့လည်း ခွင့်ပြုပေးပါ။ ဒါက ဘာမှဖြစ်မလာခင် ညှိနှိုင်းကြည့်တဲ့သဘောပါ ဦးဥက္ကာ"

"ဟာ…ဖြစ်ရမှာပေါ့ဗျာ။ ကျွန်တော်ကလည်း ကျွန်တော့်သားကို တခြားခွဲနေဖို့ ခွင့်မပြုပါဘူး။ သားသမီးမြေးမြစ်တွေနဲ့ မနေသခင်



www.burmeseclassic.com

www.burmeseclassic.com



စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေသွားချင်လို့ လက်ထပ်ပေးလိုက်တာပဲ။ ကျွန်တော့်မှာလည်း ဒီသားလေးတစ်ယောက်တည်းရှိတာလေဗျာ။ နှစ်ဖက်မိဘတွေနဲ့ပဲ မျှမျှတတ နေခွင့်ပေးမှာပါ။ ကျွန်တော်တို့သေသွားရင် ဒီအိမ်က သူတို့အတွက် အမွေပဲပေါ့။ ပိုင်ဆိုင်သမျှတွေကလည်း သူတို့အတွက်ချည်းပဲဥစ္စာ။ ဒါပေမယ့် သူတို့အတွက် ဒီထက်များများပေးနိုင်ဖို့ ကျွန်တော် ဒီထက် အများကြီးကြိုးစားရဦးမယ်ဗျ။ အဲဒီအတွက်တော့ ဦးမိုးတောင်း ကူညီမှပဲဖြစ်မှာနော်"

"ဒါပေါ့ဗျာ…ဒါပေါ့။ ခမည်းခမက်တွေဖြစ်တော့မှာပဲဥစ္စာ"

ဦးမိုးကောင်းကတော့ ဦးဥတ္တမာဇော်ရဲ့ရည်ရွယ်ချက်တွေကို မသိပေ။ စိတ်ရင်းသဘောကောင်းပြီးသားသူတွေမို့ ပွင့်လင်းရိုးသားစွာပင် ပြောလိုက်သည်။ ဦးဥတ္တမာဇော်ကတော့ သူ့ရည်မှန်းချက်တွေ ပြည့်တော့မှာမို့ စိတ်ထဲမှာ ကြိတ်၍ပျော်နေခဲ့သည်။

စံထိပ်ထားစိတ်ထဲမှာတော့ မတင်မကျတွေ ဖြစ်နေခဲ့သည်။ ခုညားဇော် ပြောစကားတွေအရဆိုလျှင် ဦးဥတ္တမာဇော်က သူ့သားအပေါ် တန်ဖိုးထားရမှန်းမသိ၊ နွေးထွေးမှုပေးရမှန်းမသိသည့်သူပဲ မဟုတ်လား။ အခုတော့ သူ့သားကို အမွှမ်းတင်တန်ဖိုးထားနေတာ တကယ်ကို မိဘပီသကာ မေတ္တာတွေ ပေးနေတာ မယုံနိုင်လောက်စရာပင်။ ဒီလိုဆိုတော့ ခုညားအတွက် စိတ်ချမ်းသာမိရသလိုပင်။

ရင်နှင့်နှစ်ကာ ချစ်ခဲ့မိသူမို့ သူသာ ပျော်ရွှင်မည်ဆိုလျှင်…





# အခန်း (၁၇)

"ဟင်…ဖေဖေက အဲဒီလိုတွေ လာပြောသွားတာလား"

"ဟင်…အဲဒါ မောင် မသိဘူးလား။ မောင်က လက်ထပ်ချင်တယ်ပြောလို့ ထိပ်ထားမိဘတွေဆီ လာပြောရတာဆို…ဟို… မောင်က မပြောခိုင်းဘဲ"

"မ…မဟုတ်ပါဘူး ထိပ်ထား။ မောင်က ထိပ်ထားနဲ့ ချစ်သူတွေဖြစ်နေပြီ။ လက်ထပ်ချင်တယ်လို့လည်း ဖေဖေ့ကို ပြောမိပါတယ်။ မောင်တို့အသက်အရွယ်ကလည်း ငယ်တော့တာမဟုတ်ဘူးလေ။ လက်ထပ်သင့်တဲ့ အိမ်ထောင်ပြုသင့်တဲ့အရွယ် ရောက်နေပြီမဟုတ်လား။ ပြီးတော့ ထိပ်ထားကို မောင် စိတ်မချဘူး"

"အံမယ်…ဘာကိုစိတ်မချရတာလဲ…မောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



စကားအထွက်အမှားအတွက် စံထိပ်ထား စိတ်ခုမှာစိုး၍ မြန်မြန် ဖြေရှင်းရသည်။ စံထိပ်ထားက မှုန့်သော မျက်စောင်းလေးဝင့်သွားတော့ သူက နဖူးလေးကို အသာပုတ်၍-

“ထိပ်ထားက အရမ်းလှပြီး ချစ်စရာကောင်းတယ်လေ။ ကိုမင်းထိုက်ဆိုတဲ့လူနဲ့ကလည်း ရင်းနှီးတယ်လို့ ထိပ်ထား ပြောထားတယ်မဟုတ်လား။ မိဘချင်းကလည်း ရင်းနှီးတော့ မောင်နဲ့ ချစ်နေရင်းက လက်မထပ်ဖြစ်သေးရင် တစ်ခုခုဖြစ်သွားတော့ ဘယ်လိုလုပ်မလဲ။ မောင် ကျွန်ရစ်မဖြစ်ဘူးလို့ ပြောနိုင်မလား”

“ဖြစ်စရာလား…စံထိပ်ထားက တစ်ယောက်ကိုတစ်ယောက် ပိတောက်ဆို ပိတောက်ပဲ။ မချစ်ဘဲနဲ့လည်း ချစ်ဟန်မဆောင်ဘူး။ ချစ်ပြီးရင်လည်း ဘယ်တော့မှ သစ္စာမမဲ့ဘူး”

စံထိပ်ထားစကားကြောင့် သူ တုန်ခနဲတောင် ဖြစ်လို့သွားမိသည်။ သူက ချစ်ဟန်ဆောင်ပြီး အချစ်အပေါ် သစ္စာမဲ့နေမိသူမဟုတ်ပါလား။ စံထိပ်ထားကတော့ သူ့ကို ရွဲ့ပြောနေတာ မဖြစ်နိုင်ပါ။ သူမရင်ထဲက တကယ်ဆန္ဒအမှန်ဖြစ်လိမ့်မည်ဆိုတာ သူ ယုံကြည်ပါသည်။

“မောင် ယုံပါတယ် ထိပ်ထားရယ်။ ဒါပေမယ့် မောင်က ထိပ်ထားကို အရမ်းချစ်တော့ စိုးရိမ်လွန်းမိတာပေါ့ ထိပ်ထားရယ်”

“မောင်က ခံမှန်ဖူးတဲ့ စာသူငယ်ဖြစ်ခဲ့ဖူးလို့လား မောင်… မောင့်ကို ဘယ်ကောင်မလေးကများ ထားပစ်ခဲ့ဖူးလို့လဲ”

“မဟုတ်ပါဘူး…အဲဒီလိုကိစ္စမျိုး မရှိပါဘူး ထိပ်ထားရဲ့။ မောင့်လို ရုပ်ရည်အဆင့်အတန်း ဂုဏ်ဒြပ်ပြည့်စုံတဲ့သူမျိုးကို ဘယ်





ကောင်မလေးက ထားရက်မှာလဲ။ အပါခေါ်သွားချင်တဲ့သူချည်းပေါ့။ ထားချင်းထားရင် မောင်က ထားခဲ့တာပဲဖြစ်လိမ့်မယ်”

“မောင် ကောင်မလေး ဘယ်နှယောက်ကို အသည်းခွဲခဲ့ဖူးလဲ။ ထားခဲ့ဖူးလဲဟင် မောင်”

“ဟင်…တ…တစ်ယောက်တည်းပါ”

စံထိပ်ထားမျက်နှာလေး မသိမသာ ပျက်ယွင်းသွားသည်။ သူမက သူမသာလျှင် အချစ်ဦးဖြစ်ချင်ခဲ့မှာပေါ့။ သူကတော့ မယုတ်မလွန် ဝန်ခံလိုက်ရသည့်အတွက် စိတ်ထဲမှာ ပေါ့သွားသလိုရှိသည်။

စံထိပ်ထားကတော့ ခုံပေါ်မှာ လက်တင်ပြီး မေးလေးထောက်၍ သူ့မျက်နှာကို သေချာကြည့်ကာ-

“မောင်က ရက်စက်တတ်မယ့်ပုံ မပေါ်ဘဲနဲ့ အဲဒီကောင်မလေးကို ဘာလို့ထားခဲ့တာလဲ…ဟင်”

“ဟင်…ဩော်…တကယ်မချစ်ခဲ့လို့ဖြစ်မှာပေါ့ ထိပ်ထားရယ်။ ကဲပါ…အဲဒီအကြောင်းက ထားလိုက်။ အခု အရေးကြီးတာက မောင်တို့ လက်ထပ်ဖို့ကိစ္စ ထိပ်ထား လက်ခံတယ်ဆိုရင် နှစ်ဖက်မိဘကို ရက်ကောင်းရက်မြတ် အရွေးခိုင်းလိုက်ရအောင်လေ…မကောင်းဘူးလား”

“မောင် ထိပ်ထားကို တကယ်ချစ်တာပါနော်”

“ထိပ်ထားရယ်…မောင်က ထိပ်ထားကို တကယ်မချစ်ဘဲ လက်ထပ်ဖို့ စဉ်းစားပါ့မလားကွာ… ထိပ်ထားက မောင့်ကို မယုံလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး…မောင့်ကို ယုံလို့ပဲ ဖေဖေ မေမေတို့ရှေ့မှာ မောင်နဲ့ လက်ထပ်ဖို့ကိစ္စ ခေါင်းညိတ်လက်ခံလိုက်တာပေါ့ မောင်။ ထိပ်ထားက စိတ်ထဲကမပါရင် ဟန်ဆောင်ပြီးတော့တောင် မလုပ်ဘူး။ ဒါပေမယ့် ထိပ်ထားတို့ တစ်ယောက်တစ်ယောက် ဒီထက်ပိုသိရအောင် အချိန်လိုအပ်သေးတယ်လို့ ထင်မိတယ်။ အိမ်ထောင်ပြုတယ်ဆိုတာ ဘဝတစ်ခုလုံး တစ်သက်စာ ပုံအပ်ရမယ့်ကိစ္စလေ"

"ထိပ်ထားသဘော…ထိပ်ထားဆန္ဒအတိုင်းပါပဲ။ ထိပ်ထား လက်မထပ်ချင်သေးဘူးဆိုရင် ဖေဖေ့ကို မောင် ပြောလိုက်ပါ့မယ်။ ဘယ့်နှလလဲ၊ ဘယ်နှနှစ်လဲ၊ ဘယ်အချိန်ကျမှ ထိပ်ထား လက်ထပ်ချင်လဲ။ ဒါမှမဟုတ် ထိပ်ထား ဆန္ဒမရှိဘူးဆိုရင်လည်း"

"ဟို…မောင့်အဖေကို ဘာမှမပြောပါနဲ့တော့။ ထိပ်ထားမိဘတွေကိုလည်း အသိပေးပြီးပြီဆိုတော့ ထိပ်ထားတို့ လက်ထပ်ဖို့ စီစဉ်ကြပါစေ။ လူကြီးတွေ စိတ်ချမ်းသာနေကြတာကို ထိပ်ထားတို့ကြောင့် စိတ်ကသိကအောင့် မဖြစ်ပါစေနဲ့။ မောင်နဲ့ထိပ်ထားက ဖူးစာပါလို့ အမြန်လက်ထပ်ဖြစ်သွားတာပဲ။ ဟုတ်တယ်နော် မောင်"

စံထိပ်ထားက ကလေးလေးလိုပင် မေးလေငေါ့ကာ ပြောသည်။ မအီမလည် ခေါင်းညိတ်ပြရင်းနှင့် စံထိပ်ထားပခုံးလေးကို ဖက်ပွေ့လိုက်၏။

"ဟုတ်တာပေါ့ ထိပ်ထား…ဖူးစာဆက်ပါရင် ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး။ ဖူးစာဆက်မပါရင်လည်း ချစ်သူတွေတောင် ပေါင်းကြရတာမှ မဟုတ်တာ။ မောင့်ကို တစ်ခုတော့ ယုံကြည်ပေး





ပါ ထိပ်ထား။ ထိပ်ထားနဲ့ လက်ထပ်ပြီးရင် မောင် ဘယ်တော့မှ အိမ်ထောင်ရေးမဖောက်ပြန်ဘူး။ သစ္စာမမဲ့ဘူးဆိုတာကိုပါ"

သူ လေးနက်စွာ ကတိပေးလိုက်ခြင်းပါ။ ချစ်သူအပေါ် သစ္စာမဲ့ခဲ့မိပေမယ့် ဇနီးမယားအပေါ်တော့ သစ္စာမဲ့သည့်သူတစ်ယောက် မဖြစ်ချင်ပေ။ စံထိပ်ထားမျက်နှာလေးက ပြုံးယောင်သမ်းသွားခဲ့ပြီး-

"ထိပ်ထားအတွက်လည်း မောင့်ဆီက တောင်းဆိုချင်တာဆိုလို့ အဲဒီကတိတစ်ခုပဲ ရှိပါတယ် မောင်…မောင့်ရဲ့အချစ်ဦးဖြစ်ချင်တဲ့ဆန္ဒကတော့ မပြည့်တော့ဘူးထင်တယ်နော်"

"ဟင်…ဘာဖြစ်လို့လဲ ထိပ်ထား"

"ခုနက မောင်ပဲ ပြောတယ်လေ။ ကောင်မလေးတစ်ယောက်ကို ထားခဲ့ဖူးတယ်ဆို"

"အဟင်း…မောင် တကယ်မချစ်ခဲ့မိလို့နေမှာပါဆိုတာလည်း မောင် ပြောခဲ့ပါတယ်"

"ဒါဆို ထိပ်ထားက မောင့်ရဲ့အချစ်ဦးလား"

ဒီတစ်ခါတော့ သူ မုသာဝါဒ သုံးရတော့မည်ထင်သည်။ ညှို့မှောင်နေသော စံထိပ်ထားမျက်နှာလေး ပြုံးယောင်သမ်းအောင် လုပ်နိုင်တာ သူ့စကားတစ်ခွန်းပါပဲ။ သူ ခေါင်းညိတ်ရင်းနှင့် သက်ပြင်းတွေ ယောင်ယမ်းကာ ချမိလိုက်သည်။

"အင်း…အဲဒီလိုပဲ ပြောရမှာပေါ့ ထိပ်ထားရယ်။ ရည်းစားဆိုတာ ချစ်သူဟုတ်ချင်မှ ဟုတ်တာလေ။ လက်ထပ်ကြတဲ့အထိလည်း ဖူးစာက ပါလာချင်မှပါလာတာ။ ထိပ်ထားကိုတော့ ချစ်သူလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ လက်ထပ်ခွင့်လည်းရတဲ့အတွက် မောင် ပျော်ပါတယ်”

မတင်မကျ မောင့်စကားတွေအတွက် သူမ အားမလိုအားမရ ဖြစ်သွားခဲ့သည်။ မောင့်မှာ ဘယ်လိုအရာတွေက ထိန်းချုပ်ခံထားရသလဲမသိပေမယ့် လက်ထပ်ဖို့အခြေအနေတွေတောင် ဖြစ်လာပြီမို့ သူမ စာဒက တက်မနေချင်တော့ပေ။ ဒီယောက်ျားကို သူမ အသည်းနှင့်အောင် ချစ်နေမိပြီမို့ သူမက မောင့်ရဲ့အချစ်ဦး မဖြစ်ခဲ့ရင်လည်း ရှိပါစေတော့။

သံသရာတစ်လျှောက်လုံး မောင့်ကို ပိုင်ဆိုင်ခွင့်ရတော့မှာပဲ။ တခြား ဘယ်လိုအကြောင်းအရာပဲဖြစ်ဖြစ် အသေးအမွှားလေးတွေပဲ ဖြစ်သွားမှာပါ။

ထိပ်ထား မောင့်ကို အရမ်းချစ်တယ် မောင်…





## အခန်း (၁၈)

“မြသား”

“ဟင်…ကို”

ကုမ္ပဏီက ရုံးဖယ်ရီကားပေါ်တက်တော့မည့်ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားလျက် အသံလာရာ ကို့ဆီကို လှည့်ကြည့်မိလိုက်သည်။ ကိုက သူ့ကားတံခါးကို ဖွင့်ထားကာ-

“ကားပေါ်တက်ပါ မြသား…မြသားနဲ့ ပြောစရာလေး ရှိလို့ပါ”

သူမ ဟန်ဆောင်ဖို့စိတ်ကူးမရှိဘဲ ကို့ကားပေါ် ဇွတ်ခနဲ တက်ထိုင်လိုက်သည်။ သူမဆီမလာတာ ကြာနေပြီဖြစ်သော ကို့ကို ကုမ္ပဏီက ဝန်ထမ်းတွေ အကဲခတ် တီးတိုးဝေဖန်နေကြလို့ပါ။

ပြတ်သွားပြီလား၊ ကွဲသွားကြပြီလားဟု အတင်းတုတ်နေကြသူတွေရှေ့မှာ သူမလည်း ကြာကြာမနေချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုမောင်းနေတာလဲ…ကို"

"လူရှင်းတဲ့တစ်နေရာကိုပါ"

"မြသားကို လူတောထဲတောင် ခေါ်မသွားရဲတော့ဘူးပေါ့။ မြသားနဲ့ တွဲသွားတဲ့လာလုပ်တာ လူသိမခံရဲအောင် ဖြစ်နေပြီလား"

ထွေနေသည့်စကားများအတွက် တုံ့ပြန်ဖြေရှင်းစရာစကားလုံး ရှာမရ။ ကန်တော်ကြီးထဲ ချိုးကွေ့ဝင်လာရင်း လူရှင်းသော သစ်ပင်ရိပ် ကောင်းသည့်နေရာမှာ ကားကို ထိုးရပ်လိုက်သည်။ သူ့ကားတံခါး ဖွင့်ကာ ကားပေါ်ကဆင်းလာတော့ မြသားလည်း ဆင်းလိုက်လာသည်။

ကန်ရေပြင်က အရင်လိုကြည်လင်တောက်ပခြင်းမရှိဘဲ စိမ်းညို့ညို့ ညစ်နေသည်။ အနားရောက်လာသော မြသားကို သူ ဘာစကားတွေ စပြောရမှန်းမသိ။ မြသား ဝေဒနာကို ဖြေသိမ့်ပေးဖို့ အတွက် ကိုယ်တိုင် အသက်ရှူရတာ ခက်ခဲနေသည်။ ချစ်ခဲ့ကြသည့် အချိန်ကာလထဲမှာ ဘာပြဿနာ အဖုအထစ်မှ မရှိခဲ့ဘဲ။

"ကို လက်ထပ်တော့မယ် မြသား"

သိပြီးသားကိစ္စတစ်ခုကို အံ့သြဟန်မပြဘဲ မြသား တိတ်ဆိတ် နေခဲ့သည်။ ကြိတ်ရှိုက်နေသလားအတွေးနှင့် လှည့်ကြည့်လိုက်တော့ မြသား မျက်ရည်တွေ ရစ်ဝိုင်းလျက် အံကြိတ်နေ၏။

"မြသား"

"ကို့အဖေ လာပြောသွားပါတယ်"

"ဟင်"

"မြသားထက် အဆပေါင်းများစွာသာတဲ့ ပစ္စည်းဥစ္စာနေ





အသိုက်အဝန်း အဆင့်အတန်း အရာအားလုံး ပြည့်စုံတဲ့ မိန်းကလေးနဲ့ လက်ထပ်ပေးစားမှာမို့ မြသားကို မနှောင့်ယှက်ပါနဲ့၊ ကို့ကို နောက်ဆံ တင်းအောင် မြူဆွယ်မထားပါနဲ့တဲ့"

"ဟာ… ဖေ… ဖေဖေက မြသားကို လာတွေ့ပြီး အဲဒီလို စကားတွေ ပြောခဲ့တာလား"

"ကုမ္ပဏီက သူဌေးရုံးခန်းထဲမှာ မြသားကို ခေါ်တွေ့ခဲ့တာကို သူ ပြောတဲ့စကားတွေ မနာခံရင် မြသားကို ချက်ချင်း အလုပ်ဖြုတ် ခိုင်းမယ်၊ ဘယ်မှာမှ လုပ်စားလို့မရအောင် မြောင်းထဲရောက်အောင်လုပ်ပစ် မယ်၊ မွေးချင်းတွေပါ စားစရာမရှိ ငတ်သွားအောင် လုပ်ပစ်မယ်တဲ့"

"မြသားရယ်…မြသားကို ကို အားနာလိုက်တာ။ တောင်းပန် ပါတယ်။ ဖေဖေ ခြိမ်းခြောက်မှုတွေအတွက် တောင်းပန်ပါတယ် မြသား"

"ကို ပြောတာကို မှားတာမှ မဟုတ်တာ။ ကို တောင်းပန်စရာ မလိုပါဘူး။ စံထိပ်ထားဆိုတဲ့မိန်းမကို လက်ထပ်ရမှာလည်း ကို့ဆန္ဒ မပါဘူးမဟုတ်လား။ စံထိပ်ထားကို ကို ချစ်လို့လက်ထပ်မှာမဟုတ် ဘူး မဟုတ်လား…ဟင်…ကို"

သူ့အင်္ကျီရင်ဘတ်စကို ဆုပ်ကိုင်၍ သူ့မျက်နှာကို တည့်တည့် ကြည့်ကာ မျှော်လင့်ချက်တွေဖြင့် မေးနေသော မြသားကို နှစ်သိမ့်မှု ရစေရန် သူ ခေါင်းညိတ်ပြလိုက်ရသည်။ ရေနစ်သူကို ဝါးကူထိုးခဲ့ သည့်အတွက် မြသား ဘယ်လောက်တောင် ဝမ်းနည်းနာကျင်နေရှာ လေမလဲ



www.burmeseclassic.com

www.burmeseclassic.com



"ကို စံထိပ်ထားကို ချစ်လို့ လက်ထပ်တာ မဟုတ်ပါဘူး မြသား။ ဖေဖေ့ဆန္ဒတွေကြောင့်ပါ။ ဖေဖေ့ကို မလွန်ဆန်နိုင်လို့ပါ။ မဆန့်ကျင်ရဲလို့ပါ။ ငယ်ငယ်ကတည်းက ဖေဖေ အုပ်ချုပ်မှုအောက်မှာ ကြောက်ရွံ့ပြီး နေခဲ့ရတယ်။ စည်းကမ်းစည်းစနစ်တွေနဲ့ ပုံသွင်းသလိုခံခဲ့ရတယ်။ မေတ္တာတရားလို့ ကြွေးကြော်နေပေမယ့် အတ္တတွေနဲ့ ဖိနှိပ်ထားခဲ့တာပါ။ အဲဒီလိုကောင်ကို မြသား ချစ်ခဲ့တဲ့အတွက် မြသား ကံဆိုးရတာ ကို စိတ်မကောင်းပါဘူး။ ကို အရမ်းအားနာပါတယ် မြသားရယ်"

"မြသား ကိုယ့်ကိုယ်ကိုယ် ချို့တဲ့တယ်၊ ဆင်းရဲတယ်ဆိုပြီး တစ်ခါမှ သိမ်ငယ်တယ်၊ အားငယ်တယ်ဆိုတာ မရှိခဲ့ပါဘူး။ ငါ တစ်နေ့ ပညာတတ်ကြီးဖြစ်ရမယ်၊ ပြည့်စုံချမ်းသာရမယ်၊ မိဘမွေးချင်းကို ဘယ်လိုအထောက်အပံ့ပြုနိုင်ရမယ်ဆိုတဲ့စိတ်တွေနဲ့ ပညာကို ကြိုးစားသင်တယ်။ အလုပ်ကို ကြိုးစားလုပ်တယ်။ အချစ်ကို ရှာဖွေတွေ့ရှိခဲ့တာတောင်မှ ကို့အပေါ် အချိန်တွေအများကြီး မပေးနိုင်ခဲ့ဘူး"

"ကို နားလည်ပါတယ် မြသား။ ကိုလည်း ပညာကိုပဲ ဂရုစိုက်သင်ခဲ့ရတာ။ မြသားကိုထားပြီးတော့တောင် နိုင်ငံခြားကို ပညာတော်သင်သွားနေရသေးတာ"

"ဒါပေမဲ့ အခုတော့ မြသား အရမ်းကို သိမ်ငယ်မိ၊ အားငယ်မိတယ်…ကို။ မြသားမှာ မပြည့်စုံတဲ့အတွက် ချစ်တဲ့သူနဲ့ လက်ထပ်ဖို့တောင် အခွင့်အရေးမရှိဘူး။ ချစ်သူကို လက်လွှတ်ဆုံးရှုံးရတဲ့အပြင် နှိမ့်ချစော်ကားခံရတာ မြသားရင်ထဲမှာ လုံးဝ မခံစားနိုင်ဘူး။ ရင်ထဲ





မှာ…ရင်ထဲမှာ အရမ်းကို နာကျင်နေတယ်…ကို"

"မြသားရယ်"

မြသား မျက်ရည်တွေကို မြင်နေရတာ ရင်မှာ တကယ်မချိပါ။ ဘာကြောင့် ဖေဖေ မြသားကို သွားတွေ့ပြီး ဒီလိုစကားတွေ ပြောခဲ့ရတာလဲ။ သူ စွန့်ပစ်ထားရစ်ခဲ့တာနဲ့တောင် မြသားရင်မှာ အဆမတန် နာကျင်နေရပြီမဟုတ်ပါလား။ ထွေးပွေ့မည့်သူမရှိ၊ ဖေးမနှစ်သိမ့်မည့်သူမရှိ။ မြသား ဘယ်လောက်တောင် ခံစားနာကျင်နေရရှာမလဲ။

"ကို"

"ပြောပါ မြသား"

"မြသား တစ်ခုတော့ တောင်းဆိုပါရစေ။ ကို လိုက်လျောပေးနိုင်ပါ့မလားဟင်"

"ပြောကြည့်ပါ မြသား။ ကို လိုက်လျောနိုင်တာဆိုရင် မြသားအတွက် ဘာမဆို လိုက်လျောပေးပါ့မယ်။ မြသား တောင်းဆိုပါ။ မြသားဘဝ ထူမတ်ဖို့အတွက် ငွေရေးကြေးရေးလား…ဘယ်လောက်ပဲဖြစ်ဖြစ်"

"ဟင့်အင်း…ကို့အဖေက သူ့သားကို ပြတ်ပြတ်သားသားဖြတ်ပြီး မပတ်သက်၊ မစပ်ယှက်ဘဲ နေပေးမယ်ဆိုရင် မြသားလိုသလောက် တောင်းသလောက် ငွေပေးမယ်ဆိုပြီး ပြောခဲ့ပါတယ်"

"ဟင်"

"မြသား ဆင်းရဲပါတယ်၊ ချို့တဲ့ပါတယ်။ ဒါပေမဲ့ ငွေကြေးဆို မက်မောလောက်အောင် လောဘမကြီးပါဘူး။ အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောင်းစားလောက်အောင်လည်း အောက်တန်းမကျပါဘူး…ကို။ ဒါပေမဲ့…ဒါပေမဲ့"

"မြသား"

မြသားရဲ့ ဝမ်းနည်းရှိုက်သံက သူ့ရင်ကို မခံရပ်နိုင်အောင် ဆို့နစ်စေသည်။ စည်းတစ်ခုခြားသင့်ပြီမှန်းသိပေမယ့် မြသားပခုံးကို ထွေးဖက်ကာ နှစ်သိမ့်မိ၏။ မြသားက သူ့လက်တွေကို ပြန်၍ဆုပ်ကိုင်ထားပြီး-

"ကို့ဆီက မြသား တခြားအရာတွေ မတောင်းဆိုပါဘူး။ မြသား အားငယ်တဲ့အချိန် သိမ်ငယ်ပြီး ဝမ်းနည်းတဲ့အချိန်လေးတွေမှာ မြသားကို အခုလို နှစ်သိမ့်ပေးရုံ၊ အားပေးရုံပါပဲ…ကို၊ မြသား ဒါမှ ရှေ့ဆက်ပြီး အသက်ရှင်နိုင်မှာ။ မိသားစုအတွက် ရုန်းကန်နိုင်မှာထင်တယ်။ မဟုတ်ရင် ချစ်သူကို ချစ်လျက်နဲ့ အစိမ်းလတ်လတ် ရှင်ခွဲခွဲလိုက်ရတဲ့ အတွက် မြသား သေလိမ့်မယ်…ကို"

"မြသားရယ်…ကို ဘယ်လိုမျိုး"

"တခြား ဘယ်အရာမှ မြသား မတောင်းဆိုပါဘူး။ မမက်မောပါဘူး…ကို၊ မြသား ဝမ်းနည်းနာကျင်နေရတဲ့အချိန်တိုင်းမှာ မြသားအနားမှာ ဒီလိုလေး ရှိနေပေးရုံပါပဲ။ ဖြစ်တယ်မဟုတ်လားဟင်… မြသားအနားမှာ ရှိနေပေးမယ်မဟုတ်လား"

မြသားရဲ့ သိမ်ငယ်ညှိုးနွမ်းမှုတွေအတွက် သူ ငြင်းဆန်ဖို့ အင်အားမရှိပါ။ နုနယ်သော မြသားရဲ့နှလုံးသားမှာ ဝေဒနာနှစ်ခုရဲ့ ဒဏ်ရာဒဏ်ချက်ပေါင်းများစွာကြောင့် ဘယ်လိုလုပ်ခံနိုင်ရည်ရှိပါ့မလဲ။





"ကို…လာပေးပါ့မယ် မြသားရယ်။ မြသား နာကျင်နေရတာကို ဘယ်လိုမှ စိတ်မကောင်းနိုင်ပါဘူး။ မြသားကို ကို…အားပေးနှစ်သိမ့်နိုင်အောင် ကြိုးစားပါ့မယ်"

"ကို တကယ်ပြောတာနော်။ အခု ခဏလေး မြသား စိတ်ကျေနပ်အောင် နှစ်သိမ့်ပေးရုံ နှစ်သိမ့်ပေးတာလား။ မြသားအပေါ် ကရုဏာစိတ်နဲ့ စာနာပေးတာလားဟင်"

"မြသားရယ်…မြသားကို မုန်းလို့ လမ်းခွဲခဲ့တာမှ မဟုတ်တာပဲကွာ…ကို စွန့်ပစ်ထားခဲ့ရတာအတွက် တကယ်စိတ်မကောင်းပါဘူး။ မေမေ့ရဲ့ နှိမ့်ချစော်ကားမှုတွေအတွက်လည်း မြသားနဲ့ ထပ်တူထပ်မျှ ရင်တွေနာနေရပါတယ်။ မြသား ဖြေသာနိုင်မယ်ဆိုရင် ကို ဘာမဆို ဖြည့်ဆည်းပေးနိုင်ပါတယ် မြသား"

မြသားချို မျက်နှာလေးပြုံးယောင်သမ်းသွားကာ မျက်ရည်တွေကို ပွတ်သပ်သုတ်လျက်-

"ကိုနဲ့စံထိပ်ထား ဘယ်နေ့လက်ထပ်ဖြစ်ကြမလဲဟင်"

"ဒီလကုန် ဆန်းအေး"

"သြော်"

မပြောရက်သော်လည်း မချိုမြှာ ပြောထွက်လိုက်ရသည့်စကားအတွက် ကိုယ်တိုင်လည်း ရင်တွေနာနေမိသည်။ မြသားမျက်နှာလေး ညှိုးမှိုင်းညှိုးနွမ်းသွားသည်မှာလည်း မကြည့်ရက်စရာပါ။ကန့်ရေပြင်ဘက် မျက်နှာလွှဲလိုက်ရင်း ဖြတ်တိုက်လာသော လေကို တစ်ဝရှူရှိုက်သွင်းလိုက်ပြီးမှ-



www.burmeseclassic.com

www.burmeseclassic.com



"အပျော်တွေနဲ့ ဆင်နွဲရမယ့် မင်္ဂလာမဟုတ်ဘူးဆိုတာတော့ သိထားပါ မြသား…စံထိပ်ထားက ကိုတို့သားအဖနှစ်ယောက်အတွက် အဖြည့်ခံဖြစ်လာသလား မသိပေမယ့် ကိုအတွက် အချစ်ဦးမဟုတ်ခဲ့တာတော့ သေချာပါတယ်"၊

"ဘယ်တော့မှ ချစ်လာနိုင်မှာမဟုတ်ဘူးဆိုတာတော့ ကို အာမ မခံနိုင်ဘူး မဟုတ်လားဟင်။ တစ်ခန်းတည်း အတူအိပ်ရမယ်၊ အိမ်ထောင်သည်လင်မယားဘဝနဲ့ ငြိတွယ်တဲ့သံယောဇဉ်ကြိုးတွေကြောင့် သိပ်မကြာခင်မှာ မြသားကို ကို မေ့သွားမှာ ဟုတ်တယ် မဟုတ်လား ကို"

အတွေးနှင့် သဝန်တိုတတ်လာသော မြသားရင်ထဲမှာ မီးလို ပူလောင်နေပေလိမ့်မည်။ ဒါပေမဲ့လည်း သူ ခေါင်းမယမ်းလိုက်မိ။ စံထိပ်ထားကို လက်ထပ်ပြီးတာနှင့် စည်းကတော့ အလိုလိုခြားသွားပြီပဲမဟုတ်လား။ နှစ်သိမ့်ဖို့ လိုအပ်လို့ နှစ်သိမ့်ရမည်ဆိုဦးတော့ အိမ်ထောင်တစ်ခုရဲ့စည်းကိုတော့ သူ ဘယ်တော့မှ ဖောက်ဖြစ်မှာ မဟုတ်ပေ။

သူ တိတ်ဆိတ်နေခဲ့တာကြောင့် မြသား နှုတ်ခမ်းလေးက မသိမသာ မဲ့ကျသွားကာ-

"မြသားမဟုတ်တဲ့ တခြားမိန်းကလေးကို…ကို လက်ထပ်သွားလိမ့်မယ်လို့ မြသား တွေးတောင်တွေးမကြည့်မိခဲ့ဘူး။ ကို့ရင်ခွင်မှာ မြသားတစ်ယောက်တည်း တစ်သက်လုံး ခိုဝင်ခွင့်ရလိမ့်မယ်လို့ ထင်ခဲ့တာ။ ကို့ဆန္ဒမပါဘူးဆိုတဲ့ တစ်ချက်တည်းနဲ့ ဖြေသာအောင်





ကြိုးစားနေရပေမယ့် မြသား ဘယ်လိုမှ မခံစားနိုင်ဘူး ကို… ကို စပြောတဲ့အချိန်က မျှော်လင့်ချက်ရှိသေးတယ်။ ကို ငါ့ကို ချစ်နေသေးရင် စိတ်ပြောင်းသွားမှာပါဆိုပြီး တွေးထားခဲ့ပေမယ့် ကို့အဖေလာပြောတဲ့အချိန်မှာတော့ ခြိမ်းခြောက်မှုတွေက ကြောက်စရာကောင်းလွန်းလို့ ပြေးစရာမြေမရှိ ဖိုးရိမ်ထိတ်လန့်ပြီး မျှော်လင့်ချက်တွေ မဲ့သွားခဲ့ရ တယ်။ ဒါပေမဲ့ ကိုက အခုလိုမျိုး မြသားကို ဖြေသိမ့်နှစ်သိမ့်ပေးမယ်ဆိုတဲ့ အတွက် မြသား ဖြေသာပါပြီ…ကို။ ကို ရှိနေတဲ့အချိန်တွေမှာ မြသား ငိုဖြစ်တော့မှာ မဟုတ်ပါဘူး"

ရှိုက်သံတွေနှင့်ပြောနေသော မြသားစကားတွေအတွက် သူ ဘယ်လိုမှ စိတ်မကောင်းနိုင်ပေ။ ငါးနှစ်နီးပါး ရင်ထဲမှာ ငြိတွယ်ကာ ချစ်လာခဲ့ရသည့် ချစ်သူတစ်ယောက်မဟုတ်ပါလား။

လက်ထပ်ဖို့အထိတောင် လေးနက်စွာ ရည်ရွယ်ထားခဲ့သူမို့ သူမရဲ့မျက်ရည်တွေက သူ့ရင်ကို အဆမတန် ပူလောင်စေပါသည်။ ဘယ်လိုဖြေသိမ့်ကာ တွေးပွေ့ပေးရမလဲ။ ဘယ်လိုနှစ်သိမ့်မှုမျိုးက သူမကို သက်သာစေမလဲ။ သူမ် ဝေဒနာတွေကို ဘယ်လိုကုစားပေးရမလဲ။ ကိုယ့်ရင်ထဲမှာ တဆစ်ဆစ်ပါ။ မလွမ်းပါနဲ့၊ မခံစားပါနဲ့လို့ ရက်စက်စွာ မပြောရက်။ လွမ်းမှ ဝေဒနာတွေ သက်သာမည်ဆိုလျှင် လွမ်းပါစေ၊ ခံစားလိုက်မှ ဖြေသာမည်ဆိုလျှင် ခံစားပါစေ။

တစ်ခုပဲ ဆုတောင်းပေးချင်တယ်။ ဝဋ်ကြွေးတွေဆိုလျှင် ဒီဘဝ တင်ကျေပါစေ မြသား…။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

နှစ်ဖက်အသိုက်အဝန်းရဲ့ဂုဏ်ဒြပ်နှင့် အရှိန်အဝါကြောင့် ခုံညားဇော်နှင့်စံထိပ်ထားတို့ရဲ့ လက်ထပ်မင်္ဂလာဧည့်ခံပွဲကြီးက ကြီးကျယ်ခမ်းနားဝင့်ကြွားထည်ဝါလွန်းလှသည်။ နှစ်ဖက်မိဘနှင့် သတို့သမီးစံထိပ်ထားရဲ့မျက်နှာမှာ ကြည်နူးပီတိအပြုံးပန်းများ ဝေဆာနေသလို သတို့သားခုံညားဇော်လည်း ရင်ထဲမှာ လေးလံဖိစီးမှုတွေ ရှိနေပေမယ့် ဣန္ဒြေမပျက်အောင် စိတ်ပါလက်ပါပင် ပြုံးနေခဲ့ရပါသည်။

"မောင်"

"ဟင်…ထိပ်ထား"





"မောင်တို့ဘက်က မိတ်ဆွေတွေရော ထိပ်ထားတို့ဘက်က မိတ်ဆွေတွေရော အများကြီးလာကြတယ်နော်။ လက်ဖွဲ့တွေထဲမှာ ကားတွေနဲ့၊ ရတနာပစ္စည်းတွေပါ ပါတယ်။ ထိပ်ထားကတော့လေ မောင်နဲ့ လက်ထပ်ရတာ အိပ်မက်မက်နေသလား အောက်မေ့တယ်။ ရင်တွေလည်း အရမ်းခုန်နေတာပဲ…မောင်ရော"

"ဟင်…အင်း…မှောင်…မောင်လည်း ရင်ခုန်ပါတယ်"

ဂုဏ်ပကာသနတွေ ဖုံးလွှမ်းနေသော အသိုက်အဝန်းကြားမှာ ပြုံးချင်ဟန်၊ ပျော်ချင်ဟန်ဆောင်နေရတာ ပင်ပန်းလှသည်။ ဖေဖေက သူ့ကို အချိန်ပြည့်အကဲခတ်ကာ ကြည့်နေ၏။ မင်္ဂလာပွဲမှာ အမှားအယွင်းမဖြစ်ဖို့ ဣန္ဒြေမပျက်ဖို့ အထပ်ထပ် သတိပေးထားပြီးတာဆောင် သူ့ကို စိတ်ချပုံမပေါ်။ စံထိပ်ထားကလည်း တွဲချိတ်ထားသော သူ့လက်ကို လုံးဝမဖြုတ်ပါ။ ကြည်နူးပျော်ရွှင်မှုများနှင့် ဧည့်သည်များတို့ တစ်ယောက်မကျန် လိုက်လံဧည့်ခံလို့မဆုံးပေ။

"သတို့သားနဲ့သတို့သမီး မင်္ဂလာသက်တမ်း နှစ်ပေါင်း တစ်ရာနှစ်ဆယ်တိုင် အိုအောင်မင်းအောင် ရိုးမြေကျပေါင်းရပါစေဗျာ"

"ဒီလင် ဒီမယား သားသမီးတွေ အများကြီးမွေးပြီး သက်ဆုံးတိုင် ပျော်ရွှင်ကြပါစေဗျာ။ ကလေးက များများယူလေကောင်းလေပဲ။ တစ်ဦးတည်းသောသားသမီးတွေက အနှောင်အဖွဲ့ အတွယ်အတာ ပိုခက်တယ်။ မိသားစုများတော့ တခြားသူကို မခင်တွယ်တော့ဘူးပေါ့"

"သြော်…သုံးမြွာပူး သုံးခါလောက်သာ မွေးလိုက်။ ဒီကြေမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုပြည်သွားရော”

“ဘောလုံးအသင်းတစ်သင်းစာဆို ပိုမကောင်းဘူးလား”

“အရန်ရော ဒိုင်ရော တစ်အုပ်စုတည်းသာ လုပ်လိုက်ပါတော့ကွာ”

ဆုတောင်းစကားတွေ၊ စနောက်မှုတွေကြောင့် မင်္ဂလာဧည့်ခံပွဲတစ်ခုလုံး ရယ်သံတွေဖြင့် ဆူညံသွားခဲ့သည်။ အားလုံးကို လက်ဆွဲနှုတ်ဆက်ပြီး သူလည်း ရယ်မိသည်။

“ဟင်…မြသား”

အကွယ်တစ်ခုကနေ လှစ်ခနဲ ပြေးထွက်သွားသော မြသားချိုကို ခံ့ညားဖော် မြင်ဖြစ်အောင် မြင်လိုက်မိသည်။ စံထိပ်ထားလက်ကို လွှတ်ချမိတော့မတတ် အံ့အားသင့်သွားခဲ့ကာ မြသားအတွက် ရင်နင့်အောင် ခံစားလိုက်ရသည်။ ဘာကြောင့် သူ့မင်္ဂလာပွဲကို ရောက်အောင်လာခဲ့ရတာလဲ။ သူ့ရင်ထဲကို ဝင်မကြည့်ဘဲ အပေါ်ယံ သူ့အပြုံးတွေအတွက် နာကျင်ခံစားသွားရမှာ အသေအချာပင်။

“သား….ဟိုမှာ တိုင်းမှူးတွေ၊ မြို့နယ်မှူးတွေ ရောက်နေပြီ၊ ဧည့်ခံလိုက်ဦး…သေသေချာချာ လေးလေးစားစား မိတ်ဆက်ထား။ သမီးစံထိပ်ထားတို့ဘက်က ဧည့်သည်တွေပဲ”

“ဟုတ်ကဲ့ ဖေဖေ”

သူ့ကို တစ်ချိန်လုံး အကဲခတ်နေသော ဖေဖေက သူ့ထက် အဆပေါင်းများစွာ အကင်းပါးဉာဏ်ပြေးလှပါသည်။ စံထိပ်ထားက သူ့လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားသည့်အတွက် သူ့စိတ်အာရုံ





တွေကို ပြန်စုစည်းလိုက်ရသည်။ လက်တွေ့မှာ သူက မြသားချိုရဲ့ချစ်သူမဟုတ်ဘဲ စံထိပ်ထားရဲ့သတို့သားလောင်းပဲ မဟုတ်ပါလား။ မင်္ဂလာပွဲကြီး ပြီးဆုံးသွားလျှင် ဇနီးမယားအဖြစ် လက်ခံရတော့မည်။

အရမ်းခံစားနာကျင်ရအောင် ဘာကြောင့်များ ရောက်လာရတာလဲ မြသားရယ်။ မင်္ဂလာပွဲကြီးက တခမ်းတနား ဝင့်ဝင့်ကြွားကြွား။ ဧည့်ပရိသတ်များရဲ့ ဆုတောင်းစကားများနှင့် စနောက်မှုများက တသောသော။ ဂုဏ်ပြုဂုဏ်ယူသံများက သောင်းသောင်းဖျဖျ။

မြသားချိုရဲ့မျက်ရည်စက်နှင့် လက်သီးဆုပ်အံကြိတ်ကြိမ်းဝါးမှုကိုတော့ ဘယ်သူမှ သတိမထားမိလိုက်ကြပေ။ လှစ်ခနဲ ပြန်ထွက်သွားတာကိုသာ ခံ့ညားဖော်တစ်ယောက်တည်း မြင်တွေ့လိုက်ရပြီး…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဟား…မနက်ပိုင်း မင်္ဂလာဧည့်ခံပွဲလုပ်ပြီး ညနေပိုင်း ဒင်နာပါ လုပ်လိုက်ရတော့ ပင်ပန်းသွားပြီကွာ။ ထိပ်ထားလည်း ပင်ပန်းသွားပြီမဟုတ်လား"

"အဟင်း…ပင်တော့ပင်ပန်းတာပေါ့။ ဒါပေမဲ့ မိတ်ဆွေ အပေါင်းအသင်းဧည့်သည်တွေ အစုံအညီ တက်ရောက်အားပေးကြတော့ ပင်ပန်းတာတွေတောင် ဘယ်ရောက်သွားမှန်းမသိဘူး။ ပျော်လည်းပျော်တယ်။ ရင်တွေလည်းခုန်တယ်။ တစ်သက်မှာ တစ်ခါ ဒီလိုကြည်နူးပီတိမျိုး နောက်ထပ် ခံစားချင်လို့တောင် မရဘူးလေ"





စံထိပ်ထားကတော့ တကယ်ပင် ပျော်နေသလိုပါ။ သူမမျက်နှာလေးမှာ ပင်ပန်းနွမ်းနယ်ပုံမပေါက်ဘဲ ပေါ့ပါးသွက်လက်ပြုံးရွှင်လို့နေသည်။

သူကတော့ မင်္ဂလာပွဲမှာ မြသားကို ဖျတ်ခနဲ မြင်လိုက်ပြီးကတည်းက စိတ်ထဲမှာ လေးလံစိတ်မကောင်းမှုတွေကြောင့် ဣန္ဒြေမပျက်အောင် မနည်းစိတ်ထိန်းစုစည်းကာနေရသည်။ လူကြီးတွေရဲ့ ဆုံးမသွန်သင်စကားများသည်လည်း သူ့နားထဲမှာ မကြားတစ်ချက်ကြားတစ်ချက်ပါ။ မင်္ဂလာဧည့်ခံပွဲပြီးတော့ စံထိပ်ထားမိဘတွေကို ကန်တော့ပြီး စံထိပ်ထားကို သူမအိမ်ကနေ ခေါ်လာခဲ့သည်။

အိမ်ကနေပဲ ဒင်နာအတွက် အဝတ်အစားတွေ လဲဝတ်ပြီး ဟိုတယ်မှာ ဧည့်ခံရသည်။ ဒင်နာမှာလည်း စံထိပ်ထားမိဘတွေဘက်က လူကြီးလူကောင်းဧည့်ပရိသတ်တွေ အများဆုံးလာကြပြီး ဖေဖေ့ဘက်ကလည်း အနည်းအကျဉ်း မိတ်ဆွေအပေါင်းအသင်းနှင့် ဝန်ထမ်းတွေပါ တက်ရောက်ကြသည်။

ပြောကြဆိုကြ၊ စကြနောက်ကြ သီချင်းတွေ ဆိုကြနှင့် ပျော်စရာကြီးပါ။ စံထိပ်ထားကတော့ တစ်ချိန်လုံး ပျော်နေသလိုရှိပြီး အခုမင်္ဂလာအိပ်ခန်းကြီးထဲရောက်လာသည့်တိုင်အောင် အပြုံးမပျက်သေးပေ။

မင်္ဂလာအိပ်ရာအခင်းအနားကို သူ့ရဲ့အခန်းကျယ်ထဲမှာပဲ ပြင်ဆင်ထားတာမို့ ပန်းရောင်လွင်နေသော မွေ့ရာထက်မှာ ခြေပစ်လက်ပစ်လှဲအိပ်ချလိုက်ချင်သည်။ တကယ့်ကို စိတ်ရောလူပါ ပင်ပန်းနေပြီတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဟင်…ထိပ်ထား"

"အိပ်ခန်းပြင်ဆင်ထားတာကို ကြည့်ပြီး မောင်ဘာတွေတွေးနေ တာလဲ။ ငြိမ်သွားလိုက်တာ အကြာကြီးပဲ"

"သြော်…ပင်ပန်းလာတော့ ဒီမွေ့ယာပေါ်မှာ အိပ်ချလိုက်ရင် တစ်ချိုးတည်းများ အိပ်ပျော်သွားမလားလို့ စဉ်းစားနေတာ"

"မောင်က အိပ်ချင်နေပြီလား။ ထိပ်ထား ကုတ်အင်္ကျီချွတ်ပေးမယ်နော်"

စံထိပ်ထားက ဒင်နာကနေ ဝတ်လာခဲ့သော အပေါ်ထပ်ကုတ်အင်္ကျီကို သူမလက်ကလေးနှင့် ကြယ်သီးတွေကို တစ်လုံးချင်းဖြုတ်ပေးနေ၏။ နီးကပ်စွာသော တွေ့ထိမှုမှာ သူမဆီက ရှန်ပူရနံ့သင်းသင်းကို ရှူရှိုက်နေရသည့် သူ့အတွက် ရင်ခုန်သံများနှင့် လှိုင်းထန်နေသင့်ပါသည်။ ဒီအချိန်မှာ လက်ထပ်ပြီးစ ဇနီးမောင်နှံနှစ်ဦးအတွက် မေ့မူးစေသော အချစ်များဖြင့် ကြည်နူးသာရင်ခုန်လိုက်မောနေရမည့် အကောင်းဆုံးသောအချိန် ဖြစ်သည်။

သူမှာတော့ စံထိပ်ထားကို ဖက်ပွေ့နမ်းရှိုက်ရမှာ အားနာနေသလို ချစ်သူရှိလျက်နှင့် ချစ်ဟန်ဆောင်ကာ လက်ထပ်ခဲ့ရတာမို့ အိုးတိုးအမ်းတမ်း မလုံမလဲ ဘယ်လိုခံစားမှုမှန်းလည်းမသိဘဲ စံထိပ်ထားလည်း သူ့ကို အားမလိုအားမရ ဖြစ်နေပေလိမ့်မည်။

ဒါပေမဲ့ စံထိပ်ထားကတော့ သူမကို တကယ်ချစ်နေခဲ့သည်ဟု ယုံကြည်နေမှာဖြစ်ပြီး မင်္ဂလာဦးညကို ဖြတ်သန်းဖို့အတွက် ရင်ခုန်





သံတွေ မြန်နေခဲ့မှာ သေချာသည်။ သူမ ကျေနပ်အောင်တော့ သူအကြင်နာနွေးနွေးများဖြင့် နှစ်သိမ့်ယွေးပွေ့ဖို့ သူ့မှာ တာဝန်ရှိသည်။

"ထိပ်ထားရော အိပ်တော့မလားဟင်"

"အင်း…ဧည့်ခံရတာ ပင်ပန်းသွားလို့ ချွေးတွေနဲ့ ငြိစိစိဖြစ်နေတယ်။ ထိပ်ထား ရေတော့ချိုးလိုက်ဦးမယ် မောင်… မောင်အိပ်ချင်အိပ်နှင့်လေ…ဝိုင်တွေလည်း သောက်လာသေးတယ် မဟုတ်လား"

"နည်းနည်းပါ…မောင် သိပ်မသောက်နိုင်တာလည်း ထိပ်ထားသိသားနဲ့။ ကဲပါ…ထိပ်ထား ရေချိုးပြီးရင် မောင်လည်း ရေချိုးမယ်။ အဲဒါမှ လန်းသွားမှာ။ မောင် စောင့်နေမယ်နော်။ ထိပ်ထား အရင်ချိုးလိုက်"

"ဟုတ်ကဲ့ မောင်"

သူ့အခန်းတွင်းမှာ တစ်ဆက်တည်း ရေချိုးခန်းရော အိမ်သာရော ရှိနေတာမို့ သီးသန့်အပြင်ထွက်စရာမလို။ သူ့အခန်းကအောက်ထပ်မှာပါ။

ဖေဖေ မေမေတို့ကတော့ ဒီအချိန်လောက်ဆို ပင်ပန်းလို့ အပေါ်ထပ်မှာ အိပ်နေလောက်ပြီထင်သည်။ တကယ်ဆိုလျှင် မြသားနှင့်သာလက်ထပ်ဖြစ်ခဲ့ပါက ဒီမင်္ဂလာအိပ်ခန်းအတွင်းမှာ သူ အတိုင်းထက်အလွန် ပျော်ရွှင်ကြည်နူးနေခဲ့မိလိမ့်မည် ထင်သည်။

အခုတော့လည်း ချစ်ရသူက တစ်ယောက်၊ လက်ထပ်ခဲ့ရသူကတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



"တူ…တူ…တူ"

"ဟင်"

ဒီအချိန်ကြီးကျမှ ဘယ်ကဖုန်းက လာရတာလဲ။ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ ညဆယ့်တစ်နာရီကျော်။ ဘယ်သူမှ ဘာအကြောင်းနဲ့မှ ဆက်စရာရှိမည့်အချိန်တော့ မဟုတ်တော့ပါ။

ဘယ်သူပဲဖြစ်ဖြစ် ဖုန်းကိုင်ရမှာပဲမို့ စံထိပ်ထား ချုပ်ပေးထားသော သူ့ကုတ်အင်္ကျီထဲက ဖုန်းကိုယူ၍ ဖွင့်နားထောင်လိုက်ရသည်။

"ကို"

"ဟင်…မြ…မြသား"

ဖုန်းနံပါတ်ကို မကြည့်ဘဲ နားထောင်လိုက်တာမို့ မြသားဖုန်းဖြစ်နေလိမ့်မည်ဟု မထင်လိုက်။ ငိုရှိုက်သံရဲ့နောက်ဆက်တွဲ 'ကို' ဆိုသည့် နာမ်စားကို ကြားလိုက်ရသည့်အခါမှာ သူ့ရင်တွေ ပရမ်းပတာ ခါသွားခဲ့သည်။ ရေချိုးခန်းထဲကနေ စံထိပ်ထား ထွက်လာတော့မည်မို့ နောက်ခန်းတံခါးဂျက်ကို ဖွင့်ကာ ဝရန်တာဘက် ထွက်လာခဲ့လိုက်သည်။

"မြ…မြသား ဘာလို့ငိုနေတာလဲ။ ဘာလို့ငိုနေတာလဲ မြသား"

"ကို"

"ပြော…ပြောပါ မြသားရယ်…ဘာဖြစ်နေတာလဲကွာ"

"မြသား…မြသား မခံစားနိုင်တော့ဘူး…ကို၊ မင်္ဂလာပွဲမှာ ကို ပျော်နေတယ်နော်"

"မြသား"





"ကို မြသားအတွက် ခံစားနေရသလား၊ ငွေကြေးပြည့်စုံချမ်းသာတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်လိုက်ရလို့ ကို ပျော်နေသလားလို့ မြသား သိချင်တာနဲ့ ကို့မျက်နှာလေးကို မြင်ချင်တာနဲ့ မြသား ရောက်လာခဲ့တာပါ။ ကို…ကို…ပျော်နေတယ်နော်"

"မြသားရယ်…ကိုက"

"အခုရော ကို မချစ်ဘဲ လက်ထပ်လိုက်တဲ့ စံထိပ်ထားကိုကို တွေးပွေ့ယုယကြင်နာတော့မယ်။ မြသားမဟုတ်တဲ့ တခြားမိန်းကလေးတစ်ယောက်ကို ကို့ရင်ခွင်ထဲမှာ ပွေ့ဖက်ပြီး သိပ်တော့မယ်မဟုတ်လား"

ငိုရှိုက်သံကို မကြားရက်။ ရင်ဖွင့်စကားတွေအတွက် နားမထောင်ရက်။

စံထိပ်ထားနှင့်သူ့အဖြစ်ကို တွေးဆမြင်ယောင်ရင်း ဘယ်လောက်တောင် ရင်တွေပူလောင်နေလို့ ဒီအချိန်ကြီးမှာ ဖုန်းဆက်လာရတာလဲ။ ရင်ထဲက နှင့်သီးလွန်းစွာ နောက်မှာ အသံသဲ့သဲ့လိုလို ကြားယောင်မိတာတောင် စံထိပ်ထား ဖြစ်နေမလားလို့ စိုးထိတ်စွာနှင့် လှည့်မကြည့်မိပေ။

"မြ…မြသား မငိုပါနဲ့ မြသားရယ်…မြသားရင်တွေ အရမ်းနာကျင်နေလိမ့်မယ်ဆိုတာကို ကိုယ်ချင်းစာမိပါတယ်။ ဒါပေမဲ့ မြသားထင်သလိုတွေ မဟုတ်ပါဘူး။ အချစ်နဲ့တည်ဆောက်ခဲ့တဲ့ အိမ်ထောင်ရေးမဟုတ်ဘူးဆိုတာ မြသား သိနေတာပဲ။ ဖေဖေ့ဆန္ဒကြောင့်သာမဟုတ်ရင် ဒီမင်္ဂလာပွဲ မဖြစ်ပါဘူး မြသားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မင်္ဂလာအိပ်ရာအခမ်းအနား ပြင်ဆင်ထားတဲ့အိပ်ခန်းထဲမှာ ကို ရောက်နေပြီမဟုတ်လား။ မင်္ဂလာဦးညကို ဖြတ်သန်းဖို့ ကိုတို့ ပြင်ဆင်နေပြီမဟုတ်လား"

"မြသားရယ်…ဒီဟာတွေထိ လိုက်တွေးပြီး ဘာလို့အပင်ပန်းခံနေတာလဲ။ မြသား စိတ်သက်သက်သာသာဖြစ်အောင်နေပါနော်။ အိပ်ပျော်အောင်အိပ်လိုက်ပါ"

"ဟင့်အင်း…မြသား နေလို့လည်းမရဘူး။ အိပ်လို့လည်းမရဘူး…ကို။ မြသားဆီကို ကို လာခဲ့ပါ။ နောက်နေ့တွေအတွက် မြသား မတောင်းဆိုပါဘူး။ ဒီ…ဒီနေ့တော့ ကို့မျက်နှာလေးကို မြသား မြင်ပါရစေ။ ကို မလာရင် မြသား အိပ်ဆေးတွေ သောက်ပစ်မိမလား မသိဘူး။ မြသား ဘယ်လိုမှကို မနေနိုင်ဘူး…ကို"

"ဟာ…မြ…မြသား အဲဒီလိုလုပ်လို့ မဖြစ်ဘူး…မဖြစ်ဘူးနော် မြသား။ ကို…အခုပဲ ထွက်လာခဲ့မယ်။ အဆောင်အပြင်မှာ စောင့်နေနော် မြသား။ ဘာမှမလုပ်လိုက်နဲ့…စိတ်ကိုလျှော့ထား။ ငိုတာကို ရပ်လိုက်၊ မျက်ရည်တွေသုတ်လိုက်နော်…မြသား"

သူ ဖုန်းကိုပိတ်၍ ကုတ်အင်္ကျီတောင် ထပ်ဝတ်မနေနိုင်တော့ဘဲ ကားသော့ယူကာ ခြံစောင့်ကို တံခါးအမြန်ဖွင့်ခိုင်းပြီး မြသားရှိသော နေရာကို ထွက်လာခဲ့လိုက်သည်။ မြသားက စိတ်ထက်မြက်ပြီး ပြတ်သားရဲရင့်သော မိန်းကလေးဆိုပေမယ့် အချစ်နှင့်ပတ်သက်လျှင်တော့ ဘယ်လိုမိန်းကလေးမဆို စိတ်ခတ်နူးညံ့ပျော့ပျောင်းသွားတတ်ကြတာပဲ မဟုတ်လား။ ချစ်သူတစ်ယောက်ကို တခြားမိန်းကလေးနှင့်





အိပ်ခန်းဆောင်မှာ ဘယ်လိုလုပ် ခံစားနိုင်ပါ့မလဲ။ ဒီလိုစိတ်အတွေးမျိုးဖြစ်နေချိန်မှာ ဘာကိုမှ တွေးတောစဉ်းစားမနေနိုင်ဘဲ လုပ်ချင်ရာလုပ်ပစ်နိုင်သည်။ အိပ်ဆေးတွေသောက်ပစ်မည်ဆိုတာ သူ မလာမှာစိုး၍ ခြိမ်းခြောက်ရုံ ခြိမ်းခြောက်တာမဖြစ်နိုင်။

တကယ်ကို မခံစားနိုင်လွန်းတော့၍ ဆုံးဖြတ်ချက်ချလိုက်တာ မဖြစ်နိုင်ဘူးလို့ ပြောလို့ရမလား။ နေ့လယ်က မင်္ဂလာပွဲကိုတောင် သူ့ မျက်နှာမြင်ချင်လွန်း၍ ရောက်အောင်လာခဲ့သေးသည်ပဲ။

"မြ…မြသား"

တိုက်ခန်းအဆောင် အောက်ဆုံးထပ်လှေကားထစ်လေးတွေမှာ မြသား ထိုင်စောင့်နေတာ တွေ့လိုက်ရတော့ ရင်မှာ နင့်သီးစွာ ခံစားလိုက်ရသည်။ ကားတံခါးကို အမြန်ဖွင့်ဆင်းလျက် မြသားလက်ကလေးကို ဆုပ်ကိုင်ကာ ဆွဲထူလိုက်သည်။

"ကို"

"ဘယ်လိုဖြစ်ရတာလဲ မြသားရယ်"

လက်ထဲမှာ ဆေးဘူးလေးကိုင်ထားရင်း သူ့ရင်ဘတ်ပေါ် မျက်နှာလေးမှောက်ချကာ ငိုလိုက်တာမို့ သူမပခုံးလေးကို ထွေးပွေ့ပြီး နှစ်သိမ့်လိုက်ရသည်။

"မြသား…ဒီနေရာမှာ ဒီလိုနေရတာ မကောင်းဘူးထင်တယ်။ ကို့ကားနဲ့ တစ်နေရာသွားပြီး ကားပေါ်မှာပဲ ခဏထိုင်စကားပြောရအောင်နော်။ အချိန်လည်းမနည်းတော့ဘူး။ ကိုလည်း အပြင်မှာ အချိန်ကြာကြာ"



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်…ကို"

သူ့စကားကို ဆုံးအောင်နားမထောင်ဘဲ မြသားက ကားပေါ် တက်ထိုင်သည်။ သူလည်း ကားပေါ်တက်ကာ မောင်းထွက်လာခဲ့ရ၏။ အဝေးကြီးမသွားသင့်။ စည်းခြားနေပြီဆိုသောအသိနှင့် ကားသွားကားလာ မပြတ်သော ကားလမ်းဘေးမှာပင် ကားကို ရပ်ထားလိုက်သည်။ မြသားလက်ထဲက ဆေးဘူးကို ယူကြည့်လိုက်တော့ အပြင်းစားအိပ်ဆေးပုလင်းဖြစ်နေ၍ သူ အံ့ဩထိတ်လန့်သွားရသည်။

သူ မလာလျှင် မြသား တကယ်ပင် ဒီအိပ်ဆေးတွေ သောက်ပစ်တော့မည်ထင်သည်။ ဆေးဘူးက ပါကင်ပိတ်လည်းမဟုတ်။ အဆင်သင့်ဖွင့်ထားခဲ့ဟန်တူသည်။

"မြသား ဒီဆေးဘူးက"

"ကို စွန့်လွှတ်တာခံရပြီးကတည်းက နေ့စဉ် နည်းနည်းသောက်ပြီးမှ မြသား အိပ်လို့ရတယ်။ ဆယ်လုံး၊ ဆယ့်ငါးလုံးလောက်သောက်ရုံနဲ့ ဒီဆေးက တစ်သက်လုံး သက်သောင့်သက်သာဖြစ်အောင် အိပ်ပျော်သွားအောင် အစွမ်းထက်တယ်။ တိုနဲ့ခွဲရတဲ့ဒဏ်၊ ကို တခြားမိန်းကလေးနဲ့ အတူရှိနေတဲ့ဝေဒနာတွေကို မြသား မခံစားနိုင်တော့ဘူး။ ဘာကိုမှ မတွေးမိတော့ဘဲ ဘာဝေဒနာမှ မခံစားရတော့ဘဲ မြသား နေလိုက်ချင်ပြီ"

"မြသားရယ်… ကလေးလည်း မဟုတ်တော့ဘဲနဲ့ ဘာလို့ ဒီလိုတွေ လုပ်ချင်ရာလုပ်ဖို့ စဉ်းစားရတာလဲ။ မြသားနောက်မှာ မိဘ





တွေ၊ မောင်လေး၊ ညီမလေး မိသားစုတွေ ရှိတယ်လေ။ ကို့အတွက်နဲ့ မြသား ဒီလိုဆုံးဖြတ်လိုက်ရင် သူတို့တွေအားလုံးအတွက် မြသား ဘယ်လိုလုပ်မှာလဲ"

"အဲဒါကြောင့်မို့ မြသားအနားကို ကို့ကို လာပေးပါလို့ မြသား တောင်းဆိုရတာပေါ့ ကို၊ မြသားဘဝနဲ့အသက်ကို ကယ်တင်နိုင်တာ ကိုတစ်ယောက်တည်း ရှိတယ်။ မြသား အသက်ရှင်မှ မိသားစုဘဝကို ကယ်တင်နိုင်မှာဖြစ်တဲ့အတွက်လည်း မြသားမိသားစုနဲ့ပတ်သက်ပြီး ကို့မှာ တာဝန်ရှိတယ်"

"မြသားရယ်…ကိုနဲ့ပတ်သက်ပြီး မြသား အဲဒီလောက်ထိ ခံစားနေရလိမ့်မယ်လို့ ကို မထင်မိဘူး။ မြသားက စိတ်မာတယ်၊ ပြတ်တယ်၊ လွယ်လွယ်နဲ့ လောကကြီးကို အရှုံးမပေးတတ်ဘူး၊ စိတ်မာတတ်ခွန်အားတွေနဲ့ ဒီအခြေအနေထိတောင် ရင်ဆိုင်လာခဲ့ပြီးမှ ဘာလို့ အရှုံးပေးဖို့ စဉ်းစားရတာလဲကွာ"

"အရှုံးမပေးရင်ရော ဘယ်သူ့ဆီက အနိုင်ရမှာမို့လဲ။ ဘယ်သူက မြသားအသည်းကွဲတာ နှိမ့်ချစော်ကားခံရတာကို ဂုဏ်ယူချီးမြှောက်ပေးမှာလဲ။ ဆင်းရဲချို့တဲ့တဲ့ မြသားဘဝက ရှုံးပြီးသားပါ။ ထပ်ရှုံးတော့ရော ဘာဖြစ်သေးလဲ။ ဟင်း…ဟင်း…မြသား ဒီလိုခံစားနေတာကို တိုကပါ-လှောင်ပြောင်ချင်နေပြီလား"

သူ မြသားပခုံးလေးတစ်ဖက်ကို ဆုပ်ညှစ်ကာ ခေါင်းယမ်းလိုက်သည်။

"ဘာလို့ လှောင်ပြောင်ရမှာလဲ မြသားရယ်…ကို တကယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းဖြစ်နေတာပါ။ မြသား ဒီလိုဖြစ်နေတာကို ကို့ရင်ထဲ နာကျင်နေရပါတယ် မြသားရယ်။ ဒါပေမဲ့ ကိုက စံထိပ်ထားကို လက်ထပ်ပြီးသွားပြီ။ မြသားအတွက် ကို ဘယ်လောက်ပဲ စိတ်မကောင်းကောင်း စည်းတွေက ခြားသွားပြီ မြသားရယ်။ ဒါကို မြသားလည်း နားလည်မှာပါ"

"ဒါပေမဲ့ ကို ကတိပေးထားတယ်လေ။ မြသား နာကျင်ခံစားရတဲ့အချိန်တိုင်း လိုအပ်တဲ့အချိန်တိုင်း မြသားအနားမှာရှိနေပေးပါ့မယ်ဆို"

"ဒါပေမဲ့ မြသား"

"ကို့ဆီက မြသားကို ဖက်ပွေ့နမ်းရှုံ့ပေးပါ။ မြသားရဲ့အာသာဆန္ဒတွေ ဖြည့်ဆည်းပေးပါလို့ မြသား မတောင်းဆိုပါဘူး။ အိမ်ထောင်သည်ယောကျ်ားဆီက ဘယ်လိုအရာတွေ မတောင်းဆိုသင့်ဘူးဆိုတာ မြသား နားလည်ပါတယ်။ စည်းတွေခြားနေပြီဆိုတာလည်း မြသား သိပါတယ်။ ဒါပေမယ့် အခုလတ်တလောတော့ ဒီဝေဒနာတွေ ခံစားနိုင်ဖို့ ကို့ရဲ့ဖြေသိမ့်မှုတွေ၊ နှစ်သိမ့်မှုတွေ လိုအပ်နေပါသေးတယ်။ အမှန်အတိုင်းပြောရရင် ကို့ကို မြသား သဝန်တိုမိတယ်။ စံထိပ်ထားကို မနာလိုဖြစ်မိတယ်"

"မြသား"

"မြသားတို့ချစ်သူဘဝမှာ တစ်ယောက်နဲ့တစ်ယောက် သဝန်တိုစရာ မလိုကြအောင် ကိုကလည်း မိန်းကလေးကိစ္စ ကင်းရှင်းခဲ့တယ်။ မိန်းကလေးသူငယ်ချင်း အပေါင်းအသင်းတောင် မထားခဲ့ဘူး။ မြသားကလည်း ယောကျ်ားလေးကိစ္စ ကင်းရှင်းခဲ့တယ်။ ယောကျ်ားလေးသူငယ်ချင်းအပေါင်းအသင်းတောင် မထားခဲ့ဘူး။ ကုမ္ပဏီမှာ အလုပ်ဝင်လို့ မန်နေဂျာယောကျ်ားသားတွေနဲ့ လမ်းမှာဆုံရင်တောင် ကို မြင်သွားပြီး သဝန်မတိုရအောင်၊ အဲဒီမန်နေဂျာတွေကို မြသား မမြင်ယောင်၊ မသိချင်ယောင်တွေ ဆောင်နေခဲ့တယ်"





"ကို သိပါတယ် မြသားရယ်၊ ဘာလို့ အဲဒါတွေ ပြန်ပြောနေတာလဲ။ အဲဒါကြောင့်ပဲ မြသားကို ကို ပိုပြီး တန်ဖိုးထားခဲ့တာပါ"

သူ့စကားက ရယ်စရာမပါပါဘဲ မြသား သူ့ကိုကြည့်ကာ ရယ်သည်။

"ဟင်း…ဟင်း…တန်ဖိုးထားခဲ့ပါတယ်တဲ့လား။ မင်္ဂလာပွဲမှာ မြင်ခဲ့ရတဲ့အပြုံးကြောင့် အဲဒီစကား ထွက်မလာလောက်တော့ဘူးထင်တာ။ ဟုတ်မှာပါလေ…ဟိုတစ်ချိန်ကတော့ မြသားကို ကို တန်ဖိုးထားချင်ထားခဲ့မှာပါ။ အခုတော့ မြသားထက် အရာရာတန်ဖိုးရှိတဲ့ မိန်းမကို လက်ထပ်လိုက်ရတော့ ကို ပျော်နေမှာပေါ့"

"အချစ်တွေ၊ အပျော်တွေနဲ့ စံထိပ်ထားကို ကို လက်ထပ်ခဲ့တာဆိုရင် အခုလိုမျိုး မြသားဆီကို ကို ရောက်မလာဖြစ်လောက်ဘူးလို့ တွေးပါလား မြသား"

"အိမ်ထောင်ရေးဖောက်ပြန်ပြီး မြသားဆီကိုတော့ ကို ရောက်မလာဘူး မဟုတ်လား ကို၊ မြသားကို တကယ်တန်ဖိုးထားခဲ့တယ်ဆိုရင်လည်း စံထိပ်ထားနဲ့ ခံ့ညားဖော်ရွေ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီး ဖြစ်မလာပါဘူး။ အဖေ့ဆန္ဒကို မဆန့်ကျင်ရဲလို့၊ မလွန်ဆန်ရဲလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အကြောင်းပြချက်တစ်ခုတည်းနဲ့ ကို မြသားကို ထားခဲ့ရက်မှာ မဟုတ်ပါဘူး"

"မြသား…ကို ဒါတွေ ရှင်းပြပြီး"

"စံထိပ်ထားက မြသားထက် တန်ဖိုးရှိလို့ဆိုတာ ကို လက်ခံလိုက်လို့ မဟုတ်လား။ အသိုက်အဝန်းကြီး၊ ဆွေကြီးမျိုးကြီး၊ အနာဂတ်တစ်ခုလုံး လုံခြုံစိတ်ချကြီးကျယ်မြင့်မြတ်မယ်ဆိုတာ သိလို့ ကို လက်ခံလိုက်တဲ့မင်္ဂလာပွဲပါ။ နေ့လယ်က တွေ့ခဲ့တဲ့ ကို့အပြုံးတွေက သက်သေခံခဲ့တယ် ကို"

"ဒါက မြသားရယ်…ကို ဘယ်လိုပြောပြရမလဲ။ ဖေဖေက ကို့ကို တစ်ချိန်လုံး စောင့်ကြည့်နေတယ်။ လူကြီးလူကောင်း ဧည့်ပရိသတ်တွေရှေ့မှာ ကို ငိုနေမဲ့နေလို့ ဖြစ်မလား။ အသိုက်အဝန်းပတ်ဝန်းကျင် ဆွေမျိုးမိတ်ဆွေတွေရှေ့မှာ အလွမ်းအဆွေးတွေနဲ့ ကို ကြွေမြေပျက်နေလို့မှ မဖြစ်တာ မြသားရယ်"

"ဒါဆို အခု စံထိပ်ထားထက် မြသားကို ပိုပြီး တန်ဖိုးထားတယ်ဆိုတာ သက်သေပြပါ ကို"

"ဟင်…ကိုက ဘယ်လိုသက်သေပြရမှာလဲ"

"ဒီတစ်ညလုံး မြသားနဲ့အတူ ရှိနေပေးပါ"

"ဘာ…အာ…ဒါက မြသားရယ်…မင်္ဂလာဦးညမှာ သတို့သား တစ်ညလုံး ပျောက်နေတယ်ဆိုတာ ဘယ်လိုမှ မဖြစ်သင့်ဘူး။ ဖေဖေသိရင်လည်း ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်ဘူး"

"အပြင်က သူငယ်ချင်းတွေနဲ့ ဘက်ချိလာနိုက်လုပ်နေလို့ပါလို့





မြသားကို တန်ဖိုးထားတယ်ဆိုတာ သက်သေပြဖို့ မလိမ်ညာရဲဘူးလား"

သူ့ သက်ပြင်းတွေ လေးကန်စွာ ချလိုက်မိသည်။ ခဏလောက်ဖြေသိမ့်နှစ်သိမ့်ပေးလိုက်ရတာ ကိစ္စမရှိပေမယ့် တစ်ညလုံးချည်းဆိုတာကတော့ စံထိပ်ထားကို အားနာစရာကောင်းလွန်းသည်။

မြသား တစ်ခုခုလုပ်လိုက်တော့မှာ စိုးရိမ်စိတ်ဖြင့် စံထိပ်ထားကိုတောင် အကျိုးအကြောင်းကိစ္စ ဘာမှမပြောမိခဲ့လိုက်ပါ။

"ကို အခုပဲ ဆုံးဖြတ်ပါ။ ဒီတစ်ည မြသားနဲ့ ဒီလိုပဲ နေပေးမလား။ စံထိပ်ထားဆီ ပြန်သွားမလား"

"မြသားရယ်…တစ်ညလုံးဆိုတာ"

"ကို့ဆီက အနမ်းတွေ ပေးပါ။ မြသားကို တွေးပွေ့ထားပါလို့ မြသား တောင်းဆိုနေတာ မဟုတ်ပါဘူး။ စံထိပ်ထားနဲ့ မင်္ဂလာဦးညကို ဖြတ်သန်းမှာ မြသား မခံစားနိုင်လို့ပါ။ သဝန်တိုလို့ပါ…မနာလိုလို့ပါ"

ဒီလောက် အတိအလင်းကြီး ဝန်ခံနေရှာသော မြသားကို သူ ဘယ်လိုဥပေက္ခာပြုရမလဲ။ မျက်ရည်တွေ၊ ခံစားချက်တွေ၊ နာကျင်မှုတွေ၊ ဝေဒနာတွေ တဖွဲဖွဲ ကျဆင်းနေသော မိုးရေစက်အောက်မှာ ရေစုန်မျောပေးလိုက်လျှင် ကောင်းလိမ့်မည်။ မြသား ဘာကြောင့် သူ့အပေါ် ဒီလောက်တောင် ချစ်တတ်လာခဲ့တာလဲ။

စည်းတစ်ခုကို စောင့်ထိန်းရမည်ဆိုသောအသိတစ်ခုကြောင့် မြသား မျက်ရည်တွေကိုတောင် သုတ်မပေးဖြစ်ခဲ့ပါ။ မြသားသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမရဲ့ကတိအတိုင်း သူ့ပခုံးပေါ်တောင် မမှီနွဲ့ခဲ့ပါ။

ဒါပေမဲ့လည်း ထိုညက မိုးစင်စင်လင်းသွားခဲ့ပြီး မြသားကို သူမအခေါင်ထိ လိုက်ပို့ပြီးမှပဲ…





# အခန်း (၂၁)

"မင်း…ဒါ ဘယ်ကပြန်လာတာလဲ"

"ဖေဖေ"

ဧည့်ခန်းအဝမှာ ဆီးမေးလိုက်သော ဖေဖေ့အသံကြောင့် သူ တုန်ခနဲ ဖြစ်သွားရသည်။ မနက် ခြောက်နာရီဝန်းကျင်။ ခါတိုင်းဆို လျှင် ဖေဖေ ဒီအချိန်နှင့် အိပ်ရာက မနိုးတတ်သေးပါ။ ခြံစောင့်ကြီး ခြံတံခါးပြန်ပိတ်ဖို့အတွက် ခြံဝင်းထဲက မီးတွေမမှိတ်ဘဲ စောင့်နေခဲ့လို့ များ ဖေဖေ သိသွားခဲ့ခြင်းလား။

ဒါမှမဟုတ် စံထိပ်ထားက တစ်ညလုံး သူ မရှိတာကို ဖေဖေ တို့ကို တိုင်လိုက်လို့များလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်...ငါ မေးနေတာ မကြားဘူးလား။ ညအချိန်မရွေး ကတည်းက ထွက်သွားတယ်။ မင်း ဘယ်သွားနေတာလဲ။ ဘယ်က ပြန်လာတာလဲ...ပြောစမ်း"

"ကိုဥက္ကာရယ်...သားလေး အိမ်ထဲဝင်ပါစေဦး။ ဧည့်ခန်းထဲမှာ ထိုင်ပြီးမှပြောပါ။ အပြင်ကလူတွေ ကြားရင်တောင် မကောင်းပါဘူး။ လာ...သား...လာပါ...ကိုဥက္ကာရယ်"

မေမေက သူ့လက်ကိုဆွဲကာ ဧည့်ခန်းထဲခေါ်လာသည်။ ဖေဖေက မကျေမချမ်း ဒေါသတကြီးဖြင့် နောက်ကလိုက်လာ၏။

"မင့်သားက ဘာတွေကောင်းအောင်လုပ်လို့လဲ။ လက်ထပ်ပြီးစ သတို့သမီးကို တစ်ညလုံး ဒီအတိုင်းထားခဲ့ပြီး တစ်ညလုံး အပြင်မှာ သွားနေတာ။ ခြံထဲမှာ မီးတစ်ညလုံးလင်းနေလို့ ငါ ခြံထဲဆင်းမေးလိုက်လို့ ညဆယ့်တစ်နာရီကျော်ကတည်းက ထွက်သွားတာသိရတာ။ သမီးကို မေးကြည့်တော့လည်း သူ့ကိုတောင် ပြောမသွားသလိုဘဲ။ သူငယ်ချင်းတွေဆီ သွားတာဖြစ်မှာပါလို့ မရှက်မလွန် ဖြေတယ်။ ဘာမှ မသိရတာတောင် အပြစ်ကို ဖုံးကွယ်ချင်တဲ့ပုံစံမျိုး။ ဟိတ်ကောင်... မေးနေတာ အခုထိ မဖြေသေးဘူးလား"

"နိုင်ငံခြားမှာ ခင်ခဲ့တဲ့သူငယ်ချင်းတွေကို ဘက်ချ်လာနိုက် သွားလုပ်ပေးရတာပါ။ မင်္ဂလာပွဲကို ဖိတ်လိုက်ပေမယ့် လေယာဉ်က နောက်ကျနေတာနဲ့ သူတို့တည်းတဲ့ ဟိုတယ်ကို သွားတွေ့ပြီး ဧည့်ခံနေရတာပါ။ မင်္ဂလာဦးညမှာ သတို့သမီးနဲ့ မအိပ်ရဘူး။ ငါတို့က နိုင်ငံခြားကနေတောင် လာရတာ။ ငါတို့နဲ့ပဲ အိပ်ရမယ်ဆိုပြီး ညစ်နေတာနဲ့"





"သားရယ်...သားက အရက်လည်း သိပ်သောက်နိုင်တာ မဟုတ်ဘဲနဲ့ ညက ဘယ်လောက်တောင် သောက်လိုက်သေးလဲ"

"ခိုင်...ငါ့သားနဲ့ စကားပြောနေတာ မင်း ဖြတ်မပြောနဲ့။ မင့်သား ဘယ်ဟိုတယ်ကို သွားတာလဲ၊ ဘယ်သူနဲ့တွေ့တာလဲ၊ တကယ် ဟုတ်လားမဟုတ်လား၊ သေချာလား မသေချာလား၊ ငါ မစုံစမ်းနိုင်ဘူးများထင်နေလား။ မဟုတ်ဘူးဆိုရင် မင့်သားကို ငါ သတ်ပစ်လိုက်ရမလား ခိုင်"

ဖေဖေ ကြိမ်းဝါးမှုကြောင့် မေမေ ငြိမ်ကျသွားသည်။ သူ့ရဲ့ လိမ်ညာမှုကို ဖေဖေ မယုံလောက်ဘူးဆိုတာသိပေမယ့် တခြားဆင်ခြေ ပေးစရာလည်း မရှိ။ ထိုအချိန်မှာပဲ စံထိပ်ထား ထွက်လာခဲ့ပြီး–

"မောင် ရောက်နေပြီလား။ သူငယ်ချင်းတွေနဲ့တွေ့တော့ ညက ပျော်တယ်မဟုတ်လားဟင်"

စံထိပ်ထားက အပြုံးမျက်နှာလေးနှင့် သူ့လက်မောင်းကို လာတွဲ ချိတ်ကာပြောတာမို့ ဖေဖေ့စကားသံတိတ်ကျသွားသလို သူလည်း အံ့သြသွားမိသည်။ တစ်ညလုံး သူမနှင့်အတူ ရှိမနေခဲ့တာကို သူမ စိတ်မဆိုးဘူးလား။

မေမေက သူ့ကို ဖေဖေ့ဆူပူကြိမ်းမောင်းမှုတွေ ရပ်တန့်သွားအောင် အချိန်မီ ကယ်တင်ပေးလိုက်သည့်အတွက် စံထိပ်ထားကို ကျေးဇူးတင်စွာနှင့် ကြည့်နေခဲ့သည်။ စံထိပ်ထားက အပြုံးမပျက်စွာနှင့်ပင်–

"မောင်...ဘရိတ်ဖတ်စ်တော့ မစားခဲ့ရသေးဘူးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာ ဖေဖေ မေမေတို့အတွက် ဟိုမှာ အန်တီကြူ ပြင်ဆင်နေတယ်။ မောင်လည်း တစ်ခါတည်း စားလိုက်လေ"

"အင်း…စားတာပေါ့ ထိပ်ထား၊ မောင် ရေအမြန်ချိုးပြီး ဆင်းလာခဲ့မယ်"

"မြန်မြန်နော် မောင်"

"အင်းပါ"

စိတ်ဆိုးစိတ်ကောက် အတို့အထောင်မလုပ်ဘဲ အပြုံးနှင့် ဣန္ဒြေမပျက် ဆက်ဆံလိုက်လျှောပေးသည့်အတွက် စံထိပ်ထားကို ကျေးဇူးတင်ရသေးသည်။ ဘာပြဿနာမှမဖြစ်သည့်အတွက် ဖေဖေလည်း စိတ်လျှော့လိုက်ပုံရကာ စံထိပ်ထားနောက်ကနေ ထမင်းစားခန်းထဲ လိုက်ဝင်သွားကြသည်။

သူ အမြန်ပင် ရေပန်းအောက်ကနေ ရေအမြန်ချိုးလိုက်၏။ ပြီးမှ ရေအမြန်သုတ်ကာ အိမ်နေရင်းဝတ်သော စွပ်ကျယ်တစ်ထည်ကို ကောက်စွပ်ဝတ်လိုက်၏။ စောင့်နေရတာကြာလို့ ဖေဖေ ထပ်ပြီးဒေါသဖြစ်မှာစိုးလို့ပါ။ ဖေဖေ့ဒေါသကို ထိန်းချုပ်ပေးလိုက်သော စံထိပ်ထားကိုတော့ တကယ်ပင် ကျေးဇူးတင်မိသည်။ မင်္ဂလာဦးညကို ကြည်နူးစွာ ဖြတ်သန်းခွင့်မရရှာသော သတို့သမီးတစ်ယောက်ရဲ့ရင်ထဲမှာ ဘာဒေါသနာကြည်းမှုမှမရှိဘဲ အပြုံးလေးနှင့် နေပေးနိုင်တာတော့ သူ အရမ်းကို အံ့သြမိလေသည်။

တကယ်ဆို သူ့ကို ရန်တွေ့သင့်သည်၊ ဒေါသဖြစ်သင့်သည်၊ ဘယ်ကိုသွားတာလဲ၊ ဘယ်သူနှင့် သွားတွေ့တာလဲ၊ ဖေဖေ့လိုပဲ





ပေါက်ကွဲသင့်၏။ ရည်းစားဟောင်းနှင့် သွားတွေ့တာလား၊ အလွမ်းသယ်နေတာလား၊ သံသယတွေနှင့် စွပ်စွဲကာ ပြဿနာရှာသင့်သည်။

"သားလေး…လာ"

"မောင်…လာအလေ"

ထမင်းစားခန်းထဲဝင်လာသော သူ့ကို ဖေဖေက မကျေမနပ်မျက်မှောင်ကြုတ်ကာ ကြည့်နေသည်မို့ သူ့ခြေလှမ်းတွေ တွန့်ဆုတ်နေတာကို မေမေနှင့်စံထိပ်ထားက ပျာပျာသလဲ လှမ်းခေါ်ကြသည်။

"မောင်က ရွှေတောင်ခေါက်ဆွဲကြိုက်တယ်ဆို… အိမ်မှာ ထိပ်ထား တစ်ခါမှ မစားဘူး…သိလား။ အခု အန်တီကြူ ချက်တာစားကြည့်တော့ စားကောင်းသားပဲ မောင်ရဲ့…အန်တီကြူဆီက သင်ထားဦးမယ်။ ဖေဖေတို့ဆီရောက်တော့အခါကျရင် ဖေဖေတို့ကို ချက်ကျွေးရအောင်လို့လေ"

"အဟင်း…မောင် ချက်တာတတ်ပါတယ်။ မောင် ချက်ကျွေးပါ့မယ်"

"ဟင်…တကယ်…မောင်က တော်လိုက်တာ။ ဘယ်သူ့ဆီက သင်ထားတာလဲဟင်"

"မေမေလေ…အန်တီကြူကိုလည်း မေမေပဲ သင်ပေးထားတာ"

"ဟုတ်လားဟင် မေမေ"

"ဟုတ်တယ် သမီး၊ မကြူ တောကနေလာတုန်းက ဘာမှကို သိပ်မချက်တတ်ဘူးလေ။ မေမေပဲ သင်ပေးထားတာပေါ့။ သားက



www.burmeseclassic.com

www.burmeseclassic.com



လည်း သူပျင်းတဲ့အခါ အပြင်လည်း သိပ်မထွက်တတ်တော့ သူ သင်ချင်တဲ့ဟာဆို သင်တယ်။ မုန့်လုပ်တာ ဒီလို ရွှေတောင်ခေါက်ဆွဲတို့၊ မုန့်ဟင်းခါးချက်တာတို့ပေါ့။ သား လက်ဖက်သုပ်ရင်လည်း အရမ်းကောင်းတာ သမီး။ သမီး စားချင်တဲ့အခါ သုပ်ခိုင်းကြည့်ပါလား"

"အို…မောင့်မှာ ထိပ်ထား မသိသေးတဲ့အရည်အချင်းတွေ အများကြီးရှိပါသေးလား။ ထိပ်ထားကလေ လက်ဖက်သုပ် အရမ်းကြိုက်တာ မောင်ရဲ့။ စာမေးပွဲရက်ဆို ဘေးမှာ ကော်ဖီတစ်ခွက်နဲ့ လက်ဖက်သုပ်တစ်ပန်းကန် ဘေးမှာချပြီး စာကျက်တာ။ အိမ်က အန်တီတူးကတော့ သိပ်မလုပ်တတ်ပါဘူး။ အဲဒါကြောင့် မိသားစု လိုက် အပြင်မှာ ထွက်စားကြတာများတယ်။ မောင်က လုပ်တတ်တယ် ဆိုရင်တော့ နောက်ဆို ရုံးပိတ်ရက်တွေမှာ မောင့်လက်ရာ စားရတော့မှာ ပေါ့။ ထိပ်ထားက မောင့်ဆီက သင်မှာပေါ့။ ဒါမှ ဟိုဘက်က ဖေဖေ မေမေရော ဒီဘက်က ဖေဖေ မေမေကိုရော ပြန်ပြီးလုပ်ကျွေးလို့ရမှာ နော် မေမေ"

စံထိပ်ထားက စကားပြောကြွယ်ပါသည်။ ဖေဖေနှင့်မေမေကို လည်း သူမကို ချစ်ခင်လာအောင် စည်းရုံးနိုင်သည်ဟု ပြောရမည်။ မာကျောတင်းထန်နေတတ်သော ဖေဖေ့မျက်နှာတောင် ပြုံးယောင်သမ်းနေ၏။

သူ့ပန်းကန်ထဲကို ကြက်သွန်ထည့်၊ နံနံပင်ထည့်၊ သံပရာသီး စိတ်လေးတွေ ညှစ်ထည့်တာလည်း ကြည့်နေ၏။ ငရုတ်သီးမှုန့်ပါ





ထည့်စားသော သူ့လိုပင်လိုက်လုပ်ရင်း သူမ စားလိုက်တော့ ရှူးရှူး ရှဲရှဲ ဖြစ်သွား၏။

"စပ်တော့စပ်တယ်၊ စားလို့တော့ ကောင်းသားပဲနော်။ အဲဒီလို အစုံထည့်စားရတာလား"

"ကိုယ်ကြိုက်သလို ထည့်စားလို့ရတယ်လေ။ မကြိုက်တာကို ထည့်မစားနဲ့ပေါ့။ ဟင်းရည်ကလည်း နို့စိမ်းချက်ထားတာ။ ဘဲဥတွေ၊ ငုံးဥတွေပါ ထည့်ထားတော့ အရသာရှိပြီးသားပါ။ ကြက်သားက သပ်သပ်၊ ဆီချက်ချက်ထားတာ။ အဲဒါပါထည့်စားရင် ပိုပြီးအရသာ ရှိတယ်။ ဒီကြက်သားဆီချက်ရှိနေတဲ့အတွက် မုန့်ဖတ်သုပ်စားစား၊ ခေါက်ဆွဲသုပ်စားစားလည်း အဆင်ပြေတယ်"

"ဟုတ်တယ် သမီးရဲ့…သားတို့အဖေက အပြင်မှာ အပျော် အနေနဲ့ဖြစ်ဖြစ် မိသားစု အပြင်မှာစားဖို့တို့ကို ခေါ်မသွားတတ်ဘူး။ အဲဒီတော့ အိမ်မှာပဲ သားကို အမျိုးမျိုး လုပ်ကျွေးရတယ်။ အမဲသား ဆေါင်းဆိုလား…အဲဒါတောင် သမီးကြောင့် စားဖူးတာ"

"မင်းကလည်း သမီးရှေ့မှာ ငါ့ကို အပုပ်ချနေပြန်ပြီ။ ငါက စီးပွားရေးလုပ်နေရတာ။ မင်းကို အပြင်တွေဘာတွေခေါ်သွားလည်း မင်းက ဘာမှနားလည်တာမဟုတ်ဘူး။ သားကကျတော့လည်း တစ်ချိန်လုံး ပညာသင်နေရတာလေ။ အခု လုပ်ငန်းခွင်ဝင်တော့ ခေါ်သင့်တဲ့နေရာတွေ ခေါ်သွားတာပဲ"

ဦးဥက္ကာဇော်က သူမရှေ့မှာ မကောင်းကြောင်းပြောတာကို ကြိုက်ပုံမရပေ။ သူမကတော့ မောင် ပြောပြထားလို့ ဦးဥက္ကာဇော်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိသင့်သလောက် သိထားပြီးပါပြီ။ မိသားစုအပေါ်မှာ အတ္တတွေနှင့် အုပ်ချုပ်တတ်သူဆိုတာ။

ခုနကလည်း သူမသာ ဝင်မထိန်းလိုက်လျှင် မောင့်ကို ထိုးဖို့ ကြိတ်ဖို့အထိ အစီအစဉ်ရှိနေလားမသိပေ။ မိသားစုဖြစ်လာသည့် အတွက် အားလုံး အဆင်ပြေအောင် လုပ်နေရပေမယ့် သူမရင်တွေ တော့ အဆမတန် နာကျင်အောင့်မျက်နေပါသည်။

ညက မြသားဆိုသည့်မိန်းကလေးနှင့် မောင် စကားပြောနေတာ ကို သူမ အစုံအလင် မဟုတ်သော်လည်း တိုးတိုးသဲ့သဲ့ အားလုံး ကြားနေရသည်။ သူမ ရေချိုးပြီး အခန်းထဲဝင်လာတော့ မောင် ရှိမနေ။ ဝရန်တာဘက်က တံခါးပွင့်နေတာမို့ အသာချောင်းကြည့်လိုက်သည့် အခါမှာ မြသားဆိုသည့်နာမည်ကို ခေါ်ကာ မောင် ဖုန်းပြောနေ၏။

စိုးရိမ်ထိတ်လန့်မှုတွေနှင့် ထိုမြသားဆိုသော မိန်းကလေးကို မောင် နှစ်သိမ့်ဖြေသိမ့်ပေးနေတာ၊ သူမ အသည်းနှလုံးတွေ ပြုတ်ကြွေ လုမတတ် ခံစားလိုက်ရ၏။

သူမကို တကယ်ချစ်လို့မဟုတ်ဘဲ သူ့အဖေဆန္ဒကြောင့် လက်ထပ်ခဲ့ရတာတဲ့လား။ ဒါဆို သူမကို ချစ်တယ်၊ တန်ဖိုးထားပါ တယ်လို့ ပြောခဲ့တဲ့စကားတွေဟာ အလိမ်အညာ ဟန်ဆောင်မှုတွေပေါ့။

မောင်က အဲဒီလိုလူစားမျိုးလား။

တည်ကြည်ခံ့ညား ယောကျ်ားပီသသော မောင်က အဲဒီလို လူစားမျိုးတဲ့လား။

သူမ မယုံနိုင်ပါ။ မောင့်ကို အဲဒီလို မထင်ရက်ပါ။ မောင့်ကို





သူမ ချစ်သည်။ မောင့်ကို သူမ မြတ်နိုးသည်။ တစ်ခါဖူးမျှ မချစ်ဖူးသော အချစ်များနှင့် မောင့်ကို တန်ဖိုးထားကာ မြတ်နိုးမိ၏။

သူမကို တကယ်မချစ်ခဲ့ဘူးလို့ပဲပြောပြော သူ့အဖေဆန္ဒတွေ ကြောင့် သူမအပေါ် အပေါ်ယံဟန်ဆောင်ချစ်ခဲ့တာပဲဖြစ်ဖြစ် အခု သူမ နှင့် လူသိရှင်ကြား တရားဝင်လက်ထပ်ပြီးပြီဖြစ်သည့်အတွက် သူမရဲ့ လင်ယောကျ်ား အိမ်ဦးနတ်ဖြစ်နေခဲ့ပြီ မဟုတ်ပါလား။ သူမရင်ထဲ မခံစားနိုင်လို့ ပေါက်ကွဲမိလျှင် အိမ်ထောင်ရေးပြိုကွဲသည်အထိ ပြဿနာ တွေ ကြီးသွားနိုင်သည်။ ဒါဆိုလျှင် နှစ်ဖက်အသိုက်အဝန်းရဲ့ ဂုဏ် သိက္ခာ ဘယ်လိုဖြစ်သွားမည်လဲ။ ဖေဖေ မေမေတို့လည်း အရှက်ရ ကာ စီးပွားရေးလုပ်ငန်းတွေပါ ထိခိုက်နိုင်သည်။ သူမတို့မိသားစု ဆွေမျိုးအသိုက်အဝန်းကြားမှာ လင်ကွဲ၊ မယားကွဲ၊ အိမ်ထောင်ကွဲ ဆိုသည့်အဖြစ်မျိုး လုံးဝမရှိပါ။ ဖေဖေနှင့်မေမေတောင် သူချစ်ကိုယ်ချစ် မဟုတ်ဘဲ မိဘတွေ သဘောတူလက်ထပ်ပေးစားခဲ့တာတောင် အိမ်ထောင်ရေးမပြိုကွဲ မပျက်စီးအောင် ထိန်းသိမ်းနိုင်ခဲ့ကြသည်။

သူမက မောင့်ကို ဒီလောက်တောင် အသည်းနှင့်အောင်ချစ်တာ ဘာလို့ မထိန်းသိမ်းနိုင်ရမှာလဲ။

"ထိပ်ထား...ဘာလို့ မစားတာလဲ။ ငရုတ်သီးစပ်လို့လားဟင်။ မောင် နောက်တစ်ပန်းကန် ထည့်ပေးရမလား"

"ဟင်...ရ...ရပါတယ်။ စားလို့ကောင်းပါတယ် မောင်ရဲ့။ ထိပ်ထားက ဒီလိုအရသာရှိအောင် ဘယ်လိုများ ချက်ထားလဲလို့ တွေးမိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…နောက်တော့ မောင် တစ်ခုချင်း သင်ပေးမှာပေါ့ ထိပ်ထားရယ်…မောင် ကျွမ်းပါတယ်။ ထိပ်ထား အားလုံးတတ်သွားရင် ထိပ်ထားလက်ရာ မောင် ထိုင်စားမယ်"

"အေး…အစားအသောက်တွေက အဲဒီလောက် အရေးကြီး တာမဟုတ်ဘူး။ အလုပ်တွေကို နှစ်ယောက်တိုင်ပင်ပြီး ဘယ်လိုအောင်မြင်တိုးတက်အောင် ကြိုးစားကြမလဲဆိုတာလည်း တိုင်ပင်ကြ၊ ညှိနှိုင်းဆွေးနွေးကြ၊ အလုပ်တွေ အများကြီးလုပ်စရာရှိတယ်။ ငါတို့မိဘတွေက မင်းတို့သားသမီးတွေအပေါ် ပညာတွေသင်ပေးခဲ့တယ်။ လုပ်ငန်းတွေ အဆင်သင့်ထူထောင်ပေးထားပြီး တာဝန်တွေကျေခဲ့တယ်။ မင်းတို့လည်း မွေးလာမယ့် သားသမီးတွေအတွက် တာဝန်ကျေတဲ့မိဘတွေဖြစ်အောင် အခုကတည်းက ကြိုးစားကြ"

"ကိုဥက္ကာရယ်…သားနဲ့သမီးက အခုမှ လက်ထပ်ပြီးစပဲ ရှိပါသေးတယ်။ သူတို့မှာ အပျော်ခရီး ဟန်းနီးမွန်းတောင် မထွက်ရသေးပါဘူး။ အလုပ်ကိစ္စတွေနဲ့ စိတ်ဖိစီးမှုဖြစ်အောင် မပြောပါနဲ့ဦး"

"ဟ…ဟန်းနီးမွန်းက သပ်သပ်ထွက်စရာလိုလို့လား။ ကိုယ့်အိမ်မှာလည်း အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် နေလို့ရတာပဲ။ အလုပ်ကိစ္စနဲ့ နိုင်ငံခြားတွေ ခရီးထွက်ရရင် ဟန်းနီးမွန်းလို့ သဘောထားလိုက်ရင်ရတာပဲ။ ငွေကို အပိုသက်သက်ဖြုန်းဖို့ စဉ်းစားနေတယ်။ လူတစ်ယောက်ဘဝမှာ နောင်ရေးတို့၊ အနာဂတ်တို့က ပိုအရေးကြီးတယ်။ ငါ ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာ မင်း အသိဆုံးပါ။ ဒီအခြေအနေရောက်ဖို့အတွက် ပေါ့ပေါ့နေချိန် မရခဲ့ဘူး။ အပျော်ရှာချိန်မရခဲ့





ဘူး။ လတ်လျားလတ်လျား နေခဲ့ဖူးတယ်ဆိုတာရော ရှိလို့လား။ ငါက ငါ့တစ်ယောက်စာအတွက် ငါ လုပ်နေတာမဟုတ်ဘူး။ မိသားစုကို ပေးဆပ်နိုင်ဖို့ စိတ်ကို နှစ်ပြီးကြိုးစားရုန်းကန်နေတာ"

"ကိုဥက္ကာရယ် အဲဒါတွေ နောက်မှပြောပါတော့ရှင်… သမီးလေးက ခိုင်တို့အိမ်ကို အခုမှရောက်တာ။ သူ စားလို့တောင် မဝင်တော့ဘူး"

စံထိပ်ထား ဒီလိုဖြစ်သွားသည်ဆိုတော့ ဦးဥက္ကာခော်ပျာပျာသလဲနှင့်-

"ဆောရီး သမီး…ဖေဖေက မပြည့်စုံတဲ့ဘဝက လာခဲ့ရတာဆိုတော့ အချိန်ဖြုန်းတဲ့ကိစ္စမျိုးမဖြစ်အောင် သားကို ဆုံးမသွန်သင်နေရတာပါ။ သမီးတို့ကတော့ ဆွေစဉ်မျိုးဆက် ချမ်းသာလာခဲ့ကြတာဆိုတော့ ဘယ်လိုပဲနေနေ အကြောင်းမဟုတ်ဘူး။ သားကိုတော့ ဘဝနာအောင် ဖအေကို ကိုယ်ချင်းစာအောင် သင်ပေးနေရတယ်"

"ဟုတ်ကဲ့…ထိပ်ထား နားလည်ပါတယ် ဖေဖေ"

"အေးပါ…ကျေးဇူးပါ သမီးရယ်၊ စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့နော်…စား…စား"

"ဟုတ်ကဲ့…ဖေဖေ"

နားလည်ပါသည် ပြောလိုက်ရသော်လည်း အတွင်းမကင်းသည့် ဆုံးမသွန်သင်မှုမျိုးမို့ မောင့်ကို သနားမိသည်။ သူမမိဘတွေကတော့ ဘယ်အရာနှင့်မှ သူမကို ဖိအားမပေးခဲ့ပါ။ နေချင်သလိုနေ၊ ဖြစ်ချင်တာဖြစ် လွှတ်ထားတာမျိုးလည်းမဟုတ်ဘဲ အမှားမဖြစ်အောင် မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်သာ အေးအေးချမ်းချမ်း ညင်ညင်သာသာ သိမ်းသွင်းခဲ့သည်။

အိမ်ထောင်ရေးဆိုလည်း ဒီအတိုင်းပါပဲ။ မိဘတွေ သဘောတူ လက်ထပ်ထိမ်းမြားပေးတာမျိုးမဟုတ်ဘဲ သမီး ချစ်ခင်မြတ်နိုးသူကို သာ လက်ထပ်ပါဟု အခွင့်အရေးပေးခဲ့သည်။ သူမကလည်း ထိုအခွင့် အရေးတွေကို အလွဲသုံးစားမလုပ်ခဲ့ပါ။ သမီးမိုက် မဖြစ်ခဲ့ပါ။

သူမအပေါ် တကယ်ချစ်ခင်မြတ်နိုးတန်ဖိုးထားခဲ့သည် ထင်ခဲ့ တာကြောင့် ခံ့ညားဇော်ဟုခေါ်သော မောင့်ကို မြတ်မြတ်နိုးနိုး တန်ဖိုး ထားပြီးကို ရွေးချယ်လက်ထပ်ခဲ့တာပါ။

ဒါပေမဲ့ သူမ လူကဲခတ်ညံ့ခဲ့သည်ဟု ပြောရမလား။ မောင့်ရဲ့ အပေါ်ယံချစ်ဟန်ဆောင်ခဲ့သည်ကို သံသယနည်းနည်းလေးမှ မဝင်ဘဲ ယုံကြည်လွန်းခဲ့သည်ပဲ ပြောရမလား။

အရာအားလုံးက ပြင်ဆင်နောက်ဆုတ်လို့မရတော့အောင် မှားသွားခဲ့ပြီ၊ လွန်သွားခဲ့ပြီ၊ နောက်ကျသွားခဲ့ပြီ ဖြစ်သည်။ သူမက ဘာလို့များ မောင့်ရဲ့အချစ်စစ်နဲ့ မထိုက်တန်ရတာလဲ။

မင်္ဂလာဦးညမှာ တခြားမိန်းကလေးတစ်ယောက်ကို နှစ်သိမ့် ဖြေသိမ့်ပေးနေသော ယောကျ်ားတစ်ယောက်ကို သူမ ဘာကြောင့် အခုချိန်ထိ ချစ်နေမိသေးတာလဲ။ ဒါဟာ ဝဋ်ကြွေးတစ်ခုဆိုရင်လည်း သူမက ထိုဝဋ်ကြွေးဒုက္ခတွေကို ပွေ့ပိုက်ရင်းနှင့်ပဲ…





# အခန်း (၂၂)

ယောင်နောက်ဆံထုံးပါဆိုသလို ဦးဥက္ကာဇော်ကုမ္ပဏီမှာပဲ စိတ်ထိပ်ထားအနေများကာ လုပ်ကိုင်ပေးနေတာကို ဦးမိုးကောင်းက နားလည်မှုပေးကာ ခွင့်လွှတ်ထားသည်။ လိုအပ်လျှင်တော့ လင်မယား နှစ်ယောက်လုံးကိုခေါ်ကာ ဆွေးနွေးတိုင်ပင်တတ်၏။ စံထိပ်ထားက မင်္ဂလာဦးညကကိစ္စကို ခံ့ညားဇော်ကို ဘာတစ်ခွန်းမှ မေးမြန်းခြင်းမပြု ဘဲ မသိချင်ယောင်ဆောင်ပြီး အဆင်ပြေအောင်ပဲ နေခဲ့လိုက်သည်။

ခံ့ညားဇော်ကို ဖောက်ပြန်တတ်သူမဟုတ်ဘဲ မတတ်သာလို့ သစ္စာမဲ့ခဲ့ရခြင်းသာ ဖြစ်လိမ့်မည်ဟု ဖြေသိမ့်တွေးပြီး အခြေအနေစောင့် ကြည့်ဖို့သာ ဆုံးဖြတ်ထားခဲ့သည်။ အိမ်ထောင်မှု ဘုရားတည် ဆေးမင် ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နှောင်ပြင်ရန် ခက်သည့်အမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် လူကြီးသူမ ဆုံးမသွန်သင်စကားတွေ မှန်ပါလားဆိုတာ သူမ အခုမှပင် တွေးမိတော့၏။ သူမ ခံညားဇော်ကို မစွန့်ပစ်နိုင်။

ကွဲကွာဖို့အကြောင်းရှာရတာ လွယ်ပေမယ့် မိဘဆွေမျိုးအသိုက်အဝန်း ဂုဏ်သိက္ခာ၊ သူမရဲ့ဂုဏ်သိက္ခာတွေအတွက် သူမရဲ့နာကျင်မှုတွေကို ဖုံးဖိထားသင့်သည်ဟု စဉ်းစားမိသလို သူမ မစွန့်လွှတ်နိုင်သော ယောကျ်ားတစ်ယောက်ကို သူမ အဆုံးစွန်အထိ ခွင့်လွှတ်နားလည်ကြည့်ဖို့ ဆုံးဖြတ်ထားခဲ့၏။

"ထိပ်ထား"

"ဟင်…ရှင်…မောင်"

"ဘာတွေ စဉ်းစားနေတာလဲ။ ရုံးဆင်းရအောင်လေ"

"ဩော်…ဟုတ်ကဲ့…မောင်၊ ဝန်ထမ်းတွေရော ရုံးဆင်းသွားပြီလား"

"ဆင်းသွားပြီဖြစ်မှာပေါ့၊ အဲဒါက မောင်တို့တာဝန်မှ မဟုတ်တာ။ တခြားအဖွဲ့အစည်းတွေ တာဝန်ယူတာ"

"ဟုတ်လား…ဒါဆို ထိပ်ထားတို့ အသားပေါင်းဝင်စားကြမယ်လေ…မောင် အပြန်ကျ ဖေဖေနဲ့မေမေအတွက်လည်း ဝယ်သွားမယ်"

"ဝင်မယ်လေ…ထိပ်ထား စားချင်လို့လား"

"အင်း…လက်ထပ်ပြီးမှ မောင်နဲ့ မသွားဖြစ်သေးဘူး"

"အိုကေ…ဒါဆို သွားတာပေါ့"

အဲဒီလို လိုက်လျောမှုလေးတွေ ရှိနေသေး၍ တော်ပါသေးသည်။ မောင်က သူမကို ချစ်လို့ လက်ထပ်ခဲ့တာမဟုတ်ဘူးဟု သိထားခဲ့ရ





သော်လည်း အရမ်းကြီး အေးစက်စွာ ဆက်ဆံခဲ့တာတော့ မဟုတ်ပေ။ နွေးထွေးမှုလေးတွေ၊ ကြင်နာမှုလေးတွေတော့ ရှိခဲ့ပါသည်။

ကုမ္ပဏီမှာ ရုံးအတူတက်ရတာမို့ မောင့်ကားကို တစ်လှည့်၊ သူမကားကိုတစ်လှည့် အတူတူ စီးဖြစ်ကြသည်။ ဒီနေ့ သူမကားမို့ သူမ မောင်းရမည့်အလှည့် ဖြစ်၏။

"မောင် မောင်းပေးရမလား…ထိပ်ထား"

"ရပါတယ် မောင်ရဲ့။ ထိပ်ထားဘေးမှာ မောင် သက်သောင့်သက်သာထိုင်ပြီး လိုက်ခဲ့ပါ။ ဒီနေ့ မောင့်အဖေခိုင်းတဲ့အလုပ်တွေက များတယ်မဟုတ်လား။ မြောက်ဒဂုံဘက်လည်း သွားလိုက်ရသေးတယ်။ မြေအနေအထားက ဘယ်လိုလဲ မောင်…ဘယ်လိုအဆောက်အဦးဆောက်လို့ရနိုင်လဲ"

"အဲဒါ မသိသေးဘူး။ ဖေဖေ မောင်တို့နှစ်ယောက်အပြင် ပညာရှင်တွေနဲ့ပါ တိုင်ပင်ချင်တဲ့ပုံပဲ။ ကုမ္ပဏီမှာတောင် မီတင်မခေါ်ဘူး"

"သီးသန့်ဆွေးနွေးကြည့်ချင်လို့ရှိမှာပေါ့ မောင်…မောင့်အဖေကြိုးစားရှန်းကန်ခဲ့ရတယ်ဆိုတာ ဟုတ်မှာပဲ။ ဒီကိုရောက်မှ ထိပ်ထားလေ့လာကြည့်နေတာ။ မောင့်အဖေ ကန်ထရိုက်ယူဆောက်တဲ့တိုက်တွေက ဒီဇိုင်းမဆန်းဘူး။ အဆောက်အဦးပုံစံတွေက ရိုးစင်းလွန်းတယ်။ ကိုယ့်ဘာသာ မြေကွက်ဝယ်ပြီး အငှားထား၊ အရောင်းအဝယ်လုပ်သမျှတိုက်တွေကလည်း အဆင့်အတန်း အရည်အသွေးမမြင့်တော့ ဈေးကောင်းမရ အမြတ်နည်း၊ နောက်လည်ပတ်ဖို့ ငွေအင်အားနည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှန်းကန်ရတဲ့အပိုင်းတွေမှာ အရမ်းပင်ပန်းမှာပဲ''

သူ မတွေးမိသည့်ကိစ္စတွေပါ။ ဖေဖေ ဒီလိုဖြစ်နေလား၊ ဖေဖေ ဘာကြောင့် သူများတွေလောက် မအောင်မြင်ရတာလဲဆိုတာ လုပ်ငန်း မှာ ဝါသနာမပါသည့်အတွက် သူတစ်ခါမှ တွေးမကြည့်ဘူးပေ။ ဖေဖေ ခိုင်းတာကိုလုပ်ပြီး ပြောသမျှကိုသာ နာခံခဲ့သည်။

ဖေဖေက သူ့ကို ဖြစ်မြောက်စေချင်လွန်း၍ နိုင်ငံခြားထိ ပညာ သွားသင်ခိုင်းခဲ့သော်လည်း သူ့ဆီမှာ ပညာကောင်းကောင်းပါမလာ ခဲ့တာကြောင့် ဖေဖေ အားမလိုအားမရ ဖြစ်ခဲ့တာမများပေ။

''မောင်…မောင့်ဖုန်းလာနေတယ်မဟုတ်လား''

''ဪ…ဟုတ်တယ်''

အတက်ချိုကေ့စ်ဘောဇစ်ထဲမှာ ထည့်လာခဲ့သော ဖုန်းက မြည် နေတာကြောင့် ထုတ်ယူကြည့်လိုက်သည့်အခါမှာ မြသားချို့ရဲ့ဖုန်း နံပါတ် ဖြစ်နေ၍ သူ ဖုန်းကို ပိတ်လိုက်သည်။ စံထိပ်ထားက ကားမောင်းနေရင်းနှင့် လှည့်ကြည့်လာ၍-

''ဘာလို့ ဖုန်းကို မကိုင်တာလဲ မောင်…ကိုင်လိုက်လေ''

''ကိုင်လိုက်ရင် မောင့်ကိုခေါ်တော့မှာ''

''ဟင်''

''ဪ…နိုင်ငံခြားမှာ ခင်ခဲ့တဲ့ကောင်တွေလေ။ မင်္ဂလာဦးည ကတောင် မောင် ဟိုတယ်မှာ သွားတွေ့ရသေးတယ်လေ။ အဲဒီထဲမှာ နယ်မှာနေတဲ့ကောင်ပါတယ်။ အဲဒါ သူ့မြို့ကို ပြန်မှာမို့ နှုတ်ဆက်ရ အောင်လုပ်နေတာ။ သူတို့နဲ့ သွားတွေ့ရင် တော်တော်နဲ့ ပြန်လာရမှာ





မဟုတ်ဘူး။ ထိပ်ထားကလည်း အသားပေါင်းစားချင်နေတာဆိုတော့''

''ဪ…ထိပ်ထားက ရပါတယ် မောင်ရယ်… သူငယ်ချင်း တွေ ထိပ်ထားတို့မင်္ဂလာဆောင်ကို တကူးတကနဲ့တောင် ပြန်လာကြ တာမဟုတ်လား…သွားတွေ့လိုက်ပါ''

''နေ…နေပါစေ။ မောင် သွားမတွေ့လည်း ဘာမှမဖြစ်ပါ ဘူး''

''ဪ…မဟုတ်တာ မောင်ရယ်…သွားတွေ့ရမှာပေါ့။ ထိပ်ထားပါ လိုက်ခဲ့လိုက်မယ်လေ။ မောင့်သူငယ်ချင်းတွေကို ထိပ်ထား လည်း တွေ့ဖူးရတာပေါ့''

''ဟာ…မဖြစ်ဘူး…မဖြစ်ဘူး…ထိပ်ထား။ ဒီကောင်တွေ အရမ်းဆိုးတာ…ထိပ်ထားကိုတွေ့ရင် သူတို့ နမ်းကြမှာ''

''ဘာ…ဘာလို့နမ်းမှာလဲ''

''အဲဒါ မောင်တို့ ဗရုတ်ကျထားကြတာပါ။ ဘယ်သူ့ပဲ မင်္ဂလာ အရင်ဆောင်ဆောင် သတို့သမီးကို သုံးခါနမ်းခွင့်ပေးကြေး၊ သဘော ထားကြီးကြေးဆိုပြီး အပြောင်အပျက် ကတိပေးကြတာ''

''ဪ…မောင်တို့ကလည်း စနောက်စရာမရှိ ကြံဖန်ပြီး စနောက်ကြတယ်။ ဘယ်မိန်းကလေးက ကိုယ့်ယောကျ်ားမဟုတ်တဲ့ ယောကျ်ားလေးရဲ့အနမ်းကို ခံချင်မှာလဲ''

''အဲဒါပြောတာပေါ့။ မောင်လည်း မောင့်မိန်းမကို ဘယ်အနမ်း ခံနိုင်ပါ့မလဲ။ သဝန်တိုတာပေါ့ကွာ…ပါးစပ်ဆော့မိကြတာကိုက မှားတာပါ''



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကြားရတော့ ဟုတ်သည်မဟုတ်သည်ထား။ ရင်မှာ ကြည်နူးမိသလိုပါ။ တခြားမိန်းကလေးကို လက်ထပ်ထားရသည့် မိန်းကလေးအပေါ် တကယ်မချစ်ခဲ့ပါဘူးလို့ ဝန်ခံထားသော ယောက်ျားက ဒီလိုစကားမျိုးပြောတာ တကယ်ဆို မကြည်နူးသင့်မှန်း သူမ သိပါသည်။ ဒါပေမယ့် ဒီယောက်ျားအပေါ် သူမ အပြစ်ကင်းစွာ ချစ်ကြည့်ချင်သေးသည်။

"ဒါဆို မောင်ပဲသွားလိုက်လေ။ မောင်ရယ်… ထိပ်ထား မလိုက်တော့ပါဘူး"

"အာ…ရပါတယ်၊ ထိပ်ထားနဲ့ အသားပေါင်းစား"

"အဲဒါက အရေးကြီးလို့လား၊ ထိပ်ထား ဖေဖေ့စီးပွားရေးမှာ အောင်မြင်တာ လူမှုရေးဘက်မှာလည်း မလစ်ဟင်းလို့ တာဝန်ကျေသင့်တာကျေလို့ မောင်ရဲ့…မိသားစုထက် မိတ်ဆွေအပေါင်းအသင်းကို ဦးစားပေးသင့်တဲ့အခါလည်း ပေးရတယ်"

"အင်း…ဟုတ်ပါပြီ၊ ဒါပေမယ့် ထိပ်ထားက အိမ်ပြန်ရောက်နေပြီး မောင်က တခြားနေရာရောက်နေတယ်ဆိုရင်လည်း ဖေဖေက ပြဿနာရှာ…နေပါစေတော့ ထိပ်ထားရယ်…မောင် မသွားတော့ပါဘူး"

"မောင်ကလေ မပြတ်မသားနဲ့၊ မောင် အဲဒီလိုသွားနေတဲ့အချိန် ထိပ်ထားမိဘတွေအိမ် ထိပ်ထား သွားနေမှာပေါ့။ အဲဒီကအပြန်မှ မောင် ဝင်ခေါ်လေ"

"ဟင်…အဲဒီလိုလုပ်လို့ဖြစ်တာပဲနော်။ ဒါဆို ထိပ်ထားကို





လိုက်ပို့မယ်လေ။ ပြီးမှ မောင် လာခေါ်မယ်"

"ကားယူသွားလိုက်လေ မောင်ရဲ့…ထိပ်ထားက ဒီကနေ တက္ကစီငှားသွားလိုက်လို့ ဖြစ်တာပဲ…ကဲ"

စံထိပ်ထားကားကို လမ်းဘေးချရပ်၍ ကားပေါ်ဆင်းလိုက်သည်။ မောင်က သူမကို အားနာနေတာနှင့် ဟိုကိုရောက်တော့မှာ မဟုတ်။

"ထိပ်ထား"

"ကဲ…မောင် သွားလိုက်တော့၊ ဖုန်းကလည်း ပိတ်ထားသေးတယ်။ နောက်ကျနေရင် မကောင်းဘူး…တက္ကစီ"

စံထိပ်ထားက သူမဘာသာ တက္ကစီကို လက်ပြတား၍ အရင်ထွက်သွားလေသည်။ သူငယ်ချင်းဆိုတာ ပါးစပ်ထဲရှိရာ ပြောနေရတာပါ။

မြသားဆီသွားရမှာမို့ သူ့ကို ယုံကြည်ကာ ဇွတ်အတင်းလွှတ်နေသော စံထိပ်ထားကို အားနာမိလေသည်။ အချစ်ဦးမိန်းကလေးဆီကို သွားတာပါဆိုလျှင် သူမ ဘယ်လိုနေမလဲ။ သူ့ကို ပေါက်ကွဲဒေါသထွက်မလား။

ဟင့်အင်း…အဲဒီလိုဒေါသအမျက် မမျိုသိပ်နိုင်ဘဲ အရှက်မဲ့စွာ ပေါက်ကွဲမည့်မိန်းကလေးမျိုးတော့ မဟုတ်ပေ။

မင်္ဂလာဦးညက သူမအနား သူ တစ်ညလုံးရှိမနေဘဲ ပျောက်နေခဲ့တာတောင် အပြုံးမပျက်ဘဲ ဒေါသထွက်စွာ သံသယနှင့် မေးမြန်းခြင်းမရှိဘဲ သူ့ကို သိမ်သိမ်မွေ့မွေ့ ဆက်ဆံခဲ့သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို...မြသား ဘယ်မှာလဲ"

ဖုန်းကို ပြန်ဖွင့်ပြီး မြသားကို မေးလိုက်ရသည်။ မြသားဘက်က ကားသံတွေ၊ အော်သံတွေ ဝရုန်းသုန်းကား ကြားရလျက်...

"မြသား အလုပ်ဆင်းတာ နည်းနည်းနောက်ကျသွားလို့ ဖယ်ရီ မမီလိုက်ဘူး။ ရုံးမှာလည်း ကားတွေမရှိတော့လို့ပါ။ မန်နေဂျာကားနဲ့လည်း မလိုက်ချင်ဘူးလေ။ အဲဒါ အခု မြသား ကားမှတ်တိုင်မှာ ရောက်နေတယ်။ ကားတွေကလည်း အရမ်းကျပ်နေတော့ ကားပေါ်ကို တက်လို့မရဘူး။ ကို လာခေါ်ပေးပါနော်"

"ကျွတ်...မြသားရယ်...ကို လာနေပြီ၊ ခဏတော့စောင့်"

ဘာမဟုတ်တာလေးနှင့် လှမ်းခေါ်လိုက်တာမို့ သူ စိတ်ပျက်လက်ပျက် ဖြစ်သွားမိတာ အမှန်ပင်။ သူ့မှာတော့ စံထိပ်ထားကို မုသားတွေသုံးလိုက်ရသည်။ တစ်မျိုးတမည် သံသယတွေ ဝင်မသွားတာဘဲ တော်သေး၏။

တကယ်ဆို တက္ကစီငှားသွားလိုက်တော့ ဘာဖြစ်မှာမို့လဲ။ အပြစ်မရှိဘဲ စွန့်လွှတ်ထားခဲ့ရသည့်အတွက် စာနာညှာတာမှုတွေဖြင့် နှစ်သိမ့်ဖြေသိမ့်ပေးသင့်၍သာ မြသားဆန္ဒတွေကို သူ လိုက်လျောနေခဲ့တာပါ။ အိမ်ထောင်ရေးဖောက်ပြန်ပြီး အချစ်ဦးနှင့် အပျော်ရှာနေတာမျိုးတော့ တကယ် မဖြစ်ချင်။

"ကျိ"

ကားမှတ်တိုင်ကိုကျော်၍ ရပ်လိုက်တော့ မြသားချို့ အပြေးကလေးလှမ်းကာ သူ့ကားတံခါးကို ဖွင့်ကာ ကားပေါ်တက်လာသည်။





"ကို လက်ပြလို့သာ မြင်လိုက်တာ။ ကို့ကားလည်း မဟုတ်ပါလား"

"စံထိပ်ထားကားလေ... သူ့ကားတစ်လှည့်၊ ကိုယ့်ကားတစ်လှည့် မောင်းကြတာ။ မြသား ဖုန်းဆက်တော့ အိမ်အတူတူပြန်ဖို့ သူ ကားမောင်းနေတာ"

"ကို ဘာလို့ ဖုန်းကို ပိတ်ပစ်လိုက်တာလဲ"

"အနားမှာ ထိပ်ထား ရှိတယ်လေ။ အချိန်အခါမရွေး မြသား ဖုန်းဆက်လို့တော့ အဆင်မပြေဘူးထင်တယ်။ အရေးအကြောင်းကိစ္စမျိုးလည်း မဟုတ်ဘဲ"

"ဘာပြောတယ် ကို...အရေးအကြောင်းကိစ္စ မဟုတ်ဘူး...ဟုတ်လား၊ မြသားက ကို့ကို မသွားတတ်မလာတတ် ကားမှတ်တိုင်မှာ ယောင်လည်လည်ဖြစ်နေလို့ ကူပါကယ်ပါဆိုပြီး လှမ်းခေါ်လိုက်တယ် ထင်နေလား"

"ဟင်...ဒါဆို ဘာဖြစ်လို့လဲ"

"ဒီအချိန်ဆို ကိုတို့နှစ်ယောက် ကုမ္ပဏီကနေ အတူတူကြည်နူးပျော်ရွှင်ပြီး လက်ချင်းချိတ်ပြီး ကားအတူတူစီးပြီး ပြန်ကြမှာဆိုတာကို တွေးမြင်ပြီး မြသား မခံစားနိုင်ဖြစ်လာလို့ပဲ ကို"

"သြော်...မြသားရယ်...ကိုတို့က"

"အရင်က မြသားရုံးကို ကို လာကြိုနေကျမဟုတ်လား။ လမ်းမှာ မြသားတို့ စကားတွေပြောကြတယ်။ စားသောက်ဆိုင်တွေမှာ မြသား စားချင်တာကို ဝယ်ကျွေးတယ်။ ပြီးရင် မြသားကို အဆောင်



www.burmeseclassic.com

www.burmeseclassic.com



အထိ ကို လိုက်ပို့တယ်။ အဆောင်တိုက်ခန်း ဝရန်တာကနေ မြသား လက်ပြမှ ကို ပြန်သွားနေကျလေ"

အတိတ်ကို ပြန်လှန်ပြီး အလွမ်းသယ်နေတာ အဓိပ္ပာယ်မရှိဘူး ဟုတော့ မပြောရက်။ ဒါတွေဟာ ချစ်သူဘဝမှာ အမှတ်တရ နေ့စွဲရက်တွေပဲ မဟုတ်လား။ သူ သက်ပြင်းချရင်းနှင့် ကားလေးကို မောင်းထွက်လိုက်ပြီး မြသားကို လိုက်ကျွေးနေကျ စားသောက်ဆိုင်ကို ခေါ်လာခဲ့လိုက်သည်။ စားပွဲထိုးလေးကတော့ မှတ်မိနေပုံပါ။

"ဘာသုံးဆောင်မလဲ အစ်မနဲ့အစ်ကို"

"ကိုယ့်အတွက် သောက်နေကျ အအေးတစ်ခွက်ပါပဲကွာ… မြသား ဘာစားမလဲ…မှာလေ"

"မြသား ဘာမှစားချင်စိတ်မရှိဘူး ကို"

"မဟုတ်တာ မြသားရယ်… မြသား အခုတလော အရမ်းပိန်သွားတယ်။ အလုပ်လည်း ပင်ပန်းလို့ထင်တယ်"

"အလုပ်က ပင်ပန်းနေကျပါ။ စိတ်ပင်ပန်းရတဲ့ဒဏ်ကို မခံနိုင်တာ။ ညဘက်ဆိုလည်း ကိုနဲ့စံထိပ်ထား"

"ညီလေး…သူစားနေကျ မြန်မာအစားအစာပဲ စုံအောင်ချပေးလိုက်ပါ"

"ဟုတ်ကဲ့"

ကိုယ်ရေးအကြောင်းအရာတွေ တခြားသူတွေ မသိစေချင်တာမို့ စားပွဲထိုးလေးကို မြသားစကားကို ဖြတ်၍ ပထုတ်လိုက်ရသည်။ မြသားက သူ့မျက်နှာကို ဆွေးမြေ့နာကျင်စွာ ကြည့်လျက်-





"ကိုနဲ့စံထိပ်ထား မင်္ဂလာဦးညတွေ ဖြတ်သန်းပြီးကြပြီပေါ့"

"မြသား…အဲဒီစကားတွေက မြသား မမေးသင့်တာတွေလေ။ ဒါတွေတွေးပြီး မခံစားပါနဲ့ မြသားရယ်"

"မြသားရင်တွေ အရမ်းနာနေတယ် ကို…ဘယ်လိုမှ မခံရပ်နိုင်အောင်ပဲ။ ငါမဟုတ်တဲ့ တခြားမိန်းမတစ်ယောက်ကို ကို ယူလိုက်ပါလား၊ အတူနေလိုက်ပါလားဆိုတာကြီးကို မြသား မယုံချင်ဘူး။ ဒါပေမဲ့ ဒါက လက်တွေ့ဖြစ်နေတယ်။ မြသားအနားမှာ ကို ရှိမနေတော့ဘူး။ မြသားတို့ ဒီတစ်သက် ဘယ်တော့မှ လက်ထပ်လို့မရတော့ဘူး။ မြသား ဘာလုပ်ရမလဲ ကို…ဘာလုပ်ရမလဲ"

"မြသားရယ်….လက်တွေ့ကို ရင်ဆိုင်လိုက်ပါ။ မြသားက စိတ်ကူးမယဉ်တတ်တဲ့ စိတ်မာပြတ်သားတဲ့ မိန်းကလေးမဟုတ်လား။ မြသား ဒီလိုတွေဖြစ်နေတာကို မယုံနိုင်၊ နားမလည်နိုင်တော့ဘူး"

မြသားချို့ နှုတ်ခမ်းလေး မဲ့ကျသွားလေသည်။ မျက်လုံးတွေက အရောင်တွေ တောက်ပနေ၏။ ကွေးညွှတ်ထားသော နှုတ်ခမ်းဖျားမှာ အဆိပ်တွေ သုတ်လိမ်းထားတာ ခံ့ညားဖော် သိလို့မဖြစ်ပါ။

"ကို နားလည်အောင် မကြိုးစားတတ်တော့တာ မဟုတ်လား။ နောက်ဆိုရင် စံထိပ်ထားနဲ့ နှင်းယှဉ်ပြီး စံထိပ်ထားကို အနားမှာထားပြီး မြသားကို မေ့သွားတဲ့အထိ ဖြစ်သွားမှာပါ။ မြသားအတွက်တော့ ကို့ကို မေ့ဖို့ အချိန်အတိုင်းအတာတစ်ခုထိ လိုအပ်သေးတယ် ကို…မြသားက တစ်ယောက်တည်းနေရတဲ့သူလေ။ အချိန်တိုင်း ကို့ကို သတိရနေတယ်၊ လွမ်းနေတယ်…စံထိပ်ထားအနားမှာဆိုတဲ့ အတွေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်နေရတယ်။ မြသား ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်ထိ ပျော့ညံ့တဲ့မိန်းမ ဖြစ်နေလိမ့်မယ်လို့ ထင်မထားမိဘူး။ မြသား ထပ်ရှုံးပြီးရင်း ရှုံးနေရတယ်"

"မြသားရယ်…ကိုလည်း ဒီထက်ပိုပြီး ဘာမှလုပ်မပေးနိုင်တော့"

"ဟင့်အင်း…ဘာမှ ထပ်လုပ်မပေးပါနဲ့ ကို၊ ဘာမှလုပ်ပေးစရာ မလိုပါဘူး။ အခုလိုမျိုး ကို့ကို မြသား မြင်ချင်တွေ့ချင်စိတ်၊ ဆာလောင်တဲ့အချိန်လေးမှာ မြသားအနား ခဏလောက်ဖြစ်ဖြစ် လာပေးရင်ပဲ မြသား ကျေနပ်နေပါပြီ"

"အိုကေ…ညီလေး ကျေးဇူးပဲ"

စားစရာတွေ စားပွဲထိုးလေး လာချပေးနေသည်မို့ မြသား စကားကို သူဖြတ်ရပြန်သည်။ သူတို့နှစ်ယောက်ကို အရင်ကလို ချစ်သူတွေလို့ စားပွဲထိုးလေးကို မထင်စေချင်ပါ။ ကိုယ် မကျေနပ်သော်လည်း အိမ်ထောင်ရေးအပေါ် စည်းဖောက်ပြီး မြသားကို နှစ်သိမ့်နေမိခြင်းမဟုတ်ပေ။

အပြစ်တစ်ခုအတွက် မြသားဝေဒနာတွေ လျော့ပါးချိန်ထိ ပေးဆပ်နေခြင်းသာ ဖြစ်သည်။ ဒါကိုတော့ မြသား နားလည်ဖို့ လိုသည်။

"မြသား…စားလေ၊ စကားပြောတာတွေလည်း များသွားပြီပဲ။ စားလိုက်ပါဦး"

"မြသား"





"အရင်က ကိုနဲ့ချစ်ခဲ့တဲ့အချိန်တွေ၊ ဘယ်သူမှ မပါဝင် မပတ်သက်ခင်ကအချိန်တွေ ကို့အဖေ၊ စံထိပ်ထား…ပြီးတော့ ဝတ်ဝန်းကျင်"

"ဖြစ်မှမဖြစ်နိုင်တော့တာ မြသားရယ်"

"ဟုတ်တယ်၊ မဖြစ်နိုင်တော့လို့ ပိုပြီး တောင့်တတာ၊ တမ်းတတာ။ အရင်က အချစ်ဆိုတာ အဲဒီလောက်ထိ တန်ဖိုးထားရမယ့်အရာမှန်း မသိခဲ့ဘူး။ လူနှစ်ယောက် မဖောက်မပြန် သစ္စာရှိရှိချစ်ပြီး လက်ထပ်ကြမယ်။ သားသမီးတွေ မွေးကြမယ်။ အဲဒီသားသမီးတွေ နောင်ရေးအတွက် ကိုယ့်လို မပင်ပန်းအောင် အလုပ်တွေ ကြိုးစားမယ်။ ဒီလောက်ပဲလို့ ထင်ခဲ့တာ။ အခုတော့ ကိုယ့်အချစ် ကိုယ့်ဘဝ သူများကို ပေးလိုက်ရတယ်။ ဘာမှမရှိတဲ့ဘဝမှာ ရှိတာလေးကို ပေးလိုက်ရတဲ့ မြသားဘဝကို ကို စာနာကြည့်စမ်းပါ၊ ကိုယ်ချင်းစာကြည့်စမ်းပါ"

"အဲဒါကြောင့်ပဲ မြသားဆီကို ကို ပေးနေတာပေါ့ မြသားရယ်။ ဒါပေမဲ့ အချိန်တိုင်း မဖြစ်နိုင်ဘူးဆိုတာတော့ မြသား နားလည်ပေးရမယ်လေ။ ကိုယ်က"

"မြသားဝေဒနာတွေ သက်သာရုံအချိန်လေးအထိပါပဲ ကို… မြသားကို ထားခဲ့တဲ့အတွက် မြသားအပေါ် သစ္စာမဲ့ခဲ့တဲ့အတွက် ကို ဒီလောက်တော့ ပြန်ပေးဆပ်သင့်တယ်မဟုတ်လား ကို"

သူ ဘာမှပြန်မပြောနိုင်ပါ။ မြသား ဘာလို့ သူ့အပေါ် ဒီလောက် စိတ်ပြင်းထန်နေရသလဲဆိုတာပဲ နားမလည်နိုင်ဖြစ်နေရသည်။ ချက်ရည်တွေကို သုတ်ပေးခွင့်မတောင်းဆိုတဲ့ ဘာကြောင့်များ စိထိပ်



www.burmeseclassic.com

www.burmeseclassic.com



ထားအနားမှာ မရှိစေချင်ရုံလေးဖြင့် ခေါ်တွေ့နေရတာလဲ။

မနာလိုစိတ်နှင့် သဝန်တိုစိတ်က ကြောက်စရာအကောင်းဆုံး ဆိုပေမယ့် မြသား ဒီလိုမိန်းကလေးဖြစ်နေတာ အံ့သြမိသည်။ အရင်ကတော့ မြသားက စကားပြောနည်းပြီး အေးအေးဇွာ နေတတ်သူပါ။ ဣန္ဒြေရှိပြီး ပေါ့ပျက်ပျက်လည်း မဟုတ်ပေ။ အခု မြသားကို ဘယ်လိုဖျောင်းဖျရတော့မလဲဆိုတာပဲ...





## အခန်း (၂၃)

"သမီးတစ်ယောက်တည်းလား...မောင်ခံ့ညားခေါ်ရော သမီး"

"သူ့သူငယ်ချင်းတွေနဲ့ တစ်နေရာသွားစရာရှိတာနဲ့ သမီးက ဖေဖေတို့ဆီ လှည့်ဝင်လာတာ ဖေဖေ...ခဏနေမှ သူ ဝင်ခေါ်လိမ့်မယ်"

"အတော်ပဲ...သမီးတို့ ညစာစားပြီးမှ ပြန်ကြပေါ့။ မိသားစုထမင်းလက်ဆုံမစားရတာ ကြာပြီ။ မိတူးကို ပြောလိုက်ဦး သက်ထား၊ ထမင်း ပိုချက်လိုက်လို့၊ သမီးက လာမယ်ဆိုတာ ဖုန်းကြိုဆက်ခိုက်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သမီးရယ်…ဖုန်းလေးဆက်လိုက်ရင် သမီးကြိုက်တတ်တာတွေ မိတူးကို မေမေ ချက်ခိုင်းထားမှာပေါ့"

"ပြန်မယ်ဆိုပြီး ကားပေါ်ရောက်မှ မောင့်သူငယ်ချင်းတွေက ဖုန်းဆက်လို့ မေမေရဲ့…အဲဒါကြောင့်မို့ပါ"

"အေးပါ…သမီးရယ်၊ မေမေတို့ကတော့ သမီးလေး ဘယ်လိုပဲလာလာ လာရင်ကို ကျေနပ်နေတာပါ။ ဒါနဲ့ အဲဒီအိမ်မှာ နေရထိုင်ရတာရော အဆင်ပြေရဲ့လား သမီး"

"ဟုတ်ကဲ့…အဆင်ပြေပါတယ် မေမေ၊ သမီးကို အားလုံး ချစ်ကြပါတယ်"

မိသားစုချင်းတွေက မနွေးထွေးဘူး၊ ခုညားဇော်ကလည်း သမီးကို ချစ်လို့ လက်ထပ်ခဲ့တာမဟုတ်ဘူးလို့ မိဘတွေ စိတ်ဆင်းရဲအောင် မပြောချင်ပေ။ ဒါကြောင့် တစ်သက်လုံး ပေါင်းသင်းဖို့ အိမ်ထောင်ပြုလက်ထပ်တော့မည်ဆိုလျှင် မိသားစုပတ်ဝန်းကျင်နောက်ကြောင်းတွေပါ သိဖို့လိုသည်ဟု ပြောကြတာ ဖြစ်မည်။ မောင့်အကြောင်းကိုလည်း အချိန်ယူစုံစမ်းသင့်ပါလျက် သူမက ရူးမိုက်စွာနှင့် လွယ်လွယ်အဖြေပြန်ပေးပြီး လက်ထပ်ခဲ့မိတာ။

မောင့်မှာသာ အချစ်ဦးရှိနေမှန်းသိလျှင် မောင့်အချစ်ကို လက်ခံဖြစ်မည်လည်း မဟုတ်၊ လက်ထပ်ဖြစ်မည်လည်း မဟုတ်။

အခုတော့ ဆုပ်လည်းစူး စားလည်းရူး၊ ထွေးအန်ပစ်ရအခက်၊ မျိုချရအခက်။ ဘာမှ နောက်ကြောင်းပြန်လှည့်လို့ မရတော့သည့် အခြေအနေ။





"သမီးလေး ဘာတွေ စဉ်းစားနေတာလဲ။ မျက်နှာက ရွှင်ရွှင်လန်းလန်း သိပ်မရှိသလိုပဲကွယ်။ တကယ် အဆင်ပြေတာမှ ဟုတ်ရဲ့လား"

"ဩော်…အဆင်ပြေပါတယ် မေမေရဲ့၊ မောင့်အဖေရဲ့လုပ်ငန်း အဆင်မပြေမှုတွေ တွေးမိလို့ပါ။ ငွေကြေးရင်းနှီးမြှုပ်နှံမှုနည်းတော့ အလုပ်ကို ကောင်းကောင်းမလုပ်နိုင်ဘူး။ လူတွေ ယုံကြည်အောင် လက်ခံမက်မောလာအောင် မလုပ်နိုင်တော့ မအောင်မြင်ဘူးပေါ့ ဖေဖေ။ အဲဒီတော့ မောင့်အပေါ် စိတ်တိုင်းမကျမှုလေးတွေတော့ တွေ့ရတယ်"

"ဟုတ်လား…သမီး သူ့အတိုင်းအတာလေးနဲ့တော့ အဆင်ပြေနေတယ်ထင်တာ၊ သားအပေါ်လည်း တော်တော်တန်ဖိုးထားသလားလို့"

သူမ ခေါင်းယမ်းမိမလို ဖြစ်သွားပြီးမှ–

"ဟုတ်…တန်ဖိုးတော့ထားပါတယ် ဖေဖေ… ဒါပေမဲ့ အိမ်ထောင်ကျနေပြီဆိုတော့ သူ့သားကို အရင်ကထက် ပိုပြီး ဖြစ်မြောက်စေချင်တယ်။ ထိပ်ထားတို့ရဲ့သားသမီးတွေ နောင်ရေးအတွက်ပေါ့။ ထိပ်ထားတို့အနာဂတ်အတွက် တွေးပူနေတယ်ထင်ပါတယ်"

"အဲဒီလိုလား…သူလည်း လုပ်တိုင်းမဖြစ်၊ အောင်မြင်သင့်သလောက်လည်း မအောင်မြင်တော့ သူ့သားကို ရည်မှန်းချက် ပိုပြီး ကြီးကြီးထားမှာပေါ့။ မောင်ခုညားဇော်လာမှ စကားဆက်ပြောရအောင်



www.burmeseclassic.com

www.burmeseclassic.com



သမီး…ဖေဖေ တတ်နိုင်သလောက် ကူညီပေးရမှာပေါ့။ မိသားစုတွေဖြစ်သွားပြီပဲ”

ဖေဖေ့စကားကြောင့် စံထိပ်ထား အားရှိသွားလေသည်။ မောင်တို့မိသားစုကို တကယ့်ကို အဆင်ပြေအောင်မြင်စေချင်ပါသည်။ ဖေဖေ မေမေတို့နှင့် ဟိုအကြောင်း ဒီအကြောင်းတွေပြောရင်း မောင်အလာကို စောင့်ရသည်။ မောင်က တော်တော်နှင့်ရောက်မလာပါ။ သူငယ်ချင်းတွေဆီသွားတာမှ ဟုတ်ရဲ့လား။

မြသားချိုဆိုသည့် မိန်းကလေးဆီ ရောက်နေမလား။ မောင့်အပေါ် သံသယတွေများကာ စိတ်ဖိစီးမှုတွေတော့ မပေးချင်။ အိမ်မှာလည်း အိမ်မှာမို့လို့၊ ကုမ္ပဏီမှာလည်း ကုမ္ပဏီမှာမို့လို့ သူ့အဖေကြောင့် စိတ်ပင်ပန်းလွန်းရသည်မဟုတ်လား။ မေတ္တာနှင့်၊ နွေးထွေးမှုတွေနှင့် မအုပ်ချုပ်ခံရသည့်အတွက် မောင့်မှာလည်း စိတ်ထွက်ပေါက်ဆိုတာ လိုအပ်ဦးမှာပါ။

“ဟော…ကားသံကြားတယ်။ မောင်ခုံညားဇော် ရောက်လာပြီထင်တယ် သမီး”

မီးဖိုခန်းမှာ စီမံပေးပြီး ထွက်လာသော မေမေရဲ့စကားကြောင့် သူမ ခေါင်းလေးထောင်သွားခဲ့ရသည်။ တကယ်ပင် မောင် ရောက်လာတာဖြစ်ပြီး မောင်က ဖေဖေနှင့်မေမေကို ဦးညွှတ်ကာ နှုတ်ဆက်၏။

“အေး…ထိုင်…မောင်ခုံညားဇော်၊ သူငယ်ချင်းတွေနဲ့တွေ့တဲ့ ကိစ္စရော အဆင်ပြေခဲ့ရဲ့လား”





“ဟုတ်…ဟုတ်ကဲ့၊ အဆင်ပြေပါတယ် အန်ကယ်”

မောင့်မိဘတွေကို သူမက မိဘသဖွယ် ရိုသေလေးစားမှုဖြင့် ဖေဖေ မေမေ နာမ်စားသုံးခေါ်သော်လည်း မောင်က ထိုသို့မဟုတ်တာမို့ စိတ်မကောင်းဖြစ်မိသော်လည်း ဖေဖေ မေမေတို့ကလည်း သားဟု မသုံးနှုန်းတာကြောင့်ဟု ဖြေသိမ့်လိုက်ရသည်။ ဘာပဲဖြစ်ဖြစ် မောင်က သူမ ချစ်မြတ်နိုးလို့ လက်ထပ်ထားသည့် လင်ယောကျ်ားပါပဲ။

“အေး…သမီးက မင်းတို့လုပ်ငန်းကိစ္စတွေ ပြောပြတယ်။ လိုအပ်တဲ့အကူအညီရှိရင် ပြောလေ…မောင်ခုံညား။ မိသားစုတွေ ဖြစ်နေပြီပဲ…အန်ကယ် ကူညီပေးရမှာပေါ့”

“ဟုတ်ကဲ့…ကျွန်တော်ကတော့ စီးပွားရေးအကြောင်း အရမ်းကြီးနားမလည်သေးပါဘူး။ ဖေဖေခိုင်းတာကို လုပ်တယ်၊ စီမံတာကို နာခံရုံလောက်ပါပဲ”

“အဲဒီလိုမပြောနဲ့လေ မောင်…မောင့်အဖေက အရမ်းအားကိုးနေတာ။ မောင်က အဖေ့ကို မကျေနပ်ချင်တာနဲ့ ခိုင်းသမျှပဲ လုပ်နေတာကိုက မဟုတ်တာ။ မြောက်ဒဂုံက မောင့်အဖေ ဝယ်ထားတဲ့မြေကွက်က သာမန်တိုက်ခန်းပဲ ဆောက်လို့ရမယ် မောင်…ဘယ်သူကမှ ယုံယုံကြည်ကြည်နဲ့ ကြိုပြိုင်တို့၊ ရင်းနှီးမြှုပ်နှံမှုတို့ လုပ်မှာမဟုတ်ဘူး။ ဆောက်ပြီးလို့ အရောင်းအဝယ်အငှားလုပ်လည်း အကျိုးအမြတ်က နည်းနည်းပဲရမယ်။ နောက်တစ်နေရာမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် နှစ်နှစ်ချိပြီး စောင့်ရလိမ့်မယ် မောင်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်ခုံညား… မင်းအဖေလုပ်နေတာက ကန့်ထရိုက်အငှားဆိုလည်း ကိုယ့်ကို မငှားမှာစိုးတာနဲ့ ဈေးချက်သာဖို့ အာရုံထားနေတဲ့အတွက် အခြေခံလူတန်းစားနဲ့ အလယ်အလတ်လူတန်းစားနေနိုင်တဲ့ အဆင့်အတန်း အရှည်အသွေးမမီတဲ့ တိုက်ခန်းတွေပဲ ဖြစ်နေတယ်။ ပြောရရင် မင်းအဖေက အရည်အချင်းမရှိတာမဟုတ်ဘူး။ ရင်းနှီးမြှုပ်နှံနိုင်တဲ့ ငွေအင်အားမရှိလို့ လူတွေကို ယုံကြည်အောင် မလုပ်နိုင်တာက အောင်မြင်သင့်သလောက် မအောင်မြင်နိုင်တာပဲ။ ဒီလောကမှာ ဒီပုံစံမျိုးနဲ့ ဆက်တိုးနေလို့ကတော့ သူများနောက်မှာ ကျန်နေခဲ့ဦးမှာပဲ"

"ဖေဖေ ဘယ်လိုကူညီပေးနိုင်မလဲဆိုတာပဲ ပြောလိုက်ပါ ဖေဖေ။ မောင်တို့ဘက်ကတော့ ဖေဖေ့ကို အားနာတာနဲ့ ဘာလုပ်ပေးပါလို့ တောင်းဆိုမှာမဟုတ်ဘူး။ ဒီအတိုင်းကြီး ဆက်သွားမယ်ဆိုရင်လည်း ဒီအနေအထားလောက်မှာ လည်ပတ်နေရုံပဲရှိမယ်"

သမီးပြောတာကို ထောက်ခံသလို ဦးမိုးကောင်း လေးလေးနက်နက် ခေါင်းညိတ်လိုက်ကာ-

"သမီးပြောတာ သိပ်မှန်တယ်။ ဆောက်လုပ်ရေးလုပ်ငန်းလောကမှာ အရမ်းအောင်မြင်ပြီး တိုးတက်သွားတဲ့လူ၊ နာမည်ရတဲ့လူက လက်ချိုးရေလို့ရပါတယ်။ အောင်မြင်ချင်ရင်တော့ သူများထက် ဘာပိုလုပ်နိုင်မလဲ စဉ်းစားရမယ်။ အခု မင်းအဖေ ဝယ်ထားတဲ့ မြောက်ဒဂုံဘက်ကမြေကွက် ဘယ်လိုမှ မအောင်မြင်နိုင်ဘူး"

"ဗျာ"





"သူ အဲဒီနေရာမှာ ဘာဆောက်မှာလဲ၊ အဲဒါက အဓိက"

"ဟုတ်ကဲ့…ဖေဖေ လုပ်ချင်တာကတော့ ကြီးပါတယ်"

"မြို့လယ်ခေါင် လူစည်ကားတဲ့နေရာ၊ ဒါမှမဟုတ် တိတ်ဆိတ်အေးချမ်းပြီး အန္တရာယ်ကင်းတဲ့ နေရာအနေအထားမဟုတ်ဘဲ ကွန်ဒိုဆောက်မယ်၊ ဘယ်လိုလုပ်ဖြစ်မှာလဲ။ ဘယ်သူက သွားနေမှာလဲ။ အိမ်ရာဆောက်လောက်အောင်လည်း မြေအကျယ်အဝန်းရှိတာမဟုတ်ဘူး။ ဈေးဝယ်စင်တာ ဖန်တီးလို့ရသေးတဲ့နေရာလည်း မဟုတ်ဘူး။ အဓိကက အဲဒီနေရာမှာ ဘယ်လိုလူတန်းစားတွေနေမှာလဲ၊ အဲဒါကို အရင်ကြည့်ရမယ်"

"ဖေဖေပြောသလိုပါပဲ၊ လူသူမရှိသေးတဲ့နေရာမှာ ကိုယ်က လက်ဦးအောင်ဆိုပြီး အဆောက်အဦးကြီးကြီးကိုဆောက်၊ လူစည်ကားမှ အမြတ်များများနဲ့ ပြန်ရောင်းမယ်ဆိုတာက မိုက်မဲတဲ့ စွန့်စားမှုလို့ ထင်တယ်။ အခု မောင့်အဖေ အချိုးအချောင်နဲ့ ဝယ်ထားတဲ့နေရာက ဘာစီမံကိန်း၊ ဘာပရောဂျက်မှ ရှိတဲ့နေရာ၊ နီးစပ်တဲ့နေရာမဟုတ်ဘူး။ အဲဒါတွေရှိတဲ့နေရာဆိုရင်တော့ မောင့်အဖေရဲ့အစီအစဉ်က ဖြစ်နိုင်တယ်၊ ကောင်းပါတယ်။ အခုက ရေရှည်ကိုစောင့်ကြည့်ရင်း အချိန်တွေဖြုန်းသလို အကျိုးအမြတ်က အဲဒီအချိန်အတိုင်းအတာနဲ့ တွက်ကြည့်ရင် နောက်အလုပ်တွေ မလုပ်နိုင်တာနဲ့ ဆုံးရှုံးမှုပိုဖြစ်သွားမှာပဲ"

သူ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း စံထိပ်ထားတို့ သားအဖရဲ့ စီးပွားရေးတွက်ချက်မှုကို လေးစားသွားရသည်။ ဖေဖေက သူ့ကို ဒီလိုမျိုး တစ်ခါမှ ရှင်းမပြဘူးပါ။ ကန့်ထရိုက်တိုက်တွေ၊



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦးတွေ လက်ခံပြီးပြီဆိုလျှင် ပုံစံဒီဇိုင်းဆွဲ၊ ကုန်ကျမည့်စရိတ်တွေတွက်၊ အကျိုးအမြတ် ဘယ်လောက်ကျန်နိုင်သည် တွက်ချက်ခိုင်း၊ ဝန်ထမ်းဦးရေ အနည်းအများပေါ်မှာ မန်နေဂျာတွေကို ဆိုဒ်တွေ ခွဲချတာဝန်ပေးဖို့ ညွှန်ကြားစေခြင်းသာ ရှိခဲ့သည်။ ခိုင်းတာသာလုပ်ရသော သူ့အတွက် ဘာတော့လုပ်သင့်သည်ဆိုတာလည်း စောဒကတက်ခွင့်မရှိပါ။ စံထိပ်ထားကတော့ သူမအဖေနှင့် ဒီလိုတိုင်ပင်ညှိနှိုင်းခွင့်တွေရလို့ စီးပွားရေးလုပ်ငန်းတွေမှာ ပို၍ နားလည်နေခြင်းလား။

"အန်ကယ်တို့ပြောတာ မင်း နားလည်လား မောင်ခုညားဇော်"

"ဗျာ…ဟုတ်ကဲ့…နားလည်ပါတယ် အန်ကယ်"

"အေး…အဲဒါဆိုရင် မြောက်ဒဂုံဘက်က မင်းအဖေ ဝယ်ထားတဲ့နေရာကို ရတဲ့ဈေးနဲ့ ပြန်ရောင်းလိုက်"

"ဗျာ…ဖေဖေက လက်ခံမှာမဟုတ်ဘူးထင်တယ်။ သင့်တင့်တဲ့ဈေးနဲ့ ရလိုက်လို့ ဖေဖေက အကြီးကြီးလုပ်မယ်ဆိုပြီး ရည်ရွယ်နေတာ"

"ဒါဆို အဲဒီမြေကို ဒီအတိုင်းထားလိုက်ဦးလို့၊ နောက် ငါးနှစ်၊ ခုနှစ်နှစ်နဲ့ မသေချာသေးတဲ့နေရာကို ငွေကြေးတွေ ရင်းနှီးမြှုပ်နှံပြီး ဘာလို့ စောင့်နေမှာလဲ။ ငွေအမြန်ပြန်ရနိုင်မယ့်နေရာမှာ ရင်းနှီးမြှုပ်နှံပြီး ငွေပြန်ရှာရမှာပေါ့။ အန်ကယ် မရမ်းကုန်းမြို့နယ်အပိုင်ထဲမှာ ဈေးဝယ်စင်တာဆောက်ဖို့ မြေနေရာရထားတာတစ်ခု ရှိတယ်။ မင်းအဖေ တတ်နိုင်ရင် အဲဒါကိုယူလိုက်လို့။ အဲဒီဘက်မှာ သိန်းသောင်းကျော်တန်အိမ်ရာတွေ ဆောက်နေပြီ။ လုံးချင်းတွေပေါ့…ခြံနဲ့ဝန်းနဲ့။





အဆင့်အတန်းရှိတဲ့လူတွေချည်းပဲနေမှာ။ မြို့ရှာရပ်ကွက်တွေနဲ့လည်း မနီးမဝေးဘဲ။ ကားပါကင်ကအစ အဆင်ပြေနိုင်တဲ့နေရာမို့ အန်ကယ်က အဲဒါကိုဆောက်ဖို့ စီစဉ်လိုက်တာ။ ရင်းနှီးမြှုပ်နှံနိုင်လို့ ကွန်ဒိုအထပ်ပါ ဆောက်လုပ်ချင်တယ်ဆိုရင်လည်း အဆင်ပြေတယ်"

"ဖေဖေ အဲဒီလောက်ထိ တတ်နိုင်မယ်မထင်ဘူး အန်ကယ်"

"မင်းတို့နောင်ရေးအတွက် မင်းအဖေလည်း လုပ်နေတာပဲကွာ။ အန်ကယ် ကူညီပါ့မယ်။ ငွေကြေးတင်မဟုတ်ဘူး။ အောက်ခြေဝန်ထမ်း လိုအပ်ရင်လည်း ကူညီပေးလို့ရတယ်။ တစ်ခုရှိတာက အထက်ပိုင်းဝန်ထမ်းနဲ့ ပညာရှင်ကိုတော့ အန်ကယ်တို့လိုပဲ နိုင်ငံခြားကခေါ်မှ ဖြစ်မယ်။ ဘာလို့လဲဆိုတော့ ကြံ့ခိုင်ကိစ္စတွေ၊ ရှယ်ယာရှင်ကိစ္စတွေက နိုင်ငံခြားပညာရှင်တွေနဲ့ သေသေချာချာ လုပ်ပြနိုင်မှ ယုံကြည်မှုရနိုင်မှာ။ အန်ကယ့်နာမည်နဲ့ ရှယ်ယာပါလိုက်မယ်ဆိုရင် မင်းအဖေ အဆင်ပြေသွားမှာပါ"

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ဖေဖေ့ကိုပြောလိုက်ရင် ဖေဖေလည်း ကျေးဇူးတင်နေမှာပါ"

သူ တကယ့်ကို စံထိပ်ထားတို့သားအဖရဲ့စိတ်ခါတ်ကို လေးစားကျေးဇူးတင်သွားမိခြင်း ဖြစ်သည်။ ဖေဖေက မနိုင်မနင်းသိလျက်နှင့် တစ်ဖက်သတ် ပြိုင်ဆိုင်နေပြီး သူက မချစ်ဘဲနှင့် ချစ်ဟန်ဆောင်ကာ စံထိပ်ထားကို လက်ထပ်ခဲ့သည်။ သူမတို့သားအဖကတော့ သူတို့မိသားစုကို တကယ့်မိသားစုဝင်တွေလို သဘောထားကာ ငွေရေးလူရေး ကူညီပေးဖို့ စဉ်းစားနေကြသည်။ သူတို့မိသားစုက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းစိတ်ဓာတ်မျိုး ဖြစ်သွားပြီလဲ။

ကိုယ့်ကိုယ်ကိုယ်တောင် ရှက်သွားမိသည်။ မြသာနှင့် ပတ်သက်နေမိသည်ကိုလည်း စံထိပ်ထားကို အရမ်းကို အားနာမိလေသည်။

ဒီအိမ်ထောင်ရေးအပေါ်မှာပဲ သစ္စာရှိဖို့ဆိုလျှင်…





## အခန်း (၂၄)

"ဘာ…ဦးမိုးကောင်းက အဲဒီလိုပြောလိုက်တယ်။ တ… တကယ်ပြောလိုက်တာလား…တကယ်ကူညီမှာတဲ့လား"

ဦးဥက္ကာဇော် ဝမ်းသာအားရဖြစ်သွားပုံက ဟန်မဆောင်နိုင်အောင်ပင်။ ဟိုအိမ်မှာ စကားပြောဆိုစားသောက်ပြီးမှ ပြန်လာတာမို့ ညကိုးနာရီကျော်၊ ဆယ်နာရီဝန်းကျင်မှ အိမ်ကိုပြန်ရောက်လာကြသည်။ တမင်စောင့်နေတာမျိုးမဟုတ်ဘဲ မအိပ်သေးဘဲ ဧည့်ခန်းမှာရှိနေသော ဖေဖေ့ကို စံထိပ်ထားနှင့်သူ အကြောင်းစုံပြောပြဖြစ်ကြသည်။ မေမေ ကတော့ ဟိုဘက်က စိတ်ဓာတ်ကို လေးစားပြီး ဖေဖေ့စိတ်ကိုလည်း သိနေတာကြောင့် မျက်နှာပူကာ ငြိမ်ငြိမ်သက်သက်လေးပင်နေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ကို ပြောလိုက်တာပါ ဖေဖေ…အန်ကယ်က မိသားစုဝင်ဖြစ်နေလို့ သူ ကူညီနိုင်သလောက် ကူညီသွားမှာပါလို့ ပြောတယ်။ အန်ကယ်သာ ရှယ်ယာဝင်မယ်ဆိုရင် တခြားကျန်တဲ့ လူတွေက ယုံယုံကြည်ကြည်နဲ့ကို ရင်းနှီးမြှုပ်နှံကြမှာပါ"

"အဲဒါကတော့ သေချာတာပေါ့ သား…ဒီလောကမှာက ယုံကြည်မှုနဲ့ပဲ အလုပ်လုပ်ကြတာ။ ဦးမိုးကောင်းက ဘယ်သူ့ဆီမှ ရှယ်ယာမဝင်ဖူးဘဲ သူ့ဘာသာ အောင်မြင်အောင်လုပ်နိုင်တဲ့သူလေ။ အခု ဖေဖေတို့ကို ဒီလိုလုပ်ပြီး ကူညီမယ်ဆိုတော့ အံ့သြနေတာပါ"

"အံ့သြတာထက် ကျေးဇူးတင်သင့်တာပေါ့ ကိုဥက္ကာရယ်…သူတို့က မိသားစုလို့ စေတနာထားပြီး ကူညီတာကို အသိအမှတ်ပြုရမှာပေါ့။ ကိုယ့်ဘာသာဆို ဘယ်လိုမှ မဖြစ်နိုင်၊ မတတ်နိုင်တဲ့ ကိစ္စကြီး"

"အဲဒါတော့ မငြင်းပြောမှလား ခိုင်…ငါ့ဘဝကိုက သူများမကူညီရင် မကယ်တင်ရင် ဒီအခြေအနေကလွဲပြီး တိုးတက်အောင်မြင်နိုင်တော့မှာမှ မဟုတ်တာ…အဲဒါကလည်း"

"ဟို…ဖေဖေ ဒီကိစ္စနဲ့ပတ်သက်ပြီး လက်ခံတယ်ဆိုရင် အန်ကယ်က အကြောင်းပြန်ပေးပါလို့ ပြောတယ်။ မြေကွက်ကိစ္စ ဖေဖေ့ နာမည်နဲ့ လွှဲပြောင်းဖို့တွေ လုပ်ရမယ်တဲ့။ မြေကွက်တန်ဖိုးကို ဖေဖေ မပေးနိုင်သေးရင် မပေးနဲ့။ ပညာရှင်တွေ ခေါ်သုံးရမယ့်ကိစ္စက ပိုအရေးကြီးတယ်။ အဲဒါဆိုရင် သူတို့နိုင်ငံက လိုအပ်တဲ့ပစ္စည်းလည်း ရနိုင်တယ်တဲ့။ ရှယ်ယာဝင်မယ့်သူ၊ ကြိုပွိုင့်ကိစ္စတွေကအစ ယုံကြည်မှု





ရနိုင်တယ်တဲ့လေ"

"အင်း…ဦးမိုးကောင်းက အသေးစိတ်ကအစ ဦးစားပေးတာပဲ။ သမီးအဖေကို ဖေဖေက ကျေးဇူးတင်တဲ့အကြောင်း ပြောဖြစ်အောင် ပြောပေးပါ သမီး။ ဖေဖေလည်း ဖုန်းဆက်ပြီးတော့ရော လူကိုယ်တိုင် သွားပြီးတော့ရော ပြောဦးမှာပါ"

"အဲဒီလောက်ကြီး မလိုပါဘူး ဖေဖေ…မိသားစုအချင်းချင်း ဆိုတာ ဒီလိုပဲ ဖြစ်ရမှာပါ။ တစ်ဦးအဆင်ပြေရင် တစ်ဦးလည်း အဆင်ပြေရမှာပေါ့"

"ကဲ…ဒါဆို ဒီပရောဂျက်ကြီးကို ဖေဖေက ကျေးဇူးတင်စွာနဲ့ လက်ခံတယ်။ အဲဒီတော့ သားနဲ့သမီးကပဲ ဦးဆောင်ပြီး အကောင် အထည်ဖော်ပေတော့။ သမီးတို့သုံးဖူးတဲ့ နိုင်ငံခြားပညာရှင်တွေ ခေါ်ပါ။ အဆောက်အဦးပုံစံဒီဇိုင်းကို သမီးတို့လင်မယားနှစ်ယောက်ပါ ပေါင်းပြီး တော့ဆွဲ၊ ပုံစံအကြမ်းထုတ်ပြီး ပြခန်းတင်ပြီးမှ တခြားကြိုပွိုင့်ဝယ်မယ်။ သူတို့ ရှယ်ယာဝင်ချင်တဲ့သူတို့က စိတ်ဝင်စားလာမှာ။ အဲဒါ အရင် အကောင်အထည်ဖော်ဖို့ အရေးကြီးတယ်။ ဖေဖေ့မှာ ငွေအင်အားက မရှိတဲ့အတွက် ဒါတွေဝင်လာမှ ဖြစ်မှာမဟုတ်လား"

"ဟုတ်ကဲ့ပါ ဖေဖေ…ဒီဇိုင်းပြီးရင် တီဗီကနေ မင်းသား မင်းသမီးတွေနဲ့ ကြော်ငြာတင်လိုက်ရင် ဝုန်းခနဲတောင် အဆင်ပြေသွား နိုင်ပါတယ်"

"အိုး…ဟုတ်သားပဲ သမီး၊ အိုင်ဒီယာ ပိုမိုက်တယ်…ဖေဖေ့ သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဥက္ကာဇော် ပျော်ရွှင်တက်ကြွနေတာ လူငယ်လေးတစ်ယောက်လိုပင် ဖြစ်နေသည်။ ထိုအချိန်မှာပဲ ခိုညားဇော်အိတ်ထဲမှ ဖုန်းသံမြည်လာ၍ ဖုန်းနံပါတ်ကို ကြည့်ပြီး ခိုညားဇော် ဖုန်းကို ပိတ်ပစ်လိုက်သည်။ ဦးဥက္ကာဇော် မျက်မှောင်ကြုတ်သွားလျက်-

"ဘာလို့ ဖုန်းကိုပိတ်လိုက်တာလဲ။ ဖုန်းလာလို့ လူရှေ့သူရှေ့မှာ မပြောဘဲ ပိတ်လိုက်ရင် မရိုးသားတာပဲကွ"

"မဟုတ်ပါဘူး ဖေဖေ…ဒီမှာ စကားပြောကောင်းနေတာ အရှိန်ပျက်သွားမှာစိုးလို့ပါ"

"မင်း အဲဒီလောက် အလိုက်သိတဲ့ကောင် မဟုတ်ပါဘူး။ သမီးရှေ့မှာ သမီး သံသယဝင်အောင် မင်း အဲဒီလို ဘယ်တော့မှမလုပ်နဲ့ ခိုညားဇော်…ညနေက ရုန်းဆင်းတော့ရော မင်းက သမီးကားကို မောင်းပြီး ဘယ်ကိုသွားတာလဲ။ သမီးက တက္ကစီနဲ့သွားတာ ငါ တွေ့လိုက်တယ်"

"ဟို…အဲဒါက ဖေဖေ"

"မင်း ငါ့ကို ဘတ်ကီးရိုက်ဖို့ မစဉ်းစားနဲ့။ မင်းတို့ကားနောက်က ငါ ပါလာတာ၊ ငါ အားလုံးမြင်တယ်။ အခု ဟိုအိမ်ကနေ အတူတူပြန်လာပြီး ပျော်စရာကိစ္စပါလာလို့ ငါ မပြောဘဲထားတာ။ အခု ဝင်လာတဲ့ဖုန်းကို မင်း ပြန်ဆက်စမ်း…ဟေ့ကောင်"

"ဟို…ဖေဖေ…အရေးမကြီး"

"ဆက်ဆိုဆက်စမ်း…သူငယ်ချင်းဆိုတာ ဘာမဆက်ရဲစရာရှိလဲ။ သမီး အထင်မလွဲဖို့ အရေးကြီးတယ်"





"ဟုတ်ကဲ့"

စပီကာမဖွင့်ဘဲ ဖုန်းခေါ်လိုက်တော့ မြသားဖုန်းဆိုပေမယ့် မြသားအသံမဟုတ်တာကြောင့် သူ အံ့သြသွားရသည်။

"ဗျာ…ဟုတ်ကဲ့…ဟုတ်ကဲ့…ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်။ စိုးရိမ်ရလားခင်ဗျာ…ဟုတ်ကဲ့ပါ…ကျွန်တော် ရောက်အောင် လာပါ့မယ်"

အရေးတကြီးပြောပြီး သူ ဖုန်းချလိုက်တော့ ဖေဖေက မျက်ခုံးနှစ်ခု တွန့်ချိုးထားပြီး-

"ဘယ်ကလဲ…ဘာတဲ့လဲ"

"ညနေက သွားတွေ့ခဲ့တဲ့ သူငယ်ချင်းပါ။ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက်နေလို့ အခု လာခဲ့ပေးပါတဲ့"

"ဘယ်ကသူငယ်ချင်းလဲ"

"နိုင်ငံခြားမှာခင်ခဲ့တဲ့ သူငယ်ချင်းလို့ ပြောထားတယ်လေ။ တစ်ယောက်က နယ်ကိုပြန်သွားပြီး တစ်ယောက်က ဟိုတယ်မှာပဲ တည်းတယ်။ နယ်ကတစ်ယောက် ပြန်လာရင်တော့ သူတို့ နိုင်ငံခြားကို ပြန်သွားကြမှာပါ။ သူတို့က သားနဲ့ အတူတူကျောင်းတက်ပြီး နိုင်ငံခြားက ကုမ္ပဏီမှာပဲ အလုပ်လုပ်ကြတာ"

"ဒီမှာ မိဘတွေမရှိလို့ မင်းက သွားရမှာလား"

"ဟုတ်ကဲ့…သူ့မှာက မိဘတွေမရှိတော့ဘူး။ နိုင်ငံခြားမှာတော့ ဦးလေးတစ်ဝမ်းကွဲနဲ့နေတယ်။ ဒီမှာ သားမင်္ဂလာဆောင်ကိုလာရင်း ဒီလိုဖြစ်သွားတော့ သားမှာလည်း တာဝန်ရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ…သွားပါ မောင်ရယ်…လူနာက ဘယ်လိုနေလဲမသိဘူး။ ဒီမှာ အသိမိတ်ဆွေဆိုလို့ မောင့်တစ်ယောက်တည်းရှိတာ။ အားကိုးရာမှာပေါ့…သွားလိုက်ပါ"

သူ့အမေနှင့် စကားအခြေအတင်တွေနှင့် ပြဿနာဖြစ်မှာစိုး၍ စံထိပ်ထား ကြားဝင်ပြောလိုက်ရသည်။ အခုတလော မောင့်မှာ အပြင်ထွက်ဖို့ကိစ္စတွေပဲ အမျိုးမျိုးကြုံနေ၏။ ဘာကြောင့်လဲ၊ ဘာအတွက်လဲ။ အမှန်တရားတွေ ဟုတ်မှဟုတ်ရဲ့လားဆိုတာတော့ မောင့်ကို သံသယမဝင်ချင်ပါ။

ဒါပေမဲ့ မောင့်ကားနားကို ရောက်သွားသည့်အခါမှာတော့ သူမ အပြေးလေးလိုက်သွားမိပြီး–

"ဒီည ပြန်မလာဘဲတော့ မနေဘူးမဟုတ်လား မောင်"

"ဟင်…ပြန်…ပြန်လာမှာပါ၊ လူနာစောင့်ငှားထားခဲ့ပြီး မောင်ပြန်လာခဲ့ပါ့မယ်"

"အဲဒါဆို ရပါပြီ မောင်…သွားပါ"

ကားလေးကို လိမ့်ခနဲ မောင်းထွက်လာခဲ့ရပေမယ့် စံထိပ်ထား ဘယ်လိုအဓိပ္ပာယ်နှင့် ဒီစကားပြောလိုက်တာလဲ။ လေသံနှင့်မျက်နှာ အမူအရာက တစ်မျိုးပဲလို့ စိတ်ထဲမှာ ထင်နေမိ၏။ ဒါပေမဲ့ ခေါင်းကို ခါလိုက်ကာ မြသားဆီရောက်ဖို့ ကားကို အမြန်ဆုံး မောင်းနေမိ၏။

မြသား ရေချိုးခန်းထဲမှာ မူးလဲသွား၍ ဆေးရုံတင်ထားရသည့်အတွက် အမြန်ဆုံးလာခဲ့ပါဟု အဆောင်မှူးအစ်မကြီးကတစ်ဆင့် ဖုန်းဆက်လာခြင်း ဖြစ်သည်။ ရန်ကုန်မှာက မြသားရဲ့ဆွေမျိုးသားချင်း





မိဘမောင်နှမတွေ မရှိကြပါ။ နယ်ကနေလှမ်းခေါ်ဖို့ဆိုတာလည်း တောသူတောင်သားတွေမို့ မိဘတွေကလည်း မြို့ကြီးကို မသွားတတ်မလာတတ်။ မောင်တွေ၊ ညီမတွေကလည်း ပညာသင်နေကြသည့် အရွယ်မို့ လာဖို့လွယ်မှာမဟုတ်ပေ။

ဘယ်လောက်ထိဖြစ်သွားလို့ ဆေးရုံတောင်တင်လိုက်ရတာလဲ။ ဆွေမရှိ၊ မျိုးမရှိ တစ်ယောက်တည်း ရုန်းကန်နေရသည့် မြသားကို စာနာစိတ်နှင့် စိုးရိမ်မိပြီး ဆေးရုံလှေကားထစ်တွေ အမြန်ပြေးတက်လျက် ပြောထားသည့်အခန်းကို ရှာကာဝင်လိုက်သည်။

"သြော်…ရောက်လာပြီလား"

"ဟုတ်ကဲ့…မြသား ဘယ်လိုဖြစ်ရတာလဲ"

"စကားပြောကြပါဦး…ကျွန်မလည်း အဆောင်ကို ဒီအတိုင်းထားခဲ့လို့ မရဘူး။ ကျွန်မ မရှိတဲ့အချိန် တစ်ခုခုဖြစ်သွားရင် အလုပ်ပြုတ်ခံရမှာ။ မြသား… အစ်မသွားပြီနော်"

"ဟုတ်ကဲ့ပါ အစ်မ…ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်ကွယ်…ဒီလောက်ကတော့ လုပ်ပေးလို့ရပါတယ်။ အဆောင်ကိုသာ အကြာကြီး ပစ်ထားလို့မရလို့ အစ်မ ပြန်ရတာပါ"

အဆောင်မှူးအစ်မကြီး ပြန်သွားသည်နှင့် သူ ခုံလေးဆွဲကာ မြသားအနား ဝင်ထိုင်လိုက်သည်။ ဒရစ်ပိုက်တွေသွင်းလျက် ဖြူဖျော့ပိန်လှီနေသော မြသားကိုကြည့်ကာ သူ စိတ်မကောင်းဖြစ်မိသည်။

"ဘယ်လိုဖြစ်ရတာလဲ မြသား…ကို မြသားကို အဆောင်ကို ပြန်ပို့ခဲ့တာတောင် အကောင်းကြီးအတိုင်းမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မြသား အဆောင်ပြန်ရောက်ပြီး ခဏနေတော့ ရေချိုးလိုက်တာ။ ရေချိုးခန်းထဲမှာပဲ မူးလဲသွားတာ ဘာမှန်းတောင် မသိလိုက်ဘူး။ ဆရာဝန်တွေကတော့ အရမ်းအားနည်းသွားလို့ အခုလိုဖြစ်တာတဲ့။ နှစ်ရက်လောက် ဆေးရုံတက်ပြီး အနားယူရမယ်လို့ ပြောတယ်။ အခုတလော ကိုစိတ်ကြောင့် မြသား အိပ်လို့မရ၊ စားလို့မရနဲ့မို့ ဒီလိုဖြစ်ရတာ။ နောက်ရော မြသား ခံနိုင်ရည်ရှိပါဦးမလား မသိဘူး…ကို"

"မြသားရယ်…ကိုကို မေ့လိုက်ပါတော့လား။ မြသားအပေါ် သစ္စာမဲ့သွား၊ ထားသွားတဲ့သူကို မြသား မုန်းမေ့နာကြည်းလိုက်ပါ။ ဒါမှ မြသား ရှေ့ဆက်ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်မှာပေါ့"

"ဟင့်အင်း…ကို သစ္စာမဲ့ချင်လို့ မဲ့ရတာမှ မဟုတ်တာ။ ကို ထားရက်ခဲ့လို့ ထားခဲ့တာလည်း မဟုတ်ဘူးလေ။ ကိုအဖေကြောင့်…၊ ကိုအဖေကြောင့်သာမဟုတ်ရင် မြသားတို့ ဝေးရမှာလား၊ ခွဲရမှာလား ကို"

"ဒါကတော့ မြသားရယ်…ကိုအဖေဆန္ဒကို မလွန်ဆန်နိုင်တဲ့ ကိုမှာ အပြစ်ရှိပါတယ်။ မိဘဆိုတာ သားသမီးအပေါ် ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ် စီမံပိုင်ခွင့်၊ ချုပ်ကိုင်ခွင့်တွေ ရှိတာပဲ။ ကို သတ္တိမရှိလို့ ဒီလိုဖြစ်ရတာပါ"

"ကို မြသားကို မချစ်ခဲ့လို့တော့ မဟုတ်ဘူးမဟုတ်လား။ အမုန်းတွေနဲ့ လမ်းခွဲခဲ့ကြတာဆိုရင်တော့ ဒီအချိန်မှာ မြသား ကိုကို မေ့ချင်မေ့နိုင်မှာပါ။ ဒါပေမဲ့ မြသားတို့က အဲဒီလိုမှ မဟုတ်ကြတာပဲ ကို… မြသား ကိုကို မုန်းလည်းမမုန်းဘူး။ မေ့လည်းမမေ့ဘူး။ မြသား အခုလို





တစ်ခုခုဖြစ်တဲ့အချိန်တိုင်း ကို မြသားအနားမှာ ရှိနေပေးရင်ပဲ မြသား ကျေနပ်ပါပြီ"

ခံ့ညားဖော် သက်ပြင်းတွေချရင်း ခေါင်းကို ယမ်းလိုက်မိသည်။ မြသားလက်ကလေးကို ဆုပ်ကိုင်ဖို့ပြင်ပြီးမှ ဒီအတိုင်းပဲနေလိုက်ကာ–

"မြသားမှာ ဒီလိုဆန္ဒလေးပဲ ရှိနေတာကို ကို နားလည်ပါတယ်။ ဒါပေမဲ့ ကိုအနေနဲ့ကျတော့ ဒီလိုအကြောင်းရှာပြီး မြသားဆီကို လာနေရတာ အဆင်မပြေဘူး"

"စံထိပ်ထားက သံသယတွေ ဝင်နေပြီလား"

"သူက ဘာမှမပြောပါဘူး။ ဖေဖေကတော့ ကိုခြေလှမ်းတွေ ဘယ်လိုလှမ်းနေတယ်ဆိုတာ သိနေတယ်ထင်တယ်။ သူငယ်ချင်းဆီပါ လို့ပြောလည်း ယုံပုံမရဘူး။ ဖေဖေက အမြဲတမ်း လူတစ်ယောက်စိတ်ကို ထိုးထွင်းသိနေတတ်တာ"

မြသားချိုမျက်နှာလေးက တည်တင်းလျက် နှုတ်ခမ်းလေးမဲ့ကျသွားကာ–

"သူလုပ်တဲ့အပြစ်အတွက် သူ ကြောက်နေတာပါ။ ချစ်သူနှစ်ယောက်ကိုခွဲပြီး တခြားမိန်းကလေးနဲ့ ပေးစားမှတော့ နောင်တစ်ချိန် ဘာဖြစ်မလဲ တွေးမိနေမှာပေါ့။ အဲဒီစိတ်က တစ်သက်လုံး သူ့အတွက် မလုံမခြုံ ဖြစ်သွားမှာပဲ။ ကို ဘယ်သွားသွား ဘယ်လာလာ မြသားနဲ့ ဝတ်သက်နေဦးမလားလို့ ချွေးမ သိမှာစိုးရိမ်ပြီး သူ တစ်သက်လုံး ပူလောင်နေရမှာ"

"မြသားက ဖေဖေ့ကို အဲဒီလို ဖြစ်စေချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



မြသား ငြိမ်သက်နေသည့်အခါမှာ သူ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားခဲ့သည်။ မြသားက ဖေဖေ့ကို လက်တုံ့ပြန်ချင်တာလား။ ဖေဖေ့ကို အဲဒီလိုဖြစ်ပါစေဆိုပြီး သူ့ကို အကြောင်းအမျိုးမျိုးပြကာ ခေါ်တွေ့နေခြင်းလား။ မြသားက အဲဒီလိုလုပ်တတ်မည့် မိန်းကလေးမျိုး မဟုတ်ပါ။

အစွယ်မဲ့ကာ လက်တုံ့ပြန်လက်စားချေဖို့တောင် အခွင့်အရေးမရှိသည့် ဆင်းရဲနုံချာ အပြစ်မဲ့ရှာသည့် မိန်းကလေး မဟုတ်ပါလား။

"မြသား…ကို ပြန်မှဖြစ်မယ်။ ဖေဖေက အမြင်မကြည်လင်ဘူး။ စံထိပ်ထားကိုလည်း ကို ပြန်လာခဲ့မယ်လို့ ပြောခဲ့ရတယ်"

"မြသားကို ဒီအတိုင်း ထားသွားရက်သလား ကို"

"မြသား သက်သာနေပြီပဲ။ အားနည်းနေတာ၊ အားဆေးတွေသွင်းလိုက်ရင် အဆင်ပြေသွားမှာပါ။ ဆေးရုံစရိတ်တွေအားလုံးကို ပေးမယ်။ နပ်စ်မလည်း ကို ငှားထားပေးခဲ့မယ်။ အားလုံး စီစဉ်ပေးခဲ့ပါ့မယ်။ မြသား လိုအပ်တာတွေအားလုံးလည်း ကို ဝယ်ထားပေးခဲ့ပါ့မယ် မြသား"

"ကို အခု ပြန်သွားမယ်ဆိုရင် မနက်စောစော မြသားဆီ လာမယ်လို့ ကတိပေးခဲ့ပါ ကို…မြသားဘဝက နှစ်ရက် သုံးရက် ဆေးရုံတက်ပြီး အနားယူလို့ မဖြစ်ပါဘူး။ အခု ကုမ္ပဏီမှာ နောက်ထပ် ပရောဂျက်တစ်ခုအတွက် အဆောက်အဦးပုံစံ ဒီဇိုင်းတွေကို ဆုကြေးငွေ ဒေါ်လာနဲ့ပေးပြီး ယှဉ်ပြိုင်ခိုင်းနေတယ်။ သူတို့လည်း တခြား ဆောက်လုပ်ရေးကုမ္ပဏီတွေကို ပြိုင်ဆိုင်ပြီး နိုင်ဖို့အတွက် ဝန်ထမ်းတွေ





ကို အခွင့်အရေးပေးတဲ့သဘောပါပဲ။ တကယ်လို့ ပထမဆုနဲ့နိုင်ခဲ့ရင် သူတို့အောင်မြင်နိုင်တဲ့ ပုံစံဒီဇိုင်းဖြစ်နေခဲ့မယ်ဆိုရင် နိုင်ငံခြားက ကုမ္ပဏီတွေမှာ တရားဝင်အလုပ်ခန့်ဖို့ တာဝန်ယူတယ်။ ဟိုမှာ နေဖို့စားဖို့နဲ့ တိုးတက်အောင်မြင်ဖို့တွေအားလုံး အာမခံတယ်။ မြသား အဲဒီအတွက် ကြိုးစားရမယ်။ ဒါမှ ကိုကိုလည်း မေ့နိုင်ပြီး မြသားဘဝကို နိုင်ငံခြားမှာ တိုးတက်အောင်မြင်ဖို့ ကြိုးစားနိုင်မှာ ကို"

ဒီလိုဆိုပြန်တော့ သူ ခေါင်းမညိတ်ဘဲ မနေနိုင်။ မြသားဘဝ ရှေ့ရေး အဆင်ပြေလို့ သူ့ကို မေ့သွားနိုင်မည်ဆိုလည်း သူ့အတွက် ကောင်းတာပဲမဟုတ်လား။

ထိုသို့မဟုတ်ဘဲ ဒီအတိုင်းကြီး မြသား အရေးကြီးသည်ဆိုတိုင်း မြသားဆီ လာနေရလျှင် တစ်နေ့မဟုတ်တစ်နေ့ ဖေဖေ တိတိကျကျ သိပြီး ပြဿနာတွေတက်နိုင်သည်။ စံထိပ်ထားရော မသိဘဲနေပါ့မလား။

မြသားနှင့်ကိစ္စ မသိသေးလို့ သံသယမဝင်သေးဘူးဆိုပေမယ့် မိန်းကလေးဆိုတာ ဝန်တိုတတ်သည့်အမျိုးမို့ ပြဿနာမရှာဘဲ မပေါက်ကွဲဘဲ နေမှာမဟုတ်ပေ။ သူ့မအဖေကို ဒီလိုမျိုး ငွေရေးကြေးရေး၊ စီးပွားရေးနှင့်ပတ်သက်ပြီး ကူညီဖို့တွေလည်း ပြောပေးမှာမဟုတ်တာ သေချာသည်။ ဖေဖေနှင့်ရော၊ အိမ်ထောင်ရေးမှာရော အဆင်ပြေဖို့ဆိုလျှင် မြသားနှင့်ကိစ္စတွေ ပြီးပြတ်ဖို့က အရေးကြီးနေသည်။

"ကဲပါ…ဒါဆိုလည်း မနက်ကျ ကို လာခဲ့ပါ့မယ်။ အခုည တော့ မြသား သက်သာအောင်နေလိုက်ပေါ့။ ကို ဆရာဝန်တွေရော၊



www.burmeseclassic.com

www.burmeseclassic.com



နပ်စ်မတွေ သေချာဂရုစိုက်ဖို့ မှာခဲ့ပါမယ်။ ငွေရေးကြေးရေးအတွက်လည်း မြသား မပူနဲ့နော်"

"ကျေးဇူးတင်ပါတယ် ကို…မနက်ဖြန်ကျရင်သာ ဆက်ဆက်လာခဲ့ပါနော်။ ကိုလာမှ မြသား ဆေးရုံဆင်းနိုင်မှာ"

"စိတ်ချပါ မြသား…ကို ဆက်ဆက်လာခဲ့ပါမယ်"

သူ သေချာကတိပေးလိုက်တာက မြသားအတွက်လည်းဖြစ်သလို သူ့အတွက်လည်း ဖြစ်သည်။ ဆေးရုံအမြန်ဆင်းရလို့ အလုပ်မှာ မြသား အဆင်ပြေလျှင် ဘာပဲဖြစ်ဖြစ် မြသား သူ့ကိုမေ့နိုင်ဖို့ အခွင့်အရေးကောင်းလည်း ဖြစ်နိုင်သည်မဟုတ်လား။

တကယ်ကို မြသား သူ့ကို မေ့နိုင်စေချင်ပါသည်။ နာကြည်းမသွားတောင် အတိတ်ကို အတိတ်မှာထားခဲ့နိုင်လျှင် မြသားရဲ့ဝေဒနာတွေ လျော့ပါးသွားမှာပါ။ သူလည်း အတိတ်ကို အတိတ်မှာပဲ ထားခဲ့လိုက်ချင်သည်။

တည်ဆောက်ပြီးသား အိမ်ထောင်တစ်ခုအပေါ်မှာ သစ္စာရှိပြီး အဆင်ပြေအောင်ပဲ ကြိုးစားချင်၏။ ဖူးစာကံမပါလို့ ထားခဲ့ရသော မြသားကိုတော့ အားနာပါသည်။ ဒါပေမဲ့ အရာရာသည် ကံတရားအတိုင်းပဲမဟုတ်လား။ မြသားကို ခွဲခဲ့ရတာ မချစ်လို့မဟုတ်ပေမယ့် ချစ်လို့လည်း မဖြစ်တော့တာကြောင့်…





## အခန်း (၂၉)

"ထိပ်ထား…မောင့်သူငယ်ချင်းဆီ ဆေးရုံဝင်စရာရှိလို့ ထိပ်ထားကားနဲ့ ကုမ္ပဏီသွားလိုက်တော့နော်။ မောင်…မောင့်ကားကို ယူသွားလိုက်မယ်"

"ဟုတ်ကဲ့…ဆေးရုံကို ထိပ်ထား လိုက်စရာလိုသေးလားဟင်။ လူမှုရေးက ရှိသေးတယ်မဟုတ်လား"

"မလိုဘူး…ထိပ်ထား လိုက်စရာမလိုပါဘူး။ မောင့်ဘာသာ သွားလိုက်ပြီး လိုအပ်တာ ဝယ်ပေးလိုက်ရင် ဖြစ်ပါတယ်"

"ဟုတ်ကဲ့…အဲဒါဆိုလည်း ပြီးတာပါပဲ။ နေ့လယ်အထိတော့ နေလို့မရဘူးထင်တယ်နော်။ ဖေဖေက မီတင်ရှိတယ်လို့ ပြောထားတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…မောင် အဲဒီလောက် နောက်မကျပါဘူး။ သူငယ်ချင်းအတွက် စီစဉ်ပေးစရာရှိတာ စီစဉ်ပြီးရင် မောင် ပြန်လာမှာပါ"

ဘရိတ်ဖတ်စ်ဝိုင်းမှာ သူတို့နှစ်ယောက် ပြောနေတာကို ဖေဖေက အလိုမကျသလို မျက်မှောင်ကြီးကုတ်နေလျက်နှင့်–

"ညကလည်း မင်း အရမ်းနောက်ကျမှ ပြန်ရောက်လာတယ်။ အခုလည်း သွားရဦးမယ်။ မင်းသူငယ်ချင်းက ဘယ်လောက်တောင် အရေးကြီးတဲ့ကောင်မို့လဲကွ"

"ဒီမှာ ဆွေမျိုးသားချင်းမရှိလို့ပါ။ ဟိုမှာတုန်းကလည်း တစ်ယောက်နဲ့တစ်ယောက် ရိုင်းပင်းကူညီပြီး နေခဲ့ကြတာဆိုတော့ တာဝန်ရှိတယ်ထင်လို့ပါ ဖေဖေ"

"ဒါဆို ငါ့သားကို စောင့်ရှောက်ခဲ့တဲ့သူဆိုရင် ငါတို့မှာလည်း တာဝန်ရှိတာပဲ။ မင်းသွားရင် ဖေဖေပါလိုက်ခဲ့မယ် သား။ ဝတ္တရားအရ လူနာသတင်း မေးရမှာပေါ့…မဟုတ်ဘူးလား"

"ဗျာ"

ဖေဖေ သူ့ကို သွေးတိုးစမ်းနေပြီ။ မယုံသင်္ကာဖြစ်လို့ လက်တွေ့လိုက်ကြည့်တော့မည်ဆိုတာ သိလိုက်သည်။ ဖေဖေ့ကို ဘယ်အရာမှ ဖုံးကွယ်ထားလို့မရပါ။

"ဟို…ရပါတယ် ဖေဖေ…ဖေဖေ လိုက်ဖို့မလိုပါဘူး။ သား အဆင်ပြေအောင် လုပ်ပေးလိုက်လို့ရပါတယ်"

"အဲဒါက မင်းပဲ တာဝန်ကျေမှာလေ။ သားသူငယ်ချင်းဆိုတော့ မိဘတွေမှာလည်း ဝတ္တရားဆိုတာ ရှိတာပဲ…သား။ အမေက ဆေးရုံ





တက်နေတဲ့သူအတွက် အကြော်အလှော် စီမံပေးလိမ့်မယ်။ သမီးက အဲဒါယူပြီး လိုက်လာလိမ့်မယ်။ မီတင်က နေ့လယ်မှဆိုတော့ ကိစ္စမရှိပါဘူး"

"ရ…ရပါတယ် ဖေဖေ၊ အဲဒီလောက်မလိုပါဘူး"

"ခဲ့ညားဖော်"

"ဗျာ…ဗျာ…ဖေဖေ"

"မင်းခြေလှမ်းတွေ မင်း ပြင်မလား…ငါ ပြင်ပေးရမလား"

"ဖေဖေ…ဟို…သားက"

"မင်းကို ငါ အများကြီးမပြောချင်ဘူး။ ခဏခဏ သတိမပေးချင်ဘူး။ မင်း အခုချိန်မှာ ဂရုစိုက်ရမှာက စီးပွားရေးလုပ်ငန်းကိစ္စနဲ့ မင်းမိန်းမပဲ။ အဲဒါ မင်း နားလည်လား"

"ဟုတ်…ဟုတ်ကဲ့ပါ ဖေဖေ"

စံထိပ်ထားရှေ့မှာမို့ ဖေဖေ ဒီလောက်ပဲ သတိပေးသည်ဆိုတာ သူ သိသည်။ သူ့ကို ဒီထက်ပိုပြီး ပေါက်ကွဲချင်နေမှာပါ။ သူ ဒီနေရာမှာ ကြာကြာနေလို့လည်း မဖြစ်တော့။

"ထိပ်ထား…မောင် သွားတော့မယ်နော်"

"ဟုတ်ကဲ့…မောင်"

ဦးဥက္ကာဇော် စိတ်ထဲဘဝင်မကျစွာ ပန်းကန်ပြားပေါ် ဖွန်းချလိုက်တာ အသံပင်ကျယ်လောင်သွား၏။ ဒေါ်ဥမ္မာခိုင်က စံထိပ်ထားရှေ့မှာ ဒီထက်ပေါက်ကွဲလိုက်မှာ စိုးရိမ်နေသည်။

"မင့်သားကို မင်းလည်း ကြည့်ဆုံးမထားဦး…ခိုင်၊ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေက အရေးကြီးနေတယ်။ ဒီအချိန်မှာ သမီးကလွဲပြီး ကျန်တာတွေ ဂရုမစိုက်ဖို့လည်း ပြောထား။ ငါ့အကြောင်း မင်း သိတယ်နော်။ အရေးမပါတာတွေ အာရုံရောက်နေလို့ကတော့ မင်းသားကို ငါ ခွင့်လွှတ်မှာမဟုတ်ဘူး"

"ကိုဥက္ကာရယ်…သား မမိုက်မဲဘူး။ မိဘစကားကို မလွန်ဆန်ဘူးဆိုတာ ရှင်လည်း သိပါတယ်။ ပြောသင့်သလောက်ပဲ ပြောပါ"

"အခု ပြောသင့်လို့ပြောနေတာပဲလေ။ မင်းသားခြေလှမ်းတွေကို ငါ မကြိုက်ဘူး။ အိမ်ထောင်သည်တစ်ယောက်က မိန်းမ မပါဘဲ ဘယ်နေရာမှ မသွားသင့်ဘူး"

"ကျွန်မရော ရှင့်နောက်ကို ဘယ်နေရာလိုက်ခဲ့ရဖူးလို့လဲ ကိုဥက္ကာ"

"ငါက စီးပွားရေးလုပ်ငန်းလုပ်နေတာ။ မင်းက ဘယ်နေရာလူရာဝင်ပြီး အသုံးကျလို့ ငါက ခေါ်သွားရမှာလဲ။ ကျွတ်…မပြောချင်ဘဲ စကားတွေ အများကြီးပြောနေရတယ်။ သမီး ဖေဖေ သွားနှင့်ပြီ"

"ဟုတ်ကဲ့ ဖေဖေ"

ဦးဥက္ကာဇော် ဒေါ်သမပြေစွာနှင့်ပင် ထွက်သွားလေသည်။ ဒေါ်ဥမ္မာခိုင် သက်ပြင်းတွေချကာ စံထိပ်ထားကို မျက်နှာပူအားနာစွာ ကြည့်ပြီး-

"အိမ်မှာက အဖေနဲ့သား ခဏခဏ ဒီလိုပြဿနာတွေက ရှိနေတယ် သမီးရယ်။ သားက အနေအေးတယ်။ လောဘ မရှိဘူး။ သား





အဖေကတော့ မပြည့်စုံတဲ့ဘဝက လာတာဆိုတော့ ဖြစ်ချင်စိတ်လည်း များတယ်။ လောဘလည်း ကြီးတယ်ပြောရမလား။ ဒါပေမဲ့ ဒါတွေအားလုံးကလည်း သားအတွက်ချည်းပါပဲ။ တခြားအမွေပေးခဲ့စရာလည်း မရှိပါဘူး။ သမီးနဲ့ လက်ထပ်ပေးပြီးတော့လည်း မြေးတွေ၊ မြစ်တွေအတွက်ပဲပေါ့။ မေမေတို့ကတော့ အသက်တွေကြီးနေပါပြီလေ"

"မြသားဆိုတာ ဘယ်သူလဲ မေမေ"

"ဟင့်…မြ…မြသားချိုကို ပြောတာလား"

"မြသားချိုတဲ့လား…သူ့ကို မေမေလည်း သိနေတယ်ပေါ့။ သူက မောင့်ရဲ့"

"သမီး"

"အားမနာပါနဲ့ မေမေ…မင်္ဂလာဦးညက မောင် အဲဒီမိန်းကလေးဆီ သွားတာပါ"

"ဟင်…ဘုရား…ဘုရား…သမီး အဲဒါကို ဘယ်လိုလုပ်သိတာလဲ"

"ဖုန်းဆက်တာကို ကြားခဲ့တာပါ။ သမီးကို တကယ်ချစ်လို့ လက်ထပ်ခဲ့တာ မဟုတ်ဘူး။ ဖေဖေ့ဆန္ဒကို မလွန်ဆန်နိုင်လို့ဆိုတာလည်း သမီး သိရပါတယ်။ အဲဒီညက သူ ထွက်သွားပြီး တစ်ညလုံး ပြန်မလာခဲ့တာပါ"

"ဘုရားရေ…သမီးရယ်…မေ…မေမေ တောင်းပန်ပါတယ်ကွယ်။ သမီး…သမီး ဒါတွေသိနေခဲ့တယ်…ဟုတ်လား။ ဒါ…



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ သိရဲ့နဲ့ သမီးက သားကို ဘာမှမပြောဘဲ သည်းခံနေခဲ့တာလား။ နားလည်ခွင့်လွှတ်ထားခဲ့တာလား။ သဘောထားကြီးမြတ်လိုက်တာ သမီးရယ်"

"အဲဒီလိုအကြောင်းတော့ ရှိပါတယ် မေမေ။ ပြီးတော့ အတိုင်းအတာလည်းရှိပါတယ်"

စံထိပ်ထား သွေးအေးလေသံအေးအေးလေးဖြင့် ပြောနိုင်နေခြင်းကို ဒေါ်ဥမ္မာခိုင် အံ့သြလေးစားနေမိသည်။ မိန်းမသားဆိုတာ ဝန်တိုတတ်တာပဲမဟုတ်လား။ မိမိတောင် ဦးဥက္ကာဇော်ကို ဒေါ်သက်ထားခင်နှင့် ပတ်သက်ပြီး ခနိုးခနဲ့ပြော သဝန်တိုမိတုန်းပါ။

သားကို လက်ထပ်ဖို့တွေပြောတော့ ကိုယ့်တုန်းက လက်ထပ်ခွင့်မရလို့ သားကို ရည်းစားဦးရဲ့သမီး လက်ထပ်ပေးစားချင်နေတာမဟုတ်လားဟု စွပ်စွဲခဲ့ဖူးသေးသည်။ အခု စံထိပ်ထားက မင်္ဂလာဦးညမှာ သားက ရည်းစားဦးမိန်းကလေးနှင့် တစ်ညလုံး သွားနေတာတောင် မသိချင်ယောင်ဆောင်ပြီး ဘာမှမဖြစ်သလို နေပေးခဲ့ပါလား။

"ဘယ်လိုအကြောင်းလဲ… ဘယ်လိုအတိုင်းအတာလဲ… ပြောပါဦး သမီး"

"မောင်က ချစ်သူအပေါ် သစ္စာမဲ့ခဲ့ပေမယ့် အိမ်ထောင်ရေးအပေါ် ကိုယ်ကျင့်တရား ပျက်ပြားပြီး ဖောက်ပြန်မှာ မဟုတ်ဘူးလို့ ယုံကြည်လို့ပါ။ ဖေဖေ့ရဲ့ဖိနှိပ်ချုပ်ချယ်မှုအောက်မှာ သူ အရှုံးပေးခဲ့ရှာမှာပဲလေ"

"အဲဒါတော့ အမှန်ပါပဲ သမီး…သားက အရမ်းသနားစရာ





ကောင်းတဲ့ကလေးပါ။ သူ့အဖေကို ငယ်ငယ်လေးကတည်းက အကြောက်တရားနဲ့ နေလာခဲ့ရရှာတာပါ။ သူ့အဖေက သူလိုချင်တဲ့ပုံစံ၊ သူဖြစ်ချင်တဲ့ဆန္ဒတွေနဲ့ သားကို ကြိုးကိုင်အုပ်ချုပ်လာခဲ့တာ"

"အဲဒါလည်း လက်မထပ်ခင်အချိန်က သူ ရင်ဖွင့်ပြောပြခဲ့လို့ နားလည်နေခဲ့ပါတယ်။ အဲဒါကြောင့်လည်း သူ့ကို ကိုယ်ချင်းစာစိတ်၊ သနားစိတ်တွေနဲ့ သူ့အချစ်ကို လက်ခံခဲ့မိတာပါ။ သမီးကို တကယ်ချစ်လို့ သူ့အကြောင်းတွေ ရင်ဖွင့်ပြောပြနေတယ်လို့လည်း ခံစားမိတယ်လေ…တကယ်တော့"

"သမီးကို လုံးဝ မချစ်ဘူးလို့တော့ မတွေးလိုက်ပါနဲ့ကွယ်"

"ယောကျ်ားကောင်းတစ်ယောက် ဖြစ်လိမ့်မယ်လို့ တွေးမိပါတယ်။ အဲဒါကြောင့် နှစ်ဖက်အသိုက်အဝန်းရဲ့ဂုဏ်သိက္ခာ၊ သမီးရဲ့ ဂုဏ်သိက္ခာတွေ ဘယ်အရာကိုမှ အထိခိုက်မခံနိုင်လို့ သူ့ကို စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တာပါ"

"ကျေးဇူးတင်ပါတယ်…ကျေးဇူးတင်ပါတယ် သမီး။ ဒါဟာ မိန်းမမြတ်တစ်ယောက်ရဲ့ အတွေးပါပဲ။ အိမ်ထောင်သည်ဖြစ်သွားပြီဆိုရင် မိန်းမသားဆိုတာ လင်ယောကျ်ားနဲ့ မိသားစုအပေါ် အဲဒီလို သည်းခံဖို့၊ ခွင့်လွှတ်ဖို့၊ နားလည်ပေးဖို့တွေ ဖြစ်လာတာပဲ"

"မေမေရော အဲဒီလိုနေလာခဲ့ရတာလား"

ဒေါ်ဥမ္မာခိုင် အသံတိတ်စွာ မျက်ရည်ဝဲနေသည်။ စံထိပ်ထားက ဒေါ်ဥမ္မာခိုင်လက်ကလေးကို ဆုပ်ကိုင်ထားပြီး–

"ဖေဖေ့ရဲ့ဆက်ဆံမှုတွေကို ကြည့်ပြီး မေမေ ဘယ်လိုနေခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာ ခန့်မှန်းမိပါတယ် မေမေ။ ဖြစ်ချင်စိတ်များပြီး အတ္တကြီးတဲ့ လင်ယောကျ်ား၊ အတ္တကြီးတဲ့ အဖေနဲ့နေရတာ မေမေရော၊ မောင်ရော ပင်ပန်းကြမှာပါ။ ဒါပေမဲ့ ဒီလိုလုပ်ရတာ ဖေဖေ့မှာလည်း အကြောင်းတွေ ရှိပါလိမ့်မယ်။ ခုန မေမေပြောသလို မပြည့်စုံခဲ့တဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် ဖြစ်မှာပေါ့"

"သမီးအတွေး မှန်ပါတယ်။ မေမေ့ဘက်က အသိုက်အဝန်းကောင်းပေမယ့် သူ့ကို အထင်သေးပြီး မယုံကြည်တော့ ပံ့ပိုးမှုမရှိခဲ့ဘူးလေ။ အဲဒီအတွက် သူ့မှာ နာကြည်းချက်တွေလည်း ရှိခဲ့တယ်။ ဖေဖေ့မှာလည်း အဲဒီအားနည်းချက်ကြောင့် မာနနဲ့ တိုက်ခိုက်ခံနေရတယ် ပြောရမလားဘဲ။ ဒါပေမဲ့ မေမေ သည်းခံပါတယ်။ သူ့ဘက်က ခံစားချက်တွေကိုလည်း မေမေ နားလည်ပေးခဲ့တယ်။ အဲဒီလိုမှ မလုပ်ရင် အိမ်ထောင်ရေးက ရှေ့ဆက်ဖို့ ဘယ်လိုလုပ်အဆင်ပြေတော့မှာလဲ သမီးရယ်"

"သမီးကိုရော အဲဒီလိုအိမ်ထောင်တစ်ခုကို ထိန်းသိမ်းစေချင်သလား မေမေ"

"ဒါပေါ့ သမီး…အိမ်ထောင်တစ်ခုကို ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့သူဟာ မိန်းမကောင်း မိန်းမမြတ်ပါပဲ သမီး"

"ဒါဆို မြသားချိုနေတဲ့နေရာနဲ့ ဖုန်းနံပါတ်ကို သိချင်ပါတယ် မေမေ"

"ဟင်…သ…သမီးက ဘာလုပ်မလို့လဲ"

ဒေါ်ဥမ္မာခိုင် အထိတ်တလန့် ဖြစ်သွားလေသည်။ စံထိပ်ထားက





ဒေါ်ဥမ္မာခိုင် စိတ်သက်သာစေရန် ပြုံးလိုက်ပြီး-

"မောင် အခု အကြောင်းအမျိုးမျိုးပြပြီး သွားနေတာဟာ သူငယ်ချင်းတွေဆီကို မဖြစ်နိုင်ဘူး မေမေ…မင်္ဂလာဦးညက သူထွက်သွားခဲ့တာဟာ သူငယ်ချင်းတွေကို သွားတွေ့တာမဟုတ်ဘူး။ မြသားချို ဖုန်းဆက်ပြီးခေါ်လို့ သွားခဲ့တာပါ"

"ဟင်"

"နောက်…သူ အကြောင်းအမျိုးမျိုးပြပြီး သွားနေတာလည်း သူငယ်ချင်းတွေဆီ မဖြစ်နိုင်ပါဘူး မေမေ…မြသားချိုနဲ့ပဲ ပတ်သက်ဆက်နွယ်နေလိမ့်မယ်။ အတိအကျ ပြောနေရတယ်ဆိုတာလည်း အကြောင်းအရင်း ရှိပါတယ်။ သူ သွားတဲ့နေရာကို သမီးကို ဘယ်တော့မှမခေါ်ဘူး။ သမီး သူ့ကို လွှတ်နေတယ်ဆိုတာလည်း သူ ဘယ်လောက်ထိ သွားနေမလဲ သိချင်လို့ပါ"

"သမီး ဒီလောက်ထိ သိနေရဲ့နဲ့ သဘောထားကြီးပေးနေတာကိုတော့ မေမေ လေးစားမိပါတယ်။ သမီး ဘာပဲဖြစ်ဖြစ် အဲဒီလို လွှတ်ထားလို့တော့ မဖြစ်ဘူး။ သား အိမ်ထောင်ကျမှန်းသိရဲ့နဲ့ ခေါ်တွေ့နေတယ်ဆိုရင်တော့ ဟိုဘက်မှာ အကြံအစည်တစ်ခုခု ရှိနေနိုင်တယ်။ မိန်းမကောင်းဖြစ်ရင်တော့ ဒုသနသောကို ကြောက်မှာပဲ သမီး။ မကြောက်ဘဲ ရှေ့ဆက်တိုးနေတယ်ဆိုရင်တော့ အဲဒီထက်ကြောက်စရာကောင်းတာကို လုပ်ရမှာ ဝန်မလေးလို့ပဲ ဖြစ်လိမ့်မယ်"

"သမီးလည်း အဲဒီလိုတွေးမိတယ်။ အဲဒါကြောင့် အဲဒီမြသားချိုဆိုတဲ့ မိန်းကလေးကို သမီး တွေ့ကြည့်မှဖြစ်မယ်ထင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…သူ့ဖုန်းနံပါတ်နဲ့ သူနေတဲ့နေရာတော့ မသိဘူး။ သူ အလုပ်လုပ်တဲ့ကုမ္ပဏီကတော့ ,နေစကြာဆိုတဲ့ ဆောက်လုပ်ရေး ကုမ္ပဏီပဲ"

"နေစကြာ…ဩော်…သိပြီ မေမေ၊ သူ့နာမည်ကို စုံစမ်းလိုက်ရင်ရပါပြီ"

"အင်း…သမီး သွားတွေ့ချင်တယ်ဆို တွေ့လိုက်ပါ။ ဒါမှလည်း သမီးစိတ်ထဲ သံသယရှင်းသွားမှာ"

"ဟုတ်ကဲ့…အဲဒါကြောင့် သမီးလည်း သွားတွေ့မှာပါ မေမေ"

သူမ စိတ်ဆုံးဖြတ်လိုက်သည်။ မြသားချိုကို သွားမတွေ့လို့ မဖြစ်တော့ပေ။ မောင့်ကို သူမ မစွန့်လွှတ်နိုင်မှတော့ မြသားချိုကို စွန့်လွှတ်နိုင်းရုံပဲ ရှိတော့တာပေါ့။





## အခန်း (၂၆)

"မင်း…မြသားချိုဆိုတာ ဟုတ်ပါတယ်နော်"

"ကျွန်မကို တွေ့ချင်တာ ဘာကိစ္စလဲ"

"မင်း ငါ့ကို သိနေတယ်ထင်တယ်…ဘယ်လိုမျိုး"

"မင်္ဂလာဆောင်မှာ တွေ့ဖူးတာပါ"

"မောင်က မင်းကို မင်္ဂလာဆောင်ဖိတ်ခဲ့တာလား"

"ခုညားဖော် အဲဒီလောက် သတ္တိရှိနေရင် ရှင်နဲ့တောင်ရမှာ မဟုတ်ဘူး။ ကျွန်မနဲ့ပဲ လက်ထပ်ဖြစ်လိမ့်မယ်။ အခု ကျွန်မကို လာတွေ့တာက"

"မင်း မောင့်ကို ခဏခဏ ခေါ်တွေ့နေတဲ့ကိစ္စ မင်း ရပ်တန့်ကရပ်ဖို့ တို့ လာပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ချင်း တွေ့နေတယ်ဆိုတာ ကိုက ရှင့်ကို ပြောပြလို့တော့ မဖြစ်နိုင်ဘူး"

"မင်္ဂလာဦးညက လက်ထပ်ထားတဲ့ သတို့သမီးနဲ့ ကြည်နူးပျော်ရွှင်ပြီး အိပ်ရာဝင်ရမယ့်အချိန်မှာ တခြားမိန်းကလေးတစ်ယောက်ကို ချစ်သူတစ်ယောက်လို ဖျောင်းဖျနှစ်သိမ့်နေတဲ့အသံကို ကြားတော့ တို့ အရမ်းကို ကြေကွဲဝမ်းနည်းသွားမိတယ်။ တို့က သူ့ရဲ့ အချစ်ဦး မဟုတ်ပါလားဆိုတာလည်း အဲဒီအချိန်မှ သိလိုက်ရတယ်"

"မိဘချင်း သဘောတူလက်ထပ်ပေးစားတဲ့သူမှာ ရည်းစားဦး အချစ်ဦးရှိနေနိုင်မလားလို့ စုံစမ်းမကြည့်ခဲ့တာ ရှင် အရမ်းညံ့တာပေါ့ စံထိပ်ထား"

"မိဘချင်းသဘောတူလက်ထပ်ပေးစားတာလို့ မင်းကို ဘယ်သူပြောလဲ။ သူက တို့ကို ချစ်တယ်လို့ ဖွင့်ပြောပြီး တို့ဆီက အချစ်ကို တောင်းခံခဲ့တာပါ"

"ဘာ"

မြသားချို ဆတ်ခနဲ ခါသွားလောက်အောင် အံ့ဩသွားသည်။ စံထိပ်ထားကို သူ့အဖေ အတင်းအကျပ် မိဘချင်းသဘောတူပေးစားလို့ မဖြစ်မနေ လက်ထပ်လိုက်ရသည်လို့ထင်တာ။ သူကိုယ်တိုင် ချစ်ခွင့်တောင်း၊ လက်ထပ်ခွင့်တောင်းခဲ့တာတဲ့လား။ မခံစားနိုင်သော စိတ်နှင့် အောက်နှုတ်ခမ်းသားလေးကို ဖိကိုက်မိလိုက်သည်။ စံထိပ်ထားက သူမကို မျက်နှာမလွှဲ ကြည့်နေခဲ့ပြီး-

"ခွန်ညားဇော်က တို့ရဲ့အိမ်ဦးနတ် လင်ယောကျ်ားဖြစ်နေပါပြီ။





လူသိရှင်ကြား တရားဝင်လက်ထပ်ထားတဲ့သူပါ။ သူ့ကို အကြောင်းအမျိုးမျိုးပြပြီး ခေါ်တွေ့နေတာ မင်း ဒုသနသော ကျူးလွန်နေတာ။ မယားရှိလင်နဲ့ ဖောက်ပြန်နေတာပဲ။ မင်းက မကြောက်လို့ ကျူးလွန်ရဲပေမယ့် ခွန်ညားကို မောင့်ကိုတော့ အဲဒီအပြစ်တွေ ကျူးလွန်အောင် မဖြားယောင်းပါနဲ့၊ သွေးမဆောင်ပါနဲ့။ ပြီးတော့ တို့ကိုလည်း မိန်းမသားချင်း ကိုယ်ချင်းစာပေးပါ"

"အဟင်း"

"တို့ကို တကယ်ချစ်တယ်ထင်လို့ လက်ထပ်ဖို့တောင် ကြိုးစားနေလို့ ခွန်ညားဇော်အချစ်ကို တို့ ယုံကြည်ပြီး လက်ထပ်ဖို့ကို လက်ခံခဲ့မိတာပါ။ ငယ်စဉ်ဘဝမှာ ရည်းစားဆိုတာမျိုး ရှိချင်ရှိနိုင်ပေမယ့် သံယောဇဉ်မပြတ်နိုင်အောင် သနားနေရမယ့်ချစ်သူ ရှိနေလိမ့်မယ်တော့ လုံးဝကို မထင်ခဲ့တာပါ။ အခု သူ့မှာ ချစ်သူရှိတယ်၊ သူ့အဖေဆန္ဒတွေနဲ့ တို့ကို လက်ထပ်ရအောင် ကြိုးစားခဲ့တယ်ဆိုတာ သိရပေမယ့် နောက်ကျသွားပြီ။ ဘာမှ ပြင်ဆင်နောက်ဆုတ်လို့ မရတော့ဘူး။ အဲဒီတော့ တို့ကို နားလည်ပေးပါ မြသားချို၊ မင်းတို့အချစ်ကို တို့ ဖျက်ဆီးခဲ့တာ မဟုတ်ဘူး။ လုယူခဲ့တာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုမှလည်း ပြန်ပေးဖို့ မဖြစ်နိုင်တော့ဘူး။ မောင့်ကို သူ့အဖေရဲ့ အပြစ်တင်မခံရအောင် တို့ရဲ့ပြိုပြင်မှုတွေ မခံရအောင် မင်း သူ့ကို တကယ်ချစ်တယ်ဆိုရင် လွှတ်မြောက်ခွင့်ပေးလိုက်ပါ"

စံထိပ်ထား စကားများအတွက် မြသားချို ခနိုးခနဲ့ လှောင်ရယ်သာ-



www.burmeseclassic.com

www.burmeseclassic.com



"အခုချိန်မှာ ကျွန်မက ပိုသနားစရာကောင်းနေတာ မဟုတ်ဘူးလား စံထိပ်ထား။ ချစ်သူက တခြားမိန်းကလေးကို လက်ထပ်သွားလို့ ကျွန်မ အခု အသည်းကွဲနေတယ်။ သူ့အဖေရဲ့ နှိမ့်ချအထင်သေးစော်ကားမှုတွေ၊ သူ ထားရစ်ခဲ့တာတွေကြောင့် ကျွန်မ အရှမ်းသိမ်ငယ်အားငယ်နေရတယ်။ အဲဒီအတွက် သူ့ရဲ့ဖျောင်းဖျနှစ်သိမ့်မှုတွေ၊ သူ့ရဲ့အကြင်နာတွေ ကျွန်မ လိုအပ်နေတယ်။ ရှင်က သူ့ကို တစ်သက်လုံးပိုင်ဆိုင်သွားရမယ့်သူပါ။ ကျွန်မအတွက်က အချိန်အတိုင်းအတာတစ်ခုလောက်အထိပါပဲ။ ရှင် ကျွန်မကိုရော ကိုယ်ချင်းစာပေးသင့်တယ်လို့ မတွေးမိဘူးလား စံထိပ်ထား…ဟင်"

"မင်း ပညာတတ်မိန်းကလေးတစ်ယောက်ပါ။ ဘယ်လိုပဲချစ်သူဖြစ်ခဲ့ဖြစ်ခဲ့ မိန်းမရှိတဲ့ ယောကျ်ားတစ်ယောက်နဲ့ မပတ်သက်သင့်ဘူးဆိုတာ မင်း နားလည်သင့်တယ် မြသားချို"

"ဟင့်အင်း…အဲဒီအသိတွေက ကျွန်မဝေဒနာတွေကို သက်သာအောင် မလုပ်ပေးနိုင်ဘူး။ သူ ကျွန်မအနားမှာရှိနေမှ စိတ်ဖြေသာတယ်။ သူက ရက်စက်ခဲ့တဲ့သူ၊ ထားခဲ့တဲ့သူ။ ကျွန်မ ခံစားရတာတွေသက်သာဖို့ သူ့ကို အသုံးချနေရဦးမှာပဲ စံထိပ်ထား။ ရှင်က ကျွန်မချစ်သူကို ယူထားတာပဲ။ ဒီလောက်လေးတောင် သဘောထားကြီးမပေးနိုင်ဘူးလား"

မထိတထိ မဲ့ပြုံးများဖြင့် မြသားချို မေးခွန်းကြောင့် စံထိပ်ထားခေါင်းယမ်းလိုက်မိသည်။

"အဲဒါမျိုးကို တို့အသိုက်အဝန်းမှာတော့ ကိုယ်ကျင့်တရား





ပျက်ပြားတယ်၊ အိမ်ထောင်ရေးဖောက်ပြန်တယ်လို့ ယူဆကြတယ် မြသားချို…မင်း ဖြားယောင်းလို့ပဲဖြစ်ဖြစ် မောင် စိတ်ပါလို့ပဲဖြစ်ဖြစ် တို့ကတော့ မောင့်ကို အဲဒီလိုလူမျိုး အဖြစ်မခံနိုင်ဘူး။ ဒါပေမဲ့ မောင်က ကိုယ်ကျင့်တရားပျက်ပြားပြီး အိမ်ထောင်ရေးဖောက်ပြန်မယ့် လူစားမျိုးလားဆိုတာတော့ တို့ စောင့်ကြည့်ဦးမှာပါ။ တို့ ထိန်းမရတော့လို့ လွှတ်လိုက်ပြီဆိုရင်တော့ မင်း ရချင်ရမှာပေါ့ မြသားချို"

ခံရခက်လွန်းစွာ မဲ့ပြုံးများက အဆိပ်ရည်များဖြင့် တင်းသွားခဲ့၏။ သူမအပေါ် ဘယ်သူက ညှာတာဖို့ တွေးခဲ့ကြလဲ။ ဦးဥက္ကာဇော်၊ ခံ့ညားဇော်၊ စံထိပ်ထား။

ဦးဥက္ကာဇော်က သူမအပေါ် အညှာအတာကင်းကာ နှိမ့်ချအထင်သေးခဲ့၏။ ခံ့ညားဇော် သူ့အဖေဆန္ဒကြောင့် သူ မချစ်သော မိန်းမကိုလက်ထပ်ခဲ့ရတာပါဆိုပြီး ချစ်သူဖြစ်အောင် ကြိုးစားပြီးမှ လက်ထပ်ခွင့်ကို တောင်းခံခဲ့သည်တဲ့။

စံထိပ်ထားကလည်း စကားလုံးတွေနှင့် အနိုင်ပိုင်းပြီး သူ ထိန်းမရတော့လို့ လွှတ်လိုက်မှ သူမ ရချင်ရလိမ့်မည်ဆိုပါလား။ သူမလို မပြည့်စုံချို့တဲ့သူကို ရေနစ်သူ ဝါးနင့်ကူထိုးနေကြတာပါလေ။

သူမဘက်က ဘယ်သူများ ကိုယ်ချင်းစာပေးကြလို့လဲ။ မပြည့်စုံချို့တဲ့ခဲ့ရသောဘဝကို ပထမဆုံးအကြိမ်အဖြစ် စိတ်နာသွားမိ၏။ ငွေကြေးချမ်းသာ ပြည့်စုံနေလျှင် သူမကို ဘယ်သူမှ မထီမဲ့မြင်လုပ်ရဲမှာ မဟုတ်ပေ။ ပြည့်စုံချမ်းသာအောင် သူမ ဘာလုပ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၇)

"ဗျာ…ထိပ်ထားက အားလုံးသိနေတယ်။ မေမေ့ကို ထိပ်ထား ပြောတာလား"

"သူ အားလုံးပြောပြတာ သား။ မင်္ဂလာဦးညကကိစ္စကအစ သိနေခဲ့တာ။ မေမေဖြင့် အရမ်းကို အားနာမိလို့ ဘယ်လိုပြောရမှန်း တောင် မသိဘူး။ ဒါတောင် နောက်ပိုင်း သူငယ်ချင်းတွေဆီပါလို့ သား လှည့်ပတ်ထွက်နေတာကို ခွင့်ပြုပေးနေခဲ့တယ်။ သား ဘာတွေ လုပ်နေတာလဲ သားရယ်"

စံထိပ်ထား သိနေသည်ဆိုတော့ သူ ဘယ်လိုမျက်နှာပူပြီး အားနာ သွားမိမှန်းမသိပေ။ သိနေလျက်နှင့် မသိချင်ယောင်ဆောင်ပြီး သူ့အပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံပေးနိုင်တာလည်း အံ့ဩစရာကောင်း၏။





ဘယ်လိုမိန်းကလေးက ဒီလိုကိစ္စမျိုးကို ဒေါသမဖြစ် မပေါက်ကွဲ ဘဲ နေနိုင်မှာတဲ့လဲ။

"မြသားကို သွားတွေ့တယ်ဆိုတာကရော မေမေ"

"သားကို အိမ်ထောင်ရေးဖောက်ပြန်မယ့်သူ မဟုတ်ဘူးလို့ သူ ယုံကြည်နေတယ်။ မြသားချိုကသာမခေါ်ရင် သွားမှာမဟုတ်ဘူးပေါ့။ အဲဒါကြောင့် မြသားချိုကို သွားတားတာ"

"ဪ"

စံထိပ်ထား လာတွေ့သွားသည်ဆိုတာ မြသားကလည်း သူ့ကို ပြောမပြပေ။ အရင်လို အကြောင်းတစ်ခုခုပြကာ သူ့ကိုခေါ်တွေ့လျက် မသိလိုက်ဘာသာပဲနေသည်။

"ထိပ်ထားက ဘာတွေပြောခဲ့သတဲ့လဲ မေမေ"

"ဘာတွေပြောခဲ့တာလဲတော့ မသိပါဘူး။ ထိပ်ထားမျက်နှာ တော့ မကောင်းဘူး သား…မြသားချိုက နောက်ဆုတ်မှာမဟုတ်ဘူး လို့တော့ ပြောတယ်"

"သားတို့ ရိုးရိုးသားသား ဆက်ဆံရေးပါ မေမေ။ ချစ်သူဘဝ ကလိုလည်း မဟုတ်ကြပါဘူး။ မြသားက သနားစရာကောင်းပါ တယ်။ ဘာအကြောင်းအရင်း ပြဿနာမှမရှိဘဲ သား စွန့်ပစ်တာလည်း ခံရတယ်။ ဖေဖေက သားသမီးချင်း မစာမနာ မှိုချိုးမျှစ်ချိုး ပြောတာ လည်း ခံရတယ်။ ချို့တဲ့တဲ့သူ့ဘဝကို သူ အရမ်းကို အားငယ်သွားခဲ့ တယ်။ သူသာ ပြည့်စုံနေရင် ဒီလိုမျိုးတွေ ဖြစ်မှာမဟုတ်ဘူးမဟုတ် လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဒါပေါ့၊ မိန်းမသားချင်း မေမေ ကိုယ်ချင်းမစာလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သားက အိမ်ထောင်သည်ဖြစ်နေပြီ။ မြသားချိုကို ဘယ်လောက်ပဲ နှစ်သိမ့်အားပေးချင်နေပါစေ ဇနီးမယားဖြစ်တဲ့ စံထိပ်ထားမျက်နှာကို ကြည့်ရမယ်…သား။ ထိပ်ထား ပြဿနာရှာရင် သားအဖေ သိသွားမယ်။ ဒါဆိုရင် ဘယ်လိုတွေ ဖြစ်သွားမလဲ၊ သား တွေးမိရဲ့လား"

"သား နားလည်ပါတယ် မေမေ…ထိပ်ထားကို သား အားလည်းအားနာမိပါတယ်။ ဒါပေမဲ့ မြသားနဲ့ပတ်သက်ပြီး သား စိတ်သန့်တယ်။ ဖောက်ပြန်မယ်ဆိုတဲ့စိတ်နဲ့ သား မြသားကို ပတ်သက်နေတာ မဟုတ်ဘူးဆိုတာ သား သစ္စာဆိုရဲပါတယ်။ သူ့အတွက် အချိန်အတိုင်းအတာတစ်ခုအထိတော့ အားပေးသင့်တယ်လို့ ထင်မိတယ်။ သူက အစိမ်းလတ်လတ် အသည်းခွဲခံလိုက်ရတာပါ"

"မေမေ စာနာပါတယ် သား…ချစ်သောသူနှင့် ကွေကွင်းရတဲ့ ဒုက္ခ၊ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းရတဲ့ဒုက္ခတွေ မေမေ နားမလည်လို့မှမဟုတ်တာ သားရယ်…မြသားချို ဘယ်လောက်တောင် ပူလောင်နေရမယ်ဆိုတာ မေမေ သိပါတယ်။ ဒါပေမဲ့ သားကို ချစ်နေတဲ့ စံထိပ်ထားရော ဘယ်လောက်တောင် ခံစားနေရမလဲ သား…မေမေကတော့ မြသားချိုထက်မကတောင် သမီးထိပ်ထား ခံစားနာကျင်နေရလိမ့်မယ်လို့ ထင်မိတယ်"

"ဗျာ"

"သား စဉ်းစားကြည့်ပါ။ သားက သူ့ကို တကယ်ချစ်လို့





ပတ်သက်အောင် ကြိုးစားခဲ့တယ်။ လက်ထပ်ဖို့အထိ ခွင့်တောင်းခဲ့တယ်လို့ ယုံကြည်ပြီး သားကို လက်ထပ်ခဲ့တာပါ။ ဒါပေမဲ့ သူ့ယုံကြည်ချက်တွေက မင်္ဂလာဦးညကတည်းက ပျက်စီးသွားခဲ့ရတယ်။ မင်္ဂလာဦးညမှာ ချစ်သူလင်ယောကျ်ားနဲ့ ကြည်နူးရင်ခုန်နေရမယ့်အချိန်မှာ တခြားမိန်းကလေးကို နှစ်သိမ့်ဖြေသိမ့်ပြီး ကိုယ့်ကိုတောင် အကျိုးအကြောင်းမပြောနိုင်ဘဲ တစ်ညလုံး အတူသွားနေခဲ့တာကို"

"မေမေ"

ထိပ်ထားရင်ထဲ ဝင်ကြည့်စရာမလို။ သူ နင့်နေအောင် ခံစားလိုက်ရသည်။ သူ ဘာတွေမှားနေလဲ။ ဘယ်သူ့အတွက် သူ့ဘဝကို ပေးဆပ်စွန့်လွှတ်ရမှာလဲ။ ဘယ်သူ့အပေါ်မှာ အညှာအတာ ကင်းမဲ့စွာ ရက်စက်နေမိခဲ့တာလဲ။

"သား ကုမ္ပဏီပြန်သွားတော့မယ် မေမေ…မေမေက ပြောစရာရှိတယ်ဆိုလို့ ကုမ္ပဏီကနေ ခဏဆိုပြီး သား ထွက်လာလိုက်တာ။ ထိပ်ထား မျှော်နေတော့မယ်ထင်တယ်"

"သားအဖေကလည်း အပြစ်တင်ချင်တင်နေဦးမှာ။ ဒီစကားတွေက သားအဖေရှေ့မှာရော၊ စံထိပ်ထားရှေ့မှာရော ပြောလို့မကောင်းတဲ့စကားတွေမို့ပါ သားရယ်…မေမေ ဟင်းတွေချက်ထားတယ် သား။ သားတို့ကုမ္ပဏီမှာ စားလို့ရတယ်ဆိုပေမယ့် သားအဖေနဲ့ ထိပ်ထားက သားအပြင်ထွက်တာကို မယုံမှာစိုးလို့ သား ယူသွားလိုက်ပါ"

"ဟုတ်…ကျေးဇူးတင်ပါတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေက အပြစ်တင်မခံရအောင် ဆင်ခြင်တုံတရားတွေရှိနေသော်လည်း သူကတော့ ဆင်ခြင်မှုမဲ့ကာ လုပ်ချင်တာတွေ လုပ်နေခဲ့သလို ဖြစ်နေခဲ့သည်။ ထိပ်ထားအပေါ် ရက်စက်ချင်တာ မဟုတ်ပါ။ ခံစားစေချင်သည့်ဆန္ဒတွေလည်း ရှိမနေခဲ့ပါ။ ထိပ်ထားလည်း ဘာမှမသိ၊ အပြစ်မရှိရှာသည့် မိန်းကလေးမဟုတ်လား။

ဖေဖေ့ရဲ့ဆန္ဒများနှင့် သူ့ရဲ့ မလွန်ဆန်ရဲသည့် အကြောက်တရားတွေအောက်မှာ အဖြည့်ဆည်းခံတစ်ယောက် ဖြစ်သွားခဲ့ရတာပါ။ ထိပ်ထားဆီ ရောက်ချင်စောဖြင့် သူ့ကားလေးကို အရှိန်မြှင့်ကာ မောင်းနေမိသည်။

သို့ကြောင့် ခါတိုင်းမောင်းနေကျအချိန်ထက် ဆယ်မိနစ်ခန့်စောကာ ရောက်သွား၏။ ဒီနေ့ကျမှ ကုမ္ပဏီလှေကားထစ်တွေနှင့် ဓာတ်လှေကားတက်ရတာ နှေးကွေးနေသည်ဟု ထင်မိသည်။

"ထိပ်...ထိပ်ထား...ဟို...ထမင်းစားပြီးပြီလားဟင်။ ဒီမှာ မေမေက ဟင်းတွေ ထည့်ပေးလိုက်တယ်။ မေမေ ဟင်းထည့်တာ စောင့်နေလို့ နည်းနည်းကြာသွားတာ ထိပ်ထားရဲ့"

သူ အမောတကောနှင့် မနားတမ်း ပြောလိုက်မိသည်။ ထိပ်ထားက ပြုံးနေလျက်-

"ထိပ်ထားက မောင် ဒီလောက်အချိန်နဲ့ ပြန်ရောက်မယ်တောင် မထင်သေးဘူး။ မောင် ပြန်ရောက်တာ မြန်သားပဲ မောင်ရဲ့"

အဲဒီလို အပြစ်မတင်ဘဲ သဲသယကင်းနေသည့် မျက်နှာလေးက သူ့ကို ပိုပြီးအနေရခက်စေသည်။ ချိုင့်တွေကို သူ ဖွင့်ဖို့ပြင်လိုက်သည့်





အချိန်မှာ-

"ဖေဖေ့ကို အရင်သွားကျွေးလိုက်ပါလား။ ကုမ္ပဏီက ထမင်းဟင်းပဲ စားနေရတာဆိုတော့ မေမေ ထည့်ပေးလိုက်တာဆိုရင် ဝမ်းသာနေမှာ"

"ထိပ်ထား...ဗိုက်ဆာ"

"ထိပ်ထားက ရပါတယ်။ ပြီးမှ မောင်နဲ့ အတူတူစားမယ်လေ"

"အင်း...ဒါဆို ဖေဖေ့ကို အရင်သွားပေးလိုက်မယ်နော်"

သူ ဗျာယာခတ်နေမိသည်။ ထိပ်ထားအပေါ်လည်း သူ ကောင်းတာလေးတွေ လုပ်ပေးချင်နေမိ၏။ သူ့ကို တကယ်ချစ်လို့သာ သူမ လက်ထပ်ခဲ့တာ မဟုတ်ပါလား။ သူမကို တကယ်ချစ်ခဲ့သည် ထင်လို့ ယုံကြည်ပြီး လက်ခံခဲ့တာဆိုသည့်အတွက်လည်း သူ အရမ်းအားနာမိသည်။

သူက သူမအချစ်ကို လိမ်ညာဟန်ဆောင်ယူခဲ့မိခြင်း မဟုတ်ပါလား။ ဖေဖေက ရုံးခန်းနှင့်ကပ်လျက်က ထမင်းစားခန်းထဲမှာ ထမင်းစားဖို့အတွက် ရောက်နေသည်။ ဝန်ထမ်းလေးတွေက ဖေဖေ ထမင်းစားဖို့အတွက် ပြင်ဆင်ပေးနေကြ၏။ ပြီးမှ အပြင်ကို ထွက်သွားကြသည်။

"မေမေက ဟင်းတွေ ထည့်ပေးလိုက်တယ် ဖေဖေ"

"မင်းက အိမ်ကို ဘာကိစ္စသွားတာလဲ"

"မေမေက ဖေဖေ့စကားနားထောင်ဖို့ အနေအထိုင်ဆင်ခြင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြောတာပါ''

''အဲဒါ ငါလည်း ထပ်သတိပေးမယ်၊ ထိပ်ထားရှေ့မှာ ပြဿနာတက်အောင် ငါ အများကြီး မပြောချင်ဘူး။ မင်း ဘယ်ခြေလှမ်း လှမ်းနေတယ်ဆိုတာ ငါ မသိဘူးမထင်နဲ့။ မင်းထက် လူရည်လည်လို့ မင်းအဖေလုပ်နေတာ။ သမီးထိပ်ထားသိလို့ ပြဿနာတက်ရင် မင်း မလွယ်ဘူးမှတ်''

''ဟုတ်ကဲ့ပါ ဖေဖေ''

ထိပ်ထား သိနေပါသည်ဆိုတာ သူ မပြောရဲ။ ဖေဖေက မျက်ခုံးနှစ်ခု တွန့်ချိုးလျက် သူ့ကို သဘောမကျစွာ ကြည့်နေလျက်နှင့်ပင်-

''အခု နိုင်ငံခြားသားတွေနဲ့ အလုပ်လုပ်နေရတဲ့အချိန် ငါခိုင်းတဲ့ကိစ္စကလွဲရင် မင်း အပြင်ကို လုံးဝမထွက်နဲ့...ကြားလား''

''ဟုတ်ကဲ့''

''သွား...ထိပ်ထားကို ထမင်းတစ်ခါတည်းစားရအောင် ခေါ်လာခဲ့။ လုပ်ငန်းကိစ္စလည်း ပြောစရာရှိတယ်''

သူ ထိပ်ထားကို အမြန်သွားခေါ်ရသည်။ ထိပ်ထားက ဖေဖေခေါ်သည်ဆိုတော့ မငြင်းဘဲ တန်းခနဲ လိုက်လာ၏။ ကုမ္ပဏီမှာဆို ဖေဖေနှင့် တစ်စားပွဲတည်း တစ်ခါမှ ထမင်းမစားဖူးကြပါ။ ဖေဖေ စားပြီးမှသာ စားဖြစ်ကြသည်။

''သမီး...ထိုင်...ထမင်းထည့်''

''ဟုတ်ကဲ့ ဖေဖေ''

ထိပ်ထားက သူ့အတွက်ပါ ပန်းကန်ပြားထဲ ထမင်းထည့်ပေး





သည်။ ဟင်းတွေကိုလည်း ဖေဖေ့ပန်းကန်ထဲနှင့် သူ့ပန်းကန်ထဲကို ဦးချသည်။ သူ့မှာ အပြစ်တွေရှိပါလျက်နှင့် အပြစ်ဆိုတာ တစ်ခွန်းမှ မပြောဘဲ ဇနီးမယားကောင်း ပီသပေးသည့် ထိပ်ထားအပေါ် သူ လင့်ဝတ္တရားတွေ ပျက်ကွက်နေခဲ့မိတာ အမှန်ပင်။

''သမီးအဖေနဲ့ ဖေဖေ ဖုန်းပြောဖြစ်တယ်။ အခု လက်တွဲလုပ်နေတဲ့ ပညာရှင်တွေရဲ့ နေထိုင်စားသောက်စရိတ်ပါ တာဝန်ယူပေးရမယ်။ ဒီခိုင်းကိစ္စ မပြီးမချင်း ဟိုတယ်မှာပဲ နေကြမှာဆိုတော့ စရိတ်သက်သာဖို့ဆို ဒီခိုင်းက အမြန်ပြီးဖို့လိုတယ်။ အဲဒါ သမီးနဲ့သား အားစိုက်မှဖြစ်မယ်''

''ဟုတ်ကဲ့...သမီးတို့လည်း အဲဒီလို တွေးထားပါတယ်။ သူတို့က နိုင်ငံတကာက အဆောက်အဦးပုံစံတွေကို လက်တွေ့ရေးဆွဲပေးပြီး ဆောက်နေကြတဲ့ ပညာရှင်တွေဆိုပေမယ့် သမီးတို့မှာလည်း လေ့လာထားတာတွေ အများကြီးလိုအပ်တာနဲ့ ဖြစ်ချင်တာကို ညှိနှိုင်းဖို့အစ ဆွေးနွေးတိုင်ပင်ပြီး စိတ်ကြိုက်ဖြစ်ပြီဆိုမှ ပုံစံငယ်ပြခန်းအတွက် အစီအစဉ်ဆွဲမယ်''

''အဲဒါဆိုရင် နေ့ဘက်မှာ သူတို့လုပ်ထားသမျှကို မောင်တို့က ညဘက်မှာ ဒီခိုင်းထိုင်ပြီး ပြန်စစ်မယ်။ လိုအပ်တာနဲ့ လုပ်ချင်တာကို သူတို့ကို ပြန်တင်ပြတာပေါ့''

''ဒါဆို သားနဲ့သမီး ကုမ္ပဏီမှာ အချိန်ပိုဆင်းရတော့မှာပေါ့။ သားနဲ့သမီး အဲဒီလိုကြိုးစားပေးမယ်ဆိုရင် ဖေဖေကတော့ ကျေးဇူးတင်ပါတယ်။ ဖေဖေ့အတွက် လုပ်ငန်းကြီးလုပ်ဖြစ်တယ်ဆိုတော့ ဒါပထမ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးအကြိမ်ပဲ။ အရင်က ဒါမျိုးအကြီးကြီးလုပ်နိုင်တဲ့လူတွေကို မျှော်ကြည့်ပြီး အားကျခဲ့ရတာ။ လုပ်ချင်စိတ်၊ ဖြစ်ချင်စိတ်ရှိခဲ့ပေမယ့် ငွေအင်အား၊ အသိုက်အဝန်းအင်အားမရှိတော့ ဘာမှမတတ်နိုင်ခဲ့ဘူး။ အဲဒါကြောင့် အခု ဖေဖေ့မှာရှိသမျှ ရင်းနှီးပုံအောလိုက်တာ။ သမီးကလည်း သမီးပိုင်ဆိုင်သမျှငွေတွေ ထည့်တယ်။ ဦးမိုးကောင်းကလည်း ကူညီထားတယ်ဆိုတော့ အားလုံးကို ဖေဖေကတော့ အရမ်းကျေးဇူးတင်တယ်"

ဦးဥက္ကာဇော် စကားအရှည်ကြီးကို ပီတိဖြင့်ပြောပြီး ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရတော့မှာမို့ ပြုံးပျော်နေလေသည်။ ဒီလိုအဆောက်အဦးအကြီးကြီးကို ကိုယ်တိုင် တည်ဆောက်ချင်တာ ကိုယ့်ရဲ့အိပ်မက်ပါ။ ဦးမိုးကောင်းကို ပြိုင်ဆိုင်လို့မရမှန်းသိပေမယ့် အားကျရင်းဖြင့် ရန်သူလိုလည်း အောက်မေ့ခဲ့သည်။ ပြိုင်ဘက်လိုလည်း သဘောထားခဲ့သည်။

ဦးမိုးကောင်းရဲ့သမီးကို သားကိုလည်း ရအောင်ယူနိုင်းခဲ့၏။ အခုတော့ ဦးမိုးကောင်းရဲ့အကူအညီများဖြင့် ဖြစ်ချင်တာတွေ ဖြစ်ခွင့်ရတော့မည်။ ကိုယ်ကသာ တစ်ဖက်သတ် စိတ်ခုတ်တွေ ယုတ်ညံ့နေခဲ့တာ။ ဦးမိုးကောင်းတို့မိသားစုကတော့ အရမ်းကို စိတ်သဘောထားပြည့်ဝကြသည်။ ဒါကြောင့်မို့ပဲ အရာရာဖြစ်ချင်တာ ဖြစ်ခွင့်ရပြီး အောင်မြင်နေခဲ့တာလား။ ကိုယ်လည်း အဲဒီလိုဖြစ်ဖို့ဆိုလျှင်…





# အခန်း (၂၈)

"ထိပ်ထား…ဘာစားချင်လဲ၊ မောင် ဘာသွားဝယ်ပေးရမလဲ ထိပ်ထား"

"ရပါတယ် မောင်…ထိပ်ထား ဗိုက်မစာသေးပါဘူး။ မောင်က ဆာနေပြီလား"

"အချိန်မှမနည်းတော့တာ…ညကိုးနာရီကျော်နေပြီ။ အိမ်မှာဆို ညခုနစ်နာရီလောက်ဆို စားကြတာပဲ"

"ဒီမှာက အလုပ်လုပ်နေတော့ ဆာမှန်းဘယ်သိတော့မလဲ မောင်ရဲ့။ ဖေဖေက အရမ်းမျှော်လင့်နေတော့ လိုအပ်မှုမရှိအောင် သေချာလေး လုပ်ချင်လို့ပါ။ ပညာရှင်တွေ ဆွဲထားတဲ့ဒီဇိုင်းကလည်း ကောင်းပေမယ့် ထိပ်ထား လေ့လာထားတာလေးတွေနဲ့ ထည့်ပေါင်းချင်တယ်။ လူတွေ ပိုပြီးစိတ်ဝင်စားအောင်ပေါ့"

"မောင်က ထိပ်ထားလောက် အမြင်မရှိပါဘူး။ ဘယ်သူဘာလုပ်လုပ် ကောင်းတယ်ပဲထင်နေတာ။ အခု ထိပ်ထားနဲ့ အတူတူလုပ်နေတော့ ဘာထပ်လုပ်ရရင် ကောင်းမလဲဆိုတဲ့အတွေးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတယ်"

"မောင် အခုလို အပင်ပန်းခံနေတဲ့အတွက် မောင့်အဖေက အကောင်းမြင်လာတော့မှာပါ။ ဒါကြီး အကောင်အထည်ဖော် အောင်မြင်သွားပြီဆိုရင် လုပ်ငန်းတွေ မောင့်ကို လွှဲပေးတော့မယ်လို့ ပြောနေတာ။ သူ အရမ်းကို ယုံကြည်ချက်ရှိနေလို့ပဲ။ မောင် သေချာ လေးသာ ကြိုးကြိုးစားစား လုပ်ပြလိုက်ပါ"

စံထိပ်ထားက သူ့ကို ဖေဖေနှင့်အဆင်ပြေစေချင်တာ တကယ့် စေတနာအစစ်အမှန်ပဲ ဖြစ်လိမ့်မည်။ ဒါကြောင့်မို့ မြသားနှင့်ပတ်သက် တာကို မသိချင်ယောင်ဆောင်၊ ပြဿနာမရှာခဲ့တာပေါ့။

"မောင် ထိပ်ထားကြိုက်တဲ့ အသားပေါင်း သွားဝယ်လိုက်ရ မလား ထိပ်ထား။ အရမ်းနောက်ကျနေရင် ထိပ်ထား အစာအိမ်တွေ ဘာတွေ ထိခိုက်နေမယ်"

"ထိပ်ထားတို့ ဆယ်နာရီလောက်ပြန်ပြီး အပြန်မှာ ဝင်စားလိုက် ရင် မကောင်းဘူးလား မောင်…ညလယ်စာ ဖြစ်သွားတာပေါ့"

"မောင်…အိမ်ကို ပြန်မလိုက်တော့ဘူး ထိပ်ထား။ ဒီည ဒီမှာပဲ အိပ်လိုက်တော့မယ်။ ပညာရှင်တွေနဲ့ ထိပ်ထား လုပ်ထားတာတွေကို မောင် ပြန်ပြီးကြည့်ချင်တယ်။ ပြီးတော့ နိုင်ငံတကာရော ပြည်တွင်း မှာရော အဆင့်အတန်းမြင့် ဘယ်လောက်ထိလုပ်ထားလဲ ပြန်ကြည့် မယ်။ အစွမ်းကုန် အဆင့်မြင့်လုပ်ထားတဲ့အပေါ်မှာ မောင် ထပ်လုပ် ချင်တဲ့စိတ်ရှိမလဲ စဉ်းစားကြည့်မယ်။ ပြီးမှ ဘယ်သူမှမလုပ်ဖူးတာကို မောင် ထပ်ဖြည့်မယ်။ အခု လုပ်ထားတာက အတွင်းအပြင် ဒီဇိုင်းကို





နိုင်ငံတကာအဆင့်မီ လုပ်ထားတာမှန်တယ်၊ ရေကူးကန်ပါမယ်၊ ကလေးကစားကွင်းပါမယ်၊ ဈေးဝယ်စင်တာပါမယ်၊ ကားပါကင် ရှိမယ်၊ ဒါကိုပဲ သူများထက် ထူးခြားအောင် အဆင်တန်ဆာဒီဇိုင်းတွေ ထပ်ဖြည့်မှာ။ မောင်က အဲဒီရေကူးကန်ဘေးမှာ ဘန်ဂလိုပုံစံငယ်လေး တွေနဲ့ အရက်ဘားလေး ထည့်ချင်တယ်။ နောက်တစ်ဖက်ခြမ်းမှာ ကော်ဖီဘားပေါ့။ ကိုယ့်အထဲမှာ လာနေမယ့်သူတွေ အပြင်ထွက်ပြီး ဓိမ်မခံရအောင် စည်းရုံးမှုတစ်ခုပေါ့။ ဒီထဲမှာ လာနေမယ့်သူအားလုံး ငွေကြေးပြည့်စုံပြီး သုံးနိုင်ဖြုန်းနိုင်မယ့်သူချည်းပဲလေ"

"မောင့်အတွေးက ကောင်းလိုက်တာ။ တခြားစားသောက်ဆိုင် ဖွင့်စရာမလိုအောင် ကိုယ့်ရဲ့စီးပွားရေးလည်း ဖြစ်သွားမယ်။ ဒါဆိုရင် အိမ်ပြန်ရောက်တာနဲ့ မောင့်ရဲ့စိတ်ကူးကို ဖေဖေ့ကို ပြောပြလိုက်ပါ့ မယ်။ မောင် အဲဒီအတွက် ရေကူးကန်ကို ဘယ်နေရာမှာထားမယ်၊ ဘာတွေလုပ်မယ်ဆိုတာ ဒီဇိုင်းရှာနေတယ်။ ပညာရှင်တွေကို တင်ပြဖို့ ကြိုးစားနေတယ်ဆိုရင် ဖေဖေ ကျေနပ်မှာပါ"

"အင်း…မောင် စိတ်ကူးရှိနေလို့ တတ်နိုင်သလောက် ကြိုးစား ကြည့်ပါ့မယ်"

"ဒါဆို ထိပ်ထား ပြန်လိုက်မယ် မောင်။ အစားအသောက် အတွက် မောင် လိုက်ဝယ်ဦးမှာလား"

"ဟင့်အင်း…ဒီမှာရှိတဲ့ ပေါင်မုန့်နဲ့ကော်ဖီပဲ မောင် သောက် လိုက်တော့မယ်။ အလုပ်က စိတ်ကူးရှိတုန်း လုပ်မှကောင်းတာ"

"ဟုတ်ပြီ…မောင်၊ ဖေဖေကတော့ မောင် အလုပ်ကြိုးစားနေ



www.burmeseclassic.com

www.burmeseclassic.com



တာ ကျေနပ်နေမှာပါ''

သူလည်း ပီတိဖြင့် ပြုံးဖြစ်ပါသည်။ သူ အသုံးမကျခဲ့လို့သာ ဖေဖေ အားမလိုအားမရ မကျေမနပ်တွေ ဖြစ်ခဲ့တာဖြစ်မည်ဟု တွေးမိသည်။ ကွန်ပျူတာကနေ မျက်နှာမခွာဘဲ အားလုံးကို ပြန်ဆန်းစစ်ပြီး ပညာရှင်တွေ လုပ်ထားတာနှင့် ထိပ်ထားလုပ်ထားတာတွေအားလုံး ပြန်ကြည့်နေမိ၏။ အားလုံး ဒီနိုင်းသုံးမျိုးလောက်ဖြစ်ပြီး စိတ်တိုင်းမကျ မချင်း ပညာရှင်တွေက တာဝန်ယူမည်ဖြစ်သည်။

အခု အားလုံးပြီးသလောက်ရှိနေပြီး လိုချင်သည့်ပုံစံတွေ ထပ်ဖြည့်ကာ အစည်းအဝေးထိုင် ဆုံးဖြတ်ချက်ချရန် ပုံစံငယ်ထုတ်လုပ်ကာ ရှယ်ယာရှင်ခေါ်၊ ကြိုပွဲဝင့်ဝယ်မည့်သူတွေကို စည်းရုံးဖို့သာ ကျန်တော့သည်။

ဒါလည်း သူနှင့်စံထိပ်ထားတို့ နေ့မအား ညမအား အားထုတ် ကြိုးစားခဲ့တာကြောင့်ပါ။ စံထိပ်ထားက သူ့အပေါ် မငြိုမငြင် အပြစ် တွေမမြင်ဘဲ ဖေဖေ့ဆီက ယုံကြည်မှုတွေရအောင် ကြိုးစားပေးနေသည် ဟု မြင်မိသည်။ ဒါကြောင့် အခုတလော မြသားနှင့်တောင် အဆက် အသွယ်မလုပ်ဖြစ်ပါ။ ဆေးရုံကဆင်းပြီး စံထိပ်ထား သွားတွေ့ပြီး ကတည်းက မြသားလည်း ငြိမ်နေသလိုပင်။ မြသားနှင့် ဒီအတိုင်းလေး ပြီးသွားလျှင် ထိပ်ထားနှင့်ရော ဖေဖေနှင့်ရော ဘာပြဿနာမှတက်စရာ အကြောင်းမရှိတော့ပေ။

''တု…တူ…တူ''

''ဟင်''





ညဆယ့်တစ်နာရီကျော်မှ ဘယ်ကဖုန်းက လာရပြန်တာလဲ။ ထိပ်ထား မအိပ်သေးလို့ သူ့ဆီ ဖုန်းလှမ်းဆက်တာများလား။ သူ့မှာ အပြစ်တွေရှိနေပေမယ့် ထိပ်ထားက ဖနီးမယားဝတ္တရား ကျေပွန်သူပါ။

''ဟင်''

ထိပ်ထားဆီက မဟုတ်။ မြသားဖုန်းနံပါတ် ဖြစ်နေသည်။ မြသားဆီမှာ ဘာအကြောင်းတွေရှိလို့ ဒီအချိန်ကြီး ဆက်ရပြန်တာလဲ။ ထိပ်ထားရှိနေလျှင် ဘယ်လိုလုပ်မလဲ။ မြသားဆီမှာ ဘာအကြောင်းပဲ ရှိရှိ မသွားဖြစ်အောင်နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

''ဟယ်လို…မြသား ဘာကိစ္စရှိလို့လဲ''

''မြသားမှာ ကိစ္စရှိမှပဲ ဆက်ရမှာလား ကို''

''အဲဒီလိုလည်း မဟုတ်ပါဘူး မြသား။ ဆက်တဲ့အချိန်ကို လည်း ကြည့်ဦးလေ။ ကိုသာ အိမ်မှာဆိုရင် ထိပ်ထားနဲ့ ခုတင်ပေါ်မှာ အတူရှိနေမယ့်အချိန် မဟုတ်လား။ ထိပ်ထား ဘယ်လိုထင်သွားမလဲ မြသား''

''ဟင်…အခု ကိုက အိမ်မှာမဟုတ်ဘူးဆိုတော့''

''ကုမ္ပဏီရုံးခန်းထဲမှာပါ။ ဦးမိုးကောင်း ကူညီထားတဲ့ ပရောဂျက်အတွက် ဖေဖေ ကျေနပ်အောင် ကို အလုပ်လုပ်ပေး နေတာ''

''ဒီအချိန် ဒီလောက်ထိ ကြိုးစားနေရတယ်ဆိုတော့ အသေး အမွှားကိစ္စလောက်တော့ မဟုတ်ဘူးထင်တယ်''

''ဖေဖေ့အတွက်တော့ ဒါဟာ ပထမဆုံး အကြီးမားဆုံးကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ သူများကိုပဲ အားကျမနာလိုဖြစ်ခဲ့ရတဲ့ ကိစ္စကြီးကို ကိုယ်တိုင် အကောင်အထည်ဖော်နိုင်တော့မှာပေါ့လေ"

"ကို့အဖေအတွက် အဲဒီလောက်ကြီးမားတဲ့ကိစ္စကို တာဝန်ယူ ပေးနေရလို့ မြသားကို မေ့ထားနိုင်တာလား ကို"

"မြသားရယ်...ကိုယ်တို့က သတိရရင်တောင် သတိမရသင့် တော့တဲ့သူတွေပါ။ မြသားအတွက် တတ်နိုင်သလောက် လုပ်ပေးပြီး ပြီလို့ ထင်ပါတယ်"

"ဒီလောက်လေးနဲ့ မြသားဝေဒနာတွေ သက်သာသွားလောက် ပြီလို့ ထင်နေတာလား ကို"

"ကိုတို့ကိစ္စ ထိပ်ထား သိနေပြီ မြသား။ ကို့ကို ဘာမှမပြော ပေမယ့် မေမေ့ဆီမှာ မေးခွန်းတွေ ထုတ်ခဲ့တယ်ထင်တယ်"

"မြသားဆီကိုတော့ လာသွားခဲ့ပါတယ်။ မယားကြီး တစ်ယောက် ပြောသင့်တဲ့စကားတွေ ပြောသွားခဲ့တယ်"

"ဟင်"

အစကမပြောဘဲ အခု စကားတိုက်ဆိုင်လို့ မြသား ပြောခြင်း ဖြစ်သည်။ မြသားဆီမှာ အမျိုးမျိုး အပြစ်တင်အထင်သေးခံနေရသည့် အတွက် ခံစားချက်တွေတော့ ရှိနေမှာပါ။ ထိပ်ထားကရော ဘယ် လောက်ထိတောင် ပြောသွားခဲ့လဲ။

"ဘာပဲဖြစ်ဖြစ် ထိပ်ထားဘက်က ကြည့်မယ်ဆိုရင်လည်း မြသားနဲ့ လာတွေ့သင့်လို့ တွေ့တာထင်ပါတယ်။ ဒါပေမဲ့ ထိပ်ထား က ကိုယ်ချင်းစာစိတ်လေးတော့ ရှိပါတယ်"





"မချစ်ဘဲ လက်ထပ်ခဲ့တဲ့ မိန်းမဘက်က ကာကွယ်ပေးတတ် နေပါပြီရောလား ကို"

မြသားဆီက ခနဲ့စကားအတွက် သူ အရင်ကလောက် မခံစားရ တော့ပေ။ မြသားအတွက် ရင်မှာနာကျင်ရသည်ဆိုလည်း ထိပ်ထား အတွက်ပဲ တွေးပေးရတော့မှာပါ။

"ကို...ဖုန်းချလိုက်တော့မယ် မြသား...လုပ်စရာလေးတွေ ရှိသေးလို့ပါ"

"ဟင့်အင်း...နေဦး..ကို။ မြသား ကိုနဲ့ အရမ်းတွေ့ချင်တယ်။ မြသား ဘယ်လိုမှကို အိပ်လို့မရလို့ ဖုန်းဆက်လိုက်တာပါ"

"ကို မအားဘူး မြသား...ကုမ္ပဏီမှာ အလုပ်လုပ်နေတာပါ"

"ဒါဆို ကို့ဆီကို မြသား လာတွေ့မယ်လေ။ ကို့မျက်နှာကို ခဏလောက်ဖြစ်ဖြစ် မြသား တွေ့ချင်လို့ပါ"

"မြသားရယ်...ဒီအချိန်ကြီး ဘယ်လိုလုပ် တွေ့လို့ကောင်းမှာ လဲကွာ"

"မြသား ဘယ်လိုမရိုးမသားတွေများ တောင်းဆိုနေလို့လဲ ကို... အခုချိန်ထိ မြသား နာကျင်လာခဲ့ရတဲ့ဝေဒနာတွေအတွက် ကို့ကို မျက်ရည်သုတ်ပေးပါ၊ ထွေးပွေ့ပေးပါလို့ မရှက်မကြောက် ပြောခဲ့ဖူး တာ ရှိသလား။ ကိုနဲ့ ခဏတာ အတူတည်ရှိမှုလေးနဲ့ပဲ မြသား ဖြေသိမ့်နေခဲ့တာပါ။ ဒါလေးတောင် မလိုက်လျောတော့ရင် ကို ရက်စက်လွန်းရာမကျဘူးလားဟင်"

"မြသားရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမှာ အေးကျုပ်နဲ့ကျုပ် စိတ်မွန်းကျပ်ရပြန်သည်။ ဘယ့်လိုလုပ် မြသားနှင့် ပြီးပြတ်အောင် ဖြတ်ရမလဲ။ တကယ်ဆို လွန်ခဲ့တာက သူပါ။

သတ္တိနည်းစွာ ထားရက်ခဲ့သလို ဖေဖေကလည်း စကားလုံးတွေနှင့် အထင်သေးစော်ကားခဲ့သည်။ ထိပ်ထားကရော ဘယ်လောက်တောင် စကားလုံးတွေနှင့် တိုက်ခိုက်ခဲ့မလဲ။ မြသားဘဝက သနားစရာတော့ကောင်းပါသည်။ ဒီဒဏ်ရာနာကျင်မှုတွေအတွက် သူနှင့် ခဏတာလေး တွေ့ရရုံနှင့် ဖြေသိမ့်နေခဲ့တာ။

သူ ခွင့်ပြုပေးလိုက်မိလား၊ မပေးမိလား မသိပေ။ နာရီဝက်လောက်အကြာမှာ ရုံးခန်းတံခါးခေါက်သံ ကြားလိုက်ရသည်။ သူ ထိတ်ခနဲ ဖြစ်သွားသလိုရှိရင်း တံခါးသွားဖွင့်ပေးလိုက်ရသည်။

"မြသား"

"ကိုတစ်ယောက်တည်းရှိမှန်းသိရင် မြသား အစောကြီးကတည်းက လာခဲ့ပါတယ်"

"ဒီနေရာက မြသား မလာသင့်တော့တဲ့နေရာမှန်း မြသား သိပါတယ်။ ဖေဖေသိရင်…ထိပ်ထားသိရင်"

"အခုချိန်မှာ ကို့အတွက် သူတို့တွေကသာ အရေးကြီးတယ်ဆိုတာ မြသား သိပါတယ်။ မြသားလည်း ကို့ဆီက ဘယ်လိုတောင်းဆိုမှုမျိုးမှ မလုပ်ချင်တော့ပါဘူး။ ဒါပေမဲ့ မြသားက ကို့အပေါ် ဘာတွေလုပ်ခဲ့လို့ ကို့အဖေနဲ့စံထိပ်ထားက မြသားကို အပြစ်တွေ ပြောနေကြတာ၊ မပြည့်စုံမှုက မြသားကို အထင်သေးဖို့ ဖြစ်လာ





တာလား။ ကို့ကို မြသား ကြည်ကြည်ဖြူဖြူ စွန့်လွှတ်ပေးလိုက်ပါတယ်။ ပိုင်ဆိုင်ချင်စိတ်များနေပေမယ့် ကို ထားခဲ့တဲ့နေရာမှာ မြသား နေခဲ့ရတာပဲလေ။ မြသား ဘာတွေမှားလို့လဲ ပြောပြစမ်းပါဦး ကို"

"မြသားရယ်…ကို ဘာမှမပြောတတ်တော့ပါဘူး။ အခုချိန်မှာ အိမ်ထောင်ရေးဖောက်ပြန်တဲ့သူ၊ အချစ်ဦးနဲ့ မကင်းမရှင်းဖြစ်နေတဲ့ ဇနီးမယားအပေါ် သစ္စာမဲ့တဲ့သူလို့ စွပ်စွဲမခံချင်၊ သံသယအဝင်မခံချင်တော့တာတော့ အမှန်ပါပဲ။ မြသားအပေါ် သစ္စာမဲ့ခဲ့မိတာကို စိတ်မကောင်းပါဘူး။ ဒါပေမဲ့…"

ခုံညားဇော် စကားမဆုံးခင် မြသားချိုနှုတ်ခမ်းလေး ကွေးညွတ်မဲ့ကျသွားခဲ့သည်။ အပြစ်လုပ်ထားခဲ့ပါရဲ့နဲ့ သူမကို နှစ်သိမ့်ဖို့တောင် မကြည်ဖြူချင်တော့ဘူးပေါ့။ ဘယ်အရာတွေက ကို့အပေါ် လွှမ်းမိုးချုပ်ကိုင်သွားပြန်တာပါလဲ။

"ဟိုလေ…ကို…မြသား ဗိုက်တွေဆာလိုက်တာ။ တစ်နေ့လုံး ဘာမှစားချင်စိတ်မရှိလို့ မစားမိဘူး။ ကို့ကိုမြင်မှပဲ စားချင်သောက်ချင်စိတ် ပေါ်လာတော့တယ်။ ဒီမှာ ဘာတွေစားစရာရှိလဲဟင်"

"ကော်ဖီနဲ့ပေါင်မုန့်ရှိတာကို စားလိုက်တာ။ လက်ကျန်နည်းနည်းလေးမဲ့ ရှိတော့တယ်ထင်တယ်။ မြသား စားမလား"

"ဟင့်အင်း…အစာမာစားထားတာမရှိဘဲ အဲဒါစားလိုက်ရင် လေခံသွားမယ်ထင်တယ်။ ဒီအချိန် ဟိုဘက်လမ်းထဲမှာ ညလုံးပေါက်ဖွင့်တဲ့ဆိုင်တွေ ရှိတယ်။ ကြေးအိုးတို့၊ ရှမ်းခေါက်ဆွဲတို့စားရင်ကောင်းမှာပဲ။ အလာတုန်းက ငါးကင်နံ့လေးလည်း မွှေးနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြသားကို ဝယ်မကျွေးချင်ဘူးလား ကို"

"ကို လိုက်ဝယ်ကျွေးရမှာလား။ ကုမ္ပဏီနားက တစ်ယောက်ယောက်မြင်သွားရင် ဒီအချိန်ကြီး တခြားမိန်းကလေးနဲ့ဆိုရင် မကောင်းဘူး"

"ကို အလုပ်လုပ်နေတာပဲ။ ကို စားချင်လို့ ထွက်ဝယ်တဲ့ပုံစံမျိုးနဲ့ပဲ ဝယ်လိုက်ပါ။ မြသား စောင့်နေမယ်"

"အင်း…ဒါဆို မြသား ခဏပဲစောင့်…ကို ဝယ်လာခဲ့မယ်"

"ဟုတ်ကဲ့…ကို မြန်မြန်ပြန်လာနော်"

"အင်းပါ…အဲဒါစားပြီးရင်တော့ မြသား ပြန်လိုက်တော့နော်။ ကို တက္ကစီငှားလာပြီး စောင့်ခိုင်းထားလိုက်မယ်"

"ကို…မနှင်လည်း မြသား ပြန်မှာပါ ကိုရယ်"

အံကြိတ်ပြီး ပြောလိုက်မိတာ ရင်ထဲကပါနာသည်။ သူမရဲ့မပြည့်စုံမှုဟာ ဘာတွေ အပြစ်ဖြစ်ခဲ့လို့ သူမက အပစ်ပယ်ခံ အထင်သေးခံဖြစ်နေရတာလဲ။ စံထိပ်ထားရဲ့ ပြည့်စုံကြွယ်ဝမှုက ကို့ရဲ့သစ္စာတရားတွေကိုတောင် သိမ်းပိုက်နိုင်ပြီဆိုတဲ့သဘောလား။ ကို သူမကိုတကယ်ချစ်ခဲ့တာမှ မဟုတ်တာ။ ငွေကြေးအရှိန်အဝါ ပြည့်စုံမှုတွေအောက်မှာပဲ ကျရှုံးသွားတာ မဟုတ်ဘူးလား။

ငွေက အချစ်ကိုလည်း ဝယ်နိုင်သည်။ သစ္စာတရားကိုလည်း ဝယ်နိုင်သည်။ ငွေကသာ အရာရာကို လွှမ်းမိုးထားနိုင်၏။

ငွေကြေးပြည့်စုံချမ်းသာဖို့ သူမ…





# အခန်း (၂၉)

ပြခန်းငယ်လေး ဖွင့်လှစ်ပြသသည့်နေ့မှာ လုပ်ငန်းရှင်အသိုက်အဝန်းနှင့် မိတ်ဆွေအပေါင်းအသင်း အသိုက်အဝန်းများ၊ ကာစတမ်မာများအားလုံးကို ဖိတ်ကြားထားခဲ့သည်။ အဆောက်အဦးဒီဇိုင်းပုံစံငယ်ကို တီဗီဖြင့်လည်း စိတ်ဝင်စားအောင် ရိုက်ပြထား၏။ နိုင်ငံတကာအဆင့်မီဆိုတာထက် ပို၍သာလွန်ကောင်းမွန်အောင် နိုင်ငံခြားပညာရှင်တွေရော စံထိပ်ထားနှင့်ခုံညားဇော်တို့ရဲ့ ပညာတွေပါ ပေါင်းစပ်ထားတာမို့ ရှယ်ယာဝင်တွေရော ကာစတမ်မာတွေရော မဝင်ဘဲ၊ မဝယ်ဘဲမနေနိုင်အောင် ဆွဲဆောင်ထားနိုင်သည်။

"သြော်…ကိုမင်းထိုက်လည်း လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားအသံကြောင့် သူလည်း ငေးခံနေရာမှ လှည့်ကြည့်ဖြစ်သွား၏။ ကိုမင်းထိုက်ဆိုသူကို သူ အခုမှ မြင်ဖူးခြင်းပင်။ အရပ်အမောင်းမြင့်မြင့်မားမား၊ ဥပဓိရုပ်ဖြောင့်ဖြောင့်နှင့်မို့ ဖိုတိုင်းကြိုက်မည့်နှင်းဆီခိုင် ဖြစ်လိမ့်မည်ဟု တွေးမိ၏။ ထိပ်ထားလက်ကို နှုတ်ဆက်စကားဆိုရင်း အကြာကြီး ဆုပ်ကိုင်ထားတာကိုတော့ သူ မကြိုက်နှစ်သက်လှပေ။

“ထိပ်ထား”

“ဪ…မောင်…ဒါ ထိပ်ထား ပြောပြထားတဲ့ ကိုမင်းထိုက်လေ။ ကိုမင်းထိုက်…ဒါ ထိပ်ထားရဲ့အမျိုးသား ကိုခုံညားဇော်ပါ”

“ဟုတ်ကဲ့…မင်္ဂလာဆောင်တုန်းက လုပ်ငန်းကိစ္စတွေနဲ့ ခရီးလွန်နေလို့ မလာဖြစ်လိုက်ဘူး။ နောက်မှ လက်ဖွဲ့ကောင်းကောင်းဝယ်ပေးပါ့မယ်။ ဪ…ထိပ်ထား လာယူချင်တဲ့အချိန် အချိန်မရွေးပါ။ သူ လိုချင်တာ ဝယ်ပေးရမှာပေါ့။ ယူပြီးရင်တော့ ပြန်ပြုစုဖို့မမေ့နဲ့နော်”

“မေ့စရာလား ကိုမင်းထိုက်ရယ်…ဝယ်ပေးတဲ့တန်ဖိုးထက်ပိုစေရပါ့မယ်။ ထိပ်ထားတို့ ကြိုးစားထားတဲ့ ပုံစံငယ်လေးကိုလည်းအားပေးဦးနော်။ လိုအပ်တာလေးတွေရှိရင်လည်း အကြံဉာဏ်ပေးပါဦး။ ကိုမင်းထိုက်က သမ္မာရင့်လေ…ထိပ်ထား ဒီဇိုင်းဘက်ကို ဝါသနာပါသွားတာ ကိုမင်းထိုက်ကြောင့်ပဲ မောင်ရဲ့။ အရမ်းပုံဆွဲတာတော်တာ… ဆရာကြီးလေ”

“အဲဒီလောက် မမြှောက်ပါနဲ့ကွာ…ဘယ်လောက်တော်တော်





သူများဆီမှာ ရှယ်ယာဝင်ထားရတဲ့အဆင့်ပဲ ရှိပါတယ်။ ကိုယ်ပိုင်လုပ်နိုင်တဲ့ အရည်အချင်း မရှိသေးပါဘူး”

“ထိပ်ထားတို့ အောင်မြင်နိုင်တယ်လို့ မြင်ရင်လည်း ရှယ်ယာဝင်ဖို့ မမေ့နဲ့ဦးနော်”

“ဟုတ်ပါပြီဗျာ…ကိုယ်တို့ကုမ္ပဏီကလည်း အခု အရမ်းကြိုးစားနေပြီလေ။ နိုင်ငံတကာနဲ့ ပူးပေါင်းဖို့ ပြင်ဆင်နေပြီ။ ဒါပေမဲ့ကိုယ် ကြည့်လိုက်ပါဦးမယ်။ အဆင်ပြေတယ်ဆိုရင် ဖေဖေ့ကို ပြောကြည့်ပေးမယ်။ အခုလည်း ကုမ္ပဏီက ကိုယ်စားလွှတ်လိုက်တာပါ။ အဆင်ပြေရင် သူတို့လည်း ရှယ်ယာဝင်ကြလိမ့်မယ်”

“အဲဒါဆိုရင်တော့ ကျေးဇူးတွေ ဆပ်မကုန်အောင် တင်ရတော့မှာပဲ။ အခုတော့ ငေးခံထားတာလေးတွေ သုံးဆောင်ပြီး အားပေးပါ”

“ကောင်းပါပြီဗျာ”

ထိပ်ထား ခေါင်းလေးကိုပုတ်ပြီး ပြောလိုက်တာကြောင့်ဘယ်လောက်အတိုင်းအတာအထိ ရင်းနှီးကြသည်ဆိုတာ ခန့်မှန်းမိလိုက်သလိုပင်။ ထိပ်ထားအဖေနှင့်လည်း တရင်းတနှီး ဆက်ဆံနေတာတွေ့ရ၏။ တခြားလုပ်ငန်းတွေနှင့်လည်း ခေါ်ပြောနှုတ်ဆက်နေတာမို့သာမန်အဆင့်အတန်း ဂုဏ်ဒြပ်နှင့်မဟုတ်ဘူးဆိုတာ သိလိုက်ရသည်။

ထိပ်ထားက ဖေဖေနှင့်လည်း ကိုမင်းထိုက်ကို မိတ်ဆက်ပေးသည်။ ကိုမင်းထိုက် ရှယ်ယာဝင်ထားသည့် ကုမ္ပဏီပိုင်ရှင် သူဌေးကဖေဖေနှင့်လည်း ခင်မင်ရင်းနှီးသည်ဆိုပေမယ့် ကိုမင်းထိုက်နှင့်တော့တစ်ခါမှ ဆုံဖူးပုံမရချေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းထိုက်က ပညာသမ္ဘာ အတွေ့အကြုံရင့်ကျက်ပုံရပြီး လူမှုရေးကိစ္စတွေမှာလည်း ကျွမ်းကျင်နားလည်သိတတ်ဟန်တူသည်။ လူကြီးတွေကအစ သူ့ကို တလေးတစား ဆက်ဆံကြ၏။ ဖေဖေက သူ့ကို အဲဒီလိုဖြစ်စေချင်ပုံရသည်။

"ဟာ…ဒါ ဘယ်လိုဖြစ်တာလဲ။ ဒါ…ဒါက"

ကိုမင်းထိုက် တအံ့တသြပုံစံမျိုးဖြင့် ပြခန်းပုံစံငယ်လေးကို ကြည့်လိုက်၊ တီဗီပေါ်ကပုံကိုကြည့်လိုက်ဖြင့် မျက်လုံးမျက်ဆံတောင် ပြူးနေသလိုပင်။

"ကိုမင်းထိုက် ဘာဖြစ်လို့လဲ"

"ဘာဖြစ်တာလဲ"

ထိပ်ထားနှင့်သူ ကိုမင်းထိုက်အနား ဖျတ်ခနဲ ရောက်သွားကြသည်။ တခြားသူတွေကတော့ စိတ်ဝင်တစားပါ။ ကိုမင်းထိုက်က တီးတိုးလေးဖြင့်-

"ရုံးခန်းထဲသွားရအောင်…ဒီမှာ ပြောလို့မကောင်းဘူး"

"ဟုတ်ကဲ့ ကိုမင်းထိုက်"

ကိုမင်းထိုက်နှင့်အတူ ထိပ်ထားရော သူရော ရုံးခန်းထဲလာခဲ့ကြသည်။ ဖေဖေက သူတို့သုံးယောက်ကို သေချာကြည့်နေ၏။ ရုံးခန်းထဲအရောက်မှာ ကိုမင်းထိုက် မျက်စိမျက်နှာပျက်နေသည်။

"ဘာဖြစ်လို့လဲ ကိုမင်းထိုက်ရယ်…ထိပ်ထားတို့ ရင်ထိတ်လိုက်တာ။ ပုံစံငယ်ထဲမှာ ဘာတွေ လိုအပ်တာတွေလို့လဲ။ တင်ပြထားတဲ့အတိုင်း ထိပ်ထားတို့ မလုပ်နိုင်မှာစိုးလို့လား။ အခု ရှင်းပြတဲ့အတိုင်း





ထိပ်ထားတို့ လုပ်နိုင်မှာပါ။ တကယ့်ကို ဒီလိုပုံစံမျိုး အရမ်းလုပ်ချင်လို့ အရမ်းကြိုးစားထားကြတာ"

"ကောင်းတယ်…အရမ်းကို ကောင်းလွန်းပါတယ်။ အခု ရောက်လာတဲ့သူတွေအားလုံး စိတ်ဝင်စားကြတာလည်း ကိုယ်သိတယ်"

"ဒါဆို"

"ကိုယ်တို့ကုမ္ပဏီမှာ ပြိုင်ပွဲဝင်ထားတဲ့ပုံစံနဲ့ တစ်ထပ်တည်း ဖြစ်နေတယ်။ ဘယ်နေရာမှမလွဲဘူး"

"ဟင်…အဲ…အဲဒါ ဘယ်လိုဖြစ်ရတာလဲ"

"ဗျာ…အဲဒါက"

ထိပ်ထားနှင့်သူ နှစ်ယောက်လုံး မျက်လုံးချင်းဆုံလျက် ထိတ်ပျာအံ့သြသွားရသည်။ ကိုမင်းထိုက်လည်း မယုံနိုင်အောင် အံ့သြနေသည့်ပုံစံဖြင့်-

"ကျွန်တော့်ကုမ္ပဏီလည်း အရမ်းကြီး အောင်မြင်နေတာ မဟုတ်တော့ ကမ္ဘာကို ရင်ဘောင်တန်းနိုင်အောင် နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်အောင်၊ ပြီးတော့ ဝန်ထမ်းတွေလည်း ကြိုးစားချင်လေ့လာချင်စိတ်ရှိအောင်ဆိုပြီး ပထမဆုကို သိန်းငါးထောင်အထိ ပေးမယ်ဆိုပြီး ပြိုင်ပွဲကြီးလုပ်ခဲ့တယ်။ အပြင်ကလူတွေလည်း ဝင်ပြိုင်လို့ရတယ်။ ဝန်ထမ်းတွေလည်း ဝင်ပြိုင်ရတယ်။ အဲဒါကို နိုင်ငံခြားပညာရှင်တွေပါ စိတ်ကြိုက်ရွေးချယ်ခဲ့တယ်။ အဲဒီမှာ"

"ပြောပါ…ပြောပါ ကိုမင်းထိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဝန်ထမ်းတစ်ယောက်ရဲ့အိုင်ဒီယာကို ကျွန်တော် ရွေးချယ်ရေးအဖွဲ့က အရမ်းကို ကြိုက်သွားခဲ့တယ်။ ဘုတ်အဖွဲ့တစ်ခုလုံးက ပထမဆုပေးမယ်လို့လည်း တညီတညွတ်တည်း ရွေးချယ်ဆုံးဖြတ်ပြီးသွားပြီ။ အရမ်းကို ထူးခြားပြောင်မြောက်တဲ့ လက်ရာမို့ပါ။ အဲဒီဝန်ထမ်းကို နိုင်ငံခြားမှာ မိသားစုရှိရင် မိသားစုနဲ့အတူ နေဖို့စားဖို့၊ ပညာသင်ဖို့ အားလုံး တာဝန်ယူမယ်။ အလုပ်ကတော့ ကိုယ်တို့ကုမ္ပဏီအတွက်ပဲ လုပ်ပေးရမှာပေါ့။ ရာထူးလစာအားလုံး တိုးပေးမှာလေ"

"ဟုတ်ပါပြီ...ထိပ်ထားတို့နဲ့ တစ်ထပ်တည်း၊ တစ်ပုံစံတည်း တူနေတယ်ဆိုတာက"

"လုံးဝကို မလွဲတာ။ ဘယ်နေရာမှကို မလွဲဘူး။ ကိုယ်လည်း ဆုရွေးချယ်ရေးအဖွဲ့မှာပါရတော့ သေချာကို ကြည့်ထားရတာလေ။ လူတစ်ယောက်ရဲ့ အမြင်အသိ အတတ်ပညာတစ်ခုတည်း ဦးနှောက်တစ်ခုတည်းက လုပ်ထားတာနဲ့မတူလို့ အဲဒီဝန်ထမ်းကို ကိုယ်တို့အားလုံး ချီးကျူးနေကြတာပေါ့။ ဒီလိုပညာတွေရှိရဲ့သားနဲ့ ဘာလို့ အရင်က ထုတ်မသုံးတာလဲ။ လုပ်လုပ်မလုပ်လုပ် ဒီလစာလောက်ပဲ ရတာမို့ ပညာတွေ လျှို့ထားတာလားလို့လည်း ဝေဖန်ဖြစ်ကြသေးတယ်။ သူကတော့ ပြောပါတယ်။ သူ့ဘဝက အရမ်းဆင်းရဲခဲ့လို့ ဒီဘဝ လွတ်မြောက်အောင် အရမ်းအားထည့်ပြီး ကြိုးစားထားရတာပါတဲ့လေ။ ဒါပေမဲ့ ထိပ်ထားတို့နဲ့ တစ်ပုံစံတည်း၊ တစ်ထပ်တည်း တူနေတာကတော့"

"ထိပ်ထားတို့ဆီက ခိုးယူပြီး တင်လိုက်တာရော မဖြစ်နိုင်ဘူးလား"





"ဟင်"

သူ အရမ်းကို ထိတ်လန့်သွားခဲ့ရသည်။ ဒါ ဘယ်လိုအဖြစ်အပျက်မျိုးလဲ။

"ကိုမင်းထိုက်က နေစကြာကုမ္ပဏီကနော်"

"ဟုတ်ပါတယ်...ဘာဖြစ်လို့လဲ"

"ပထမဆုပေးရမယ့်ဝန်ထမ်းက ဘယ်သူလဲ"

"မြ...အင်း...မြသားချိုဆိုလားပဲ"

"ဗျာ"

"ဟင်"

သူ ထိပ်ထားမျက်နှာကိုတောင် မကြည့်ရဲလောက်အောင် ဖြစ်သွားသည်။ ဒီကိစ္စ ဘယ်လိုပြောပြရမလဲ။ ဘယ်လိုတောင်းပန်အသိပေးရမလဲ။

ဖေဖေရော ဘယ်လောက်တောင် ဒေါသဖြစ်သွားမလဲ။ မြသားချိုနှင့် ပတ်သက်မှုကို ကိုမင်းထိုက်ပါ သိသွားရင်ရော ဘယ်လိုထင်သွားမလဲ။

"မောင်"

"ဟင်...ဟင်...ထိပ်ထား"

ထိပ်ထားက စကားဆက်မလာဘဲ သူ့မျက်ဝန်းထဲကို သေချာကြည့်ကာ အဖြေရှာနေ၏။ သူက မျက်ဝန်းချင်းမဆုံမိအောင် ရှောင်လွှဲနေမိသလိုပင်။

ခဏနေမှ ကိုမင်းထိုက်ဘက် လှည့်သွားပြီး-



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းထိုက်တို့ကုမ္ပဏီက ဆုပေးပွဲကို ဘယ်အချိန်လုပ်မှာလဲ"

"ဒီတစ်ပတ်အတွင်းထဲမှာပဲ ဖြစ်လိမ့်မယ်။ ဒါကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ စဉ်းစားထားကြတာလေ။ ဒီဇိုင်းကို အရမ်းကြိုက်နေတော့ ဒီဟာအတွက် အမြန်ဆုံးပဲ ပြင်ဆင်ကြမှာ။ ဒီဟာဖြစ်မြောက်သွားရင် အရမ်းအောင်မြင်သွားမယ်ဆိုတာလည်း သိနေကြတယ်လေ"

"ဟုတ်တယ်…ဒီဟာအတွက် ထိပ်ထားတို့လည်း ငွေတွေ အမြောက်အများအကုန်အကျ ခံထားရတာပါ။ ဒီပုံစံဒီဇိုင်း ဖြစ်လာဖို့ တစ်သီးတစ်ယောက်ဦးနှောက်တစ်ခုတည်း ကြိုးစားထားရတာ မဟုတ်ပါဘူး။ နိုင်ငံခြားက ပညာရှင်တွေကို ငွေတွေအများကြီး ပေးခေါ်ပြီး မောင်နဲ့ထိပ်ထားရဲ့ဦးနှောက်တွေ၊ ပညာတွေနဲ့ နေ့မနား၊ ညမနား ဖန်တီးထားရတဲ့အရာပါ။ ဘယ်လောက်ထိ အောင်မြင်မယ်ဆိုတာလည်း မျှော်လင့်ထားပြီးသားပါ။ အခု ကိုမင်းထိုက်တို့ ပြိုင်ပွဲဝင်ထားတဲ့ဟာက ထိပ်ထားတို့ဆီက ခိုးယူသွားတယ်ဆိုတာ သေချာပါတယ်။ အဲဒါကြောင့် ပထမဆုပေးဖို့ စီစဉ်ထားတဲ့ကိစ္စကို ထိပ်ထား ကန့်ကွက်ပါတယ်။ ဘယ်လိုမှကို မဖြစ်ပါဘူး"

"အဲဒီလိုပြောလို့ မရဘူးလေ ထိပ်ထားရဲ့။ သူ့မှာလည်း သူ့ပညာဆိုတာ ရှိမှာပေါ့။ ကိုယ်ပိုင်မဟုတ်ဘဲ သူကရော ဘာလို့ မိုက်မိုက်မဲမဲ ပြိုင်ပွဲဝင်မှာလဲ"

"ကိုမင်းထိုက် မသိသေးတဲ့အကြောင်းအရာတွေ ရှိပါတယ်။





နောက်ကျရင် ထိပ်ထား ရှင်းပြပါ့မယ်။ အခုတော့ ဒီမှာဖြစ်သွားတဲ့ ကိစ္စကို ကိုမင်းထိုက်က လူကြီးတွေကို ပြောပြပြီး တားပေးထားပါ"

"သူ ခိုးယူတယ်ဆိုတာ သက်သေအထောက်အထားရှိမှ ဖြစ်မှာ ထိပ်ထား…ကိုယ့်ပုံစံဒီဇိုင်းနဲ့ တူရတယ်ဆိုပြီး ခိုးယူရတယ်လို့ တစ်ဖက်သတ် စွပ်စွဲလို့တော့ မဖြစ်ဘူး။ ဒါပေမဲ့ ဒီကိစ္စကို ကိုယ်လည်း အရမ်းတော့ အံ့သြပါတယ်။ သူ့အဆင့်လောက်နဲ့ ဒီလောက်ကြီးဖြစ်အောင် မလုပ်နိုင်လောက်ဘူးလို့လည်း တွေးမိတယ်။ အစကတော့ လျှို့ဝှက်ထားတဲ့ သူ့ပညာတွေ ထုတ်သုံးလိုက်တာလားလို့ ထင်နေတာ။ ကိုယ်တောင် အဲဒီလောက်ထိ မလုပ်နိုင်လို့ ဒီအဆင့်လောက် မှာ နေနေရတာ"

"ကိုမင်းထိုက်လည်း ပညာရှင်တစ်ယောက်ပဲ။ ဒီလိုတွေးမိတာ မများပါဘူး။ ဒီကိစ္စ အမြန်ဆုံး ဖော်ထုတ်ပေးပါ့မယ်"

"ကောင်းပါပြီ ထိပ်ထား…ဒီကိစ္စဟာ အမှန်ဆိုရင်တော့ သူ့ကို ကုမ္ပဏီကနေ အလုပ်ထုတ်လို့လည်း ရတယ်။ အရေးယူလို့လည်း ရပါတယ်။ ထိပ်ထားတို့ဘက်ကလည်း ကြိုက်သလို အရေးယူ[illegible]ပါ။ အကျင့်စာရိတ္တပျက်တဲ့ ဝန်ထမ်းဆိုရင် ကိုယ်တို့ ဒီအတိုင်းမထား[illegible]ပါဘူး။ ဒီဇိုင်းပညာရှင်ဆိုပြီး ဝန်ထမ်းစခန့်ကတည်းက သူများ[illegible]ဒီက ဒီဇိုင်းခိုးယူတာ၊ အတုခိုးတာ လုံးဝမလုပ်ရဘူးလို့ စည်းမျဉ်းစည်းကမ်းတွေ ပါပြီးသားပါ။ ကိုယ့်ကို ခွင့်ပြုဦး…ထိပ်ထား။ ဒီကိစ္စက အရေးပေါ်ဖြစ်နေတယ်"

"ကျေးဇူးတင်ပါတယ် ကိုမင်းထိုက်"

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းထိုက် ပြန်သွားသည့်အချိန်မှာ ထိပ်ထားရဲ့မျက်ဝန်းများ က သူ့ကို စူးစိုက်ကြည့်လာပြန်သည်။ သူ ဒီတစ်ခါတော့ ထိပ်ထား မျက်ဝန်းတွေကို မရှောင်လွှဲတော့။

"မောင် ဘာပြောစရာရှိလဲ"

"မောင် ဝန်ခံစရာရှိပါတယ် ထိပ်ထား။ အလိမ်အညာလည်း မပါဘူး။ မုသားလည်း မပါဘူးဆိုတာတော့ ထိပ်ထား သိထားပေးပါ အဲဒီညက မောင့်ရုံးခန်းကို မြသား လာသွားခဲ့တယ်"

"ဟင်"

"မောင် ဖုန်းဆက်အသိပေးလိုက်တာ မောင် ခေါ်လိုက်တာ မဟုတ်ဘူးဆိုတာတော့ အမှန်တရားပါ။ ဒါပေမဲ့ မြသား ရောက်လာ ခဲ့တာတော့ မောင် မငြင်းပါဘူး။ အဲဒီအချိန်မှာ သူ တစ်ခုခုစားချင် တယ်ဆိုလို့ မောင် သွားဝယ်ပေးခဲ့တယ်"

"အဲဒီအချိန်မှာ"

"ကွန်ပျူတာထဲကနေ မန်မိုရီစတစ်နဲ့ ကူးယူသွားခဲ့တယ်ထ တယ်။ အဲဒီလိုလုပ်လိမ့်မယ်လို့တော့ မောင် မထင်ခဲ့မိတာအမှန်ပါ ဒါမျိုးလုပ်ချင်လို့ မောင့်ကို ရည်ရွယ်ချက်ရှိရှိနဲ့ မောင့်ကို ပထုတ်လိုက် တာလို့လည်း မောင် မထင်ခဲ့မိဘူး"

"အခု မြသားချို အဲဒီလိုလုပ်သွားတယ်ဆိုတာတော့ မော ယုံကြည်တယ်မဟုတ်လား"

သူ ခဏတာ တွေဝေသွားပြီး သက်ပြင်းတွေ ချမိလိုက်သည်

"မောင် ဘာလို့ မြသားချိုကို ရုံးမှာ လက်ခံတွေ့တာလဲ





မမေးတာလဲ ထိပ်ထား"

"မောင့်မှာလည်း တွေ့စရာအကြောင်းအရင်းရှိချင်ရှိနေမှာပေါ့။ ဒါပေမဲ့ အိမ်ထောင်ရေးဖောက်ပြန်တဲ့အထိတော့ မောင် မမိုက်မဲ လောက်ဘူးတော့ ထင်ပါတယ်"

"ထိပ်ထား မောင့်ကို အဲဒီလိုယုံကြည်ပေးတဲ့အတွက် ကျေးဇူး တင်ပါတယ် ထိပ်ထား…မောင် သစ္စာဆိုရဲပါတယ်။ အပြစ်မရှိဘဲ စွန့်ပစ်ခဲ့တဲ့ မြသားကို မောင် စကားလုံးတွေနဲ့ နှစ်သိမ့်ပေးရုံ၊ ဖြေသိမ့် ပေးရုံကလွဲရင် မျက်ရည်တွေသုတ်ပေးဖို့တောင် မောင် မစွန်းထင်းခဲ့ ပါဘူး။ အဲဒါ ထိပ်ထားအပေါ် မောင် စောင့်သိတဲ့သစ္စာတရားပါ"

"ခဏခဏတွေ့ဖို့ရော လိုအပ်လို့လား မောင်။ ထိပ်ထားလည်း ခဏခဏ အခါခါ နားလည်မပေးနိုင်ဘူး မောင်…သဝန်တိုတတ် အူတိုတတ်တဲ့ မိန်းမသားပါ။ မောင့်အဖေက ပြဿနာရှာခံရမှာစိုးလို့ ထိပ်ထား မသိချင်ယောင်တွေ ဆောင်နေခဲ့တာပါ။ ဒါပေမဲ့ အခုကိစ္စ ကြီးက ဖေဖေသိလို့ မဖြစ်တော့ဘူး မောင်…ဘယ်လိုရင်ဆိုင်မှာလဲ"

"မောင် ရင်ဆိုင်ပါ့မယ် ထိပ်ထား…ဒီကိစ္စအတွက် မောင် ဝန်လည်းခံမှာပါ။ ပြီးတော့ ဒီကိစ္စမျိုး နောက်ထပ်မဖြစ်အောင်လည်း"

"ဒီတစ်ခါကိစ္စက တစ်သက်စာ ပြီးဆုံးသွားနိုင်တယ် မောင်။ မြသားချို ဝန်မခံရင် ဒီကိစ္စ ထိပ်ထားတို့ အဆုံးထိမလိုက်နိုင်ရင် ထိပ်ထားတို့ ရှေ့ဆက်တိုးလို့မရတော့ဘူး။ ရင်းနှီးမြှုပ်နှံထားသမျှတွေ လည်း အားလုံးပြီးပြီ။ မြသားချိုကို ဘယ်လိုအထောက်အထားတွေနဲ့ စွပ်စွဲမှာလဲ။ တရားစွဲလို့ရတယ်ဆိုပေမယ့် ဒီအချိန်ကြီးမှာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ခေါ်တွေ့တဲ့ မောင့်ရဲ့သိက္ခာကရော"

"ထိပ်ထားရယ်...မောင် အဲဒီလောက်ထိ မတွေးခဲ့မိဘူး။ မြသားချိုလည်း မောင့်ရဲ့လိုက်လျောမှုတွေကို အဲဒီလို အသုံးချသွားမယ် မထင်မိဘူး။ ထိပ်ထားကို မောင် အရမ်းလည်း အားနာပါတယ်။ တောင်းလည်းတောင်းပန်ပါတယ်။ မောင် ထိပ်ထားအပေါ် သစ္စာမဲ့တာ မဟုတ်ပါဘူး။ မြသားအပေါ် ဒီလောက်တော့ နှစ်သိမ့်ပေးသင့်တယ် ထင်လို့ပါ"

ရိုးသားစွာ ဝန်ခံနေသော မောင့်ကို သူမ ဘယ်လိုအပြစ်တင်ရမလဲ။ မောင် အပြစ်လုပ်ပြီး ဝန်မခံလည်းရတာပင်။ ဒီအိမ်ထောင်ရေးကို သူမ အဆုံးသတ်ဖို့ပဲ ဆုံးဖြတ်ရမလား။ သိက္ခာတရားတွေအတွက် ရှေ့ဆက်ပြီး သည်းခံဖို့ပဲ စဉ်းစားရမလား။ အပြစ်ကင်းစွာ၊ ရိုးသားစွာ တည်ဆောက်ခဲ့သော အိမ်ထောင်ရေးက ဘာကြောင့် ဒီလောက်တောင် ရှုပ်ထွေးရပါသလဲ။

သူမကပဲ မောင့်ကို မချစ်တတ်ခဲ့လို့ မောင့်အချစ်တွေကို အခုထိ မသိမ်းပိုက်နိုင်သေးတာလား။ သူမရဲ့ခွင့်လွှတ်မှုတွေကို မောင် ဘာလို့ နားမလည်ရတာလဲ။

အချစ်ဟာ ခွင့်လွှတ်လိုက်လျောမှုတစ်ခုတည်း မဟုတ်ဘူးဆိုတာ...





# အခန်း (၃၀)

"ခွပ်...ခွပ်...ဖုန်း"

"အင့်...အား"

"အမယ်လေး...သား..သေပါပြီ"

"ဖေ...ဖေဖေ"

အဲဒီလောက်ထိ လက်လွတ်စပယ် ထိုးချလိုက်မည်ဟု မထင်မိ။ ဘယ်သူမှ ဘာမှမပြောရသေးဘဲ ဘာကြောင့် သိသွားခဲ့မှန်းမသိ။ ကိုမင်းထိုက်နှင့် ရုံးခန်းထဲမှာ စကားပြောနေကြတာကို အပြင်ကနေ နားထောင်ခဲ့တာပဲ ဖြစ်မည်။ အိမ်အထိ ဒေါသတွေ ထိန်းသိမ်းထားတာပဲ တော်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်မှ အဲဒီကောင်အနား မကပ်နဲ့။ ဖေးမဖို့လည်း မစဉ်းစားကြနဲ့နော်…ဒီကောင်ကို ဒီနေ့ ငါ သေအောင်သတ်မှာ"

"စကားနဲ့ပဲပြောပါ ကိုဥက္ကာရယ်…သားလည်း ငယ်တော့တဲ့ အရွယ်မဟုတ်ပါဘူး။ ထိုးကြိတ်ကန်ကျောက်ပြီး မပြောပါနဲ့"

"ဒီမယ်…ငယ်တော့တဲ့အရွယ်မဟုတ်လို့ ဒီလိုလုပ်ရတာပဲ။ အသိတရားရှိအောင် ငါ ဘယ်လောက်ထိ စောင့်ရှောက်ပေးခဲ့လဲ။ ဒီပညာတွေနဲ့ ဒီအသိတွေဝင်အောင် ဘယ်လောက်ထိ မြေတောင်မြှောက် ထောက်ပံ့ပေးခဲ့လဲ။ သူ့ပညာရေးဆုံးခန်းတိုင်ရင်ဆိုတဲ့ အတွေးတွေနဲ့ ဘယ်လောက်တောင် မျှော်လင့်ချက်ထားခဲ့ရလဲ။ အခုတော့ အားလုံးသွားပြီ…အားလုံး ရေစုန်မျောသွားပြီ။ ငါ့ပိုင်ဆိုင်သမျှတွေရော သမီးရဲ့ငွေတွေရော အားလုံး ပုံအောရင်းထားသမျှ ဘာမှလုပ်လို့ မရတော့ဘူး။ ငါ့တစ်သက်မှာ တစ်ခါမှ မဖြစ်မြောက်ဖူးတဲ့ မျှော်လင့်ချက်ကြီး ပြိုလဲပျက်စီးသွားပြီ"

"ကိုဥက္ကာ"

"ဘာ…မြသားချိုက ဒီလိုလုပ်သွားတာ…ဟား…မင်းက သူ့ကိုခေါ်ပြီး ဘာလုပ်တာလဲ။ အဲဒီလိုမိန်းကလေးတစ်ယောက်က ငါတို့ဘဝကို ဖျက်ဆီးတာခံလိုက်ရတယ်။ ဘာမှသုံးစားလို့မရအောင် လုပ်သွားတာကို ခံလိုက်ရတယ်။ မင်းက သူ့ကို တော်တော်အထင်ကြီးနေလား။ အရမ်းကို တန်ဖိုးထားလို့ အခုချိန်ထိ မပြတ်မသားဖြစ်နေတာလား"

"မ… မဟုတ်ပါဘူး ဖေဖေ။ သား… သားက"





"မပြောနဲ့…မင်း ဘာမှဖြေရှင်းမပြနဲ့။ ငါ့ဘဝကို မင်း အဲဒီမိန်းကလေးနဲ့ပေါင်းပြီး ဖျက်ဆီးပစ်တာ။ ငါ အတန်တန်တား၊ အတန်တန် သတိပေးနေတဲ့ကြားက ဒီအခြေအနေထိဖြစ်အောင် မင်းလုပ်တာ ခံညားဇော်…မင်းလည်း အဲဒီမိန်းကလေးလိုပဲ ဘာတန်ဖိုးမှ မရှိဘူး။ ဘာအဆင့်မှမရှိဘူး။ ငါ ပညာတွေသင်ပေးခဲ့တာ အလကားပဲ။ ငါ ကျွေးမွေးစောင့်ရှောက်ခဲ့တာ အလကားပဲ။ မင်း အခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းသွား။ ငါ့ဘဝမှာ မင်းလိုသားမျိုး မရှိတော့ဘူး…သွားတော့"

ဦးဥက္ကာဇော် ထိန်းမနိုင်သိမ်းမရအောင် ဒေါသတွေ ဖြစ်နေသည်။ အသံတွေတုန်ကာ မျက်ရည်တွေလည်း ရစ်ဝဲနေသည်မို့ ဘယ်လောက်ထိ မျှော်လင့်ချက်တွေ ပျက်စီးသွားလို့ ခံပြင်းနေသည်လည်းဆိုတာ သိသာပါသည်။ စံထိပ်ထား မနေသာတော့ဘဲ ဦးဥက္ကာဇော်ရှေ့မှာ သွားရပ်လိုက်သည်။ ခံညားဇော်ကတော့ ဆိုဖာခုံမှာ ပုံလဲကျနေပြီး နှုတ်ခမ်းက ပါးစပ်ကသွေးတွေကို မသုတ်ပါ။ ဒေါ်ဥမ္မာခိုင်လည်း သားကို မထူမတ်ရဲရှိနေရသည်။

"ဖေဖေ…အဲဒီလို စိတ်လိုက်မာန်ပါတွေ မလုပ်ပါနဲ့။ ဒီကိစ္စက ဖြေရှင်းလိုက်ရင် ပြေလည်သွားမှာပါ"

"ဘယ်လိုဖြေရှင်းမှာလဲ သမီး…ဟိုဘက်ကလည်း အောင်မြင်ချင်လွန်းလို့ ငွေကုန်ကြေးကျ အများကြီးခံပြီး ပြိုင်ပွဲတောင်လုပ်ထားတာ။ ဒီလောက်ကောင်းတဲ့အရာကို လက်လွှတ်ခံမှာတဲ့လား။ ကိုယ်သိတွေက ပြခန်းအရင် ဖွင့်လိုက်တယ်ဆိုပေမယ့် ဟိုဘက်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုပေးဖို့ အဆင်သင့်ဖြစ်နေပြီ''

''ဒါပေမဲ့ တရားဝင်ကိစ္စမဖြစ်အောင် သမီး ဟန့်တားထားပါတယ် ဖေဖေ…ဒီကိစ္စ သမီး နိုင်အောင်လုပ်မှာပဲ။ လိုအပ်ရင် တရားစွဲဖို့အထိ လုပ်လို့ရတယ်လို့ ကိုမင်းထိုက်က ပြောသွားပါတယ်''

''ဟုတ်တယ်…တရားစွဲရမှာ။ အဲဒီမြေသားချိုကို ဒီဇိုင်းခိုးမှုနဲ့ ထောင်ကို ချပစ်ရမှာ။ အဲဒီမိန်းကလေးက မြောင်းထဲရောက်သွားမှကို အမှတ်သည်းခြေရှိမှာ။ အလကား အဆင့်အတန်းမရှိ၊ အောက်တန်းစားကိုမှ ဒီကောင်…''

''မောင့်ကိုလည်း ဘာမှပြောမနေပါနဲ့တော့ ဖေဖေ…မိသားစု မစည်းလုံးရင် သူများက အနှောင့်အယှက်ပေးဖို့ ပိုပြီးလွယ်ကူပါတယ်။ မောင့်ကို နှင်ချလိုက်လို့လည်း ဖေဖေ့မျှော်လင့်ချက်တွေ ပြန်ဖြစ်လာမှာ မဟုတ်ပါဘူး။ မိသားစု ဘာလုပ်ရမယ်ဆိုတာ အရေးတကြီး တိုင်ပင်ရမယ့်အချိန်ပါ ဖေဖေ''

ဦးဥက္ကာဇော် ခဏမျှ ငြိမ်သွားသော်လည်း ခုံညားဇော်ကိုတော့ မကျေမချမ်း မျက်ထောင့်နီဖြင့် ကြည့်နေဆဲဖြစ်သည်။

''ဒီကိစ္စကို သမီး တာဝန်ယူမယ်ဆိုလည်း တာဝန်ယူပါ သမီး။ ဖေဖေတော့ အရမ်းကို စိတ်ပျက်စိတ်ကုန်သွားပြီ။ သားကမှ အသုံးမကျတာ၊ အောင်မြင်ချင်တဲ့စိတ်လည်း မရှိတော့ပါဘူး။ မျှော်လင့်ချက်တွေလည်း မထားချင်တော့ပါဘူး။ ဖေဖေတို့က အသက်တွေကြီးနေပါပြီ။ ဘယ်သူ့အတွက် ထားခဲ့ရမှာမို့လဲ။ နောက်ဆုံးတော့ ကိုယ်ကပဲ အထွာကြီးနေရတဲ့သူ ဖြစ်နေတယ်''





''ဖေဖေ''

ဖေဖေ စိတ်ပျက်လက်ပျက်ဖြစ်သွားပုံက သူ့ကို အရမ်းကို ဝမ်းနည်းသွားစေခဲ့သည်။ သူ ဖေဖေ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

''ဖေဖေ…သား မှားပါတယ် ဖေဖေ…ဖေဖေ့ကို စိတ်ပျက်စေလို့ သား စိတ်မကောင်းပါဘူး။ ဖေဖေ ဂုဏ်ယူရတဲ့သားဖြစ်ချင်လို့ သား အရမ်းကို ကြိုးစားခဲ့တာပါ။ ဒါပေမဲ့…''

''တော်ပြီ ခုံညားဇော်…မင်းကို ငါ အရမ်းကို စိတ်ပျက်စိတ်ကုန်သွားပါပြီ။ မင်းဘက်ကတွေးရင် ငါက အရမ်းကို အထွာကြီးတဲ့ အဖေတစ်ယောက် ဖြစ်နေမှာပဲ။ မှန်ပါတယ်။ မပြည့်စုံမှုတွေအတွက် နာကျင်ခံစားခဲ့ရတာတွေ မာနထိခိုက်ခဲ့ရတာတွေရှိတာကြောင့် ငါ လောဘလည်း ကြီးခဲ့မိတယ်။ အထွာလည်းကြီးခဲ့မိပါတယ်။ ဖြစ်ချင်စိတ်တွေ များခဲ့တာကိုး။ သူများတွေ အောင်မြင်တာကိုလည်း အားကျမိခဲ့တယ်။ အရာရာကို စိတ်တိုင်းမကျဘဲ မိသားစုအပေါ် နွေးထွေးရမှန်းလည်း မသိခဲ့ဘူး။ အဲဒါကြောင့် သားသမီးရဲ့ မထီမဲ့မြင်ဆက်ဆံတာကို ခံခဲ့ရတာပေါ့။ မင်း ငါ့စကားကို နားမထောင်နဲ့၊ မင်း လုပ်ချင်တာလုပ်ပါ''

''အဲဒီလို လက်လျှော့တဲ့၊ အားလျှော့တဲ့စကားတွေ မပြောပါနဲ့ ဖေဖေ…လူတိုင်း အမှားနဲ့မကင်းပါဘူး။ အမှားလုပ်လို့ဆိုပြီး ခွင့်မလွှတ်လို့လည်း မရဘူးလေ။ မောင့်ရဲ့ တစ်ခါအမှားကို နားလည်ပေးလိုက်ပါ။ သူ့ဘာသာ ပြုပြင်သွားပါလိမ့်မယ်။ လျစ်လျူရှုလိုက်ရင် အမှား



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ အားပေးလိုက်သလို ဖြစ်သွားပါလိမ့်မယ် ဖေဖေ”

စံထိပ်ထားစကားတွေက သားအမိသားအဖ သုံးယောက်လုံးရဲ့ စိတ်တွေကို ချုပ်ကိုင်လိုက်သလို ဖြစ်သွားခဲ့ဟန်တူသည်။ မျက်လုံးများက စံထိပ်ထားဆီ ရောက်လာလျက်-

“သမီးဘက်က သဘောထားကြီးပေးတာကို မေမေတို့ ကျေးဇူးတင်ပါတယ် သမီးရယ်…သားက အိမ်ထောင်ရေးဖောက်ပြန်မယ့် လူစားမဟုတ်ဘူးဆိုတာ မေမေ အာမခံပါတယ်။ သားကိုယ်တိုင် မေမေ့ကို ကတိပေးထားခဲ့တာပါ”

“အဲဒီတစ်ခုတော့ သမီးလည်း ယုံကြည်ထားပါတယ်။ သူဟာ မိကောင်းဖခင်သားတစ်ယောက်၊ ပညာတတ်အဆင့်အတန်းရှိတဲ့သူ တစ်ယောက်မို့ နှစ်ဖက်အသိုက်အဝန်းနဲ့ သမီးရဲ့ဂုဏ်သိက္ခာတွေကိုတော့ တွေးပေးတတ်မယ်လို့ ထင်ပါတယ်။ အခုကိစ္စမှာလည်း မောင့်ရဲ့ လော်လီမှုမဟုတ်ဘူးဆိုတာ သမီး သိတယ်။ မြသားချိုဘက်က အငြိုးနဲ့ လက်တုံ့ပြန်ချင်နေတာ။ ဒါကို မောင် နားလည်ဖို့ပဲလိုပါတယ်”

“အဲဒါကို ဒီကောင် နားမလည်ဖြစ်နေတာလေ။ မိဘနဲ့ ဇနီးမယားရဲ့မျက်နှာထက် ဘယ်ဟာကကြီးနေလို့လဲ။ မိန်းမဖျက်ရင် ပြည်တောင်ပျက်တယ်ဆိုတာ မင်း နားမလည်ဘူးလား ခုံညားဇော်… ဒါဟာ ငါတို့တစ်မိသားစုလုံးရဲ့ဘဝကို ဖျက်လိုက်တာပဲ။ ဒီတစ်ခါ သမီးရဲ့တောင်းပန်မှုကြောင့် ငါ ခွင့်လွှတ်လိုက်တာ။ ဟင့်အင်း… မဟုတ်ဘူး…ငါ ခဏစောင့်ကြည့်တာ။ ဒီကိစ္စအဆင်မပြေခဲ့ရင် မင်းကို ငါ သားအဖြစ်က စွန့်လွှတ်မယ်”





ယတိပြတ်စကားများဖြင့် ခုံညားဇော်ကို နှာကျင်အောင် ပြောခဲ့ပြီး ဦးဥက္ကာဇော် အခန်းတွင်းဝင်သွားသည်။ အခုမှ သားရဲ့ဒဏ်ရာတွေအတွက် ဒေါ်ဥမ္မာခိုင် စိုးရိမ်တကြီး ဖြစ်သွားခဲ့ပြီး-

“သွေးတွေထွက်ပြီး မျက်နှာတစ်ခုလုံး ယောင်လာပြီ သားရယ်။ သားအဖေစိတ်ကိုလည်း သိရဲ့သားနဲ့။ ဒီလိုကိစ္စမျိုးတွေ ဖြစ်အောင် လုပ်ရသလား”

“ဖြစ်မယ်လို့ မထင်ခဲ့လို့ပါ မေမေ…သူ့စိတ်ထဲမှာ အဲဒီလို အငြိုးတွေလည်း ရှိနေမယ်လို့ မထင်ခဲ့ဘူး။ သူလည်း မပြည့်စုံမှုကြောင့် လောဘတွေတက်ခဲ့တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အထင်သေးစော်ကားခံခဲ့ရတာလည်း မနည်းဘူးမဟုတ်လား။ သူ့ဘဝတို့ သူကိုယ်တိုင်လည်း စိတ်နာပြီး လုပ်ချင်တာလုပ်လိုက်တာဖြစ်မှာပါ”

မြသားချိုကို အပြစ်မတင်ရက်ဖြစ်နေသေးသော မောင့်ရဲ့စိတ်ကို သူမ အံ့သြသွားခဲ့ရလေသည်။ ဒီအခြေအနေမှာတောင် မြသားချိုကို နှစ်သိမ့်ပေးချင်နေသေးသည်လား။ အချစ်ရဲ့ဆွဲအားတွေကြောင့် အပြစ်မမြင်ရက်အောင် ဖြစ်နေခဲ့သလားမသိနိုင်။ မောင်က အချစ်အတွက် သစ္စာတရားကြီးမားသူများလား။

ဒီဘဝအတွက် ဒီလောက်နှင့်ပဲ ကျေနပ်ရမည်ဆိုလျှင်လည်း…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၁)

"ဒီကုမ္ပဏီကို ဘာကိစ္စနဲ့လာတာလဲ"

"မင်းကို သီးသန့်တွေ့ဖို့တော့ မဟုတ်ပါဘူး။ တခြားကိစ္စလေးတွေလည်း ရှိတယ်။ အဲဒါ…ဘာကိစ္စလဲဆိုတာ မင်း မကြာခင်သိရမှာပါ"

မြသားချိုမျက်နှာ ကွက်ခနဲ ဖြစ်သွားခဲ့သည်။ လူကြီးပိုင်းတွေတိုင်ပင်ဆွေးနွေးပြီး ဆုံးဖြတ်ချက်မချရခင်မှာ မြသားချိုကို အသိမပေးသေးဘူးဆိုသော်လည်း သူမရဲ့လုပ်ရပ်အတွက် စိတ်မလုံဘဲ သွေးပျက်နေခဲ့မှာတော့ အမှန်ပင်။

စံထိပ်ထား သိုသိပ်စွာပင် ပြုံးလိုက်မိပြီး-

"ခိုညားက ငါ့ကို လက်ထပ်ထားတာတောင် နှင့်ကို ချစ်နေတုန်းပဲ။ မင်္ဂလာဦးည ငါ့ကို မတွေ့မပွေ့ဘဲ နှင့်ကို နှစ်သိမ့်ပေးခဲ့တယ်။





ငါတို့ရဲ့ ကြည်နူးစရာအချိန်တွေက နှင့်စိတ်အာသာပြေဖို့ အသုံးချခံနေရတယ်။ နှင့်ကို မျှော်ကြည့်ပြီး နှင့်အတွက်ပဲ တွေးနေတဲ့ ခိုညားကို ငါက ရင်အနာခံပြီး ဖြေသိမ့်ပေးနေရတယ်။ ငါ့ကိုမချစ်တဲ့ လက်ထပ်ခဲ့တဲ့ ယောကျ်ားက တခြားမိန်းကလေးကို မျှော်ကြည့်နေမှန်းသိသိကြီးနဲ့ သူ့ကို နှစ်သိမ့်၊ သူ့ဘက်က ကာကွယ်ပေးနေရတာ ငါ့အဖြစ်ကကြေကွဲစရာကောင်းလိုက်တာ"

"အဟင်း… ခိုညားက တို့ကိုချစ်လို့ အဲဒီလိုတွေ လိုက်လျောနေတယ်လို့ ထင်နေတာလား။ သူ…တို့ကို တကယ်ချစ်ရင် ဒီလိုမျိုးထားခဲ့မှာမဟုတ်ဘူး စံထိပ်ထား။ သူက သူ့အဖေအမေနဲ့ အသိုက်အဝန်းကို ချစ်တာ။ သူ့အဖေကို မလွန်ဆန်နိုင်တာ။ သူ လက်ထပ်ထားတဲ့ နှင့်ကိုလည်း မချစ်ဘူး။ သူ စွန့်ပစ်ခဲ့တဲ့ တို့ကိုလည်း မချစ်ဘူး။ သူ့မိဘတွေက သူတို့ကိုယ်ကျိုးအတွက် နှင့်ထက်ချမ်းသာတဲ့ မိန်းကလေးနဲ့ ထပ်ပေးစားရင်လည်း သူ ထပ်ယူဦးမှာပဲ။ အဲဒါ နှင်သိလား"

"ဟင့်အင်း…ခိုညားလိုချင်တဲ့အချစ်ကို နှင်ရော ငါရော မပေးတတ်ခဲ့ကြတာပါ။ သူ့အဖေကြောင့် နွေးထွေးမှုတွေ ငတ်နေတယ်။ မေတ္တာတွေ ငတ်နေတယ်။ အဲဒီအတွက် အဲဒီနွေးထွေးမှုတွေ၊ မေတ္တာတွေကို သူများတွေကိုလည်း သူ မပေးတတ်ဖြစ်နေတာ။ အခု သူက သူ့အဖေရဲ့ဖိအားတွေနဲ့ မင်းရဲ့မာယာတွေကြောင့် သစ္စာမဲ့တတ်တဲ့သူတစ်ယောက် ဖြစ်နေပြီ"

မြသားချို ဟက်ခနဲ ရယ်ကာ နှုတ်ခမ်းအစုံ မဲ့ကျသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလူကို နင် ဘာလို့သိမ်းပိုက်ထားတာလဲ။ လက်ထပ်ထားပြီးမှ မိန်းကလေးတစ်ယောက်နဲ့ နေ့နေ့ညည ဖောက်ပြန်နေတဲ့ ယောကျ်ားတစ်ယောက်ကို နင် ဘာလို့ မစွန့်လွှတ်သေးတာလဲ စံထိပ်ထား"

"မင်းက အဲဒီလိုတွေ ဖြစ်စေချင်နေတာမဟုတ်လား။ မင်း မျှော်လင့်ထားသလို ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး မြသားချို။ သူ့အဖေဆန္ဒတွေနဲ့ ငါ့ကို အသုံးချဖို့အတွက် လက်ထပ်လိုက်တယ် ဆိုတာ ငါ သိတယ်။ ငါ သူ့ကို စွန့်လွှတ်လိုက်ရမှာ၊ ငါ ဆုံးရှုံးနာကျင် ရမှာကြောက်လို့ မဟုတ်ဘူး။ နှစ်ဖက်မိဘအသိုက်အဝန်းနဲ့ ငါ့ရဲ့ ဂုဏ်သိက္ခာတရားတွေကြောင့်…ပြီးတော့ သူ့ကို ငါ ချစ်တယ်။ မင်း အတွက်နဲ့ သူ့အဖေရဲ့ ထိုးကြိတ်ပြောဆိုခံရတာကို ငါက သူ့ထက်ပိုပြီး နာကျင်ရတယ်။ မင်းက ဒီလို ပဋိပက္ခတွေ၊ ပြဿနာတွေဖြစ်အောင် တမင်သက်သက် ဖန်တီးနေသလားမသိပေမယ့် ငါက မောင့်ကို မစွန့်လွှတ်သရွေ့ မင်း ဘယ်တော့မှ ရမှာမဟုတ်ဘူး မြသားချို"

"တို့ကရော အချစ်တွေနဲ့ စောင့်နေတယ်ထင်သလား စံထိပ်ထား။ တို့ကို မပြည့်စုံမှုတွေကြောင့် စွန့်ပစ်ခဲ့တဲ့ ခံ့ညားကို တို့ဘဝ ပြည့်စုံ ချမ်းသာဖို့အတွက် လှေကားထစ်လို အသုံးချပြီး နင်းတက်သွားမှာ"

"မြသားချို…မင်း အောက်တန်းကျလိုက်တာ။ ခံ့ညားကတော့ မင်းအတွက်နဲ့ သူ့အဖေ သွေးထွက်သံယိုဖြစ်အောင် ထိုးကြိတ်တာကို တောင် ခံနေရတယ်။ အိမ်ထောင်ရေးဖောက်ပြန်မှာ မဟုတ်ပါဘူးဆိုတဲ့ ကတိတွေ ပေးနေပေမယ့် မင်း ခေါ်လိုက်တိုင်း မဖြစ်မနေ ရောက်





အောင်သွားပြီး မင်းကို နှစ်သိမ့်ပေးနေခဲ့တယ်။ မင်းက သူ့ရဲ့ သနား ကရုဏာတွေ၊ လိုက်လျောညှာတာမှုတွေနဲ့ မထိုက်တန်တဲ့သူပဲ မြသားချို။ ငါ ခံ့ညားကို သနားလိုက်တာ။ ခံ့ညားရဲ့အချစ်တွေကို စော်ကားခဲ့တဲ့အတွက် မင်း တစ်နေ့ ပြန်ပေးဆပ်ရလိမ့်မယ်"

"အဟင်း…ဘယ်ချိန်တုန်းက သူ့အချစ်တွေ အပြည့်အဝရခဲ့လို့ ပြန်ပေးဆပ်ရမှာလဲ။ တို့…ရနေတယ်လို့ ထင်နေတဲ့ အချစ်တွေက အတုအယောင်တွေပါ။ တကယ်သာချစ်ခဲ့ရင် တို့အတွက်ပဲ သူ စွန့်ခွာခဲ့မှာပေါ့။ မထင်ပါနဲ့ စံထိပ်ထား…သူ…တို့ကို တကယ်မချစ်ခဲ့ပါဘူး။ အဲဒါကြောင့် တို့ကို အချစ်ဒဏ်သင့်မှာ မစိုးရိမ်ပါနဲ့"

တစ်ယူသန် အငြိုးတွေနဲ့ မြသားချိုကို စံထိပ်ထား ဆက်ပြီး စကားပြောချင်စိတ် မရှိတော့ပေ။ လာခဲ့ရသည့် ရည်ရွယ်ချက်ကိုက ကိုမင်းထိုက်နှင့် တွေ့ဖို့ပါ။ ဒီဇိုင်းကိစ္စက ကိုမင်းထိုက်ပြောသလို လွယ်မယောင်နှင့် ခက်နေလေသည်။ ရှယ်ယာရှင်အများကြီးနှင့် ဖွဲ့စည်းထားသည့် ကုမ္ပဏီမို့ အဆင့်ဆင့် တင်ပြညှိနှိုင်းဖို့တွေ ရှိနေသည်။

ဒီလောက်အောင်မြင်မယ်သိနေသည့် ဒီဇိုင်းတစ်ခုကို ဘယ်သူက လက်လွှတ်ချင်ပါ့မလဲ။ ကိုမင်းထိုက်က သူမတို့ဘက်က အာမခံပြီး ရပ်တည်ပေးမည်ဆိုလို့သာ တော်သေး၏။ ကိစ္စတွေက အဆင့်ဆင့် တော်တော်နှင့် ပြီးပြတ်မည်မထင်ပါ။ ဒါပေမဲ့ ဒါကို ပြီးဆုံးအောင် လုပ်နိုင်မှသာ ခံ့ညားနှင့်သူ့အဖေ အဆင်ပြေနိုင်မှာမဟုတ်ပါလား။

သူမကတော့ အချစ်တွေနှင့်သာ…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၂)

"ကိုယ်က တွေ့ချင်တယ်ပြောတော့ မြသားဖြင့် အရမ်းရင်တွေ ခုန်ပြီး ဝမ်းသာသွားတာပဲ။ စံထိပ်ထားနဲ့ လက်ထပ်ပြီးနောက်ပိုင်း ကိုက အဲဒီလိုတောင်းဆိုမှုမျိုး တစ်ခါမှမရှိလို့လေ"

"အခုရော မင်းကို အရမ်းလွမ်းလို့ သတိရလို့ ထင်နေသလား မြသား…မင်း ဘာလုပ်သွားတယ်ဆိုတာ"

"ကိုက ဒေါသတွေဖြစ်နေတာပဲ…ဘာအတွက်"

"မင်း ဘာတွေ မသိချင်ယောင်ဆောင်နေတာလဲ မြသား။ မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ။ မင်းကို စည်းတစ်ခုခြားနေပြီဆိုတာ သိပေမယ့် ဥပေက္ခာမပြုရက်လို့ မင်း လိုအပ်တဲ့အချိန်တိုင်း မင်းအနားမှာ ရှိနေပေးခဲ့တယ်။ ကိုရဲ့ဇနီးမယား စံထိပ်ထား နာကျင်ခံစားရမယ်





ဆိုတာ သိပေမယ့် သူ့ကို ဂရုမစိုက်နိုင်ဘဲ မင်းကို နှစ်သိမ့်ခဲ့တယ်။ အဲဒါ…မင်းကို"

ခုံညားဖော်စကားကို အဆက်မခံဘဲ မြသားချို လက်ကာတားလိုက်သည်။

"ရှင် မြသားကို ချစ်လို့ပါဆိုတဲ့စကားနဲ့တော့ မှသိမ်းသွင်းပါနဲ့ ကို…ဘာတစ်ခုမှ မစွန့်လွှတ်တာက အချစ်မဟုတ်ဘူး။ ရှင် မြသားကို မစွန့်လွှတ်ဘူး။ ရှင့်အဖေကို မစွန့်လွှတ်ဘူး။ ရှင့်မိန်းမကိုလည်း မစွန့်လွှတ်ဘူး။ ဒါပေမဲ့ အားလုံးကိုလည်း ရှင် အပြည့်အဝ မရဘူး။ ဘာလို့လဲဆိုတော့ အားလုံးကို ရှင် အပြည့်အဝ မချစ်ခဲ့လို့ပဲ။ စံထိပ်ထားက ပြောတယ်။ ရှင်က မြသားကို မျှော်ကြည့်ပြီး ချစ်နေတုန်းပဲတဲ့"

"ဘာ"

ထိပ်ထားနဲ့ တွေ့ခဲ့ကြပြန်ပြီပေါ့။ ထိပ်ထားက မြသားကို သူ ချစ်နေတုန်းပဲလို့ ထင်နေတာလား။ ဒါတောင် သူ့ကို အပြစ်မမြင်ဘဲ သည်းခံနားလည်ပေးနေတာ ဘာကြောင့်လဲ။ သူ့ကို ချစ်ခဲ့တာ တကယ်ပဲလား။

ဂုဏ်သိက္ခာတရားတွေအတွက်ချည်းပဲဆိုလျှင်တော့ သူမ သူ့အပေါ် ဒီလောက်ထိ ပေးဆပ်နိုင်လိမ့်မည်မထင်ပေ။ မြသားက နှုတ်ခမ်းလေးကို မဲ့ရွဲ့ပြီး–

"မြသား ဘာကြောင့် ချမ်းသာချင်တာလဲ…သိလား…ကို။ ရှင့်အဖေက မပြည့်စုံတဲ့ မြသားကို စွန့်ပစ်ခိုင်းပြီး အစစအရာရာ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံကြွယ်ဝပိုင်ဆိုင်မှုတွေများတဲ့ စံထိပ်ထားနဲ့ လက်ထပ်ပေးစားခဲ့တာကို ရှင် မလွန်ဆန်ဘူး။ စံထိပ်ထားထက် ပြည့်စုံတဲ့မိန်းကလေးနဲ့ ရှင့်အဖေက လောဘတွေကြီးပြီး နောက်ထပ် ပေးစားဦးမယ်ဆိုရင်လည်း မွေးကတည်းက အဖေကို မလွန်ဆန်ရဲ၊ မဆန့်ကျင်ရဲတဲ့ ရှင်က ရှင်မချစ်တဲ့ မိန်းမတစ်ယောက်ကို ထပ်ယူဖို့အတွက် ဝန်လေးမှာမဟုတ်ဘူးမဟုတ်လား။ ရှင့်အဖေအတွက်လို့ပြောပြီး အခု ရှင့်အဖေအတွက် ရှင် ဘာတွေလုပ်ပေးနိုင်လဲ''

''မြသား''

''အခု ရှင့်အဖေကို ပြောလိုက်ပါ။ မြသားချိုက သူ့လိုပဲ ငွေကြေးချို့တဲ့လို့ အနိမ့်ချခံရတာတွေ၊ မာနထိခိုက်ခံရတာတွေကြောင့် ချမ်းသာချင်တဲ့လောဘနဲ့ အခုလိုလုပ်လိုက်တာလို့။ ပြီးတော့ အဲဒီလို ချမ်းသာပြည့်စုံဖို့အတွက် ချစ်သူရဲ့နှလုံးသားကို လှေကားထစ်လို တစ်ထစ်ချင်း နင်းတက်သင့်ရင် နင်းတက်သွားမှာ ကို''

''ဘာ''

''အဲဒီအတွက် ရှင် မြသားကို မုန်းသွားလို့မရဘူး။ နာကြည်းလို့ မဖြစ်ဘူး။ ရှင်က မြသားကို စွန့်ပစ်ခဲ့တာဖြစ်တဲ့အတွက် ဝဋ်ကြွေးတစ်ခုလို ရှင် ပြန်ပေးဆပ်ရလိမ့်မယ်''

''မြသားချို…မင်း''

မြသားရဲ့စကားလုံးတွေကို အံ့သြတုန်လှုပ်လွန်း၍ ဘာစကားတွေနှင့် တုံ့ပြန်ရမှန်းပင် မသိတော့ပါ။ မြသား စိတ်တွေ ပြင်းထန်လွန်းပြီး ရူးသွားပြီလို့တောင် ထင်မိသည်။ အရင်က မြသား ဒီလို





မိန်းကလေးမှ မဟုတ်ခဲ့တာ။ ဘဝအတွက်၊ မိသားစုအတွက် ရုန်းကန်ကြိုးစားနေသော မိန်းကလေးတစ်ယောက်ရဲ့ပုံရိပ်က ရဲရင့်ပြတ်သားမှုများဖြင့် ဆွဲဆောင်မှုရှိနေခဲ့သည်။

အခုတော့ နာကျင်ခဲ့ရသည့်အကြောင်းတရားတွေကြောင့် ချမ်းသာချင်နေသည်တဲ့လား။ သူ့ကို လှေကားထစ်လို နင်းတက်သွားဖို့တောင် ဆုံးဖြတ်ထားသည်။ အပြစ်မရှိဘဲ စွန့်ပစ်ထားခဲ့မိသည့်အတွက် ဥပေက္ခာမပြုရက်သည့် သူ့ရဲ့လိုက်လျောမှုတွေအပေါ် မုန်းလို့ရဘူး၊ နာကြည်းလို့မဖြစ်ဘူးလို့ ကျိန်စာတိုက်ရက်လေသလား။ မြသားချို့အနားက သူ အရင်ဦးဆုံး လှည့်ထွက်လာခဲ့သည်။ ပြောစရာစကားလုံးတွေ မရှိတော့လို့ပါ။ သူ့ရဲ့ငဲ့ညှာမှုတွေကို သူမ အသုံးချစရာလို့ မြင်သွားခဲ့ပြီမဟုတ်လား။ သူ လုပ်စရာတစ်ခုတည်းရှိပါတော့သည်။ အဲဒါ ထိပ်ထားကို တောင်းပန်ဖို့…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၃)

စောင့်မျှော်ရသည့်အလုပ်က စက္ကန့်၊ မိနစ်၊ နာရီလက်တံတွေ ပြောင်းနေသရွေ့ စိတ်ရောလူရော ပင်ပန်းနေရသည်။ ဘာလို့ အချိန်တွေ ဒီလောက်တောင် ကြာနေတာလဲ။

ဘယ်သူနဲ့တွေ့ပြီး ဘာတွေလုပ်နေတာလဲ။ ပါးစပ်ဖျားမှာ မေးခွန်းတွေက ထပ်နေသည်။ ဒါပေမဲ့ ထိုမေးခွန်းတွေဖြင့် သဝန်တိုဖို့ သူက ထိုက်တန်တဲ့သူလား။ နေ့လယ်ကလည်းက ကိုမင်းထိုက်နှင့်တွေ့ဖို့ ထိပ်ထား ကုမ္ပဏီကနေ ထွက်သွားခဲ့တာပါ။ ကိုမင်းထိုက် အရေးတကြီးကိစ္စ ဆွေးနွေးဖို့ဟု ဖုန်းဆက်ခေါ်ခဲ့ခြင်း ဖြစ်သည်။ အရင်နေ့တွေကလည်း သွားနေရတာမို့ ကိုယ့်အကြောင်းကိစ္စကြောင့်ဆိုသော်လည်း သူ စိတ်မရှည်ချင်တော့။





သူ ကုမ္ပဏီက ပြန်ရောက်သည့်တိုင်အောင် ထိပ်ထား အိမ်ပြန်မလာသေး၍ သူ ဂနာငြိမ်ငြိမ် မနေနိုင်တော့ပေ။ ဖုန်းဆက်ကြည့်တော့လည်း ထိပ်ထား ဖုန်းမကိုင်။ ကိုမင်းထိုက်နှင့် ဘယ်နေရာမှာ ဘာတွေသွားလုပ်နေတာလဲ။

"သမီး ပြန်မရောက်လို့လား သား"

"ဩော်…ဟုတ်ကဲ့…မေမေ"

သူ ဆင်ဝင်အောက်မှာ အရှေ့လျှောက်၊ အနောက်လျှောက် လမ်းမဘက်ကို မျှော်ကြည့်လိုက်ဖြင့် ဂနာမငြိမ်ဖြစ်နေတာမြင်၍ မေမေ မေးလိုက်ခြင်း ဖြစ်သည်။

"ဒီဇိုင်းကိစ္စတွေ သမီးပဲ လိုက်လုပ်နေရတော့ ပင်ပန်းမှာပဲ။ သားနဲ့သားအဖေ အဆင်မပြေဖြစ်မှာစိုးပြီး သူ အားသွန်ခွန်စိုက် လုပ်နေရှာတာ။ ဆုံးရှုံးမယ့်တန်ဖိုးကလည်း နည်းတာမဟုတ်တော့ သားအဖေ ဒေါသဖြစ်မယ်ဆိုလည်းဖြစ်စရာပဲ သား။ သားလည်း ဒီကောင်မလေးနဲ့ အဆက်အသွယ်လုပ်နေတာ အရမ်းကို မှားတယ်"

"သား အခု အဲဒီလိုမလုပ်တော့ပါဘူး။ သူ ဖုန်းဆက်တာလည်း သား မကိုင်တော့ပါဘူး မေမေ။ ထိပ်ထားအပေါ် သစ္စာရှိဖို့နဲ့ လင်ယောကျ်ားတစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေ ကျေနိုင်ဖို့ပဲ သား တွေးပါတော့တယ်"

"အဲဒီစကားကြားရတာတော့ ဝမ်းသာပါတယ် သား။ သားအဖေက သား ဘယ်လိုခြေလှမ်းမှားဦးမလဲ စောင့်ကြည့်နေတော့ နောက်ထပ် ပြဿနာမဖြစ်အောင်နေပါ သား။ ထိပ်ထားကို သဘော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်ဆိုပြီး အခွင့်အရေးတွေ ထပ်မယူပါနဲ့။ အချစ်နဲ့ပတ်သက်ရင် မိန်းကလေးတွေက ကြာကြာခွင့်လွှတ်နားလည်တတ်တဲ့သူတွေ မဟုတ်ဘူး သား။ သူတို့ အရမ်းနာကျင်လာတဲ့အခါ အဲဒီအချစ်ကို စွန့်လွှတ်လိုက်ရမှာ ဝန်မလေးတတ်ကြဘူး။ ဥပမာ မြသားချိုလိုပေါ့ သား"

မေမေပြောတာ မှန်ပေလိမ့်မည်။ မြသားလည်း အရင်က ဒီလို မိန်းကလေးမျိုး မဟုတ်ပါ။ သူတစ်ယောက်တည်းကိုသာ သစ္စာရှိစွာ ချစ်လျက် သူ့ကို လှေကားထစ်လို အသုံးချနင်းတက်ဖို့ စိတ်ကူးလည်း မရှိခဲ့ပေ။

အခုတော့ အချစ်ကြီးလို့ အမျက်ကြီးသွားခြင်းလား။ စွန့်ပစ်ထားခဲ့တာလို့ နာကြည်းကာ အငြိုးထားသွားခဲ့ခြင်းလား။ မပြည့်စုံမှုတွေအတွက် ဒဏ်ရာရခဲ့တာကြောင့် လောဘတက်သွားခြင်းလား။ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ဥပေက္ခာမပြုရက်သော နှစ်သိမ့်မှုတွေကို မြသား အသုံးချစော်ကားသွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

"သား ဘာတွေ တွေးနေတာလဲ။ ထိပ်ထားကား ဝင်လာပြီ။ မေမေ ထမင်းပွဲပြင်ခိုင်းလိုက်တော့မယ် သား"

"ဟုတ်ကဲ့…မေမေ"

ထိပ်ထားကားလေး ဆင်ဝင်အောက် ထိုးရပ်လိုက်ချိန်မှာ သူ ကားတံခါး သွားဖွင့်ပေးလိုက်သည်။ ထိပ်ထားမျက်နှာလေးက နွမ်းနယ်ပုံပေါ်နေသော်လည်း သူ့အပြုအမူအပေါ်မှာ ကျေနပ်သလို ပြုံးယောင်သမ်းနေသည်။





"ထိပ်ထား ဘာလို့ ဒီလောက်တောင် နောက်ကျရတာလဲ"

"ထိပ်ထား ရောက်သွားတော့ စီအီးအိုတွေခေါ်ပြီး မီတင်ထိုင်ပေးတယ်။ သူ့ဌေးကလည်း ရှယ်ယာနည်းနည်း ပိုများရုံလောက်ပဲ ရှိတာဆိုတော့ အခွင့်အာဏာက သူတစ်ယောက်တည်း ဆုံးဖြတ်လို့ မရဘူး။ နိုင်ငံခြားသားတွေပါ ပါတဲ့အတွက်က ဆွေးနွေးညှိနှိုင်းရတာတွေ မပြီးပြတ်သေးဘူး"

"ဘာလို့ ဒီလောက်တောင် ကြာရမှာလဲ ထိပ်ထား… မောင်တို့ ပိုင်ဆိုင်တယ်ဆိုတာ သူတို့ သိနေတာလဲ။ မောင်တို့က ပြပွဲ *တောင်လုပ်နေပြီ။ သူတို့က အခုမှ ပြိုင်ပွဲအဆင့်ပဲ ရှိသေးတယ်။ မြသားချိုကို စစ်ဆေးပြီးရင် ပြီးသွားတဲ့ကိစ္စ"*

"ကိစ္စတိုင်းက မောင် ထင်သလောက် မလွယ်ဘူး မောင်။ ရပ်ကွက်ထဲက သူခိုးကို ဖမ်းသလိုလည်း ဖမ်းလို့မရဘူး။ မြသားချိုလည်း ဒီဇိုင်းပညာရှင်တစ်ယောက်ပဲ။ ဒါကို အလွတ်ကျက်ထားပြီး ကျွန်မကိုယ်တိုင် လုပ်တာပါ၊ ကျွန်မ အခုဆွဲပြမယ်ဆိုပြီး လုပ်ချလိုက်ရင် ထိပ်ထားတို့အားလုံး ဆုံးရှုံးသွားပြီ။ တရားဥပဒေနဲ့ ဖြေရှင်းလို့လည်း မရဘူး။ ထိပ်ထားတို့မှာ သူ ခိုးယူသွားပါတယ်ဆိုတာ သက်သေအထောက်အထားမှ မရှိတာ"

"မောင့်ဆီကို သူ လာတယ်။ အဲဒီနေ့က မောင်တို့ဒီဇိုင်းတွေအားလုံး ပြီးနေပြီ။ အဲဒါကို သူ ကွန်ပျူတာထဲကနေ စတစ်နဲ့ ခိုးယူလို့ရအောင် မောင့်ကို အဖြင်ကို ပထုတ်ခဲ့တယ်"

"အဲဒီလိုမျိုး မောင် ဘယ်သူ့ကို ပြောမှာလဲ။ ကိုမင်းထိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



လား…ကုမ္ပဏီက လူကြီးတွေကိုလား။ အမှုရင်ဆိုင်လို့ တရားရုံးမှာ သက်သေထွက်ဆိုချင်တာလား။ အဲဒါဆိုရင် မောင့်ရုံးခန်းမှာ လာတွေ့တဲ့ မြသားချို့နဲ့ မောင့်ရဲ့ပတ်သက်မှုက''

''ထိပ်ထား''

''မောင့်သိက္ခာအတွက် အဲဒီကိစ္စ ဘယ်သူမှမသိအောင် ကိုမင်းထိုက်နဲ့ တိုင်ပင်ပြီး ထိပ်ထား ကြိုးစားနေတာပါ''

ထိပ်ထားစကားကိုကြားတော့ သူ ကြက်သီးမွေးညှင်း ထလောက်အောင် ထိပ်ထားကို လေးစားသွားမိလေသည်။ သူ့အတွက် ဒီလောက်ထိအောင် ထိပ်ထား တွေးပေးနေတာ သူ မသိပါ။ သူ ဒီလောက်ထိ ကိစ္စတွေ ကြီးကျယ်သွားမည်ဟုလည်း မထင်ခဲ့ပါ။

''မောင် အရမ်းကျေးဇူးတင်ပါတယ်။ ဖြစ်ခဲ့တာတွေအတွက် မောင် တောင်းလည်းတောင်းပန်ပါတယ် ထိပ်ထား။ စိတ်သစ်လူသစ်နဲ့ ထိပ်ထားအပေါ် မောင် ချစ်နိုင်အောင် ကြိုးစားပါ့မယ်။ မောင် တကယ်ကို ကတိပေးတာပါ''

''မောင့်အချစ်တွေက အစကတည်းက လေးနက်မှုမရှိဘူး ဆိုတာ ထိပ်ထား မသိခဲ့တာပါ။ အဲဒီအချိန်တွေကတည်းက ထိပ်ထား သတိထားမိခဲ့ရမှာ။ ဒါပေမဲ့ မင်္ဂလာဦးညကတည်းကတော့ သိခွင့်ရခဲ့ပါတယ်။ အရမ်း နာနာကျင်ကျင် ခံစားလိုက်ရတယ်။ ကိုယ့်ရဲ့ သတို့သားက တခြားမိန်းကလေးကို သွားနှစ်သိမ့်နေတဲ့အချိန်မှာ သတို့သမီးက မွေ့ယာထက်မှာ ကြိတ်ငိုနေခဲ့မယ်လို့ မောင် မတွေးမိခဲ့ဘူးမဟုတ်လား''





''ထိပ်ထားရယ်''

''ဒါပေမဲ့ မောင် မချစ်မှန်းသိသိကြီးနဲ့ မောင့်ကို ထိပ်ထား ချစ်နေခဲ့တယ်၊ ခွင့်လွှတ်ပေးမိတယ်၊ နားလည်ပေးချင်နေခဲ့တယ်။ ငါ့အပေါ် တစ်နေ့ ချစ်လာပေးနိုင်မလားလို့လည်း ထိပ်ထား မျှော်လင့်မထားပါဘူး။ မောင် ထိပ်ထားအပေါ် ဟန်ဆောင်ချစ်ခဲ့တယ်ဆိုတာ မောင့်အမေရဲ့ဖိအားတွေကြောင့် မဟုတ်လား။ ချစ်သူကို ခွဲခဲ့ရလို့ မောင့်ရင်တွေ အရမ်းနာကျင်ခဲ့ရမှာပဲ။ ချစ်ရဲ့နဲ့ ထားခဲ့ရတဲ့ချစ်သူကို မောင် နှစ်သိမ့်ပေးချင်မှာပဲ၊ သူ့ကို တမ်းတနေခဲ့မှာပဲ။ မောင် အဲဒီလို နာကျင်ရတာကို ထိပ်ထားက မောင့်ထက် ပိုနာကျင်မိပါတယ်။ မောင့်ကို ချစ်တဲ့စိတ်တွေနဲ့ ထိပ်ထား ပိုပြီးပင်ပန်းခဲ့ရပါတယ်''

''ထိပ်ထားရယ်…ထိပ်ထားအချစ်တွေကို မောင် အဲဒီလောက်ထိ မသိခဲ့လို့ပါ။ ဒါပေမဲ့ ထိပ်ထားကို ပြောခဲ့ဖူးသလိုပါပဲ။ မောင် ထိပ်ထားကို လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးတဲ့အချိန်ကစပြီး မြသား အပေါ် စိတ်နဲ့တောင် မပြစ်မှားတော့တာ မောင့်ရဲ့သစ္စာတရားပါ။ နောက်ပိုင်း နှစ်သိမ့်ပေးဖို့ ဆုံးဖြတ်ခဲ့တာကလည်း သူ့မှာ ဘာအပြစ်မှ မရှိဘဲ ထားခဲ့ရတာကို အားနာလို့ပါ။ မပြည့်စုံတာဟာ အပြစ်တစ်ခုမှ မဟုတ်ခဲ့တာ။ တကယ်ဆို ဖေဖေသာ မြသားကို သွားတွေ့ပြီး အထင်သေးစော်ကားမှုတွေ မရှိခဲ့ရင် ဒီကိစ္စတွေက ဒီလောက်ကြီး အငြိုးတကြီး တုံ့ပြန်မှုတွေ ဖြစ်လာမှာမဟုတ်ဘူးလို့ ထင်မိတယ်။ တကယ်တမ်းက မောင့်ကို မြသားချို အသုံးချခဲ့တာပါ''

မောင် မြသားချိုကို သွားတွေ့လိုက်ပြီဟု တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မောင့်ကတိစကားတွေ ယုံကြည်ကာ သံသယတွေလည်း မဝင်ချင်တော့ပါ။ မြသားချို့အကြောင်း မောင် သိနေပြီပဲ။ မောင်က သူမလက်ဖဝါးလေးကို ဆုပ်ညှစ်လာလျက်–

"အခု မြသားအချစ်ကိုလည်း မောင် သိပြီ။ ထိပ်ထားအချစ်ကို လည်း မောင် သိပါပြီ။ ထိပ်ထားက မောင် တကယ်ချစ်လို့ လက်ထပ် ခဲ့တာမဟုတ်ဘူးဆိုတာ သိရဲ့နဲ့တောင် မောင့်အပေါ် မေတ္တာမပျက်ဘူး၊ စိတ်ပျက်မသွားဘူး။ ဖေဖေနဲ့ ပြဿနာမဖြစ်အောင်၊ ပဋိပက္ခတွေ မဖြစ်အောင် ဖေးမနားလည်ပေးတယ်၊ နှစ်သိမ့်မှုတွေကို ပေးခဲ့တယ်။ အဲဒါတွေကို မောင် တစ်သက်လုံး တန်ဖိုးထားနေပါ့မယ်။ ထိပ်ထား မောင့်ကို ယုံကြည်ပေးပါ"

"သစ္စာတရားက ဘယ်တော့မှ လိမ်ညာလို့မရဘူး မောင်။ အချစ်က တစ်ယောက်ပြီးတစ်ယောက် ပြောင်းချစ်လို့ရပါတယ်။ သစ္စာ တရားကတော့ တစ်ဦးတစ်ယောက်အပေါ်မှာပဲ မှုတည်တယ်။ ဘယ်တော့မှ မပြောင်းလဲဘူး။ ထိပ်ထားအပေါ် မချစ်ရင်နေပါ။ သစ္စာတော့ရှိပေးပါ မောင်"

ခံ့ညားဖော် လေးနက်စွာ ခေါင်းညိတ်ပြလိုက်သည်။

"မောင် လေးလေးနက်နက် ကတိသစ္စာပြုပါတယ် ထိပ်ထား။ မောင် ထိပ်ထားအပေါ် တန်ဖိုးထားပြီး ချစ်နိုင်အောင် ကြိုးစားသွားမှာ ပါ။ ထိပ်ထားက ထိပ်ထားအချစ်တွေနဲ့ မောင့်ကို ချည်နှောင်ထားနိုင် တာပဲ။ မောင် ဘယ်ကိုမှ ထွက်မပြေးဘူး။ ထိပ်ထားကလွဲပြီး မောင် ဘယ်သူ့ကိုမှလည်း မချစ်တော့ပါဘူး။ ဒီသစ္စာတရားသာ ပျက်ခဲ့ရင်





မောင့်ဘဝ"

"ဟင့်အင်း…မကျိန်ရဘူး မောင်…ထိပ်ထားကို မောင် ချစ်ချစ် မချစ်ချစ် မောင့်ကို ထိပ်ထား ဘာမှမဖြစ်စေချင်ပါဘူး။ မောင့်ကို ဘယ်လိုအကြောင်းနဲ့မှ မနာကျင်စေချင်ပါဘူး။ အဲဒါ ထိပ်ထား အတ္တကြီးတာလည်း ဖြစ်ချင်ဖြစ်လိမ့်မယ်။ မောင် နာကျင်ရင် ထိပ်ထား က ပိုပြီးနာကျင်ခံစားရလို့ မောင့်ကို ဘာမှမဖြစ်စေချင်တာပါ။ မောင့်ကို ထိပ်ထား အဲဒီလောက်အထိ ချစ်တယ်"

"ထိပ်ထားရယ်"

ရင်ခွင်မှာ ပွေ့ပိုက်ထွေးဖက်ပစ်လိုက်မိသည်။ သူ့ကို ချစ်တတ် လွန်းသော ထိပ်ထားကို သူ တစ်သက်လုံး သစ္စာရှိစွာ တန်ဖိုးထား မြတ်နိုးသွားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ အချစ်ရဲ့သင်္ကေတဖြစ် သော ပေးဆပ်ခြင်းတွေ၊ စွန့်လွှတ်ခြင်းတွေ၊ အနစ်နာခံခြင်းတွေအားလုံး ထိပ်ထားဆီမှာ သူ့အတွက် စုဆောင်းထားသလို ရှိနေလို့ပင်။ အဲဒါတွေ အားလုံးအတွက် ကိုယ်ပြန်ပြီးပေးဆပ်ပါ့မယ် ထိပ်ထား…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၄)

"ထိပ်ထား…ဘယ်လဲ"

ထိပ်ထား စောစီးစွာ အိပ်ရာထပြီး ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်၊ ဘရိတ်ဖတ်စ်တောင် ကောင်းကောင်းမစားနိုင်တာမို့ သူ မေးလိုက်ရခြင်း ဖြစ်သည်။ ထိပ်ထားက စာရွက်စာတမ်းတွေ သေချာ ပြန်စစ်ပြီးမှ အတက်ချိုကော့စ်လေးထဲကို သေချာထည့်ပြီး–

"ဒီနေ့ ထိပ်ထားတို့အဆောက်အဦးဆောက်မယ့်နေရာကို ကိုမင်းထိုက်တို့ဘက်က လူကြီးတွေရော၊ ပညာရှင်တွေရော ထိပ်ထား နဲ့ဖေဖေရယ်၊ နိုင်ငံခြားသားပညာရှင်တွေရယ် သွားကြည့်ကြမယ်။ မြေနေရာအနေအထားနဲ့ အဆောက်အဦးဒီဇိုင်း ရေးဆွဲထားတာ ပြန်တိုက် ကြည့်ကြမှာပေါ့။ မြေစာရင်းဌာနနဲ့ ရှေ့နေတွေပါ ပါမှာ"





"မောင့်ကိုတော့ ဘာလို့မခေါ်တာလဲ။ ထိပ်ထားနဲ့ဖေဖေပဲ လုပ်နေတော့ မောင်က ဘေးရောက်နေသလို ဖြစ်နေတယ်"

"မောင်ပါရင် ရှင်းရတာခက်နေမှာစိုးလို့ပါ။ မြသားချို ဒီဇိုင်း ကို ဘယ်လိုခိုးယူလာတာလဲလို့ စစ်ဆေးလိုက်ရင် သိက္ခာကျစရာတွေ ဖြစ်ကုန်မယ် မောင်…ဒါ အပြင်ကနေ သေချာစစ်ဆေးနေတာ။ သူ့ကို မေးမြန်းစစ်ဆေးတဲ့အခါ ငြင်းလို့မရအောင် ထိပ်ထားတို့ဘက်က ပညာ ရှင်တွေက ဘယ်လိုအဆင့်ဆင့် လုပ်ခဲ့ရပါတယ်ဆိုတာ ဒီနေ့ တီဗီနဲ့ ကိုမင်းထိုက်တို့အစည်းအဝေးခန်းမှာ တင်ပြကြမှာ။ ပြီးရင်တော့ မြသားချိုကို တရားစွဲဖို့ ဆုံးဖြတ်ချက်ချကြတော့မှာ မောင်… ကိုယ့် ဘက်က ခိုင်လုံတဲ့သက်သေတွေ ဒီနေ့ အပြီးရှာပေးရမှာပဲ"

"အင်းပါ…မောင်က စိတ်လောနေတယ်။ ထိပ်ထားက နေ့တိုင်း အပြင်ထွက်နေရသလိုဖြစ်နေတော့ ကုမ္ပဏီမှာလည်း မောင် တစ်ယောက်တည်း။ ပြန်လာရတော့လည်း မောင်တစ်ယောက်တည်း။ အိမ်ကနေ ထိပ်ထား ပြန်မလာမချင်း စောင့်နေရတာလည်း စိတ်မော တယ်။ ကိုမင်းထိုက်နဲ့ နှစ်ယောက်တည်းရှိနေမလား၊ ဘာတွေလုပ်နေ လဲ…အဲဒါလည်း တွေးပူမိတယ်"

မောင့်ရဲ့မျက်နှာညှိုညှိုကို ကြည့်၍ စံထိပ်ထား ပြုံးမိသွားရလေ သည်။ တကယ်ပဲ သူမကို ချစ်ဖို့ မောင် ကြိုးစားနေခဲ့ပြီလား။ အရင် ကထက် စိတ်ပါလက်ပါ နွေးထွေးမှုပေးလာခဲ့တာကတော့ အမှန်ပင်။ ကိုမင်းထိုက်နှင့်ပတ်သက်ပြီး ဒီလို သဝန်တိုတတ်မှုလေးတွေကလည်း သူမရင်ကို လှုပ်ရှားကြည်နူးစေတာပင်။ ဒါပေမဲ့…



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ထိပ်ထားကို အလေးအနက်ထားလာလို့ သဝန်တိုတာ အစစ်အမှန်ရော ဟုတ်ရဲ့လား မောင်…အရင်ကလည်း ကိုမင်းထိုက်နဲ့ အစ်ကိုတစ်ယောက်လို ခင်တယ်၊ လူကြီးချင်းလည်း ရင်းနှီးတယ်လို့ ပြောဖူးတုန်းက သဝန်တိုချင်ယောင်ဆောင်ခဲ့ဖူးတယ်မဟုတ်လား။ အဲဒီတုန်းက ထိပ်ထားက တကယ်အမှတ်နဲ့ စိတ်တွေလှုပ်ရှားပြီး ကြည်နူးဖူးခဲ့တယ်။ ဒါပေမဲ့ အဲဒီအချိန်က…"

"ထိပ်ထား…မောင် ဟန်ဆောင်သလိုဖြစ်ခဲ့ရင် မောင်တောင်းပန်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်ကတည်းက ကိုမင်းထိုက်နဲ့ပတ်သက်ပြီး စိုးရိမ်ခဲ့မိတာတော့ အမှန်ပါပဲ။ ဘာကြောင့် အဲဒီလိုဖြစ်ခဲ့တာလဲဆိုတာတော့ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်မေးမကြည့်မိခဲ့ဘူး"

"ဘာပဲဖြစ်ဖြစ်ပါ မောင်…မောင် အခုတကယ်စိတ်ရင်းနဲ့ သဝန်တိုတယ်လို့ အောက်မေ့လိုက်ပါ့မယ်။ ဒါမှ ထိပ်ထား ကြည်နူးရတာလည်း အဓိပ္ပာယ်ရှိမှာ"

ဘာကြောင့်မှန်းမသိ။ ထိပ်ထားကို အရမ်းကို အားနာသွားမိလေသည်။ သူဟန်ဆောင်ခဲ့တာတွေကို မသိဘဲ ထိပ်ထားက တကယ်ခံစားခဲ့တာမဟုတ်ပါလား။ သူကတော့ ဖေဖေ့ဆန္ဒတွေ ပြည့်ဝဖို့အတွက် ချစ်ချင်ဟန်၊ တန်ဖိုးထားချင်ဟန်တွေဆောင်ပြီး လက်ထပ်ဖို့အထိ ကြိုးစားခဲ့မိတာ။ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ဘယ်လောက်တောင် ရှက်ဖို့ကောင်းသည့်လုပ်ရပ်တွေပါလဲ။

"အရင်ချိန်တွေကို ပြန်မသွားပါရစေနဲ့တော့ ထိပ်ထားရယ်…မောင် အရမ်းလည်း ရှက်မိပါတယ်။ ယောကျ်ားတစ်ယောက် မလုပ်





သင့်တဲ့လုပ်ရပ်တွေကို မောင် လုပ်ခဲ့မိတယ်။ ဒါတွေကို ဖေဖေ့ရဲ့ဖိအားတွေလို့ ထိပ်ထားက နားလည်ပေးပေမယ့် မောင် ထိပ်ထားကို အရမ်းအားနာတယ်။ မောင် အဲဒီလိုတွေ မလုပ်ချင်ခဲ့ပါဘူး။ အကြိမ်ကြိမ်ကို စဉ်းစားခဲ့ပါတယ်"

"ထိပ်ထား နားလည်ပါတယ်။ မောင့်အဖေကြောင့်သာ မဟုတ်ရင် ထိပ်ထားတို့ ဒီလိုဆုံရမှာ မဟုတ်ဘူးလေ။ ဘယ်လိုပဲဖြစ်ဖြစ် ထိပ်ထားကတော့ ကျေနပ်တယ်…မောင်…မောင့်ကို ချစ်ခွင့်ရလို့ပေါ့"

"ထိပ်ထားရယ်"

ထိပ်ထားကို မြတ်နိုးစွာ ထွေးဖက်ပြီး နဖူးလေးကို ခပ်ဖွဖွ နမ်းမွှေးမိလိုက်သည်။ ကိုယ်သင်းရနံ့ သင်းသင်းမွှေးမွှေးလေးကို ရှူရှိုက်လိုက်ရချိန်မှာ အချစ်စိတ်တို့ ရှင်သန်နိုးထလာခဲ့ပြီး သူ့မျက်နှာလေးအနီး နမ်းတော့မည့်အခြေအနေမှာ သူ့ဟာ လွှန့်လွှန့်လေး ရုန်းထွက်လိုက်ပြီး–

"ဟိတ်…မောင်…ထိပ်ထား သွားရတော့မှာလေ။ အလှတွေ ပြင်ထားတာ ပျက်ကုန်တော့မှာပေါ့"

"အဲဒီအလှတွေက ဘယ်သူ့အတွက်လဲ၊ မောင့်အတွက် မဟုတ်ဘူးလား"

"ဩော်…မောင့်အတွက်တော့ မောင့်အတွက်ပေါ့။ ဒါပေမဲ့ အချိန်ကိုလည်း ကြည့်ဦး။ မောင့်ဖေဖေက စောင့်ရတာ စိတ်မရှည်လို့ မောင့်ကိုပါ ကျိန်ရှာနေဦးမယ်။ ထိပ်ထားချစ်တဲ့မောင့်မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေ ထပ်မရစေချင်ပါဘူးနော်…ကဲ…ပြန်လာမှ တွေ့မယ် မောင်…အဲဒီလိုတွေ ဖြားယောင်းပြီး ထိပ်ထားကို နောက်ဆံတင်းအောင် မလုပ်စမ်းပါနဲ့"

"အာဝါးတော့ ပေးခဲ့"

"ကြည့်…ကလေးကျနေတာပဲ အရမ်းဆိုးတယ်"

ဆိုးတယ်ပြောပြီး မျက်စောင်းလေးဝင့်နေပေမယ့် မထိတထိလေးတော့ နမ်းခဲ့လိုက်ပါသည်။ သူမအပြုအမူလေးတွေကို ရင်တွေခုန်ရင်းဖြင့် သူမကို အရမ်းချစ်နေမိပြီဟု ကိုယ့်ကိုယ်ကိုယ် လက်ခံလာမိသလိုပင်။

"သား"

"ဗျာ…မေမေ"

ဖေဖေနှင့်ထိပ်ထား ကားတစ်စီးတည်းနှင့်အတူ ထွက်သွားတာကို မျက်စိတစ်ဆုံး လိုက်ကြည့်နေမိသောသူ့အနား မေမေ ရောက်လာခဲ့ပြီး-

"ထိပ်ထားကို သား ချစ်တတ်လာပြီလား"

"ဟုတ်…ဟုတ်ကဲ့ မေမေ…ထိပ်ထားက အရမ်းစိတ်သဘောထားဖြူစင်တဲ့ မိန်းကလေးပါ။ သားအပေါ်လည်း အရမ်းကို နားလည်မှုပေးတတ်တယ်"

"အဲဒါ အချစ်ကြောင့်ပေါ့ သား…ထိပ်ထားက သားအပေါ် တကယ်ချစ်လို့သာ အရာရာခွင့်လွှတ်သည်းခံနားလည်ပေးနိုင်တာပေါ့။ မြသားချိုကတော့ သားကို အပေါ်ယံပဲချစ်ခဲ့တယ်။ ပြောရရင် သား





ချစ်လို့ ပြန်ချစ်ခဲ့တာ။ သားက သူ့ကို မချစ်ဘူးထင်ရတဲ့အခါကျတော့ သူ့မှာ အချစ်တွေ မရှိတော့ဘူး။ အမုန်းတွေ၊ အငြိုးတွေ၊ လက်စားချေဖို့တွေ ဖြစ်လာတော့တယ်။ တကယ့်အချစ်စစ်ဟာ ကိုယ်က ချစ်နေရဖို့ပဲ အရေးကြီးတယ်။ သူ့ဆီက အချစ်ကို ရရပါစေတော့လို့ မမျှော်လင့်ဘူး။ သူ့ဆီက နှစ်သိမ့်မှုတွေ၊ နွေးထွေးမှုတွေ မတောင့်တဘူး။ ကိုယ်ကပဲ ပေးဆပ်ချင်စိတ်ရှိတာ"

"မေမေက ဖေဖေ့အပေါ်ထားတဲ့မေတ္တာမျိုးလား မေမေ… ဖေဖေ့ဆီက ဘာမှမမျှော်လင့်ဘဲ ဖေဖေကလည်း ဘာမှမပေးဘဲနဲ့ ဒီအချိန်ထိ မေမေ့ဘက်ကပဲ သစ္စာတရားတွေ၊ နားလည်မှုတွေ ပေးနေရတယ်။ ဒါပေမဲ့ ဖေဖေက ထိပ်ထားအမေ ဒေါ်သက်ထားခင်ကို ချစ်နေသေးလို့၊ ဒါမှမဟုတ် အတိတ်ကို မမေ့နိုင်ဘဲ နာကြည်းနေလို့ အဲဒါမျိုးတွေကြောင့် သူ့သမီးဖြစ်တဲ့ ထိပ်ထားကို သားနဲ့လက်ထပ်ပေးချင်ခဲ့တာတော့ မဟုတ်လောက်ပါဘူး။ ယောကျာ်းဆိုတော့ ချို့တဲ့လို့ စွန့်ပစ်ခံရတာကို မာနတော့ ထိခိုက်ချင်ထိခိုက်ခဲ့မှာပေါ့။ အဲဒီအတွက် ကြိုးစားပေမယ့်လည်း ကြိုးစားသလောက် မဖြစ်ခဲ့တော့"

ဒေါ်ဥမ္မာခိုင် ခေါင်းကိုညိတ်လိုက်ကာ-

"မေမေ နားလည်ပါတယ် သား။ သားအဖေက သက်ထားခင်အပေါ် ဘာစိတ်မှမရှိတော့တာကို မေမေ သိပါတယ်။ ဦးမိုးကောင်းအပေါ်လည်း သက်ထားခင်ကို လုယူသွားတယ်ဆိုတဲ့စိတ်နဲ့ ပြိုင်ဆိုင်ချင်တာ မဟုတ်ဘူးဆိုတာလည်း မေမေ သိပါတယ်။ သူက စီးပွားရေးမှာတော့ သူများတွေထက် အောင်မြင်ချင်စိတ် ရှိခဲ့တယ်။ သူပြောသလို



www.burmeseclassic.com

www.burmeseclassic.com



ပဲ မပြည့်စုံလို့ ပိုပြီးကြီးပွားချမ်းသာချင်တာပေါ့။ မေမေ့မိဘတွေရဲ့ အနှိမ်ခံရတာကိုလည်း သူက ဘာကောင်ဘာဆိုတာ လုပ်ပြချင်တယ်။ အကြောင်းအမျိုးမျိုးပေါ့ သားရယ်…ဘာပဲဖြစ်ဖြစ် သားအဖေက အိမ်ထောင်ရေးမဖောက်ပြန်ခဲ့ဘူး။ မိန်းမကိစ္စ ဘာမှအရှုပ်အရှင်း မရှိဘူး။ အဲဒီတစ်ခု မေမေ့အပေါ် သစ္စာရှိပေးတာနဲ့တင် မေမေကတော့ ကျေနပ်နေပါပြီ။ ဒါနဲ့ မြသားချိုနဲ့ကိစ္စရော ပြီးပြတ်သွားပြီလား… သား"

"သားဘက်ကတော့ ပြီးပြတ်သွားပါပြီ မေမေ။ သူ့ဘက်က တော့ သားဖုန်းကိုရော ကုမ္ပဏီကဖုန်းကိုရော တောက်လျှောက်ဆက် နေတာ။ ဒါပေမဲ့ သား ဘယ်ဖုန်းကိုမှ လက်ခံစကားမပြောတော့ဘူး။ သူ ဆက်လို့မရတော့အောင် လုပ်ထားတယ်"

"အဲဒါနဲ့ပဲ ပြီးသွားမှာလား သား…အစကတည်းက မငဲ့ညှာခဲ့ ရင် အခုလောက်ဆို သူလည်း နေသားကျနေလောက်ပြီ"

"သား မှားသွားပါတယ် မေမေ…အမုန်းတွေနဲ့သာ လမ်းခွဲခဲ့ ရင် အခုလောက်ဆို နာကြည်းမှုတွေနဲ့ မေ့ပြီး သူလည်း သက်သောင့် သက်သာ ဖြစ်နေလောက်ပြီ။ သားက အပြစ်မရှိဘဲ လမ်းခွဲခဲ့ရတာကို သနားပြီး နှစ်သိမ့်ပေးခဲ့မိလို့"

"ပြန်တွေးပြီး နောင်တရမနေပါနဲ့တော့ သားရယ်…ဖြစ်ချင်တဲ့ အတိုင်း ဖြစ်လာကြရင် လူတွေ ဘယ်ပင်ပန်းကြပါ့မလဲ။ နောက် ဘယ်လိုနေသင့်တယ်ဆိုတာသာ တွေးပါတော့"

"ဟုတ်ကဲ့ပါ မေမေ။ ထိပ်ထားအပေါ် သား သစ္စာရှိရှိ တန်ဖိုး





ထားပြီးနေတော့မှာပါ။ မြသားစိတ်ကိုလည်း သိရပြီဆိုတော့ သား ပြတ်ပြတ်သားသားနေဖို့ပဲ ဆုံးဖြတ်ထားပါတယ်"

"ကိုယ့်အိမ်ထောင်ရေးသာယာဖို့ကပဲ အရေးကြီးဆုံးပါ သား။ ကျန်တာတွေ ဘာမှကို မတွေးပါနဲ့တော့။ မေမေကတော့ သားအဖေရဲ့ ဒေါသကို ကြောက်မိတယ်။ သားအတွက်ပါ…ထိပ်ထားလိုပဲ မေမေ လည်း စိုးရိမ်မိတယ်"

"နောက်ထပ် ဘာအကြောင်းမှ ထပ်ဖြစ်စရာမရှိတော့ပါဘူး မေမေ…သားရဲ့ဇနီးမယား ထိပ်ထားအပေါ်မှာပဲ သစ္စာရှိရှိ ရိုးမြေကျ ချစ်သွားတော့မှာပါ"

သူ့မေမေကို ဝန်ခံလိုက်ရသည့်အတွက် စိတ်ထဲမှာ ပေါ့သွား သည်။ ဆုံးဖြတ်ချက်လည်း ချပြီးပြီမို့ ရင်ထဲမှာလည်း ရှင်းနေ၏။

အခုကတော့ ထိပ်ထားတစ်ယောက်တည်းသာ သူ့ရင်ထဲမှာ ရှိကာ…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၅)

"သမီးထိပ်ထားရော ပြန်ပါမလာသေးဘူးလား ကိုဥက္ကာ"

"အင်း…လူကြီးတွေကို ဟိုတယ်မှာ ဧည့်ခံကျွေးဖို့အတွက် ထားခဲ့တယ်။ တစ်နေကုန် ပင်ပန်းထားကြတာဆိုတော့ ကိုယ့်ဘက်က လူရော သူတို့ဘက်ကလူရော ဧည့်ခံမှကောင်းတော့မှာ။ ကိုယ်ကတော့ အရမ်းပင်ပန်းနေပြီ။ စိတ်ကရော ဖြစ်ပါ့မလားဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ လုပ်နေရတော့ နေ့လယ်ကတည်းက သွေးကတိုးချင်နေတယ်။ အဲဒါ နားချင်နေတာ။ သမီးကလည်း ပြန်လိုက်ပါဆိုတာနဲ့ ပြန်လာခဲ့လိုက်တာ"

ဖေဖေက ရှင်းပြရင်းနှင့် ဆိုဖာခုံကို နောက်လှန်မှီကာ အမောဖြေနေ၏။ မေမေက သံပရာရည်ခွက်သွားယူကာ ဖေဖေ့ကို တိုက်သည်။





"ကိုဥက္ကာ…ဒါလေးသောက်လိုက်ဦး။ ထမင်းစားပြီးမှ ဆေးသောက်လို့ရမှာ"

ဖေဖေက သံပရာရည်ခွက်ကို ယူသောက်ပြီး မျက်လုံးကို မှေးစင်းထား၏။ ဖေဖေ တကယ်ပဲ စိတ်မောလူမောဖြစ်လို့ ဒီလို နေတာနေမှာပါ။

ကိစ္စတွေက အဆင်ပြေရဲ့။ ဘာလို့ ထိပ်ထားကို ဟိုတယ်မှာ တစ်ယောက်တည်း ဧည့်ခံဖို့ထားခဲ့တာလဲ။ ပါသွားသည့်လူတွေက အားလုံး ယောကျ်ားသားတွေချည်းပါ။ ဖေဖေ ပြန်လာမည်ဆိုလည်း သူ့ကို လှမ်းခေါ်လိုက်ပါလား။

"ကိုဥက္ကာ… အပြန်ကျ သမီးလေးတစ်ယောက်တည်းဖြစ်နေမလား။ ကားကလည်း ရှင် ယူလာခဲ့ပြီ"

မေမေက သူ့အရိပ်အခြေကြည့်ကာ သူ မေးချင်နေသည့်မေးခွန်းကို မေးပေး၏။ ဖေဖေက မျက်လုံးလေးဖွင့်လာလျက် လက်ကျန် သံပရာရည်လေးကို မော့သောက်ပြီးမှ–

"အပြန် မောင်မင်းထိုက် လိုက်ပို့လိမ့်မယ်။ သူ့ကို သေချာ မှာခဲ့တယ်"

"သမီးတစ်ယောက်တည်း ဖြစ်နေမယ်ဆိုရင် သားကို ကြိုဖို့ လွှတ်လိုက်ရမလား ကိုဥက္ကာ"

"မောင်မင်းထိုက် လိုက်ပို့ပါ့မယ်ဆို…မင်းက ဘယ်လိုဖြစ်နေ တာလဲ"

"ဗြော်…ယောကျ်ားသားအများကြီးနဲ့ ညဘက်မှာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သားလည်း သူ့မိန်းမကို ဘယ်စိတ်ချပါ့မလဲရှင်"

"မင့်သားက သမီးကို ဘယ်အချိန်တုန်းက စိုးရိမ်တတ်သွားတာလဲ။ စံထိပ်ထားမရှိရင် မြသားချိုဆီ ပြန်သွားဖို့ ပိုတောင်လွယ်ဦးမှာ"

"သား မြသားချိုကို မေ့လိုက်ပါပြီ ဖေဖေ၊ သူနဲ့ပတ်သက်ပြီး ဘာအကြောင်းမှ မရှိတော့ပါဘူး"

"မင်းပြောတော့ မင်းစကားပေါ့။ လက်ထပ်ထားပြီးတဲ့ မိန်းမရှိနေတဲ့အချိန်မှာ ရည်းစားဦးနဲ့ပတ်သက်တာ ရိုးရိုးသားသားပါလို့ ပြောပြီး ဒီအခြေအနေထိတောင် ရောက်လာတယ်။ စံထိပ်ထားမို့ မင်းနဲ့ ပေါင်းနေသေးတာ။ ငါ့လိုစိတ်မျိုးနဲ့ဆို ကန်ချလိုက်တာ ကြာပြီ"

"သားလည်း တော်တော်သိနေပါပြီ ကိုဥက္ကာရယ်။ ဒီအကြောင်းတွေ မပြောပါနဲ့တော့။ မမှားသောရှေ့နေ မသေသောဆေးသမားတဲ့။ ပညာရှိတွေလည်း သတိဖြစ်ခဲ့တာပဲ။ မမှားဖူးတဲ့သူ၊ အသိမလွတ်ဖူးတဲ့သူဆိုတာ မရှိပါဘူး။ ဒါကိုပဲ အပြစ်တင်နေမယ်ဆိုရင်တော့ သားလည်း အနေကျပ်ပါတယ် ကိုဥက္ကာရယ်"

"အခု မင့်သားစိတ်က တကယ်ပြတ်လို့ မင်း ဝင်ပြောပေးနေတာလား ခိုင်"

"ဟုတ်ပါတယ်။ သား မေမေကိုရော ထိပ်ထားကိုရော ကတိပေးပြီးပါပြီ။ မြသားနဲ့ ပတ်သက်တာလည်း နှစ်သိမ့်ဖို့ လိုအပ်မယ်ထင်လို့ တကယ်ကို ရိုးရိုးသားသားပါ။ အခုကတော့ သားဘက်က လုံးဝကို ရှင်းသွားပါပြီ။ ဖုန်းလာလည်း မကိုင်တော့ပါဘူး။ ဖေဖေ့ကိုရော ထိပ်ထားကိုရော စိတ်ဆင်းရဲမှုတွေ မပေးတော့ပါဘူး။ အလုပ်ကို





ကြိုးစားလုပ်မယ်။ ထိပ်ထားကိုပဲ ဂရုစိုက်မယ်။ မွေးလာမယ့် သားသမီးတွေအတွက် ဖေဖေ့လိုပဲ လုပ်ငန်းတွေ အောင်မြင်အောင် ကြိုးစားသွားမယ်ဆိုတာ သား ကတိပေးပါတယ် ဖေဖေ"

ဦးဥက္ကာဇော်နှုတ်ခမ်းဖျား ကျေနပ်အားရသလို ပြုံးယောင်သမ်းသွားသည်။ သား အခုတလော အလုပ်ကိုပဲ အာရုံစိုက်နေတာမသိဘဲ နေပါ့မလား။ သမီးစံထိပ်ထားနှင့်ကိုယ်က ဒီဇိုင်းကိစ္စနှင့် ဟိုဟိုဒီဒီ ပြေးလွှားအလုပ်ရှုပ်နေချိန်မှာ အရေးကြီးသည့်ကိစ္စတွေအစ သားနဲ့ လွှဲထားခဲ့သည်။ အမှားအယွင်းမရှိအောင် သား ဂရုစိုက်နေခဲ့တာ သိ၏။

သားအမေပြောသလို မှားတော့မှာဖူးမှာပဲလေ။ ကိုယ်တောင် အမှားကင်းခဲ့သည့်ကောင်မှမဟုတ်ဘဲ။

"အေး...ယောကျ်ားဆိုတာ ဆုံးဖြတ်ပြီးရင်၊ ကတိပေးပြီးရင် တည်အောင်လုပ်ရတယ်။ လူတိုင်း အမှားမကင်းဘူး။ မှားဖူးတာပဲဆိုပြီး ထပ်ခါထပ်ခါ မှားလို့တော့ မဖြစ်ဘူး။ သမီးက မင်းအပြစ်လွတ်အောင် စွမ်းစွမ်းတမံ ကြိုးစားပေးနေလို့ ငါ ဒီလောက်နဲ့ ခွင့်လွှတ်ပေးလိုက်တယ်လို့ အောက်မေ့ထားပါ"

"ဟို...ကိစ္စတွေက အဆင်ပြေရဲ့လား ဖေဖေ"

"အကုန်အဆင်ပြေတယ်။ ဒါပေမဲ့ မြသားချို ဝန်မခံရင်တော့ ဘာတွေဖြစ်လာဦးမလဲ မသိဘူး။ ဒီအပြစ်အတွက် အလုပ်ထုတ်လိုက်မှာက သေချာပြီး ဝန်မခံရင်တော့ တရားစွဲရုံပဲ ရှိတာပေါ့။ အဲဒါ သမီးက တရားစွဲဖို့အထိ ပြင်းပြင်းထန်ထန်တွေ မလုပ်စေချင်ဘူး။ မိန်းကလေးချင်း ကိုယ်ချင်းစာတာရယ်၊ မိသားစုကို လှမ်းကြည့်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာရယ်ကြောင့် အဲဒီလောက်ထိ မသွားချင်ဘူး။ အေးအေးချမ်းချမ်း ပြီးချင်တယ်ဆိုပြီး ဟိုဘက်ကို ပြောထားတယ်"

"အဲဒါပဲကြည့် ... သား။ စံထိပ်ထားစိတ်ဓာတ်လေးက ဘယ်လောက်မြင့်မြတ်လိုက်သလဲလို့။ လူချင်းတူတောင် စိတ်ချင်းမတူဘူးဆိုတာ အဲဒါပဲ။ ပညာတတ်တာချင်းတူရင်တောင် ပညာရှိတာချင်းက မတူပြန်ဘူး။ အသိရှိတာချင်းတူပေမယ့်လည်း သိတာချင်းက မတူဘူး။ မြသားချို လွဲမှားတာ အသိစိတ်ကြောင့်ပဲ။ မေတ္တာမထားတတ်တော့ မေတ္တာမရတော့ဘူးပေါ့ကွယ်"

"သား နားလည်ပါပြီ မေမေ ... ထိပ်ထားက မိန်းမမြတ်စာရင်းဝင်ပါတယ်။ သားကို နားလည်ပေးတာရော မြသားကို ကိုယ်ချင်းစာပေးတာရော သားတောင် မြသားအပေါ် စိတ်ခုစိတ်ဆိုးမိပေမယ့် ထိပ်ထားကတော့ အဲဒီလိုမဟုတ်ဘူး။ စာနာရမယ်ဆိုတဲ့ စိတ်အသိနဲ့ သဘောထားကြီးပေးတယ်"

"အေး ... မင်း ခွဲခြားသိဖို့ပဲလိုတယ်။ တန်ဖိုးရှိမှန်းသိပြီဆိုရင် တန်ဖိုးထားတတ်ရတယ်။ မင်းအမေအပေါ် ငါ အဲဒါကြောင့် အိမ်ထောင်ရေး မဖောက်ပြန်ဘဲ သစ္စာရှိနေခဲ့တာ။ သူ့မိဘတွေကြောင့် နာကြည်းမှုတော့ ရှိတာပေါ့ကွာ။ မပြည့်စုံတာကို အထင်သေးသလို ဖြစ်တော့ မာနထိခိုက်တာကိုး။ အဲဒီမခံချင်စိတ်ကြောင့် လုပ်ပြချင်တာတွေ များပြီး အတ္တကြီးမိသလိုတွေ ဖြစ်သွားခဲ့တာ။ ငါလည်း ငါ့ကိုယ် ငါ ဘာမှားနေသလဲဆိုတာ သိပါတယ်။ သိပြီဆိုကတည်းက ပြင်ရတော့မှာပေါ့ကွာ"





မေမေရော သူရော ပြုံးမိလိုက်ပါသည်။ ဖေဖေ့ဘက်က ဒီလိုစကားတွေ ပြောလာပြီဆိုလျှင် သူတို့မိသားစုဘဝလေးက အေးချမ်းတော့မှာပါ။ ဖေဖေနှင့် အဆင်ပြေသွားတာကို သူ ဝမ်းသာမိသော်လည်း ထိပ်ထား ပြန်ရောက်မလာသေးသည့်အတွက် သူ့ရင်ထဲ မကောင်းလှပေ။ ဖေဖေတို့ရှေ့က ထွက်လာခဲ့ပြီး အခန်းထဲအရောက်မှာ ထိပ်ထားဆီ သူ ဖုန်းခေါ်လိုက်သည်။

ဖုန်းသံက မြည်သော်လည်း ထိပ်ထား ဖုန်းမကိုင်။ သူ အကြိမ်ကြိမ်ဆက်ကြည့်ရင်းက ဖုန်းမကိုင်တာ ထိပ်ထား တမင်မကိုင်တာလား။ ဧည့်သည်တွေ ဧည့်ခံနေရသည့်အတွက် ဖုန်းသံကြောင့် အနှောင့်အယှက်ဖြစ်မှာစိုး၍ ဖုန်းသံပိတ်ထားခြင်းလား မသိနိုင်။ သူ ဘာကြောင့်များ ဒီလောက်တောင် ထိပ်ထားကို စိုးရိမ်နေတာလဲ။ မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင် ဖြစ်နေခြင်းဟာ ထိပ်ထားကို တကယ်ချစ်မြတ်နိုးလာမိ၍လား။

မြသားနှင့်ပတ်သက်တာကိုတော့ သူ တွေးပင်မတွေးချင်တော့ပါ။ သူ့ကို လှေကားထစ်လို အသုံးချမည်လို့ ရဲတင်းစွာ ပြောထွက်ရဲသော မြသားကို သူ တကယ် စိတ်ပျက်စိတ်ကုန်သွားမိတာ အမှန်ပင်။ ထိပ်ထားနှင့်မြသားချိုတို့နှစ်ယောက်ရဲ့ သူ့အပေါ်ထားသော အချစ်က သိသာထင်ရှားစွာ ကွဲပြားခြားနားနေပြီမို့ သူ့အနေနှင့် တွေဝေနေစရာလည်း အကြောင်းရှိတော့ပါ။

"မောင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူ အတွေးများနေတာကြောင့် အခန်းတံခါးဖွင့်ပြီး ထိပ်ထား ဝင်လာတာပင် မသိလိုက်ပါ။ သူ ထိပ်ထားကို ဘာမပြောညာမပြော နှင့် တင်းကျပ်စွာ ထွေးဖက်ထားလိုက်သည်။ ထိပ်ထားက ရုန်းထိုး ရုန်းကန်ခြင်းမပြုဘဲ ငြိမ်သက်စွာ သူ့ရင်ခွင်ထဲမှာ နေနေရင်းက–

"ဘာဖြစ်တာလဲ မောင်...မောင် ဘာဖြစ်လို့လဲဟင်"

"မောင် လွမ်းလို့ပါ ထိပ်ထား။ တစ်နေကုန် မတွေ့ရတော့ မောင် အရမ်းသတိရနေလို့ပါ"

"ပိုပြီ...အဲဒီလိုတွေချွဲဖို့ပဲ စိတ်ကူးနေ။ ဒီက ရှုးတော့မယ်"

တွန်းထိုးရင်း ပြောလိုက်တာလေးကို ချစ်မြတ်နိုးသွားရလေ သည်။ သူမ မျက်နှာလေးအနှံ့ ရှိုက်ကာ နမ်းမွေးပစ်လိုက်ပြီး–

"မောင် အပိုတွေ ပြောနေတာမဟုတ်ပါဘူး ထိပ်ထားရယ်။ အရင်ကလို အလိမ်အညာတွေလည်း မဟုတ်ပါဘူး။ မောင် တကယ် ပြောနေတာပါ။ ထိပ်ထားကို မောင် အရမ်းချစ်တယ် ထိပ်ထား။ မောင် ပြောတာကို ယုံရဲ့လားဟင်"

"ယုံပါတယ် မောင်...တကယ်မဟုတ်ခင်ကတောင် မောင် ဘာပြောပြော အပြစ်မမြင်ရက်လောက်အောင် ယုံကြည်ပြီး ချစ်ခဲ့တဲ့ သူပါ"

"အဲဒီအချစ်တွေအတွက် မောင် အရမ်းကို ကျေးဇူးတင်ပါ တယ် ထိပ်ထား။ ဒါနဲ့ ထိပ်ထားက မြသားချိုကို တရားမစွဲဖို့ ပြော ထားတယ်ဆို"

ခုတင်ထက်မှာ ထိုင်စေပြီး ပခုံးလေးကို ဖက်ကာ မေးလိုက်





သည်။ ထိပ်ထားက မျက်ခုံးလေးပင့်ကာ ခေါင်းကိုညိတ်ပြီး–

"ကိုယ် အနိုင်ရဖို့အတွက် တစ်ဖက်သားကို မနှင်းချေချင်ဘူး မောင်...သူ ဒီအပြစ်ကို လုပ်တာမှန်ပေမယ့်လည်း သူ့မှာ ဘာကြောင့် လုပ်ရတယ်ဆိုတဲ့အကြောင်းအရင်းတွေ ရှိနေတယ်လေ။ သူသာ ပြည့်စုံ ချမ်းသာနေခဲ့ရင် ဒီလိုလုပ်ပါ့မလား။ မောင့်အဖေက နာကျင်အောင် မပြောခဲ့ရင်၊ မောင်က စွန့်ပစ်ထားရစ်ခဲ့တာမျိုး မဖြစ်ခဲ့ရင် သူ့မှာ ဒီလို အမုန်းအငြိုးတွေနဲ့ လက်တုံ့ပြန်စရာအကြောင်းတွေ ဖြစ်လာပါ့မလား"

"ဒါတော့ ဟုတ်ပါတယ်။ ဒါပေမဲ့..."

"အပြစ်ရှိတဲ့သူတိုင်းကို ထိုက်တန်တဲ့အပြစ်တွေ ပြန်ပေးရမယ် ဆိုရင် သူတို့မှာ ပိုပြီးနာကျင်သွားရလိမ့်မယ်။ မြသားချိုက မိသားစုကို လုပ်ကိုင်ကျွေးဖို့ တာဝန်တွေ ရှိနေသေးတယ်။ သူ့ကိုယ်သူ ထူမတ်ဖို့ ကလည်း အချိန်တွေ နောက်ကျနေပြီ။ ဘာလို့လဲဆိုတော့ သူ ဒီနိုင်ငံ တွင်းမှာ ဒီပညာနဲ့ လုပ်စားလို့မရတော့ဘူး။ တစ်ဆင့်စကားတစ်ဆင့် နားဆိုတာထက် နာမည်ပျက်စာရင်းဝင်သွားတဲ့ လူတစ်ယောက် အတွက် ရပ်တည်ထူမတ်ဖို့ဆိုတာ မလွယ်တော့ပါဘူး။ အခုဆို အီတလီနဲ့ပြင်သစ်ရယ်၊ စင်ကာပူက ပညာရှင်တွေလည်း သိသွားပြီ ဆိုတော့ နိုင်ငံတကာမှာ အလုပ်ထပ်ရှာဖို့လည်း ခက်သွားပြီ"

သက်ပြင်းမချမိပေမယ့် မြသားအတွက် စိတ်မကောင်းတော့ ဖြစ်သွားမိလေသည်။ သံယောဇဉ်ကြီးတွေ ခိုင်မြဲစွာနှင့် ငါးနှစ်လောက် တောင် ချစ်ခဲ့ကြတာမဟုတ်ပါလား။ ပြီးတော့ ထိပ်ထားပြောသလို သူတို့သားအဖနှင့်သာ မပတ်သက်လျှင် မြသား ဒီလိုတွေ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



စရာအကြောင်းမရှိပေ။ ထိပ်ထားက သူ့မျက်နှာလေးကို မော့ကြည့်လာပြီး-

"မောင် စိတ်မကောင်းဖြစ်သွားလားဟင်"

"မဖြစ်ဘူးဆိုရင်တော့ မောင် ညာမိတာပဲဖြစ်လိမ့်မယ်။ တကယ် စိတ်တော့မကောင်းပါဘူး။ ဒါပေမဲ့ အသိတစ်ခုတော့ ရလိုက်တယ်။ မကောင်းတဲ့စိတ်ဝင်ရင် မကောင်းတာတွေ ဖြစ်လာတတ်တယ်ဆိုတာလေ။ မြသားက မောင့်ရဲ့ ဥပေက္ခာမပြုရက်တဲ့စိတ်၊ သနားကရုဏာဖြစ်မိတဲ့စိတ်တွေကို တလွဲအသုံးချသွားတာပဲ။ စေတနာကို စေတနာမှန်းသာ သိနေရင် ဒီလိုဖြစ်မှာ မဟုတ်ဘူးလို့ ထင်မိတယ်"

"ဒါတော့ဒါပေါ့ မောင်…ဒါပေမဲ့ သူလည်း ဒီလိုဖြစ်ချင်လို့တော့ ဘယ်ဟုတ်ပါ့မလဲ။ မပြည့်စုံတဲ့ သူ့ဘဝမှာ နာကျင်စရာတွေများလွန်းလို့ စွန့်စားကြည့်လိုက်တာဖြစ်မှာပေါ့။ ထိပ်ထားတို့လို ပြည့်စုံတဲ့သူဆိုရင် ဂုဏ်သိက္ခာထိခိုက်မှာစိုးလို့ ဒီလိုကိစ္စကို ဒီလိုတွေလုပ်ဖို့ စဉ်းစားမိမှာမဟုတ်ဘူး"

"အင်း…အဲဒီလိုတော့လည်း ဟုတ်ပါတယ်လေ"

မြသားအပေါ် ထိပ်ထားရဲ့ ကိုယ်ချင်းစာမှုများက သူ့ရင်ကိုပါ ထိခိုက်စေလေသည်။ သူ့ရင်ထဲ တကယ်မကောင်းပါ။

မြသားကို ဒီလိုမျိုးတွေ မဖြစ်စေချင်တာ သူ့ရဲ့စေတနာစိတ်ရင်း အမှန်ပါ။ မြသားမှ နားမလည်တော့လည်း…





# အခန်း (၃၆)

"ရှင်…ကျွန်မကို အလုပ်ဖြုတ်လိုက်ပြီ။ ဘာဖြစ်လို့လဲ… ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ"

"မင်း ဘာတွေလုပ်ခဲ့တယ်ဆိုတာ မင်းကိုယ်မင်း အသိဆုံးဖြစ်မှာပါ မြသားရဲ့…သူများရဲ့ အအောက်အဦးဒီဇိုင်းကို ခိုးယူပြီး မင်း ပြိုင်ပွဲဝင်ခဲ့တယ်။ ငါတို့ အဆင့်ဆင့် စိစစ်ပြီးသွားပြီ။ ဟိုက မှတ်ပုံတင်ပြီးမှ ပြပွဲလုပ်တာ"

"ကျွန်မ ခိုးပါတယ်ဆိုတာ ဘယ်လိုသက်သေအထောက်အထား ရှိလို့လဲ။ ကျွန်မ ဒီကုမ္ပဏီမှာ လုပ်လာတာပဲ ဘယ်နှနှစ်ရှိနေပြီလဲ။ ကျွန်မ ဒီဇိုင်းတွေကို အားလုံးလည်း ကြိုက်ကြတယ်။ အောင်မြင်သင့်သလောက်လည်း အောင်မြင်ခဲ့ပါတယ်။ အခု ဘာလို့ ကျွန်မကို အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ပုံချရတာလဲ။ ကျွန်မ ဒီ,ဒီဇိုင်းမျိုး မရေးဆွဲတတ်လောက်ဘူးလို့ အထင်သေးတာလား။ ဒါဆိုရင်…"

မြသားချို စကားကို အဆုံးသတ်မခံဘဲ သူဌေးက လက်ကာပြလိုက်သည်။ ဒါရိုက်တာအဖွဲ့ဝင်များနှင့် မင်းထိုက်တို့လည်း ဒီလိုဖြေရှင်းချက်ပေးမည်ဆိုတာ ကြိုသိထားကြပြီးသားပါ။ မင်းထိုက်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး-

"ကဲ…ဒါဆို အတွင်းခန်း ဒက်ကရေးရှင်းနဲ့ ကုန်ကျစရိတ်တန်ဖိုး၊ ပစ္စည်းဝယ်သုံးမယ့်နိုင်ငံ…အဲဒါတွေအားလုံးက သူတို့လုပ်မှာတွေနဲ့ မင်း တင်ပြထားတာတွေက လွဲနေတယ်။ မင်း ဘယ်လိုဖြေရှင်းမလဲ"

"အို…ကျွန်မစိတ်ကူးနဲ့ ကျွန်မ လုပ်ထားတာမို့ သူတို့လုပ်မှာနဲ့ လွဲမှာကတော့ သေချာတာပေါ့။ ဒါပဲ အဖြေက ရှင်းနေပြီ"

"ဟုတ်တယ်…ရှင်းနေပြီ။ အစက ငါတို့အားလုံးက မင်း တင်ပြချက်တွေနဲ့ ကုန်ကျစရိတ်တွေအားလုံး သုံးမယ်၊ ပစ္စည်းတွေအားလုံး အဆင်ပြေတယ်လို့ ထင်ခဲ့တာ။ ဒါပေမဲ့ အခုတော့ အဆောက်အဦးရဲ့ပုံစံနဲ့ မင်းသုံးထားတာတွေထက်စာရင် သူတို့သုံးမှာတွေက ပိုပြီးအဆင်ပြေတယ်။ မင်း ဆောက်လုပ်စေချင်တဲ့ မြေနေရာနဲ့ အဆောက်အဦးပုံစံကလည်း မကိုက်ဘူး။ သူတို့ မြေနေရာကို လိုက်ပြီး စစ်ဆေးတဲ့အခါမှာ သူတို့က အဆင်ပြေဆုံး၊ အကောင်းဆုံး ရွေးချယ်ထားတာ"

"အဲဒါတွေက ကျွန်မနဲ့ မဆိုင်ဘူးထင်တယ်။ သူတို့ဘာလုပ်





လုပ် ကျွန်မနဲ့ မပတ်သက်ဘူး။ ကျွန်မက ကျွန်မအတွက်နဲ့ ကုမ္ပဏီအတွက် အကောင်းဆုံးဖြစ်မယ်ထင်လို့ ဒီ,ဒီဇိုင်းနဲ့ ပြိုင်ပွဲဝင်ခဲ့တာပါ။ အားလုံးက ကြိုက်လို့ ပထမဆုပေးမယ်ဆိုတဲ့ သတင်းတွေလည်း ရပြီးပါပြီ။ အခုမှ ဘာလို့"

သူမ သိသိချည်းနှင့် ဖွတ်ကန်ပြင်းနေတာကို မင်းထိုက် သိပ်စိတ်မရှည်။ ထိပ်ထားသာ မတားခဲ့ဘူးဆိုလျှင် ရှေ့နေတွေခေါ်တရားရုံးမှာ စစ်ဆေးမေးမြန်းရင်ဆိုင်ခိုင်းလိုက်လို့ ဖြစ်သည်။ အမြန်ဆုံးပင် ပြီးပြတ်သွားမည့်ကိစ္စ။

"ဒီလို မြသားချို…လူကြီးတွေအားလုံးရှေ့မှာ မင်း ဘယ်လိုပဲဖြေရှင်းဖြေရှင်း ငါတို့အားလုံးက လိုအပ်ချက်တွေအားလုံး စုံစမ်းစစ်ဆေးအတည်ပြုပြီးမှ မင်းကို အလုပ်ဖြုတ်ဖို့ ဆုံးဖြတ်တာ။ တကယ်ဆို ခိုးယူခံရတဲ့ဘက်က မင်းကို တရားစွဲလို့ရတယ်။ ငါတို့ဘက်ကလည်း အကျင့်စာရိတ္တပျက်ပြားမှုနဲ့ မင်းကို ထောင်ချလို့ရတယ်။ ဒါပေမဲ့ အဲဒီလိုမလုပ်ဖို့ စံထိပ်ထားက ဖွတ်အတင်းတောင်းပန်နေလို့ မလုပ်ဖြစ်ကြတာ"

"ဟင်…စံထိပ်ထားက"

"ဟုတ်တယ်…မင်းက ပညာရှင်လည်း ဖြစ်တယ်။ မိန်းမသားချင်းလည်း ကိုယ်ချင်းစာလို့တဲ့။ တရားစွဲလိုက်ရင်တောင် ဆယ်နှစ်ဆိုတာ အနည်းဆုံးပဲနော်။ မင်းကိုယ်မင်း လည်လှပြီမထင်နဲ့"

မြသားချို အံကိုကြိတ်ကာ ငြိမ်သက်သွားသည်။ ဒါပေမဲ့ သူမ မာန်လျှော့လိုက်လို့ မဖြစ်ပါ။ ဒီအတိုင်း လက်လျှော့လိုက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



မည်ဆိုလျှင် သူမ ကြံစည်ထားတာတွေ ဘယ်လိုလုပ်အောင်မြင်တော့မှာလဲ။

"သူတို့ဘက်က ဘယ်အချိန် ဘယ်နေရာမှာ အခိုးခံရတယ်လို့ ပြောထားလဲ…သိချင်ပါတယ်"

မင်းထိုက်က ထိပ်ထားပြောပြထား၍ အကြောင်းစုံသိထားသော်လည်း လူကြီးတွေရှေ့မှာ သိက္ခာတရားဆိုတာ ရှိသေးတာကြောင့် မျက်မှောင်ကြုတ်မိသွားပြီး-

"အဲဒါ…မင်း ဘယ်နေရာကနေ ဘယ်လို ခိုးယူခဲ့တယ်၊ ဘယ်အချိန်ကဆိုတာ မင်းကိုယ်မင်း အသိဆုံး ဖြစ်ပါလိမ့်မယ် မြသားချို။ သူများကို သိက္ခာချဖို့ စဉ်းစားထားတယ်ဆိုရင် အပျိုလေးတန်မဲ့ မင်း အရင်ဆုံး ဂုဏ်သိက္ခာကျရမှာပါ။ သူများကို ဖျက်ဆီးဖို့ကြံစည်ရင် ကိုယ်အရင်ဆုံး ပျက်စီးတတ်တယ်ဆိုတာ မမေ့နဲ့။ မင်းရှေ့ဆက်ရမယ့်ဘဝအတွက် ကိုယ်ကျင့်တရား ပျက်ပြားသွားလည်း သိက္ခာဆိုတာ ရှိဦးမှဖြစ်မှာပေါ့။ ကဲပါ…မင်းပဲ ရွေးချယ်ပါ။ ဒီအတိုင်း အလုပ်ထုတ်တာကို အေးအေးဆေးဆေး ထွက်သွားမလား။ တရားရင်ဆိုင်မလား"

"ဒါ…သက်သက်မဲ့ ကျွန်မကို အနိုင်ကျင့်တာ။ ကျွန်မ မလုပ်ဘဲ မတရားမခံနိုင်ဘူး"

"ကောင်းပြီ…ကိုယ် အခုပဲ ရဲစခန်းကို ဖုန်းဆက်လိုက်ပါ့မယ်။ မင်းကို ငါတို့ ဒီလောက် အကြာကြီး အချိန်မပေးနိုင်ဘူး။ မင်းထက် အရေးကြီးတာတွေ လုပ်စရာရှိသေးတယ်။ ရဲစခန်းရောက်မှပဲ မင်း





ဖြစ်ချင်တာတွေ တင်ပြပြီး အစစ်ခံဆေးခံလိုက်တော့…ဟုတ်ပြီလား"

လူကြီးတွေက မြသားချို အတိုက်အခံလုပ်နေတာကို စိတ်ပျက်စိတ်ကုန်နေကြသလို မင်းခန့်ကလည်း စိတ်မရှည်သလို ဖုန်းခလုတ်တွေကို နှိပ်မည်ပြင်တော့ မြသားချို ပျာပျာသလဲ ဖြစ်သွားလျက်-

"မ…မဆက်ပါနဲ့…ကျ…ကျွန်မ စဉ်းစားပါရစေဦး"

"ဘာကိုစဉ်းစားမှာလဲ။ မင်းကို စဉ်းစားချိန်မပေးနိုင်ဘူး မြသားချို။ ငါတို့က မင်း ဒီလိုတွေ ငြင်းဆန်မှာစိုးလို့ အချိန်ပေးပြီး အဆင့်ဆင့် စိစစ်နေခဲ့တာ။ ငါတို့လည်း ဒီဖိုင်းကို ကြိုက်လို့ လက်မလွှတ်ချင်တာလည်းပါတယ်။ တို့သာ အလောတကြီးနဲ့ လုပ်လိုက်မိရင် ငါတို့လည်း ထောင်နန်းစံရမယ်ကိန်း။ ဒီလောက်ကြီးမားတဲ့ကိစ္စကို မင်းမို့ လွယ်လွယ်တွေးပြီး လုပ်နိုင်တယ်။ မင်း တော်တော်ဆိုးတာပဲ"

"သိပါပြီ…ကျွန်မ အလုပ်ထွက်ပါ့မယ်"

ဘာမှမတတ်နိုင်တော့သည့်အဆုံး သူမ ဒီစကားပဲပြောပြီး ထွက်လာခဲ့ရသည်။ သူမ ကြိုးစားမှုတွေနှင့်လုပ်ခဲ့သော ကုမ္ပဏီကြီးကို နောက်ဆုံးအနေနှင့်လည်း ကြည့်မိရင်း မျက်ရည်ပေါက်တွေ ပါးပြင်လေးပေါ် လိမ့်ဆင်းကျလာ၏။ သူမ ဘယ်ကိုသွားရမှာလဲ။ ဘာလုပ်ရမှာလဲ။

ခြေလက်တွေချိုးပြီး ဘဝကိုပါ အသတ်ခံလိုက်ရသလို ခံစားရသည်။ သူမဘဝကို ဘယ်သူ ကယ်တင်ပေးမှာလဲ။ သူမဘဝ ပြန်ရပ်တည်လို့ရအောင် ဘယ်သူ ထူမတ်ပေးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဘဝရပ်တည်မှုတွေအားလုံး ဆုံးရှုံးလိုက်ရပြီး သူမအတွက် ဘာမှမကျန်တော့။ မျက်ရည်တွေကျနေလျက်က အံကို တင်းတင်း ကြိတ်ထားမိသည်။

တစ်ခုခုတော့ ပြန်ရမှတန်မှာပေါ့။ ငါ့ကို နင် တစ်ခုခု ပြန်ပေးရ မယ် ခုံညားဖော်...။





# အခန်း (၃၇)

"ကျွီ...ကျွီ"

"ဟာ... ဒါ ဘာလုပ်လိုက်တာလဲ..တောက်..မြသားချိုကွာ"

ညာဘက်ခြမ်းလမ်းဘေးကနေ ကားကို မောင်းလာနေဆဲ ပလက်ဖောင်းပေါ်ကဆင်းပြီး သူ့ကားရှေ့တည့်တည့်မှာ ရပ်လိုက်၍ ဘရိတ်ကို နှစ်ချက်ဆင့်ကာ အုပ်လိုက်ရသည်။ သူ နည်းနည်းလောက် သတိလက်လွှတ်လိုက်လျှင် လူကို ပုံပျက်ပန်းပျက်ဖြစ်အောင် တိုက်မိ လိုက်မှာ သေချာသည်။

ထိတ်လန့်တုန်လှုပ်မိရင်းက သူ ဒေါသဖြစ်သွားလျက် ကားပေါ် က ဆင်းလိုက်ပြီး-



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒါ…ဘာလုပ်တာလဲ မြသားချို။ ကားက လူကို တိုက်မိရင် သေတတ်တယ်ဆိုတာ မင်း မသိဘူးလား"

"အခုရော မြသားအဖြစ်က သေတဲ့ဘဝနဲ့ ဘာထူးသေးလို့လဲ။ ချစ်သူ့အဖေက နှိမ့်ချအထင်သေး၊ ချစ်သူက စွန့်ပစ်၊ အလုပ်က ဘယ်နေရာမှ လုပ်စားလို့မရအောင် အထုတ်ခံရ၊ စားစရာမရှိ၊ နေစရာ မရှိ…"

"ရွှေပိုင်းကိစ္စက ငါတို့မှာ အပြစ်ရှိတယ်ထင်လို့ မင်းကို ငါ နှစ်သိမ့်အားပေးခဲ့သားပဲ မြသားချို…အခု အလုပ်ထုတ်ခံရတဲ့ကိစ္စက တော့ မင်း ဖန်တီးလိုက်တာပါ။ အဲဒါ မင်းလုပ်တဲ့အပြစ်၊ မင်း ခံရ တာပဲ"

"ဒီစကားမျိုး ပြောထွက်နေပြီပေါ့။ အခေါ်အဝေါ်တွေတောင် မနူးညံ့တော့ပါလား။ စံထိပ်ထားကို ချစ်သွားလို့များ မြသားအပေါ် သူ့စိမ်းဆန်သွားတာလား ကို"

"ဟုတ်တယ်…ထိပ်ထားကို ငါ ချစ်သွားတယ်။ ထိပ်ထား လေးက အရမ်းမြင့်မြတ်လို့၊ သဘောထားကြီးလို့ မင်းနဲ့ပတ်သက်နေတာ တောင် ခွင့်လွှတ်နားလည်ပေးလို့၊ ပြီးတော့ ဖေဖေနဲ့ ပဋိပက္ခမဖြစ် အောင်၊ ပြဿနာမတက်အောင် မိန်းမကောင်း ပီသစွာ ဖေးမ စောင့်ရှောက်ပေးလို့"

"စံထိပ်ထားကို ချီးမွမ်းလိုက်တဲ့ ဂုဏ်ပုဒ်တွေကလည်း များလိုက် တာ။ အချိန်တိုတိုလေးနဲ့ စံထိပ်ထား အဲဒီလောက် သိမ်းသွင်းနိုင်လိမ့် မယ်လို့ မထင်မိဘူး။ ရှင်ကပဲ အပြောင်းအလဲမြန်လွန်းတာလား။ ဟို





အရင်ကတော့ မြသားချိုကို ချစ်လှပါချည်ရဲ့၊ မြတ်နိုးတန်ဖိုးထားလှပါ ချည်ရဲ့ဆို…စံထိပ်ထားကို မချစ်ဘဲ လက်ထပ်ရမှာ မြသားကိုပဲ တစ်သက်လုံး ချစ်သွားမှာပါဆို"

"အခြေအနေနဲ့အချိန်အခါတွေ ပြောင်းလဲသွားတာ မင်းကြောင့် ပါ မြသား…ဥပေက္ခာမပြုရက်ဘဲ နှစ်သိမ့်ပေးနေတဲ့ ငါ့ရဲ့စေတနာ မေတ္တာတွေကို မင်းက လှေကားထစ်လိုနင်းပြီး အသုံးချဖို့ ကြိုးစားခဲ့ တာပါ။ ဒီလိုမိန်းမမျိုးကို ငါက ဘာလို့…"

မြသားချို နှုတ်ခမ်းတစ်ဖက် ဖိကိုက်မိသွားလေသည်။ နောက်ဆုံး သူ့မအတွက် ဘာမှမကျန်တော့ဘူး။ ဘာမှမရတော့ဘူးဆိုသည့် အဓိပ္ပာယ်တွေပဲ မဟုတ်ပါလား။ ချစ်လှပါချည်ဆိုပြီး နှစ်သိမ့်မှုတွေ ပေးခဲ့သည့် ခုံညားဖော်တောင် သူ့မဘက်မှာ ရှိမနေတော့ပါလား။ စံထိပ်ထားနှင့် ပြေလည်အောင် ကြိုးစားနေခဲ့သည့်အတွက် သူ့မ ဖုန်းအကြိမ်ကြိမ် ဆက်နေတာကို မကိုင်ခဲ့တာပေါ့။ ပညာ၊ ငွေ၊ အချစ် ဘဝအားလုံးကို စွန့်လွှတ်ရတော့မည့်အချိန်မှာတောင် ခုံညားဖော် နှစ်သိမ့်ဖို့ မစဉ်းစားတော့ဘူးလား။ ဂုဏ်ဓနငွေကြေးအရာအားလုံး ပြည့်စုံတဲ့ စံထိပ်ထားကိုပဲ ချစ်တော့သည်တဲ့။

ဟင့်အင်း… အရာအားလုံးတော့ မပေးလိုက်နိုင်ပါ။ တစ်ခုခု တော့ သူ့မ ရဦးမှဖြစ်မည်။

"ကို…အခု မြသား…မြသား အလုပ်ပြုတ်ပြီ။ အိမ်လခမပေး နိုင်လို့ နေစရာနေရာလည်း မရှိတော့ဘူး။ ဒီတစ်ရက် နှစ်ရက်အတွင်း အခန်းကနေ ပြောင်းရမယ်။ နယ်က မိသားစုကိုလည်း ငွေပို့နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆီပြန်ရင်ရော ငွေပေးနိုင်မှဖြစ်မှာ။ မဟုတ်ရင် ကလေးတွေကျောင်းစရိတ်နဲ့ စားစရိတ်ကို ဘယ်လိုလုပ်ရမလဲ"

"မြသားရယ်…ဒါတွေကို မတွေးဘဲ ဘာလို့ မိုက်မဲရတာလဲကွာ"

သူ စိတ်မကောင်းဖြစ်ကာ မချင့်မရဲ ပြောလိုက်မိခြင်းပါ။ မြသားချို မျက်လုံးအိမ်အပြည့် မျက်ရည်တွေ ရစ်ဝိုင်းလာခဲ့ပြီး-

"မြသား ဘာကြောင့် ရောင့်ရဲနေတဲ့အခြေအနေကနေ ချမ်းသာချင်လာရတာလဲဆိုတာ ကို မသိဘူးလား။ မပြည့်စုံလို့ ချစ်သူရဲ့စွန့်ပစ်ခံရတယ်၊ ချစ်သူ့အဖေရဲ့ အထင်သေးခံရတယ်၊ စံထိပ်ထားရဲ့စကားလုံးတွေနဲ့ တိုက်ခိုက်တာကို ခံရတယ်။ မပြည့်စုံမှုတွေကြောင့် ဒီလိုဖြစ်တာ။ မြသား မချမ်းသာချင်ဘဲနေပါ့မလား၊ ဒါကြောင့် မြသား"

"ဒါကြောင့် ငါ့ကို အသုံးချပြီး လှေကားထစ်လို နင်းတက်ပြီး ချမ်းသာဖို့ ကြိုးစားခဲ့တာမဟုတ်လား မြသား။ အခု မင်း ဒဏ်ခတ်ခံလိုက်ရတာ။ ဘယ်တော့မှ သူတစ်ပါးရဲ့စေတနာမေတ္တာကို မစော်ကားရဘူး"

"အခုတော့ မြသား နားလည်ပါပြီ ကို…အခု မြသားကို နောက်ဆုံးအနေနဲ့ မြသားကို ကျွေးနေကျစားသောက်ဆိုင်က တစ်ခုခုလိုက်ကျွေးပါလား။ မြသား ဘာမှမစားဖြစ်တာ နှစ်ရက်တောင်ရှိပြီ"

"ကို ပိုက်ဆံပေးလိုက်ပါ့မယ်။ မြသား နယ်ပြန်နိုင်ဖို့အတွက်ပါ လုံလုံလောက်လောက် ပေးလိုက်ပါ့မယ်။ ကိုတော့ မလိုက်တော့ဘူး မြသား…ကို မမိုက်မဲချင်တော့ဘူး"





"နောက်ဆုံးအနေနဲ့တောင် မလိုက် လျှောပေးချင်တော့တာလား ကို"

"စည်းတွေခြားနေတာ မြသားလည်း သိသားပဲ။ ကို့မေမေနဲ့လည်း ပြဿနာမတက်ချင်တော့ဘူး။ အိမ်ထောင်ရေးအပေါ်မှာ ဖောက်ပြန်တာမျိုးလည်း မဖြစ်ချင်ဘူး။ ထိပ်ထားအပေါ်မှာပဲ သစ္စာရှိဖို့ ကို…ကတိပေးထားတယ်။ အခုတော့ ကိုယ့်အိမ်ထောင်ရေးသာယာဖို့ပဲ ကြိုးစားတော့မယ် မြသား"

မြသားချိုမျက်နှာ မည်းမှောင်ပျက်ယွင်းသွားကာ နှုတ်ခမ်းအစုံမဲ့ကျသွားသည်။ ဒါပေမဲ့ မျက်ရည်တုများ လိမ့်ဆင်းကျလာလျက်

"ကို့ရဲ့စိတ်ကို လေးစားပါတယ်။ ဒါပေမဲ့ ဒါဟာ မြသားရဲ့ နောက်ဆုံးတောင်းဆိုခြင်းပါ။ ကားကို ကို…မမောင်းချင်နေပါ။ မြသား မောင်းပါ့မယ်။ အတိတ်ကို လုံးဝ မေ့ထားလိုက်ရမယ့်သူ တစ်ယောက်ကို ကို လုံးဝ စာနာမပေးနိုင်တော့ဘူးလား။ ကားကို ကို…မမောင်းချင်နေပါ…မြသား မောင်းပါ့မယ်"

"မြသား"

မြသားချိုက ဖွင့်ထားသောကားပေါ်မှာ ဒရိုင်ဘာနေရာ ထိုင်လိုက်တာမို့ သူ ဘာမှမတတ်နိုင်တော့ပေ။ နောက်ဆုံးအနေနှင့်ဆိုတာကြောင့် လိုက်လျှောသင့်သည်လို့ တွေးကာ မြသားဘေးမှာ သက်ပြင်းတွေချရင်း ဝင်ထိုင်ဖြစ်လိုက်သည်။

မြသားက ကားကို ဝူးခနဲ အရှိန်မြင့်ကာ မောင်းထွက်လိုက်၏။ မြသားကို အခွင့်အတန်းမြင့်စေချင်လွန်း၍ သူ့ကားနှင့် သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသင်ပေးခဲ့ခြင်းပါ။ မြသားကို သူ့ဘဝထဲမှာ ခေါ်ထားဖို့ ဆုံးဖြတ်ချက်တွေကြောင့်ပင်။ ဒီလောက်ထိ ရည်ရွယ်ထားခဲ့ပါလျက်နှင့်…

"မြသား…မြသား…ကားက ဘယ်လိုမောင်းနေတာလဲ။ ဒါ မင်းကို ဝယ်ကျွေးနေကျ စားသောက်ဆိုင်လမ်း မဟုတ်ဘူး။ ကားပြန်ကွေ့တော့"

အတွေးနှင့် ငြိမ်သက်စွာလိုက်လာရင်းမှ ကားတံခါးကို မြသား လော့ခ်ချလိုက်တာလည်း သတိမထားမိ။ မြို့ထဲလမ်းနှင့် ဝေးလာတာလည်း မသိလိုက်။ မြသားက ကားကို ကွေ့ကာဝိုက်ကာဖြင့် မိုင်ကုန်တင်ကာ မောင်းလာသည်။ သူ အလန့်တကြား အော်လိုက်မိရင်း မြသားမျက်နှာကို ကြည့်လိုက်တော့ မြသားမျက်နှာက တင်းထန်မာကျောနေသည်။

"မြသား…မင်း ဒါဘာလုပ်တာလဲ"

"ကို့ကို ခိုးပြေးလာတာ"

"ဘာ"

"ဟုတ်တယ်… မြသားဘဝမှာ ဘာမှမရှိတော့ဘူး။ အခု မြသား ကြိုးစားရန်းကန်လာရတဲ့ပညာနဲ့လည်း လုပ်ကိုင်စားလို့ မရတော့ဘူး။ နာမည်ပျက်စာရင်းသွင်းလိုက်တဲ့အတွက် မြသား ဘယ်နေရာမှာ ဘာလုပ်စားရမှာလဲ။ မြသား အခုလို ဘာကြောင့်လုပ်ရတာလဲ ဆိုတော့ ရှင်နဲ့ ရှင့်အဖေကြောင့်ပဲ။ ချို့ချို့တဲ့တဲ့နေခဲ့ရတဲ့ဘဝဆိုပြီး မြသား တစ်ခါမှ သိမ်သိမ်ငယ်ငယ် မဖြစ်ခဲ့ဖူးဘူး။ အခုမှ ချစ်သူရဲ့စွန့်ပစ်ခံရ





တယ်။ ရှင့်အဖေရဲ့နှိမ့်ချစော်ကားမှု ခံရတယ်။ အဲဒါကြောင့် ရှင့်နှလုံးသားကို လှေကားထစ်လို နင်းချေအသုံးချပြီး ချမ်းသာပြည့်စုံဖို့ ကြိုးစားခဲ့တာ။ အခုတော့ ဒီဇိုင်းခိုးတာ သိသွားပြီ၊ အလုပ်ဖြုတ်ပစ်ကြတယ်။ ထောင်ဆယ်နှစ်လောက်ကျအောင် တရားစွဲလို့ရတယ်ဆိုပြီး ခြိမ်းခြောက်ကြတယ်။ မြန်မာပြည်မှာ လုပ်စားလို့မရအောင် နာမည်ပျက်စာရင်းသွင်းလိုက်ကြတယ်။ အဲဒါကြောင့် မြသားအနားမှာ ရှင်ရှိမှဖြစ်တော့မှာ။ မဟုတ်ရင် မြသား ရှုံးချင်ရှုံး၊ သေချင်သေတော့မှာ"

"အဲဒါ မင်း ဒီလိုတွေမလုပ်ရင် ဒီလိုတွေ ဖြစ်စရာအကြောင်းမရှိဘူး မြသား…မင်းရဲ့စိတ်က မင်းကို ဒဏ်ပြန်ခတ်ခံရတာ မြသား"

"မြသားက အရာအားလုံးကို စွန့်လွှတ်လိုက်ရတဲ့သူပါ။ အဲဒါ ကို့ကို…ချစ်ခဲ့မိလို့ဖြစ်ခဲ့တာတွေချည်းပဲ။ ကို မရှိရင် မြသား အသက်မရှင်နိုင်ဘူး"

"မြသား…ကိုက အိမ်ထောင်သည်ပါ။ ဇနီးမယားရှိတဲ့ လင်ယောကျ်ားပါ။ မင်း ဒီလိုလုပ်လို့ မဖြစ်ဘူး မြသား…မင်းကို သနားကရုဏာဖြစ်လည်း ကို့ဇနီးမယားဖြစ်တဲ့ စံထိပ်ထားအပေါ်ပဲ သစ္စာရှိရမှာ။ အချစ်နဲ့မေတ္တာအပေါ် တန်ဖိုးထားရမှန်းမသိတဲ့ မင်းအပေါ်ကို ဂရုမစိုက်နိုင်တော့ပါဘူး။ မင်း နားမလည်လည်း ကို ဘာမှမတတ်နိုင်တော့ဘူး"

"ဒါဆိုလည်း ရှင်နဲ့မြသား အတူတူသေလိုက်ကြတာပေါ့"

"ဘာ"

"ရှင့်ကို ရှင့်အဖေလည်း မပိုင်ရဘူး။ စံထိပ်ထားလည်း မရစေ



www.burmeseclassic.com

www.burmeseclassic.com



ရဘူး။ မြသားချိုအတွက်မှ မဟုတ်တော့ရင် ဘယ်သူ့ကိုမှ မပေးနိုင်တော့ဘူး ကို…မြသားအတွက် တစ်ခုခုမရလို့ မဖြစ်တော့ဘူး။ မြသားအားလုံးတော့ အခံုးရှုံးမခံနိုင်ဘူး"

"မြသား…မင်း…မင်း မလုပ်နဲ့…မလုပ်နဲ့ မြသား"

မြသားချိုက စိတ်လွှတ်ကာ ကားကို တရကြမ်း လီဗာတင်ကာ မြင်မြင်သမျှ တိုးတိုက်မောင်းနေပြီဖြစ်၍ ခံ့ညားဖော် အထိတ်တလန့်အော်ကာ တားနေရသည်။ မြသားချိုက ဘာကိုမှ ဂရုမစိုက်။ သေမထူး နေမထူးစိတ်မွေးကာ ကားကိုပဲ ပရမ်းပတာ မောင်းနေသည်။ ခံ့ညားဖော် စိုးရိမ်ထိတ်လန့်စွာ ကားစတီယာရင်ကို ထိန်းဖို့ လှမ်းဆွဲလိုက်စဉ်မှာ မြသားချိုက ဖွတ်အတင်း ပြန်ဆွဲလိုက်၍-

"ဝုန်း…ဂျွန်း…ဂျိန်း"

"အ…အား…အား"

"မြသား…မြသား"

ရှန်းရင်းဆန်ခတ်အသံများနှင့်အတူ အရာအားလုံးက အမှောင်အတိကျသွားခဲ့သည်။ ဘာဆိုဘာမှ မမြင်ရတော့။ အတိတ်။ ပစ္စုပ္ပန်၊ အနာဂတ် ဘာတွေဖြစ်နေမှန်းပင် မသိလိုက်။

သိလိုက်ရသည်က…





## အခန်း (၃၈)

"မြသား…မြသား ဘာဖြစ်သွားသေးလဲ"

"မောင်…မောင် သတိရလာပြီလား"

"မောင်…မောင် ဘယ်ရောက်နေတာလဲ၊ မြသားရော မြသား"

နောက်ဆုံးအချိန်တစ်ခုကို ပြန်မြင်ယောင်ကာ စိုးရိမ်တကြီး မေးလိုက်ခြင်းဖြစ်သည်။ ထိပ်ထားက ထူမတ်တော့မည့် သူ့ခန္ဓာကိုယ်ကို ထိန်းပွေ့ထားပြီး-

"မောင်…ဆေးတွေ သွင်းထားတယ်လေ။ အဲဒီလို ထလိုက်လို့ မရဘူး…မောင်"

"မြ…မြသား ဘာဖြစ်သွားသေးလဲ"

"မြသားချို"



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီးဖြစ်နေသော မောင့်ပုံစံကို ကြည့်လျက် မြသားချို သေသွားပြီဆိုတာ ဘယ်လိုမှ ပြောမထွက်။ ဒဏ်ရာအနည်းငယ် ပြင်းထန်လျက် အသက်မသေသော မောင့်အတွက် ဝမ်းသာရမလား။ နေရာမှာ ပွဲချင်းပြီး သေဆုံးသွားသည့် မြသားချိုအတွက်ပဲ စိတ်မကောင်းဖြစ်ရမလား။

အရာအားလုံးကတော့ မကောင်းသည့်နိမိတ်များဖြင့် ဆုံးခန်းတိုင်ခဲ့ပြီထင်သည်။

"ထိပ်ထား…မောင်…မောင် မြသားကို ခေါ်သွားခဲ့တာ မဟုတ်ဘူး။ မြသားကို မောင့်ကားပေါ် တမင်ခေါ်တင်ခဲ့တာ မဟုတ်ပါဘူး…မောင်"

"ထိပ်ထား နားလည်ပါတယ်။ မောင် ကျန်းမာရေးကောင်းဖို့ပဲ အရေးကြီးပါတယ်။ မောင့်စိတ်ထဲမှာ ရှိနေတာတွေအားလုံး ရှင်းပစ်လိုက်ပါ"

"မြသား…မြသား ဘာဖြစ်သွားသေးလဲ ထိပ်ထား"

"မြသား…မြသားချို အက်ဆီးဒင့်ဖြစ်တဲ့နေရာမှာပဲ ပွဲချင်းပြီး ဆုံးသွားတယ်"

"ဟင်"

ဒီလောက်ထိ ဖြစ်လိမ့်မည်မထင်မိပါ။ ထိန်းမနိုင်သိမ်းမရ ဖြစ်သွားခဲ့တာကိုတော့ မှတ်မိ၏။ ဘယ်လိုမှ ဆွဲချုပ်ထိန်းသိမ်းလို့မရလိုက်ပါ။

" မောင် စိတ်မကောင်းဖြစ်နေလားဟင်…ဒါ မောင့်အပြစ်တွေ





မဟုတ်ပါဘူး။ သူ့ကြမ္မာ သူဖန်တီးသွားတာပါ"

"ဘာကြောင့် ဒီလိုတွေဖြစ်သွားရတာလဲကွာ…ဒီလိုမျိုး မဖြစ်သင့်ပါဘူး။ မြသားမိသားစုတွေ အရမ်းကို ဒုက္ခရောက်သွားမှာ။ မြသား ဒီလိုမလုပ်သင့်ဘူး"

"မေမေနဲ့ တိုင်ပင်ထားပါတယ်။ ဒီလို အသက်ဆုံးရှုံးပြီး နစ်နာသွားတဲ့အတွက် အထောက်အပံ့ပြုပေးဖို့ပါ။ မြသားချိုမိသားစုတွေဆီ အကျိုးအကြောင်း အသိပေးထားပါတယ်"

"အဲဒီလောက်စဉ်းစားပြီး လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ထိပ်ထား။ မောင်က ထိပ်ထားကိုပဲ ချစ်တော့မယ်၊ သစ္စာရှိတော့မယ်ဖြေလိုက်လို့ သူ အရမ်းခံရခက် နာကြည်းသွားပြီး လုပ်ချင်တာတွေ လုပ်ပစ်လိုက်တာ ဖြစ်လိမ့်မယ်။ ဆင်ခြင်တုံတရားဆိုတာတွေလည်း ဘယ်ရှိတော့မှာလဲ။ သူ့ဘဝအတွက် ဘာမျှော်လင့်ချက်မှ မရှိတော့တာ"

"ထိပ်ထားလည်း စိတ်မကောင်းပါဘူး။ ဒီလိုအခြေအနေတွေအထိ ဘာကြောင့် ဖြစ်သွားရတာလဲဆိုတာလည်း နားမလည်တော့ဘူး။ မြသားချို သေဆုံးသွားတော့ ထိပ်ထား ပယောဂမကင်းသလိုတောင် ခံစားလိုက်ရတယ်"

"ဒါတွေက ထိပ်ထားနဲ့ မပတ်သက်ပါဘူး ထိပ်ထား။ လူတစ်ယောက်ရဲ့ လောဘနဲ့ မိစ္ဆာရိယစိတ်ကြောင့်ပါ။ မြသားမှာ အရင်က ဒီလိုစိတ်မျိုး မရှိခဲ့ပေမယ့် ကံအကြောင်းတရားလို့ မတွေးနိုင်တာက သူ့အတွက် အမှားဖြစ်သွားတာ။ မောင် ကားစတီးရင်ကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲလိုက်ပါသေးတယ်။ မြသားက စိတ်ပြင်းထန်နေတော့ ဘယ်လိုမှကို ခွဲလို့မရလိုက်တာ''

''စိတ်မကောင်းဖြစ်မနေပါနဲ့တော့ မောင်ရယ်…အရာရာကံ ကံတရားအတိုင်းပါပဲ''

''ထိပ်ထားက အဲဒီလိုနားလည်ပေးလေ မောင် ခံစားရလေပါပဲ ထိပ်ထား…အခုတော့ ပြီးသွားပြီ။ အားလုံး ပြီးသွားပါပြီ။ အချစ်ကို နားမလည်ရင် အဲဒီလို အချစ်ဒဏ်သင့်ခံရမှာပဲ။ မောင်တော့ အရမ်းကြောက်သွားပြီ။ ထိပ်ထားကို မောင် ရိုးမြေကျ သစ္စာရှိရှိ ချစ်သွားပါမယ် ထိပ်ထားရယ်…နော်''

''ထိပ်ထားလည်း မောင့်ကို တစ်သက်လုံး ချစ်မြတ်နိုးခွင့်ရချင်ပါတယ် မောင်''

''ထိပ်ထားရယ်''

သူ့လက်ကို ဆုပ်ကိုင်ထားသော လက်ကလေးကို သူ ချစ်မြတ်နိုးစွာ ပြန်လည်၍ ဆုပ်ကိုင်ထားလိုက်မိသည်။ သူ့အပေါ် နားလည်မှုပေးနိုင်လွန်းသော ဒီမိန်းကလေးကိုပဲ တစ်သက်လုံး ရင်ခွင်မှာ ထွေးပိုက်သွားပါတော့မည်။

သူ ဆေးရုံမဆင်းရခင်ရက်ကလေးမှာတင် ထိပ်ထားက မြသားချို့မိသားစုကို အထောက်အပံ့ပြုပေးခဲ့ပြီး မြသားချို့ကိုလည်း ကောင်းမွန်စွာ သင်္ဂြိုလ်လျှက် အုတ်ဂူလေးပါ တည်ပေးခဲ့သည်။

သူ ဆေးရုံကဆင်းသည့်နေ့မှာတော့ ထိပ်ထားက မြသားချို့ အုတ်ဂူလေးရှိရာ ခေါ်သွားပေး၏။





''နှုတ်ဆက်လိုက်ပါ မောင်…မြသားချို့လည်း မောင့်ကို နှုတ်ဆက်ချင်နေမှာပါ''

ထိပ်ထားက သူမ ဝယ်လာသော ပန်းစည်းလေးကို သူ့လက်ထဲကို ထည့်ပေးသည်။ ပန်းစည်းလေးကို သူ မြသားအုတ်ဂူလေးပေါ် တင်ပေးရင်း ရင်ထဲက ဆို့နင့်လှိုက်လှဲစွာဖြင့်…

''မြသား…နောင်ဘဝမှာ စိတ်ထားလှလှလေးနဲ့ ချစ်သူကို ချစ်တတ်ပါစေ။ အချစ်စစ်စစ်တွေလည်း ပြန်ရပါစေ။ ပြည့်စုံတဲ့ဘဝမှာ ပြည့်စုံတဲ့မိသားစုနဲ့ ပြည့်စုံတဲ့အချစ်တွေ ရပါစေ မြသား… ဒီဘဝက အမုန်းအငြိုးတွေကို နောင်ဘဝအထိ သယ်မသွားပါနဲ့ မြသားရယ်။ ဒီဘဝမှာပဲ အဆုံးသတ်လိုက်ပါ။ မြသား ဘဝကူးကောင်းပါစေ။ ကောင်းသောဘုံဘဝကို ရောက်ပါစေ''

ခုံညားဖော်ရဲ့ဆုတောင်းစကားသံတို့ကို မြသားချို့ ကြားပါရဲ့လားမသိ။ ရုပ်ခန္ဓာကြီးက အုတ်ဂူလေးထဲမှာ အေးချမ်းလဲလျောင်းနေသော်လည်း ဝိညာဉ်ကတော့ တစ်နေရာရာ လွင့်ပျံ့နေပေလိမ့်မည်။ အပြန်လမ်းမှာ ကားရဲ့အရှိန်ကြောင့်လားမသိတဲ့ သစ်ရွက်ခြောက်တွေ ဝေါခနဲ လွင့်ပြေးကျန်ရစ်ခဲ့၏။

မြသားချို့ရဲ့ဝိညာဉ်လေးက သူတို့နှစ်ယောက်ကို နာကြည်းမုန်းတီးစွာ ကြည့်နေခဲ့သလား။ ခွင့်လွှတ်နားလည်ပေးပါလို့ လက်လေးဝှေ့ယမ်းကာ နှုတ်ဆက်တောင်းဆိုနေသလားဆိုတာတော့…



www.burmeseclassic.com

www.burmeseclassic.com



## စာရေးဆရာမ လှံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း - သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ် -
၄။ အခမဲ့ရင်ပြင် - အောင်သီရိဗီဒီယို
၅။ ခြယ်သမမီ တိမ်ပန်းချီ - အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဇုန် - အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည - မာန်ထက်ချိဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကဗျာ - အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှဋ္ဌီကာ - အောင်သီရိဗီဒီယို
၁၁။ အနာတရလေပြည် - ပါဝါကင်းဗီဒီယို
၁၂။ ပုင်လယ်ရေနဲ့ဆေးပါ့မယ် -
၁၃။ ပန်းနုရောင်နိဒါန်း - မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်နေ့ -
၁၅။ ရင်ခုန်သံအစိမ့်ဟွာယ် - စူပါစတားဗီဒီယို
၁၆။ အချစ်ညွှတ်ကွင်း - ------ဗီဒီယို
၁၇။ အသည်းကွဲ အောင်လက်မှတ် - သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရေ့ဆက်ခွင့်ပြုပါ - အောင်သီရိဗီဒီယို
၁၉။ အရောင်မဲ့သင်္ကေတ - ရွှေစင်ဦးဗီဒီယို
၂၀။ ပြောဖို့လိုသေးလား - အောင်သီရိဗီဒီယို



BURMESE CLASSIC



၂၁။ မင်းအတွက်ဆို - မာန်ထက်ချိဗီဒီယို
၂၂။ သက်တမ်းရှင် သမုဒယ - သစ္စာနှင်းဆီဗီဒီယို
၂၃။ မေ့ဖို့မလွယ် - အောင်သီရိဗီဒီယို
၂၄။ အကြင်နာလက်တစ်ကမ်း - ရွှေစင်ဦးဗီဒီယို
၂၅။ မေ့လို့မရသည့်အကြောင်းအရင်း - အောင်သီရိဗီဒီယို
၂၆။ လက်ကလေးရဲ့မီးပြတိုက် - အောင်သီရိဗီဒီယို
၂၇။ မကြဲ့ဘူးလို့ ချစ်မိတာပါ - အောင်သီရိဗီဒီယို
၂၈။ နှလုံးသားထဲ တိုးဝင်ကြည့် - အောင်သီရိဗီဒီယို
၂၉။ ငြိတွယ်ခြင်း သင်ခန်းစာ - အောင်သီရိဗီဒီယို
၃၀။ ရင်ဘတ်ချင်းနီးနီးလေး - အောင်သီရိဗီဒီယို
၃၁။ မင်းမရှိရင် ကိုယ့်ဘဝမရှိ - အောင်သီရိဗီဒီယို
၃၂။ နှောင်ဖွဲ့မီး - အောင်သီရိဗီဒီယို
၃၃။ ချစ်ခြင်းဖွဲ့ရာသီ - အောင်သီရိဗီဒီယို
၃၄။ ချစ်တယ်လို့ပြောပါဦး - မာန်ထက်ချိဗီဒီယို
၃၅။ မျက်ရည်မြစ်များ - အောင်သီရိဗီဒီယို
၃၆။ မြတ်နိုးတတ်မယ်ဆိုရင် - အောင်သီရိဗီဒီယို
၃၇။ ရည်းစားဦးကျိန်စာ - အောင်သီရိဗီဒီယို
၃၈။ တိမ်တိုက်ကကြိုး - အောင်သီရိဗီဒီယို
၃၉။ ရွှေနားတော်သွင်းမည့် ချစ်ခြင်းဋ္ဌီကာ - အောင်သီရိဗီဒီယို
၄၀။ ရင်ခုန်သံနားကြပ် - အောင်သီရိဗီဒီယို
၄၁။ နှလုံးသားသံတမန် - သစ္စာနှင်းဆီဗီဒီယို
၄၂။ အနမ်းနှစ်သိမ့်ဆု -
၄၃။ အချစ်များဖြင့် ဖွဲ့သီအပ်သော - အောင်သီရိဗီဒီယို

www.burmeseclassic.com

www.burmeseclassic.com



၄၄။ အလွမ်းမျက်ခြေ - အောင်သီရိဗီဒီယို
၄၅။ အနမ်းတွေနဲ့ အသက်ဆက်မယ် - အောင်သီရိဗီဒီယို
၄၆။ မျှော်လင့်ခြင်းနန်းတော် - အောင်သီရိဗီဒီယို
၄၇။ လျှို့ဝှက်လမင်း - အောင်သီရိဗီဒီယို
၄၈။ အဆိပ်သင့်စေ - အောင်သီရိဗီဒီယို
၄၉။ ထားရက်ခဲ့လည်း မနေရပြါ - အောင်သီရိဗီဒီယို
၅၀။ ခြားနားခြင်းနိယာမ - အောင်သီရိဗီဒီယို
၅၁။ အသက်ဆက်နှင်း - အောင်သီရိဗီဒီယို
၅၂။ အချစ်က ဖန်ဆင်းရှင် - အောင်သီရိဗီဒီယို
၅၃။ ရင်ဘတ်လက်ဆောင် - အောင်သီရိဗီဒီယို
၅၄။ ကြင်နာချင်တယ် - အောင်သီရိဗီဒီယို
၅၅။ အဆိပ်ပင်လယ် - အောင်သီရိဗီဒီယို
၅၆။ အချစ်ကြောင့် - အောင်သီရိဗီဒီယို

**ယခုလထွက်ရှိသည့်ဝတ္ထု**

၅၇။ အချစ်သင့်သူ

**နောက်လထွက်ရှိမည့်ဝတ္ထု**

၅၈။ အစိမ်းသက်သက်



BURMESE CLASSIC
www.burmeseclassic.com